

# ကြိုးကြာငှက်တို့ လာလေသော်...

မောင်မြတ်မိုး

WHEN THE SARUS CRANES COME . . .
and the miracles
HUYEN DIEU

ဒေါက်တာကျော်သန်းတည်းဖြတ်သည်။


# WHEN THE SARUS CRANES COME . . .

## and the miracles

HUYEN DIEU



အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာတွင် ဗီယက်နမ်နိုင်ငံမှ တည်ဆောက်သော ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း



လုမ္ဗိနီ ဥယျာဉ်အတွင်း ဗီယက်နမ်နိုင်ငံမှ တည်ဆောက်သော ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပြည့်ဝစွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး


ကြိုးကြာငှက်တို့
လာလေသော်...
မောင်မြတ်မိုး
WHEN THE SARUS
CRANES COME . . .
and the miracles

စာမူခွင့်ပြုချက်အမှတ် ▶ ၄၀၀၄၄၄၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▶ ၄၀၁၅၀၁၁၂၁၁

## တည်းဖြတ်ခြင်း

တည်းဖြတ်သူ ▶ ဒေါက်တာဇော်သန်း

## ပုံနှိပ်ခြင်း

ပထမအကြိမ် ▶ (၂၀၁၂၊ ဇန်နဝါရီလ)
အုပ်ရေ ▶ ၁၀၀၀ အုပ်

မျက်နှာဖုံးသရုပ်ဖော် ▶ ချမ်းမိုင်းအောင်
ကွန်ပျူတာစာစီ ▶ *Quality*
အတွင်းဖလင် ▶ *Quality*

## ပုံနှိပ်သူ

ဦးကျော်ယဉ် (ဇမ္ဗူမော်)ပုံနှိပ်တိုက်

## ထုတ်ဝေသူ

ဦးမြင့်ထွန်း(မြ) (၀၃၉၀၆)၊
အမှတ် ၅၀၈/၅၁၂၊ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

တန်ဖိုး ▶ ၃၀၀၀ ကျပ်

၁၃၁.၃

ဇော်သန်း၊ ဒေါက်တာ။
ကြိုးကြာငှက်တို့ လာလေသော် / ဒေါက်တာဇော်သန်း။ - ရန်ကုန်
quality publishing house၊ ၂၀၁၁။
၁၈၀ - စ၊ ၁၅.၂၅ x ၂၁.၅ စင်တီ။
(၁) ကြိုးကြာငှက်တို့ လာလေသော်

## နီပေါရှိ ဗုဒ္ဓမြေပေါ်မှ
## ပထမဆုံး နိုင်ငံတကာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း



စွန့်စွန့်စားစားဆုံးဖြတ်ချက်



ပန္နက်ချအခမ်းအနားတွင်
ဘုန်းတော်ကြီးများ
ထုံးတမ်းစဉ်လာအတိုင်း
လုပ်ဆောင်နေစဉ်



ရွတ်တရက် ဆင်တစ်ကောင်ပေါ် ထွက်လာသည်။ ယင်းနောက်
သူ့တွာန်နှင့် မန္တာန်များ ရွတ်ဆိုနေသော ဘုန်းတော်ကြီးများကို သူ့ကျောပေါ်
တင်ပြီး ဗုဒ္ဓဘာသာ ဗီယက်နမ်ဘုန်းတော်ကြီးကျောင်း တည်ဆောက်ရန်
လျာထားသော မြေကွက်ပတ်လည်ကို ညင်သာစွာ လှည့်လည်သည်



မြန်မာဘုန်းတော်ကြီးများက
စိတ်အားထက်သန်စွာ ကူညီပေးကြသည်



ဗုဒ္ဓဂယာမှ အိန္ဒိယမိတ်ဆွေများ ကူညီရန် လာကြသည်



ဆရာတပည့်များ တိုင်ထူနေစဉ်



အလွန်ချမ်းအေးလှသော ဆောင်းရာသီ အအေးဓာတ်ကို
စောင်တစ်ထည် လွှမ်းပတ်လျက် အံတုရသည်။



လုမ္ဗိနီတွင် ဗုဒ္ဓဘာသာ ဗီယက်နမ်ဘုန်းတော်ကြီးကျောင်း
ဆောက်လုပ်စနေ့ရက်များ



ထွက်ပြူစနေမင်းကိုကြည့်ရင်း တဲအနီးမှာထိုင်ခြင်း



# ငြိမ်းချမ်းရေးမြစ်ပေါ်မှ ဗီယက်နမ် မေတ္တာတံတား



မြေတိုင်းထွာခြင်း



မြေတူးသည့်အခမ်းအနားကို ဆရာတော်များ စတင်ခြင်း



နွားလှည်းဖြင့် သယ်ယူခြင်း



လူတိုင်း၊ လူကြီးများရော ကလေးများပါ ကူညီကြသည်



လုပ်ငန်းခွင်မှ မြန်မာအင်ဂျင်နီယာတစ်ဦး



မေတ္တာတံတားက ထူးခြားအံ့ဩဖွယ် ပြီးစီးခဲ့သည်



(နီပေါ)လုမ္ဗနီရှိ မေတ္တာတံတား တည်ဆောက်ပြီးစီးခြင်း အခမ်းအနား

## မည်သည့်နေရာတွင်ဖြစ်စေ မြေကောင်းလျှင် ငှက်များနားခိုသည်



အရပ်ရှည်ရှည် အကောင်ကြီးကြီး ငှက်ကြီးများ
ကျွန်တော့်တဲရှေ့တွင် ပထမဆုံးအကြိမ် မြင်လိုက်ရချိန်က
ကျွန်တော် အံ့အားသင့်သွားခဲ့ရသည်



ကြိုးကြာငှက်တို့ကို ဘေးမဲ့ပေးရန် လူအများအား
တိုက်တွန်းသော ကြေညာချက်ကို ပြင်ဆင်နေစဉ်



ကြိုးကြာမိသားစုမှ နောက်ပေါက်နှစ်ကောင်



ကြိုးကြာငှက်များကို ကာကွယ်ပေးနိုင်ခဲ့သော အောင်မြင်မှုက
ကြီးမားသော ပီတိကို သယ်ဆောင်လာသည်



သူ့ကလေးပျောက်ဆုံးသဖြင့်
ကြိုးကြာတစ်ကောင်က
အတူအညီလာတောင်းခဲ့



ငှက်စောင့်ရှောက်သူများအသင်းဥက္ကဋ္ဌ



ကြိုးကြာငှက်မောင်နှံ၏ ဗုဒ္ဓဘာသာ စီယက်နစ်
ဘုန်းတော်ကြီးကျောင်းသို့ အလည်အပတ်ခရီး

နီပေါတွင် ငြိမ်းချမ်းရေးနှင့် သင့်မြတ်မှု ဖြန့်ဝေပေးခြင်း



ဆွဲဆောင်မှုရှိသော အလှအပများနှင့် နီပေါနိုင်ငံ



နီပေါလမ်းများပေါ် မှ စစ်၏အနိဋ္ဌာရုံများ



စစ်နှင့် ဆင်းရဲမွဲတေမှု



ခတ္တမန်ဒူမြို့တွင်ကျင်းပသော
နီပေါငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်
လူငယ်ကိုယ်စားလှယ်များနှင့်



နီပေါသတင်းထောက်များကလပ်တွင်
ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး
မိန့်ခွန်းပြောစဉ်




ဗီယက်နမ်ဘုန်းတော်ကြီးကျောင်းတွင်
နီပေါငြိမ်းချမ်းရေးအတွက် နိုင်ငံတကာ
ဗုဒ္ဓဘာသာအဖွဲ့များ ဆုတောင်းပွဲ ကျင်းပခြင်း



ဟူယင်ဂျူး ဒိုင်းယုနှင့် နီပေါကလေးများ လုမ္ဗနီတွင်

# လုမ္ဗနီ (နီပေါ)မှ လှပသော ရှုခင်းများ



ဗီယက်နမ် တစ်ပင်တိုင်ကျောင်းဆောင် လုမ္ဗနီ (နီပေါ)



လုမ္ဗနီ (နီပေါ)မှ နေဝင်ချိန်ရှုခင်း



လုမ္ဗနီ (နီပေါ) ကြိုးကြာများ

အောက်ပါတို့ကို ကျွန်ုပ် အလွန်ကျေးဇူးဥပကာရ တင်ရှိပါသည်

- ကျွန်ုပ်မွေးဖွားခဲ့သော အမိမြေ ဗီယက်နမ်နိုင်ငံ။
- ကျွန်ုပ်၏မိဘများ။
- ပျော်ရွှင်သော၊ စိုးရိမ်ကြောင့်ကြကင်းသောဘဝကို အောင်မြင်နေထိုင်ရန် ကျွန်ုပ်အား လျှို့ဝှက်သောနည်းစနစ်များ သင်ကြားပေးခဲ့သော ဆရာများ။
- ဘဝတွင် ကောင်းမှုများပြုလုပ်လိုသော ကျွန်ုပ် တန်ဖိုးအထားဆုံးဆန္ဒကိုအကောင်အထည်ဖော်နိုင်ရန်တွက် ကျွန်ုပ်အားနေထိုင်၊ အလုပ်လုပ်ခွင့်ပေးခဲ့သော တိုင်းပြည်များ။
- ကျွန်ုပ်ကောင်းမှုပြုလုပ်ရာတွင် ကူညီခဲ့ကြသော ကျောင်းသားများ၊ အသိမိတ်ဆွေများနှင့် သူငယ်ချင်းများ။
- နောက်ဆုံးအနေဖြင့် သဘာဝနှင့် ပိုမိုနီးကပ်စွာ နေထိုင်နိုင်မည့် အခွင့်အရေးနှင့် ဤသို့ဖြင့် ဘဝအတွက် ပိုမိုအသုံးဝင်သော အခွင့်အလမ်းပါ ကျွန်ုပ်အားပေးခဲ့သော အိန္ဒိယကြီးကြာငှက်များ။

# မာတိကာ


ကြိုးကြာငှက်တို့ လာလေသော်

အမှာစာ ၈

အသစ်ထုတ်ဝေခြင်းအတွက် နိဒါန်း ၁၁

ဗုဒ္ဓမြေပေါ် မှ ပထမဦးဆုံးအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးကျောင်း ၁၄

စွန့်စားလုပ်ဆောင်ရသော ဆုံးဖြတ်ချက် ၁၇

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးကျောင်းများ

ဖုန်တည်ဆောက်ခြင်း ၃၃

မြေကောင်းရှိလျှင် ငှက်တို့ အိပ်တန်းရှိသည် ၃၇

ငှက်စောင့်ရှောက်သူများအသင်းဥက္ကဋ္ဌ ၄၁

အိန္ဒိယကြိုးကြာများအား ကာကွယ်စောင့်ရှောက်ခြင်း ၄၉

ငြိမ်းချမ်းသောမြစ်ပေါ် မှ ဗီယက်နမ်ကရုဏာတံတား ၅၇

ဗီယက်နမ်ကရုဏာတံတားတည်ဆောက်ခြင်း ၆၆

ကရုဏာဆေးရုံ ၇၅

လူတိုင်းကောင်းမှုပြုကြသည် ၇၇

နိဂုံး ၈၄

နီပေါ ငြိမ်းချမ်းရေးလက်တမ်း၌ ရှိသည်

နိဒါန်း (အသစ်ထုတ်ဝေခြင်းအတွက်) ၈၉

နိဒါန်း (ပထမအကြိမ်ထုတ်ဝေခြင်းအတွက်) ၉၂

နီပေါ တစ်ကမ္ဘာလုံးမှ ကမ္ဘာလှည့်ခရီးသည်များကို

ဆွဲဆောင်သော လုပဲ့ညားသည့်တိုင်းပြည် ၉၅

ကျွန်ုပ်နီပေါနိုင်ငံ၏ သားတစ်ယောက်ဖြစ်လာခဲ့ပုံ ၉၈
နိုင်ငံရေးအကျပ်အတည်းနှင့် ပြောက်ကျားစစ်ဖြစ်ပွားခြင်း ၁၀၈
မုန်းတီးမှုနှင့် သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပေါ် နေလျှင်
နီပေါ၏ အနာဂတ် မည်သို့ဖြစ်လာမည်နည်း ၁၁၁
ကျွန်ုပ်ကိုယ်တိုင် စစ်၏သားကောင်ဖြစ်ခဲ့ရသည် ၁၁၂
အကျိုးနှင့်အကြောင်း ဥပဒေသ (ကံ–ကံ၏အကျိုး)
ကောင်းမှုပြုလုပ်ခြင်းနှင့် ကောင်းကျိုးရရှိခြင်း ၁၁၅
နီပေါပြည်သူများအတွက် ငြိမ်းချမ်းရေးလက်တစ်ကမ်း၌ရှိသည် ၁၁၈
တိုင်းပြည်၌ သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပေါ် နေခြင်းကို ကျွန်ုပ် ထိုင်ကြည့်မနေနိုင်ပါ ၁၂၃
ငြိမ်းချမ်းရေးလှုပ်ရှားမှု ကနဦးခြေလှမ်းများ ၁၂၅
ငြိမ်းချမ်းရေးသည် ကောင်းကင်ဘုံမှ ကျလာသော လက်ဆောင်ပစ္စည်းမဟုတ်ပါ ၁၃၁
အာမခံသော ငြိမ်းချမ်းရေးအတွက် အဖြေ ၁၃၃
နီပေါနိုင်ငံသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်လာနိုင်သည် ၁၃၆
အောင်မြင်ခြင်း၏ လျှို့ဝှက်ချက် ၁၄၀
နိဂုံး ၁၄၂

သင် လက်လှမ်းမီနိုင်သော အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်း

နိဒါန်း ၁၄၇
သတင်းစာဆောင်းပါးတစ်ပုဒ်၏ ဆန်းကြယ်မှု ၁၅၆
ဂါဆီယာသို့ သဝဏ်လွှာ ၁၆၁
ဂါဆီယာသို့ သဝဏ်လွှာမှ အသိအမြင် ၁၆၈

# အမှာစာ

ကျွန်ုပ်တို့၏ဘဝတွင် တစ်ခါတရံ၌ ဆန်းကြယ်မှုများ မမျှော်လင့်ဘဲ ဖြစ်ပေါ်ကြသည်။ ၎င်းတို့သည် အမြဲတမ်းတော့ အသိအမှတ်ပြုနိုင်သော အနေအထားမရှိကြချေ။ မကြာခဏဆိုသလို ဆန်းကြယ်မှုများသည် အခြားသူများ၏ ကောင်းကျိုးချမ်းသာအတွက် ကျွန်ုပ်တို့ပြုလုပ်နိုင်သော ကောင်းမှုများမှ ရလဒ်ထွက်ပေါ်ကြသည်။

ကျွန်ုပ်တို့အသီးသီးသည် နေ့စဉ်၊ အပတ်စဉ်၊ သို့မဟုတ် လစဉ် ကောင်းမှုပြုလုပ်မည့်ဆန္ဒကို အမြဲတမ်း ယုယ၊ ပိုက်ထွေး၊ မွေးမြူထားကြမည်ဆိုလျှင် ကျွန်ုပ်တို့၏ နှလုံးသားဖြင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများသည် တစ်ခါတစ်ရံ၌ ကျွန်ုပ်တို့ မျှော်မှန်းထားကြသည်ထက် သာလွန်ကြလေသည်။ ၎င်းအပြင် အချိန်အတန်ကြာပြီးနောက်၌ ကျွန်ုပ်တို့၏ဘဝ အံ့ဖွယ်ကောင်းစွာ ပြောင်းလဲခဲ့သည်ကို ကျွန်ုပ်တို့ သိရှိကြရလိမ့်မည်။

သို့သော်လည်း ကောင်းမွန်သော အကျိုးသက်ရောက်မှုကို ကြိုတင်တွေ့မြင်ရသော အရာများကိုသာ ပြုလုပ်ခြင်းအပေါ် ကျွန်ုပ်တို့ အာရုံမစူးစိုက်သင့်ချေ။ လမ်းလယ်ကောင်တွင် သံထောင်နေသော ပျဉ်ပြားချပ်ကလေးတစ်ချပ်ကို တစ်နေ့၌ သင်တွေ့မြင်သည်ဟု စိတ်ကူးကြည့်ပါ။ လမ်းလယ်ကောင်မှပျဉ်ပြားချပ်ကို ဖယ်ရှားဖြစ်ဖို့ သင်တစ်မိနစ်အချိန်ပေးနိုင်လောက်အောင်တွေးတောစဉ်းစားတတ်လျှင် နောက်ပိုင်း၌လူများကိုအန္တရာယ်ဖြစ်စေနိုင်မည့်အရာအား သင် ကူညီကာကွယ်ခဲ့ကောင်း ကာကွယ်ခဲ့လိမ့်မည်။

သံချေးတက်နေသော ထိုသံပေါ်ကို လူတစ်ယောက် မတော်တဆ တက်နင်းမိကောင်း တက်နင်းမိနိုင်သည်။ ရက်အနည်းငယ်ကြာလျှင် ထိုသံကြောင့် သူ့ခြေထောက်

ရောဂါပိုးဝင်ကောင်း ဝင်နိုင်သည်။ ဗဟုသုတမရှိသောကြောင့်လည်းကောင်း၊ သို့မဟုတ် ဆေးဝါးကုသမှု မရသောကြောင့်လည်းကောင်း၊ မေးခိုင်ပိုးဝင်သဖြင့် ထိုလူ သေဆုံးနိုင်သည်။ ထိုလူ့တွင် အကူအညီမဲ့နေသော ဇနီးနှင့်ကလေးများ ကျန်ရစ်ခဲ့နိုင်သည်။ အဖေမဲ့သော ကလေးများအနေဖြင့် လုံလောက်သော ပညာရေးမရရှိဘဲ ကြီးပြင်းလာရနိုင်သည်။ သူတို့က လူ့အသိုင်းအဝိုင်းအတွက် ဖြေရှင်းရန် ခက်ခဲသောပြဿနာများ ဖန်တီးနိုင်ကြ သည်။

တစ်စုံတစ်ယောက်က ပျဉ်ပြားချပ်ကလေးနှင့် ပတ်သက်၍ တစ်စုံတစ်ရာပြုလုပ်ရန် အချိန်တစ်မိနစ်ပေးဖို့ ဂရုစိုက်ခဲ့လျှင် ကံဆိုးသော ဤအရာများအားလုံး ဖြစ်ပေါ်မည် မဟုတ်ကြောင်းကို ပြောစရာမလိုချေ။ ထို့ကြောင့် ကောင်းသောတစ်စုံတစ်ရာ ပြုလုပ်ရမည့် အခွင့်အရေးအား ကျွန်ုပ်တို့ မည်သည့်အခါမျှ လျစ်လျူမရှုသင့်ပေ။

၎င်းသည် ကျွန်ုပ်တို့ကို အပေါင်းလက္ခဏာဆောင်သော အကျိုးကျေးဇူး မလွဲမသွေ ဖြစ်ပေါ်စေမည့် ဘဝနှင့်ပတ်သက်သော အပြုအမူဖြစ်သည်။ ကျွန်ုပ်ဘဝတွင် ထိုကဲ့သို့သော အရာများကို ကျွန်ုပ်ကိုယ်တိုင် မကြာခဏ တွေ့ကြုံခဲ့ရသည်။ အိန္ဒိယကြိုးကြာများနှင့် ပတ်သက်၍ အောက်ပါဇာတ်လမ်းသည် ကျွန်ုပ်အတွေ့အကြုံ၏ စံနမူနာတစ်ခုဖြစ်သည်။

လုမ္ဗိနီ (နီပေါ) သည် အစဉ်မပြတ် တောက်ပနေသော နှင်းများဖုံးလွှမ်းနေသည့် တောင်ထွတ်များစွာတို့ရှိသော ကြီးကျယ်ခမ်းနားသည့် ဟိမဝန္တာတောင်၏ခြေရင်း၌ တည်ရှိသော စိမ်းလမ်းစိုပြည်သည့် မြေဇရိယာတစ်ခုဖြစ်သည်။ ၎င်းသည် လွန်ခဲ့သောနှစ် ၂၆၀၀ ကျော်က ဗုဒ္ဓဘုရားရှင် ဖွားမြင်သန့်စင်ခဲ့သော နေရာဖြစ်သည်။ လုမ္ဗိနီတွင် ကျွန်ုပ်နေထိုင်သော ပထမရက်အနည်းငယ်ကတည်းကစ၍ အလွန်တရာလှပပြီး ရှားပါးသော ငှက်အမျိုးအနွယ်ဖြစ်သော အိန္ဒိယကြိုးကြားများ အန္တရာယ်ရှိနေသည်ကို ကျွန်ုပ် တွေ့မြင်သည်။

တောရိုင်းတိရစ္ဆာန်များနှင့် လူအများက သူတို့၏အသက်ကို လေးနက်စွာ ခြိမ်းခြောက်နေကြသည်။ သူတို့အကြောင်းကိုသိရှိရန် ကျွန်ုပ်၏ ကြိုးစားအားထုတ်မှုကြောင့် ယခုအခါတွင် ကြိုးကြာငှက်များမှာ လုမ္ဗိနီတွင်အိမ်ပြုလုပ်ရန် နေရာကောင်းတွေ့ရှိခဲ့ကြပြီး ကြိုးကြာအကောင်ရေလည်း တိုးပွားခဲ့သည်။ လွန်ခဲ့သော ၁၀ နှစ်က ဗီယက်နမ် လုမ္ဗိနီ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းအနီးတွင် လာရောက်နေထိုင်သော ကြိုးကြာငှက်နှစ်ကောင်မှသာ အစပြုလျက် ယခုအခါတွင် လုမ္ဗိနီထဲမှ နေရာအနှံ့အပြား၌ လုံခြုံစိတ်ချရစွာ နေထိုင်ကြသော သူတို့ ၄၄ ကောင်ရှိနေသည်ကို သင် တွေ့မြင်ရနိုင်သည်။

ရှားပါးသော ဤငှက်များကိုကာကွယ်ရန် ကျွန်ုပ် ကြိုးစားအားထုတ်မှုများ ပြုလုပ်ခဲ့သောကြောင့် သဘာဝနှင့် ပိုမိုနီးကပ်သထက် နီးကပ်စွာနေထိုင်ရမည့် အခွင့်အရေးကို ရရှိနိုင်ခဲ့သည်။

ထို့အပြင် ၎င်းက ဇာတ်လမ်းအဆုံးသတ်မဟုတ်ချေ။ ၎က်များအတွက် ကျွန် တော် ပြုလုပ်ပြီးစီးခဲ့သော ကောင်းမှုကုသိုလ်ကလေးနောက်ကို ပိုမိုစိတ်ဝင်စားစရာကောင်းသော အဖြစ်အပျက်များစွာတို့ လိုက်ပါလာခဲ့ကြသည်။ ၎င်းတို့ကို ဤစာအုပ်ထဲတွင် ကျွန်ုပ် တစ်ခု ချင်း ပြောပြပါမည်။

ကောင်းမှုပြုလုပ်ခြင်းကို ကျွန်ုပ်တို့ မြှုပ်နှံလုပ်ဆောင်လျှင် ကျွန်ုပ်တို့ဘဝ၌ ဆန်း ကြယ်မှုများဖြစ်လာမည်ကို တွေ့ကြုံရမည့်အခွင့်အရေး ကျွန်ုပ်တို့ရှိမည်ဟု ကျွန်ုပ် အနိုင်အမာ ယုံကြည်သည်။ ၎င်းသည် ကျွန်ုပ်ကိုယ်တိုင် တစ်ကြိမ်တွေ့ကြုံခဲ့ပြီး ထိုအချိန်မှစ၍ ကျွန်ုပ်ဘဝ တစ်လျှောက်လုံး ထာဝရအသုံးချခဲ့သော အံ့ဖွယ်ကောင်းသည့် အရာတစ်ခု ဖြစ်သည်။ ယခု ဤအတွေ့အကြုံကို ချစ်စွာသော စာဖတ်ပရိသတ်များအား ကျွန်ုပ် မျှဝေပေးချင်ပါသည်။

**ဟာ့ယင်ဂျူး**

# အသစ်ထုတ်ဝေခြင်းအတွက် နိဒါန်း

"ကောင်းသောအရာများပြုလုပ်ရန် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ မြှုပ်နှံထားလျှင် ကျွန်ုပ်တို့ဘဝတွင် ဆန်းကြယ်မှုများ ဖြစ်ပေါ်လာမည်ကို တွေ့ရှိဖို့အခွင့်အရေး ရရှိလိမ့်မည်ဟု ကျွန်ုပ် အခိုင်အမာယုံကြည်သည်။ ၎င်းသည် ကျွန်ုပ်ကိုယ်တိုင် တစ်ကြိမ် တွေ့ကြုံခဲ့ရသောအံ့ဖွယ်ကောင်းသည့်အရာတစ်ခုဖြစ်ပြီး ထိုအချိန်မှစ၍၎င်းကိုကျွန်ုပ်ဘဝတစ်လျှောက်လုံး အမြဲအသုံးချခဲ့သည်။ ယခု ထိုအတွေ့အကြုံကို ချစ်စွာသော စာဖတ်ပရိသတ်များအား ကျွန်ုပ် မျှဝေပေးချင်ပါသည်"

၎င်းသည် သူကိုယ်တိုင်ရေးသားပြီး အင်္ဂလိပ်လို ဘာသာပြန်၍အများပြည်သူအား ဝေငှပေးခဲ့သော စာအုပ်(၃)အုပ်ထဲတွင် ဟူယင်ဂျူးက စာဖတ်ပရိတ်သတ်များအား ပေးအပ်သည့်ရိုးသား၍အလေးအနက်ထားသော သဝဏ်လွှာဖြစ်သည်။ စာအုပ် (၃) အုပ်က "When the Sarus Cranes Come.", "Nepal-Peace is at Hand.", "Success and Happiness Within Your Reach." တို့ဖြစ်ကြသည်။

ထိုစာအုပ်များ ပထမဦးဆုံးအကြိမ် ထွက်ပေါ်လာသောအခါ ၎င်းတို့ကို နွေးထွေးစွာ ကြိုဆိုကြသည်။ လွယ်ကူစွာ ကိုင်တွယ်နိုင်ရန် များစွာသော စာဖတ်ပရိသတ်များက စာအုပ်များအားလုံးကို တစ်အုပ်တည်းအဖြစ် ပြန်လည်ပုံနှိပ်စေလိုသော သူတို့၏ဆန္ဒကို ထုတ်ဖော်ပြခဲ့သည်။

စာဖတ်ပရိသတ်များ၏ဆန္ဒကို တုံ့ပြန်သောအားဖြင့်လည်းကောင်း၊ ဟူယင်ဂျူး၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း ထုတ်ဝေသူများက အထက်၌ဖော်ပြခဲ့သော စာအုပ် (၃) အုပ်ကို

တစ်အုပ်တည်းအဖြစ် ပေါင်းစည်းကြသည်။ စာအုပ်အမည်က "When the sarus cranes come ... and the miracles." ဖြစ်လာသည်။

ဟူယင်ဂျူးသည် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တည်ဆောက်ရန်အတွက် နီပေါတော်ဝင်အစိုးရထံမှ မြေကွက်ရရှိခဲ့သော ပထမဦးဆုံး နိုင်ငံခြားသားဖြစ်သည်။ ဤဘုန်းကြီးကျောင်းက ဗီယက်နမ် လုမ္ဗိနီဗုဒ္ဓဘာသာဘုန်းကြီးကျောင်း (ဗီယက်နမ် ဗုဒ္ဓမြေ ဘုန်းကြီးကျောင်း) ဖြစ်သည်။ ၎င်းက သကျမုနိဘုရားရှင် ဖွားမြင်သောနေရာဖြစ်သည့် လုမ္ဗိနီတွင် တည်ဆောက်သည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဘုန်းကြီးကျောင်းဖြစ်သည်။

ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တည်ဆောက်ပြီးနောက်၌ အခြားတိုင်းပြည် ၂၀ တို့က တစ်ခုပြီးတစ်ခု သူတို့ကိုယ်ပိုင်ဘုရားများနှင့် ဘုန်းကြီးကျောင်းများကို တည်ဆောက်ကြသည်။ ဤသို့ဖြင့် လုမ္ဗိနီတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်း ကြီးကျောင်းများ ဖုန်တစ်ခု ပေါ်ထွန်းလာခဲ့သည်။

လုမ္ဗိနီအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ဟူယင်ဂျူးသည် နီပေါတော်ဝင်အစိုးရထံမှ အကြီးအကျယ် ရှိသေလေးစားမှုရရှိသလို၊ ထောက်ပံ့မှုများလည်း အများအပြား ရရှိခဲ့သည်။ ထိုကဲ့သို့ရရှိခဲ့သည့် အကြောင်းရင်းမှာ သူတို့က သူ့ကို လုမ္ဗိနီတည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် လုံးလုံးလျားလျား ဘဝမြှုပ်နှံလုပ်ဆောင်သူအဖြစ် တွေ့မြင်ကြသလို လုမ္ဗိနီကို ကမ္ဘာ့ယဉ်ကျေးမှုနှင့် လောကုတ္တရာရေးရာဗဟိုဖြစ်အောင်ပြုလုပ်ပြီး ဤသို့ဖြင့် လူသားမျိုးနွယ်တို့၏ ယဉ်ကျေးမှုနှင့် လောကုတ္တရာရေးရာဘဝတွင် နီပေါနိုင်ငံ၏ဂုဏ်သိက္ခာနှင့် အနေအထားကို ကူညီမြှင့်တင်ပေးသူအဖြစ်လည်း တွေ့မြင်ကြသောကြောင့် ဖြစ်လေသည်။

နောက်ပိုင်း၌ နီပေါနိုင်ငံတွင် စစ်ဖြစ်ပွားသောအခါ ငြိမ်းချမ်းရေး ပြန်လည်ရရှိရန် လှုပ်ရှားမှုပြုလုပ်ပြီး စစ်ပွဲအဆုံးသတ်ရန်၊ လက်နက်ဖျက်သိမ်းရန်နှင့် သူတို့အကြားမှ မုန်းတီးမှုများကို တိုက်ဖျက်ရန်အတွက် စစ်ဖြစ်ပွားနေကြသော ဂိုဏ်းခွဲများကို စေ့စပ်ညှိနှိုင်းရေးစားပွဲဆီသို့ လာကြဖို့အရေးတိုက်တွန်းခဲ့သူက ဟူယင်ဂျူးပင်ဖြစ်သည်။ ငြိမ်းချမ်းရေး ချစ်မြတ်နိုးပြီး စိတ်ရင်းစေတနာကောင်းသော သူ၏အဆုံးအမက နီပေါတွင် ငြိမ်းချမ်းရေး ပြန်လည်ရရှိရန် ကြီးမားသော အကူအညီပေးခဲ့သည်။

ဗုဒ္ဓ၏မြေတွင် သူ ပထမဦးဆုံးအကြိမ် ခြေချသောအခါက ဟူယင်ဂျူး၏ဇာတ်လမ်းများမှလည်းကောင်း၊ လုမ္ဗိနီကို ပြန်လည်ပြုပြင်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် သူ၏စိတ်နှလုံးမြှုပ်နှံလုပ်ဆောင်ချက် ဇာတ်လမ်းများမှလည်းကောင်း၊ ဘုန်းကြီးကျောင်းတည်ဆောက်ရန်အတွက် မြေကွက်ရရှိမည့် အခွင့်အလမ်းနှင့်ပတ်သက်၍ ဇာတ်လမ်းများမှ လည်းကောင်း၊

လေးနက်သော သင်ခန်းစာများနှင့် အလွန်တရာအသုံးဝင်သော အတွေ့အကြုံများ ကျွန်ုပ်တို့အားလုံး ရရှိနိုင်ကြသည်။

သူ တွေ့ကြုံခဲ့ရသော အတားအဆီးများနှင့် ပြဿနာများမှ များစွာသောသင်ခန်းစာများကို သိနားလည်နိုင်သလို လစ်လျူရှုစွန့်လွှတ်ထားသောဒေသကို မြင့်မြတ်သော နေရာအဖြစ်လည်းကောင်း၊ ငှက်များလာရောက်အိမ်ဆောက်ရန်အတွက် ကောင်းမွန်သော မြေနေရာအဖြစ်လည်းကောင်း အသွင်ကူးပြောင်းဖို့ ကြိုးစားရာတွင် သူ ပြသခဲ့သည့် ခိုင်မာသောဆုံးဖြတ်ချက်တို့မှလည်း သင်ခန်းစာများကို သိနားလည်နိုင်ပေသည်။

ဆန်းကြယ်မှုများသည် နတ်သမီးပုံပြင်များတွင် တွေ့မြင်ရသော ဆန်းကြယ်မှုများ မဟုတ်ကြချေ။ ထိုအတူ ၎င်းတို့သည် ဒဏ္ဍာရီများထဲမှာ လျှို့ဝှက်ဆန်းကြယ်သော အကြောင်းအဆက်အစပ်များလည်း မဟုတ်ကြချေ။ မြင့်မြတ်သော အိန္ဒိယကြိုးကြာတစ်အုပ် ဗီယက်နမ် ဗုဒ္ဓဘာသာဘုရားကျောင်းသို့ လာကြပြီး ဟူယင်ဂျူး၏ ကောင်းမွန်သော အဖော်များဖြစ်လာကြသည်။ သူတို့ကို ချစ်ခင်ကြင်နာစွာဖြင့် ဂရုစိုက်မည့် နွေးထွေးသော နှလုံးသားကို ထိုနေရာ၌ သူတို့ အသေအချာတွေ့ရှိခဲ့ကြသည်။

အားလုံး အစွန်းရောက်များဖြစ်ကြပြီး တစ်ဦးကိုတစ်ဦး မုန်းတီးမှုများ ပြည့်လျှံနေသော နီပေါမှ စစ်ဖြစ်နေကြသည့် ဂိုဏ်းခွဲများသည် သူ၏ အလျှော့မပေးသောတိုက်တွန်းမှု၊ ရိုးသားဖြူစင်သောကရုဏာနှင့် ငြိမ်းချမ်းရေးကို စိတ်အားထက်သန်စွာ လိုလားမှုတို့နှင့် ရင်ဆိုင်ကြရသောအခါ အလျှော့ပေးလိုက်လျောမှုများပြုလုပ်ကြသည်။ လူပုဂ္ဂိုလ်အသီးသီး၏ စစ်မှန်သောနှလုံးသားနှင့် စိတ်ဆန္ဒတို့မှ ဖြစ်ပေါ်ကြသည့်အတိုင်းပင် ကျွန်ုပ်တို့အားလုံး ကျွန်ုပ်တို့၏အမိမြေကို ချစ်ကြလျှင်ဖြစ်စေ၊ အခြားပြည်သူများ၏ ပျော်ရွှင်မှုနှင့် ကောင်းကျိုးချမ်းသာအတွက် အလုပ်လုပ်ကြလျှင်ဖြစ်စေ၊ အောင်မြင်မှုအတွက် လိုအပ်မည့် ခိုင်မာသော စိတ်ဆန္ဒအား မည်သို့တည်ဆောက်ရမည်ကို သိလျှင်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ငြိမ်းချမ်းရေး ချစ်မြတ်နိုးသော စိတ်ဓာတ်ကို အမြဲအပြတ် ရှင်သန်ကြီးထွားအောင် ပြုလုပ်လျှင်ဖြစ်စေ၊ ရှိခဲ့မည်ဆိုပါက ကျွန်ုပ်တို့ပတ်ပတ်လည်တွင် ဆန်းကြယ်မှုများ၊ အံ့ဖွယ်ကောင်းစွာ တောက်ပနေသည်ကို ကျွန်ုပ်တို့ တွေ့ရှိကြရလိမ့်မည်။

ဟူယင်ဂျူးရေးသားသော ဤစာအုပ်ထဲမှ စာမျက်နှာများသည် ကျွန်ုပ်တို့၏ ချစ်စွာသော စာဖတ်ပရိသတ်များအား မိမိတို့အတွက် ဆန်းကြယ်မှုများရှာဖွေရာတွင် ကြီးကျယ်သောအကူအညီ ဖြစ်စေလိမ့်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။

ဆိုင်ဂုံ–ဟိုချီမင်းမြို့တော်၊ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ
Van Nghe Publishing House

## ဗုဒ္ဓမြေပေါ်မှ ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း

ကျွန်ုပ်ဘဝ၏ များစွာသောအစိတ်အပိုင်းကို နိုင်ငံခြားတွင်နေထိုင်ရင်း အချိန်ကုန်လွန်ခဲ့ရသော်လည်း အဖမြေဗီယက်နမ်အပေါ်ထားရှိသော နက်ရှိုင်းသည့်အချစ်နှင့် အဖမြေအတွက် တစ်စုံတစ်ရာပြုလုပ်လိုသော အမြတ်နိုးဆုံးဆန္ဒတို့သည် ကျွန်ုပ်နှလုံးသားထဲ၌ အမြဲတမ်း ကိန်းဝပ်နေခဲ့သည်။

ကျွန်ုပ်၏အကျိုးနှင့် သူတို့တွေ့ကြုံခံစားရသည့် အရာများအတွက် ကျွန်ုပ် မွေးဖွားခဲ့သော တိုင်းပြည်ကိုလည်းကောင်း၊ ကျွန်ုပ်၏မိဘများကိုလည်းကောင်း၊ ဆရာကို လည်းကောင်း၊ သူငယ်ချင်းမိတ်ဆွေများကိုလည်းကောင်း ကျွန်ုပ်ကျေးဇူးတင်ကြောင်း ပြသလိုသည်။ ဤအကြောင်းရင်းကြောင့် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓမြေတွင် ဗီယက်နမ်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တည်ဆောက်ခြင်းအပေါ် ကျွန်ုပ်၏ကြိုးစားအားထုတ်မှုများအားလုံးကို အာရုံစူးစိုက်ထားရန် ကျွန်ုပ်ကတိသစ္စာပြုခဲ့သည်။

ကျွန်ုပ်တို့၏နေ့စဉ်ဘဝမှ များပြားလှသော နိစ္စဓူဝအလုပ်များအပေါ် ကျွန်ုပ် အချိန်ကုန်လွန်ရသကဲ့သို့ပင် ကျွန်ုပ်တို့၏ဘဝတွင် ကျွန်ုပ်တို့စိတ်အဝင်စားဆုံး တစ်ခုတည်းသော အရာများ ပြုလုပ်ခြင်းအပေါ် ကြိုးစားအားထုတ်မှုအားလုံးကို သာမန်အားဖြင့် ကျွန်ုပ်တို့ စူးစိုက်ထားကြသည်။ ကျွန်ုပ်အဖို့ စိတ်အဝင်စားဆုံးအရာများက သင်ပယူကြား နာခြင်း၊ ခရီးသွားခြင်း၊ ဘုရားဖူးသွားခြင်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းတို့ ဖြစ်ကြ သည်။

သို့သော်လည်း ကုသိုလ်ကံကောင်းသောကြောင့် နီပေါနိုင်ငံ၊ လုမ္ဗိနီတွင် ဒုတိယမြောက် ဗီယက်နမ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တည်ဆောက်ရန် အခွင့်အရေး ကျွန်ုပ်

ရရှိခဲ့သည်။ လုမ္ဗိနီက ဗုဒ္ဓဘာသာစာပေတွင် အစဉ်မပြတ်ဖော်ပြနေကြသော မြင့်မြတ်သည့် နေရာ၏ အမည်နာမဖြစ်သည်။

ဤနယ်မြေသည် ရှေးခေတ်အချိန်က ဘုရင်သုဒ္ဓေါဒန၏နိုင်ငံဖြစ်ခဲ့ပြီး သကျ မျိုးနွယ်ဝင်ဖြစ်သော မင်းသားသိဒ္ဓတ္ထကို လွန်ခဲ့သော နှစ် ၂၆၀၀ နီးပါးက ဖွားမြင်ခဲ့သော နေရာဖြစ်သည်။

ကြီးကျယ်ထင်ရှားသော တရုတ်ဘုရားဖူးခရီးသည်နှင့် ပညာရှင် ဖွမ်ချောင် (Xuan Zhuang) ၏ ကိုယ်တွေ့မှတ်တမ်းများတွင် ဤနိုင်ငံကို အချင်း ၁၈၈၀ ကီလိုမီတာ ခန့်ရှိသော ကုန်းမြေဧရိယာတစ်ခုအဖြစ် ဖော်ပြထားပြီး ၎င်းသည် စုံညားလှသော ဟိမဝန္တာတောင်၏ ခြေရင်းမှ တာရိုင် (Terrai) ဒေသထဲတွင် တည်ရှိသည်။ ဘီစီ ၅၆၃ ခုနှစ်တွင် မွေးဖွားရန်အချိန် နီးကပ်လာသောအခါ မိဖုရားမာယာဒေဝီက သူတို့နိုင်ငံ၏ ထုံးတမ်းစဉ်လာနှင့်အညီ သူတို့၏ ကလေးကို ဖွားမြင်ရန်အတွက် ဘုရင်၏ခွင့်ပြုချက်ဖြင့် တော်ဝင် နန်းတော်မှထွက်ခွာ၍ သူ၏ မွေးရပ်မြေ ဒေဝဒဟတိုင်းပြည်သို့ ပြန်သွားခဲ့သည်။

မြို့တော်နှင့် ၂၅ ကီလိုမီတာခန့်အကွာသို့ ရောက်သောအခါ သူမက လုမ္ဗိနီကျေး ရွာထဲမှ ဥယျာဉ်ခြံတစ်ခုကိုဖြတ်လျှောက်ပြီး ထိုဥယျာဉ်ခြံထဲမှ အသောက (Asho-ka) သစ်ပင်အောက်တွင် မင်းသားသိဒ္ဓတ္ထကို ဖွားမြင်ခဲ့သည်။ ဘီစီ ၂၅၀ တွင် ဘုရင်မဟာ အသောကနှင့် သူ၏အခြွေအရံများက မြင့်မြတ်သော ဤနေရာကို ဘုရားဖူးလာကြသော အခါ ဤမြေနေရာကို အထွတ်အမြတ်ပြုလုပ်ရန်အတွက် ကြီးမားသော ကျောက်တိုင်ကြီး တစ်တိုင် တည်ဆောက်ခဲ့သည်။ နိုင်ငံရေးနှင့် ဘာသာရေး အပြောင်းအလဲကြီးများ ရာစုနှစ် များစွာ ဖြစ်ပေါ်ပြီးနောက်တွင် ထွတ်မြတ်သော ဤဒေသမှာ ကံမကောင်းစွာ မေ့လျော့ခံခဲ့ ရသည်။

၁၉၆၉ ခုနှစ်၊ ဆောင်းဦးရာသီစောစောပိုင်းတစ်နေ့တွင် ဘုရားဖူးခရီးသည်တစ် ယောက်အဖြစ် လုမ္ဗိနီသို့ ကျွန်ုပ် ပထမဦးဆုံးရောက်ရှိသောအခါ မြင့်မြတ်သော နယ်မြေတွင် မပြုမပြင် ယိုယွင်းပျက်စီးနေသောမြင်ကွင်းကြောင့် ကျွန်ုပ် အမှန်တကယ်ပင် ထိတ်လန့်မိ သည်။ ဗုဒ္ဓဘုရားသခင် ဖွားမြင်သန့်စင်သောနေရာအား အမှတ်အသားပြု၍ တည်ဆောက် ထားသည့် ကျောက်တိုင်တစ်ပိုက်မှ မြေပြင်က လူတို့၏ အညစ်အကြေးများဖြင့် ပွစာကြနေ သည်။

အလွန်အမင်းစိတ်နှလုံးညှိုးငယ်စွာဖြင့် ထိုနေရာကို ကျွန်ုပ် ပတ်ချာလည်လျှောက် ပြီး "ဤနေရာသည် ဗုဒ္ဓဘုရားရှင်မွေးဖွားသောမြင့်မြတ်သည့်နေရာ အမှန်တကယ်ဖြစ်ပါလျှင်

ကျွန်ုပ်၏ဘဝအဆုံးမသတ်ခင် ဤနေရာပြန်လည်လန်းဆန်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်းကိုတွေ့မြင်လိုပါ၏" ဟု ကျွန်ုပ် တိုးတိုးတိတ်တိတ် ဆုတောင်းသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်၏တပည့်များကို ဗုဒ္ဓဓမ္မစာပေ သင်ကြားပြသရာတွင်လည်းကောင်း၊ အာရှသမိုင်းနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာရပ်မှ တက္ကသိုလ် ကျောင်းသားများအား သင်ကြားပို့ချရာတွင်လည်းကောင်း ဤစိုးရိမ်ပူပန်မှုများကို ကျွန်ုပ် အမြဲတစေ ဖော်ပြနေခဲ့သည်။ ဤကဲ့သို့သော နှိုင်းယှဉ်မှုကို ကျွန်ုပ် မကြာခဏ လုပ်သည်။

ဗုဒ္ဓဘာသာအတွက် လုမ္ဗိနီ၏အရေးကြီးမှုသည် အစ္စလာမ်ဘာသာအတွက် မက္ကာကဲ့သို့လည်းကောင်း၊ ကက်သလစ်ဘာသာအတွက် ဗာတီကန်ကဲ့သို့လည်းကောင်း၊ ဟိန္ဒူဘာသာအတွက် ဗာရာဏသီကဲ့သို့လည်းကောင်း၊ ရဟူဒီဘာသာအတွက် ဂျေရုစလင်ကဲ့သို့လည်းကောင်း တစ်ထပ်တည်း အတူတူပင် ဖြစ်သည်။ သို့သော်လည်း ယခုတွင်မူ လုမ္ဗိနီမှာ ဝမ်းနည်းကြေကွဲဖွယ်ကောင်းစွာ စွန့်ပစ်ခံထားရသော မြေနေရာတစ်ခုသာ ဖြစ်နေသည်။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် အလုပ်လုပ်နေကြသော ကျွန်ုပ်၏ ကျောင်းသားတချို့က ဤစိုးရိမ်ပူပန်မှုကို ကျွန်ုပ်နှင့်အတူ မျှဝေယူကြပြီး မြင့်မြတ်သော လုမ္ဗိနီ ပြန်လည်ရှင်သန်လန်းဆန်းလာရေးအတွက် ၁၀ နှစ်ကျော် တိတ်ဆိတ်စွာ လှုပ်ရှားကြသည်။

၁၉၉၃ခုနှစ်ကျမှသာ သူတို့၏ စိတ်ပါလက်ပါ ကြိုးစားအားထုတ်မှုများက အသီးအပွင့်ဝေဆာလာခဲ့သည်။ ဒုတိယဗီယက်နမ်ဗုဒ္ဓမြေဘုရားကျောင်း ကျွန်ုပ်တည်ဆောက်နိုင်ရန်အတွက် ဘုရင်ဘီရင်ဒရာနှင့် နီပေါတော်ဝင်အစိုးရတို့က ကျွန်ုပ်ကို လုမ္ဗိနီ၌ မြေကွက်တစ်ကွက်ပေးရန် သဘောတူကြသည်။ ထိုဒုတိယဗီယက်နမ် ဗုဒ္ဓမြေဘုရား ကျောင်းက ဗုဒ္ဓဘုရားရှင် ဖွားမြင်သောနေရာ၌ တည်ဆောက်သမျှတွင် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဘုန်းကြီးကျောင်းလည်းဖြစ်သည်။

# စွန့်စားလုပ်ဆောင်ရသော ဆုံးဖြတ်ချက်

ဗုဒ္ဓဘုရားရှင်ကို ကျေးဇူးဆပ်သော အပြုအမူအဖြစ်လည်းကောင်း၊ ကျွန်ုပ်၏ မွေးရပ်တိုင်းပြည်အတွက် ယုံကြည်သက်ဝင်မှုလက်ဆောင်အဖြစ်လည်းကောင်း၊ ဗုဒ္ဓမြေတွင် ပထမဦးဆုံး ဗီယက်နမ်ဘုန်းကြီးကျောင်းဖြစ်သော ဗီယက်နမ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာ၌ တည်ဆောက်ခြင်းအပေါ် ကျွန်ုပ် ကြိုးစားအားထုတ်မှုအားလုံး စတင်အာရုံစိုက်ခဲ့သည်မှာ ၁၉၈၇ ခုနှစ်ကာလ၌ဖြစ်သည်။ ကျွန်ုပ် စတင်ပြုလုပ်သောအခါကျမှသာ အလွန်တရာရှုပ်ထွေးမှုများရှိသော ကြီးကျယ်ခမ်းနားသည့် လုပ်ငန်းတစ်ခုအား ပြုလုပ်ခဲ့မိကြောင်းကို သိရှိရသည်။

ဗုဒ္ဓဂယာက အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်မှ ဂယာမြို့တွင်တည်ရှိသည်။ ဤနေရာမှ များစွာသောပြည်သူများ၊ ဒေသတွင်းခေါင်းဆောင်များနှင့် ဗဟိုအစိုးရအရာရှိများကို ကျွန်ုပ်သိရှိသည်။ သူတို့က ကျွန်ုပ်ကိုကူညီရန် အမြဲတမ်း အဆင်သင့်ဖြစ်နေကြသည်။ သို့သော် ဤလူများနှင့်ကျွန်ုပ်ဆက်ဆံရာ၌ မကောင်းကျိုးက ကျွန်ုပ်ဆီကို သူတို့အလည်အပတ်လာလျှင် သူတို့နောက်၌ လုံခြုံရေးအဖွဲ့များနှင့် ရဲများ ပါလာကြခြင်းဖြစ် သည်။

ထိုလုံခြုံရေးအဖွဲ့များနှင့် ရဲများက ငြိမ်းချမ်းသော ကျွန်ုပ်ဘဝကို မရည်ရွယ်ဘဲ အနှောင့်အယှက်ပေးကြသည်။ ထို့အပြင် ကျွန်ုပ်အပေါ်ထားရှိသော သူတို့ချစ်ခင်ကြင်နာမှုကြောင့်လည်းကောင်း၊ သို့မဟုတ် ကျွန်ုပ်တို့အကြားမှ လုပ်ငန်းသဘောအရ လိုအပ်ချက်ကြောင့်လည်းကောင်း၊ ကွဲပြားခြားနားသောနေရာ (၇)နေရာတွင် ကွဲပြားခြားနားသော အရာရှိ (၇)ယောက်နှင့် မနက်စာစားရန် ကျွန်ုပ်အဖိတ်ခေါ်ခံရသော နေ့ရက်များ ရှိသည်။

ထို့အပြင် များပြားလွန်းသော ဧည့်ခံပွဲများနှင့် ကြိုဆိုပွဲများ၊ ကျွန်ုပ်တက်ရောက်ရသောကြောင့် ဘုရားတည်ဆောက်ဖို့အတွက် အချိန်အလုံအလောက်မရခဲ့ချေ။ ထို့ ကြောင့် စိတ်လုံးလုံးလျားလျား အာရုံစူးစိုက်လျက် အသံတိုးတိုးဖြင့် ကျွန်ုပ် ဤသို့ ဆုတောင်းသည်။

"ဗုဒ္ဓဘုရားရှင်၊ ဓမ္မသတ္တာ၊ နဂါးနတ်မင်းများ၊ တရားစောင့်နတ်မင်းများအပေါင်း၏ ကောင်းကျိုးပေးခြင်းကို ကျွန်ုပ် ခံယူပါရစေ။ ကျွန်ုပ်သည် ဘုရားတစ်ဆူတည်ရန် ဤနေရာသို့ လာခဲ့ပါသည်။

"သို့သော် ကံမကောင်းသဖြင့် လူများစွာတို့က ကျွန်ုပ်အား အလွန်နှစ်သက်ကြပြီး အခမ်းအနားများစွာသို့ ဖိတ်ခေါ်ကြသောကြောင့် ဤအတိုင်း ကျွန်ုပ် ဆက်လက်မလုပ်နိုင်တော့ပါ။ ဧည့်ခံပွဲများတွင် ကျွန်ုပ်၏နေရာအား အစားထိုးဝင်ရောက်မည့် တစ်စုံတစ်ယောက်ကို ကျွန်ုပ်ရရှိစေရန်အတွက် ကျွန်ုပ်အား ဝိုင်းဝန်းမ,စကြပါရန် ဆုတောင်းပါသည်"

အံ့ဩဖွယ်ကောင်းစွာပင် လအနည်းငယ်ကြာသောအခါ ဦးပဝါရက တရားကျင့်ကြံရန် ဘုရားသို့ရောက်လာပြီး ကျွန်ုပ်၏ကိုယ်စား ထိုအခမ်းအနားပွဲများကိုသွားရန် ယဉ်ကျေးပျူငှာစွာ လက်ခံသည်။ (သူက ယခု ဗုဒ္ဓဘာသာတွင် ဒေါက်တာဘွဲ့ရရှိထားပြီး ပညာရေးနယ်ပယ်တွင် မြန်မာပြည်၌ အလွန်လူသိများသော ဘုန်းကြီးတစ်ပါးဖြစ်နေသည်)။

တစ်နှစ်ခွဲကြာသောအခါ အခြားဘုန်းကြီးတစ်ပါးဖြစ်သော ဦးဉာဏိန္ဒရောက်ရှိလာသည်၊ သူကလည်း အမြဲတမ်းတိုးပွားနေသော အခမ်းအနားပွဲများကို ကျွန်ုပ်ကိုယ်စားတက်ရောက်ရန် ကြင်နာစိတ်ရှိခဲ့သည်။ ထို့ကြောင့် အလုပ်တွင် ကျွန်ုပ်နေနိုင်သည်။ (ဦးဉာဏိန္ဒကသမိုင်းဒေါက်တာဘွဲ့ရဖြစ်ပြီး ယခုအခါတွင် မြန်မာနိုင်ငံမှ ရန်ကုန်ဗုဒ္ဓဘာသာ တက္ကသိုလ်၏ ဒုတိယဉက္ကဋ္ဌဖြစ်နေသည်။)

ဒေသဆိုင်ရာ ထုံးတမ်းစဉ်လာအရ ထိုလူမှုရေးအခမ်းအနားများတွင် ဧည့်သည်များကို ကောင်းမွန်သောအစားအစာ၊ ငွေကြေး၊ သို့မဟုတ် လက်ဆောင်ပစ္စည်းများပေးကြသည်၊ နေရာများကိုလည်းပတ်ရန်အတွက် လေယာဉ်လက်မှတ်များပေးခြင်းကလည်း ထူးဆန်းသောကိစ္စမဟုတ်ချေ။ ထိုဘုန်းကြီးနှစ်ပါး၏ကျေးဇူးကြောင့် လူများနှင့် လူမှုရေးကိစ္စပြုလုပ်ခြင်းဖြင့် အချိန်ဖြုန်းတီးနေရခြင်းကို ကျွန်ုပ် ရှောင်ရှားနိုင်ခဲ့သည်။

ဤသို့ဖြင့် အချိန်နှင့် လုံ့လစိုက်ထုတ်ခြင်းကို ဘုရားတည်ခြင်းအပေါ် အာရုံစိုက်ထားနိုင်ခဲ့သည်။ ထိုအချိန်က ဘုရားမှာ တစ်ဝက်ပြီးစီးနေပြီဖြစ်သည်။ လူမှုရေးကိစ္စများတွင် ကျွန်ုပ်နေရာ အစားထိုးဝင်ရန် လက်ခံခဲ့ကြရာတွင် သူတို့၏ ရဲဝံ့မှုအတွက် ထင်ရှားသော ဤဘုန်းကြီးနှစ်ပါးကို ကျွန်ုပ် အမှန်တကယ် ကျေးဇူးဥပကာရ တင်ရှိမိသည်။

မမျှော်လင့်သော အခွင့်အလမ်းတစ်ခုက ကျွန်ုပ်ကို နီပေါနိုင်ငံသို့ ခေါ်ဆောင်သွားသည်။ တစ်မနက်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ကြီးကြပ်ရန်အတွက် ကျွန်ုပ်ထွက်သွားဖို့ပြင်ဆင်နေစဉ် ကျယ်လောင်သောဥသြဆွဲသံကို ရုတ်တရက် ကြားရသည်။ ရဲကားတစ်စီးက အခြားကားများလိုက်ပါလျက် ဘုရားထဲသို့ ဝင်လာနေသည်။ ဘုရားကိုလာရောက်လည်ပတ်သော အရေးကြီးသည့် အရာရှိတစ်စုဖြစ်မည်ဟု ထင်မှတ်လျက် ဧည့်သည်များကိုကြိုဆိုရန် ကျွန်ုပ်ထွက်သွားသည်။

ကျွန်ုပ်အတွက် အံ့သြဖွယ်ကောင်းစွာပင် ဧည့်သည်များက လွန်ခဲ့သော နှစ်အနည်းငယ်က ကျွန်ုပ်၏လမ်းညွှန်မှုအောက်တွင် တရားကျင့်ကြံသွားကြပြီး ဤနေရာမှ ဗီယက်နမ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တည်ဆောက်ခြင်းကို ပထမဦးဆုံး အကူအညီပေးခဲ့ကြသောလူများ ဖြစ်နေကြသည်။ ဧည့်သည်များအကြားတွင် ဘီဟာပြည်နယ်ရဲချုပ်နှင့် အိန္ဒိယအစိုးရရုံး တာဝန်ခံဝန်ကြီးတို့ ပါဝင်ကြသည်။ ၎င်းကြောင့် သူတို့ ထိုမျှ ရဲအစောင့်အရှောက် ထူထပ်စွာဖြင့် လာကြခြင်းဖြစ်သည်။

ကျွန်ုပ်ဆီ သူတို့ အလည်အပတ်လာကြလျှင် ကျွန်ုပ်အား အမြဲတမ်း ကြိုတင်အကြောင်းကြားလေ့ရှိသောကြောင့် ထိုကဲ့သို့ ဧည့်သည်အုပ်စုကြီးတစ်စုဖြင့် ကျွန်ုပ်မိတ်ဆွေများ မမျှော်လင့်ဘဲ ရောက်လာခြင်းကို ကျွန်ုပ် အမှန်တကယ် အံ့သြမိသည်။ ကျွန်ုပ် ဝေခွဲမရဖြစ်နေသောအကြောင်းရင်းကို သိကြသောအခါ သူတို့က ဤသို့ ချက်ချင်း ရှင်းပြကြသည်။

"အရှင် . . . အရှင့်ကို တပည့်တော်တို့ လျှောက်ထားစရာ အလွန်အရေးကြီးတဲ့ အရာတစ်ခုရှိတာကြောင့် ဒီနေ့ဒီနေရာကို တပည့်တော်တို့ လာကြတာပါ။ အရေးတကြီးနိုင်သောကြောင့် တပည့်တော်တို့လာမယ့်အကြောင်း အရှင့်ကို တပည့်တော်တို့ သတင်းပေးဖို့ အချိန်မရခဲ့ဘူး"

သူတို့က ဗုဒ္ဓဘုရားရှင်အား ရှိခိုးရန်အတွက် ခန်းမထဲကို သွားခွင့်ပြုရန် ကျွန်ုပ်ကို ခွင့်တောင်းကြသည်။ ၎င်းနောက်၌ သူတို့အားလုံး လက်ဖက်ရည်သောက်ရန် စားပွဲ၌ ထိုင်ကြသောအခါ သူတို့ထဲမှတစ်ယောက်ကထ၍ အခြားသူများ၏ကိုယ်စား စကားပြောသည်။

"အရှင် . . . အရှင့်ရဲ့အိပ်မက် အခုမှန်သွားပြီ"

သူက လေးနက်သောအသံဖြင့် ပြောသည်။

"ဒကာတို့ . . . ကျွန်ုပ်မှာ အိပ်မက်တွေအများကြီးရှိတယ်။ ဘယ်အိပ်မက်ကို ဒကာပြောနေတာလဲ"

ကျွန်ုပ်က မေးသည်။ ထိုအခါ သူက ရှင်းပြသည်။

"လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က အရှင် တပည့်တော်တို့ကို လုမ္ဗိနီက ဗုဒ္ဓဘုရားရှင် မွေးဖွားတဲ့နေရာဆီ ဘုရားဖူးခေါ်သွားတဲ့အခါတုန်းက အရှင့်ရဲ့ အမြတ်နိုးဆုံးအိပ်မက်တစ်ခုက လုမ္ဗိနီကို သူ့ရဲ့ သမိုင်းဝင်အတုမရှိမှုနဲ့ထိုက်တန်တဲ့ အနေအထားမျိုးဖြစ်အောင် ဖွံ့ဖြိုးတိုးတက်လာတာကို မြင်တွေ့ရဖို့ဖြစ်တယ်လို့ အရှင်မိန့်မြွက်ခဲ့တယ်။

"ဒီပန်းတိုင်ကိုဦးတည်ပြီး ကျွန်ုပ်တို့နှစ်ပေါင်းများစွာ တိတ်ဆိတ်စွာ အလုပ်လုပ်နေခဲ့ကြတယ်။ အခု ဘုရင်ဘီရင်ဒရာနဲ့ နီပေါအစိုးရဝန်ကြီးချုပ် ကေပရာဆက်တို့က လုမ္ဗိနီမှာ အရှင့်အတွက် မြေကွက်တစ်ကွက်ပေးဖို့ သဘောတူခဲ့ကြတယ်။ မြေကွက်လက်ခံဖို့အတွက် အရှင့်ကို နီပေါကိုဖိတ်ခေါ်ဖို့ ဘုရင်မင်းမြတ်က တပည့်တော်တို့ကို ဗုဒ္ဓဂယာ လာဖို့အတွက် လေယာဉ်လက်မှတ်တွေလည်း ပေးခဲ့တယ်"

ကျွန်ုပ်တို့ဘဝတွင် မျှော်လင့်စိတ်ကူးမထားမိသောအရာများ ဖြစ်ပေါ်တတ်သည်။ ၎င်းတို့ဖြစ်ပေါ်လာလျှင် ၎င်းတို့ကိုဂရုတစိုက်စဉ်းစားပြီး အကျိုးအကြောင်းလျော်ညီစွာ တုံ့ပြန်ဆောင်ရွက်ဖို့ ကျွန်ုပ်တို့ အချိန်မရတတ်ချေ။ ထိုအချိန်က ကျွန်ုပ်၏အခြေအနေကလည်း ထိုအတိုင်း အတိအကျဖြစ်နေသည်။ ကျွန်ုပ်က ဆုံးဖြတ်ချက်ပြုလုပ်ရန် အချိန်ဆွဲဖို့ကြိုးစားပြီး ဤသို့ပြောသည်။

"အခု ဒကာတို့ဗောဓိညောင်ပင်ကို သွားကြည့်ကြရင် ကောင်းလိမ့်မယ်ထင်တယ်။ အဲဒီသစ်ပင်အောက်မှာ ဗုဒ္ဓဘုရားရှင် သဗ္ဗညုတဉာဏ်ရခဲ့တယ်။ ကျွန်ုပ် ကိုယ်တိုင်လည်း ခန်းမထဲကိုသွားပြီး ဘုရားရှိခိုးချင်တယ်။ ဒါမှ ကျွန်ုပ်စိတ် တည်ငြိမ်မှုရရှိပြီး ဒါကိုပြုလုပ်ဖို့ သင့်မသင့် ဆင်ခြင်စဉ်းစားကြည့်နိုင်လိမ့်မယ်"

အမှန်တွင် သူတို့ ဗောဓိညောင်ပင်ဆီသို့ ထွက်သွားကြသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ် ဘုရားဆီသို့ထွက်သွားရန် ကြံရွယ်ထားသည်။ ကျွန်ုပ်တစ်ဦးတည်းရှိပြီး အခြေအနေကို အေးဆေးစွာ စဉ်းစားကြည့်ချင်သည်။ ဗုဒ္ဓဂယာမှ ဘုန်းကြီးကျောင်းတည်ဆောက်ခြင်းလုပ်ငန်းက တစ်ဝက်တစ်ပျက်သာပြီးစီးပြီး အလုပ်သမားဒါဇင်များစွာတို့က လုပ်ကွက်ထဲတွင် အလုပ်လုပ်နေကြဆဲဖြစ်သည်။

လုမ္ဗိနီကိုသွားရန် ၎င်းတို့အားလုံးကို ဤအခြေအနေ၌ ကျွန်ုပ်မည်ကဲ့သို့ ထားရစ်ခဲ့နိုင်မည်နည်း။ သို့သော် ကျွန်ုပ်၏ဒကာများက သူတို့ဤနေရာကို မရောက်ခင်ကတည်းက ဗောဓိညောင်ပင်သို့သွားခဲ့ကြကြောင်း ပြောကြလျက် ကျွန်ုပ်ဘေး၌နေရန် အတင်းအကြပ်လုပ်ကြသည်။ ကျွန်ုပ် ပို၍ပင် စိတ်ရှုပ်လာမိပြီ။ ဘာလုပ်ရမည်မသိချေ။ သူတို့က ကျွန်ုပ်ကို ဤသို့ ဆက်လက်တိုက်တွန်းနေကြသည်။

"အရှင် . . . လုပ်ပါ။ ဒါ အရေးကြီးတယ်။ အရှင် တပည့်တော်တို့နဲ့ အစချက်ချင်း လိုက်နိုင်ဖို့အတွက် အစီအစဉ်တွေလုပ်ပါ။ အခွင့်အလမ်းကောင်းဆိုတာ နှစ်ကြိမ်မလာဘူး။ နီပေါမှာ အားလုံး အဆင်သင့်ဖြစ်နေပြီ။ အဲဒီမှာ အရှင့်ကိုကြိုဆိုဖို့ သူတို့စောင့်နေကြတယ်။ အရှင်ငြင်းလို့မဖြစ်ဘူး"

သူတို့က ကျွန်ုပ်သွားဖို့အတွက် အနူးအညွတ် တောင်းပန်နေကြသည်။ ဤစကား လုံးများက နောက်ဆုံး၌ ကျွန်ုပ်ကို ဤသို့ အသိပေးလာသည်။

"အရှင် . . . သကျမုနိ ဗုဒ္ဓဘုရားရှင်က တစ်ကြိမ်ပဲ မွေးဖွားသန့်စင်တယ်ဆိုတာ မမေ့ပါနဲ့"

ဝတ်ရုံနှင့် ပစ္စည်းအချို့ကို ထုပ်ပိုးရန် ကျွန်ုပ်၏အခန်းဆီသို့ပြန်သွားဖို့ ကျွန်ုပ် အချိန်ရရုံသာရှိပြီး ကားထဲသို့ ဒကာများနှင့်အတူ လျင်မြန်စွာဝင်လိုက်သည်။ ဘုရားကို သူတို့ ပထမဦးဆုံး ရောက်ခဲ့သည့်အချိန်မှစ၍ တစ်နာရီသာ အချိန်ကြာခဲ့သည်။ ၎င်းက ပြန်ပေး ဆွဲခြင်းနှင့် တူနေသည်။

ဂယာလေဆိပ်က ဗုဒ္ဓဂယာမှ ၁၂ ကီလိုမီတာဝေးသည်။ လေဆိပ်ကို မကြာသေး မီကမှ ဖွင့်လှစ်ထားပြီး ထိုနေ့က ကျွန်ုပ်စီးသည့်လေယာဉ်က ထိုလေဆိပ်တွင် ဆင်းသက်ခဲ့ သမျှ လေယာဉ်များထဲတွင် ပထမဦးဆုံး နိုင်ငံခြားလေယာဉ်ဖြစ်သည်။

ဗုဒ္ဓဂယာမှ ထွက်ခွာလာခဲ့ပြီးနောက် မိနစ် ၂၀ ကြာသောအခါ လေယာဉ်က ဟိမဝန္တာတစ်လျှောက် ပျံသန်းသည်။ နှင်းများဖုံးလွှမ်းနေသော တောင်များ၏မြင်ကွင်းနှင့် ကြီးကျယ်ခမ်းနားသော ဟိမဝန္တာ၏မြင်ကွင်းကို ကျွန်ုပ် အမြဲတမ်း ရင်သပ်ရှုမောဖြစ်ခဲ့ သည်။ သို့သော် ထိုနေ့တွင်မူ နေရောင်ထဲ၌ တောက်ပစွာလင်းလက်နေကြသော များပြား လှသည့် တောင်စဉ်တောင်တန်းများကို ကျွန်ုပ် လှမ်းမကြည့်ခဲ့ချေ။

လေယာဉ်ထဲတွင် ကျွန်ုပ် အလွန်ဂနာမငြိမ်ဖြစ်နေသည်။ ကျွန်ုပ် အလွန်စိုးရိမ် ပူပန်နေသည်။ တစ်ချိန်တည်းတွင် ဒကာများကိုလည်း ဒေါသဖြစ်သည်။ ကျွန်ုပ်ကို ဤ ခက်ခဲ သောအခြေအနေထဲသို့ သူတို့ တစ်နည်းတစ်ဖုံ ဆွဲသွင်းခဲ့ကြသည်။ ဤအခြေအနေ အတွက် ကျွန်ုပ် လုံးဝပြင်ဆင်မထားခဲ့ချေ။

နောက်ပိုင်း၌ သူတို့က ကျွန်ုပ်ကို ဤသို့ ပြောကြသည်။

"အရှင် . . . အရှင့်ကိုယ်လုံးက ဇောဓိညောင်ဆူးတွေထွက်လာတာကို တပည့် တော်တို့မြင်ဖူးတာ ဒါပထမဦးဆုံးအကြိမ်ပဲ" (၎င်းက ကျွန်ုပ်နှင့်မိတ်ဆွေများ "စိတ်ဆိုးခြင်း" ကို ဆိုလိုသောအခါ အသုံးပြုသော ဟာသစကားဖြစ်သည်။ ဇောဓိညောင်ပင်တွင် အမှန် တကယ်၌ ဆူးလုံးဝမရှိသည်ကို လူတိုင်းသိကြသည်။)

ထိုစဉ်က ကျွန်ုပ် အမှန်တကယ်ကို အလွန်ဒေါသဖြစ်ခဲ့သည်။ သို့သော် ကျွန်ုပ် စိတ်မကောင်းကြောင်း သူတို့ကိုပြသရန်အတွက် လည်ချောင်းရှင်းရုံမှလွဲ၍ ဘာလုပ်ရမည်ကို မသိခဲ့ချေ။ သူတို့ကို ဗုဒ္ဓဂယာကိုပြန်သွားအောင် ပြုလုပ်ရန် အကြောင်းပြချက်အဖြစ် အသုံးပြုနိုင်မည့်အခွင့်အရေးကို ကျွန်ုပ် စောင့်နေခဲ့သည်။ ဤအခြေအနေ၌ မသင့်တော်သောတစ်စုံတစ်ရာကို သူတို့ ပြုမူပြောဆိုလျှင် ၎င်းသည် သူတို့ကို နောက်ကြောင်းပြန်လှည့်နိုင်ဖို့အတွက် လုံလောက်သော အကြောင်းပြချက်ဖြစ်လိမ့်မည်။ သို့သော် သူတို့ က ကျွန်ုပ် အကြောင်း နှံ့နှံ့စပ်စပ်သိထားကြသည့်အတိုင်း ကောင်းစွာ တိတ်ဆိတ်နေကြ သည်။

ခတ္တမန္ဒု အပြည်ပြည်ဆိုင်ရာလေဆိပ်ကို လေယာဉ်ဆင်းသက်သောအခါ ကျွန်ုပ် စိတ်ဆိုးနေဆဲဖြစ်သည်။ လေယာဉ်တံခါး ပွင့်သွားသောအခါ နိုင်ငံတော်ဧည့်သည်များကို တရားဝင်ကြိုဆိုရာတွင် ထားရှိသကဲ့သို့ အောက်တွင် ကော်ဇောနီခင်းထားသည်ကို ကျွန်ုပ် တွေ့မြင်သည်။ ဤအရာအားလုံးက ကျွန်ုပ်၏မိတ်ဆွေများအတွက် ရည်ရွယ်သည်ဟု ထင်မှတ်သောကြောင့် ကျွန်ုပ်က သူတို့အရင်ဦးဆုံး သွားကြစေရန် အတွက် အလျင်အမြန် ဘေးဖယ်ရပ်လိုက်သည်။

သို့သော် ၎င်းက ကျွန်ုပ်အတွက်ဖြစ်ကြောင်း သူတို့ပြောပြကြသည်။ ထို့ကြောင့် ကျွန်ုပ် ပို၍ပင် စိတ်ရှုပ်မိသည်။ နီပေါအဆင့်မြင့်အရာရှိများက လှေကားခြေရင်းတွင် စောင့်နေကြသည်။ သူတို့ကြားထဲတွင် ယဉ်ကျေးမှုဝန်ကြီးကို ကျွန်ုပ်တွေ့မြင်သည်။ သူနှင့် တွေ့ဆုံခွင့်ရရန် ကျွန်ုပ် တောင်းဆိုသည်။ သို့သော် ငြင်းပယ်ခံရသည်။

ထို့ကြောင့် အလွန်ရဲရင့်သော အမူအရာကိုဆောင်လျက် ကိုယ်စားလှယ်အဖွဲ့ကို လေယာဉ်ပေါ်မှ ကျွန်ုပ် ဦးဆောင်ခေါ်သွားရုံမှလွဲ၍ ဘာမျှမတတ်နိုင်ချေ။ နီပေါထုံးတမ်းစဉ်လာအတိုင်း ကျွန်ုပ်တို့အသီးသီးကို ပန်းကုံးတစ်ကုံးစီ ပေးကြသည်။ ထို့နောက်တွင် သံတမန်ကျင့်ဝတ်နှင့်အညီ ကြိုဆိုခြင်းအခမ်းအနား ပြုလုပ်ကြသည်။ ယခင် ပြင်သစ်ကျောင်းသားဟောင်းနှင့် ယခုအခါ ယူနက်စကို ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် အဖွဲ့ဝင်တစ်ယောက်ဖြစ်သော မစ်ချယ်က ကျွန်ုပ်နောက်တွင်ရပ်နေစဉ် ကျွန်ုပ် နားထဲကို တီးတိုးပြောသည်။

"အရှင်...အရှင်လမ်းလျှောက်တာ သိပ်ကြည့်လို့ကောင်းတယ်။ အရှင့်ဘောင်းဘီခြေထောက်တွေ အတိုအရှည်မညီတာတစ်ခုပဲ ပြောစရာရှိတယ်"

ကျွန်ုပ် ငုံ့ကြည့်လိုက်သောအခါ သူမှန်သည်ကိုတွေ့ရသည်။ လေယာဉ်ပေါ်တွင် ကျွန်ုပ်တို့ရှိစဉ်အခါက ကျွန်ုပ် စိတ်မကောင်းဖြစ်လွန်းသဖြင့် ဘောင်းဘီခြေတစ်ဖက်ကို မသိလိုက်မသိဘာသာ လိပ်တင်ခဲ့မိရလိမ့်မည်။ တရားဝင်ကြိုဆိုခြင်းအခမ်းအနား ပြီးဆုံး

သောအခါ နစ်ဖက်အဖွဲ့များထိုင်ကြပြီး အလွန်ပျော်ရွှင်ပွင့်လင်းသော အနေအထားဖြင့် လုပ်ငန်း အစည်းအဝေးစကြသည်။

ငင်းကြောင့် ကျွန်ုပ်၏စိုးရိမ်ပူပန်မှုအားလုံး ကျွန်ုပ်မသိလိုက်ရဘဲ ပျောက်ကွယ်ကုန်ကြသည်။ သို့သော် အစည်းအဝေးပြီးဆုံးချိန်တွင် နီပေါကြိုဆိုရေးကော်မတီက ဤကဲ့သို့ ကြေညာချက်ထုတ်သောအခါ ကျွန်ုပ် နောက်တစ်ကြိမ် စိတ်တင်းကျပ်သွားမိပြန်သည်။

"ဘုရင်မင်းမြတ်နဲ့ ဂုဏ်သရေရှိဝန်ကြီးချုပ်တို့က အရှင့်ကို နိုင်ငံတော် ဧည့်ဂေဟာမှာ တည်းခိုဖို့ ဖိတ်ခေါ်ကြပါတယ်"

"မလုပ်ပါနဲ့၊ ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်က သာမန်လူတစ်ယောက်ပါ။ ကျွန်ုပ် တခြားနေရာမှာ တည်းခိုချင်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေအတွက် အလုပ်လုပ်ကြတဲ့ ဒီကျွန်ုပ်မိတ်ဆွေတွေကတော့ အစိုးရဧည့်သည်တွေပါ။ သူတို့ အဲဒီမှာ တည်းကြပါလိမ့်မယ်။ ကျွန်ုပ်တို့ တစ်ယောက်နဲ့တစ်ယောက် တယ်လီဖုန်းနဲ့ အဆက်အသွယ်လုပ်ကြပါမယ်။ ကျွန်ုပ်တို့ အဆင်ပြေကြမှာပါ"

နီပေါများက သဘောမတူကြပေ။ ကျွန်ုပ်ကလည်း အလျော့မပေးချေ။ နောက်ဆုံး၌ အပြန်အလှန်လိုက်လျောမှုရရှိပြီး ခတ္တမန္ဒူမှ လူသိများသော ကြယ် ၅ ပွင့်ဟိုတယ်တစ်ခု ဖြစ်သည့် ယက်ယတီဟိုတယ်တွင် ကျွန်ုပ်တည်းခိုရန် အစီအစဉ်များ ပြုလုပ်ကြသည်။ ထိုဟိုတယ်က နီပေါအစိုးရ၏ နိုင်ငံတော်ဧည့်သည်များကို အထူးတလည်လက်ခံသည်။ ဟိုတယ်က အထူးဝန်ဆောင်မှုများပေးပြီး အမြဲတမ်း လုံခြုံစွာ အခဲ့အကြပ်များ ထားရှိသည်။

နေရာထိုင်ခင်းကိစ္စ ဖြေရှင်းပြီးသည်နှင့်တစ်ပြိုင်နက် အခြားပြဿနာတစ်ခု ထွက်ပေါ်လာသည်။ ကျွန်ုပ်၏မိတ်ဆွေများက ဤသို့ပြောသည်။

"မနက်ဖြန်မွန်းလွဲပိုင်းမှာ အရှင့်ကို ဘုရင်မင်းမြတ်က သီးသန့် လက်ခံတွေ့ဆုံလိမ့်မယ်။ အဲဒါပြီးရင် အခမ်းအနားပွဲတစ်ခုရှိလိမ့်မယ်။ မြေကွက်ပေးအပ်တဲ့ စာရွက်စာတမ်းတွေကို အရှင် တရားဝင်လက်ခံရလိမ့်မယ်။ အခမ်းအနားမှာ သတင်းမီဒီယာကိုယ်စားလှယ်တွေကိုလည်း ဖိတ်ခေါ်ကြလိမ့်မယ်"

ငင်းကိုကြားရသောအခါ အရာရာတိုင်းက အလွန်အရေးကြီးသောအနေအထားကို ရောက်နေသောကြောင့် ကျွန်ုပ် အလွန်စိုးရိမ်ပူပန်မိသည်။ သို့သော် ဤအရာများအားလုံးက ကျွန်ုပ်မိတ်ဆွေများ၏ ရှေ့ဆောင်မှုဖြစ်ကြသည်။ သူတို့က ဤအဖြစ်အပျက်ကို ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ သတင်းမီဒီယာများမှတစ်ဆင့် လူသိရှင်ကြားဖြစ်စေချင်ကြသည်။

ဤနည်းဖြင့် အထွတ်အမြတ်ထားသော လုမ္ဗိနီမြေနေရာကို ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်စေမည့် အရေးကိစ္စတွင် ကမ္ဘာပေါ်မှ ဗုဒ္ဓဘာသာဝင် အသိုင်းအဝိုင်း၏စိတ်ဝင်စားမှုကို သူတို့နှိုးဆွနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။ ဤ ရှေ့ဆောင်မှု ကို ကျွန်ုပ်လုံးဝဆန့်ကျင်သည်။ ထို့ကြောင့် သူတို့ကို ကျွန်ုပ် ဤကဲ့သို့ပြောသည်။

"ဒီအဆင့်မှာ ကျွန်ုပ် တိတ်တိတ်ဆိတ်ဆိတ် လုပ်သွားချင်တယ်။ ဒါကိုပြီးစီးသွားတော့မှ ကျွန်ုပ်တို့ လူသိရှင်ကြား ထုတ်ဖော်ပြောကြမယ်။ ကျွန်ုပ်တို့ရှေ့မှာ အတားအဆီးတွေ ရှိကောင်းရှိနိုင်တယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်ုပ်တို့ အစချက်ချင်း ဆူဆူညံညံလုပ်ကြရင် အခက်အခဲတွေကို မကျော်လွှားနိုင်ဘဲ ကျဆုံးလိမ့်မယ်။ အဲဒီအခါကျရင် ကျွန်ုပ်တို့ လူလိမ်တွေအဖြစ် အထင်မှတ်ခံကြရလိမ့်မယ်"

ကျွန်ုပ်တို့ အချိန် ၃ နာရီကျော်ကြာ တစ်ယောက်နှင့်တစ်ယောက် အကြိတ်အနယ် ဆွေးနွေးကြသည်။ သို့သော် သဘောတူညီချက် မရကြချေ။ ကျွန်ုပ်က အဆိုပြု ချက်တစ်ခု တင်ပြသည်။

"ကောင်းပြီ။ ဘုရင်ကို ကျွန်ုပ်တွေ့ဆုံဖို့ သဘောတူတယ်။ ဒါပေမဲ့ လက်မှတ်ရေးထိုးတဲ့ အခမ်းအနားကိုတော့ သတင်းမီဒီယာသမားတွေမပါဘဲ ကျွန်ုပ်နဲ့ နီပေါအစိုးရ ကိုယ်စားလှယ်တွေကြားမှာ ဆောင်ရွက်မယ်"

ကျွန်ုပ်၏အဆိုပြုချက်ကို သူတို့ နောက်ဆုံး၌ သဘောတူကြသည်။ နောက်တစ်နေ့တွင် လက်မှတ်ရေးထိုးခြင်း အခမ်းအနားပြီးသောအခါ ကျွန်ုပ်ကို အထူးလေယာဉ်ဖြင့် လုမ္ဗိနီသို့ ခေါ်သွားကြသည်။ ကျွန်ုပ်ကြိုက်နှစ်သက်သော မြေကွက်ကို ရွေးချယ်နိုင်ရန် ဖြစ်သည်။ ကျွန်ုပ် အလွန်ပျော်ရွှင်မိသည်။ အကြောင်းမှာ လုမ္ဗိနီကို ယခင်က ကျွန်ုပ် အကြိမ်ပေါင်းများစွာ ရောက်ခဲ့ဖူးသော်လည်း ဗုဒ္ဓဘုရားရှင်မွေးဖွားခဲ့သော ထွတ်မြတ်သည့် မြေနေရာကို လေထဲမှ တစ်ခါမျှမကြည့်ရှုခဲ့ဖူးသောကြောင့်ဖြစ်လေသည်။ ကျွန်ုပ် စိတ် လှုပ်ရှားလွန်းသဖြင့် လေယာဉ်မှူးကို ဤသို့ပြောသည်။

"ဒီဧရိယာတစ်ခုလုံး ကျွန်တော့်ကို ပေးနိုင်မလားလို့ ခင်ဗျားတို့ရဲ့ခေါင်းဆောင်တွေကို ခင်ဗျား ဖုန်းဆက်မေးပေးပါလား။ လုမ္ဗိနီကို နိုင်ငံတကာအဆင့်ရှိတဲ့ ပန်းခြံတစ်ခု အဖြစ် ကျွန်ုပ် အသွင်ပြောင်းနိုင်မှာပါ"

ကျွန်ုပ်၏ အကြံအစည်စိတ်ကူးကြောင့် လေယာဉ်မှူး အလွန်တရာ အံ့အားသင့်သွားသည်။

"ဒါ မဖြစ်နိုင်ပါဘူး အရှင်။ ၂-ဟက်တာထက်မပိုတဲ့ မြေကွက်တစ်ခု အရှင့်ကို ကူညီရွေးချယ်ပေးဖို့ တပည့်တော်တို့ကို ပြောထားပါတယ်"

အမှန်ပင် မထိန်းချုပ်နိုင်သော စိတ်လှုပ်ရှားမှုဖြင့် ကျွန်ုပ်၏ဆန္ဒကို ကျွန်ုပ် ထုတ်ဖော်ပြခဲ့သည်။ မြေ ၂-ဟက်တာမျှနှင့်ပင် ကျွန်ုပ် အမှန်တကယ်ကို အတိုင်းထက် အလွန်ပျော်ရွှင်နေသည်။ ထို့နောက်တွင် အောက်မှ မြေဧရိယာကို အနီးကပ်ကြည့်ရှုနိုင် ရန်အတွက် ကျွန်ုပ်က လေယာဉ်မှူးကို အောက်သို့နိမ့်ပျံသန်းပြီး မြေပြင်ပေါ် အကြိမ်ပေါင်း များစွာ ပတ်ပျံသန်းခိုင်းသည်။

အဆုံး၌ ဗုဒ္ဓဘုရားရှင်မွေးဖွားသော ထွတ်မြတ်သည့် မြေနေရာအနီးမှ မြေကွက်တစ်ခုကိုရွေးချယ်ရန် ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။ အနာဂတ်တွင် ဗီယက်နမ် ဘုန်းကြီးကျောင်း၌ တည်းခိုကြသော ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဗုဒ္ဓကိုပူဇော်ရန်အတွက် ထွတ်မြတ်သောနေရာကိုသွားဖို့ အဆင်ပြေလိမ့်မည်ဟု ကျွန်ုပ်တွေးမိသည်။ ထို့နောက်၌ လေယာဉ်မှူးက သူ၏ဦးစီးမှူးကို မြေကွက်ရွေးချယ်ပြီးကြောင်း ဖုန်းဖြင့် အကြောင်းကြား၍ ၎င်း၏ တည်နေရာကို မြေပုံပေါ်၌ မှတ်သားထားသည်။ လုမ္ဗိနီမှ ဘိုင်ရာ ဟာဝါလေဆိပ်တွင် သူဆင်းသက်သည်။

ထို့နောက်တွင် မြေကွက်ကို ကျွန်ုပ်အနီးကပ်ကြည့်နိုင်ရန်အတွက် ကျွန်ုပ်ကို ထိုနေရာဆီသို့ ဂျစ်ကားဖြင့် ခေါ်သွားကြသည်။ ရောက်ရှိသောအခါ ကျွန်ုပ် အလွန်ဂရုတစိုက်ရွေးချယ်ခဲ့သော မြေကွက်သည် ရေအိုင်နှင့်ရေကန်များ ဧရိယာဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ် အလွန်စိတ်ပျက်ပြီး ပြောမပြနိုင်လောက်အောင် ဝမ်းနည်းမိသည်။ စိတ်ဆင်းရဲစွာဖြင့် သက်ပြင်းများချလျက် ထိုနေရာကို အပြန်ပြန်အလှန်လှန် ပတ်လျှောက်သည်။ ကျွန်ုပ်အား အခြားမြေနေရာရွေးချယ်ခွင့်ပြုရန် တောင်းဆိုဖို့ ကျွန်ုပ် စဉ်းစားနေသည်။

သို့သော် လေယာဉ်မှူးက မြေရာပေးအပ်ရေးကော်မတီအား အကြောင်းကြားထားပြီး လိုအပ်သော စာရွက်စာတမ်းများ ပြင်ဆင်နေနိုင်ကြောင်းကို သတိရမိသောကြောင့် မတောင်းဆိုရဲတော့ချေ။ လေယာဉ်မှူးက ကျွန်ုပ်၏မျက်နှာပေါ်မှ ဝမ်းနည်းနေမှုကို တွေ့မြင်သောအခါ ကျွန်ုပ်အနီးသို့ လာ၍ပြောသည်။

"အရှင် . . . အလွန်ကောင်းတဲ့မြေကွက်ကို အရှင် ရွေးချယ်လိုက်တာပဲ။ အဲဒါ ကောင်းတယ်ဆိုတာ အရှင် ဘယ်လိုလုပ်သိသလဲ"

ကျွန်ုပ် အံ့သြသွားပြီး သိချင်နေသည်။

"ဒီနေရာမှာ ရေတွေအများကြီးရှိတယ်။ ဒါဟာ ဒီနေရာမှာတည်မယ့် ဗီယက်နမ်ဘုရားဟာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလွန်ကောင်းတဲ့ အခွင့်အရေးရှိလိမ့်မယ်လို့ ပြသနေတဲ့ အမှတ်လက္ခဏာပဲ"

ဤစကားများကို ကြားရသောအခါ ကျွန်ုပ် ရုတ်တရက်ပျော်ရွှင်သွားပြီး ပြောင်းလဲတောင်းဆိုမည့်စိတ်ကူးကိုစွန့်လွှတ်လိုက်သည်။ ကျွန်ုပ်ပြောင်းလဲတောင်းဆိုမည်ဆိုလျှင် အခြေအနေများ ပိုမိုရှုပ်ထွေးသွားနိုင်သည်။

ကျွန်ုပ်ထိုမြေကွက်ရသည်နှင့်တစ်ပြိုင်နက် ဒကာများအကြံပြုသကဲ့သို့ဖြစ်နိုင် သမျှ အမြန် ဘုရားတည်ရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့ စဉ်းစားကြရသည်။ ဒကာ များက ဤကဲ့သို့ အကြံပြုကြသည်။

"တပည့်တော်တို့ ဘုရားကို မြန်မြန်စတည်နိုင်လေ ပိုကောင်းလေပဲ။ ဘာကြောင့် လဲဆိုတော့ မြေကွက်ကို တပည့်တော်တို့ အချိန်အတန်ကြာနေရာမယူဘဲ ထားရင် နီပေါ အစိုးရက ပြန်သိမ်းသွားလိမ့်မယ်"

သို့သော် အကြီးမားဆုံးပြဿနာက ငွေးကြေးဘဏ္ဍာ မည်သည့်နေရာမှ လာမလဲ ဆိုခြင်းပင်တည်း။ မိတ်ဆွေများက ကျွန်ုပ်ကို အာမခံကြသည်၊

"စိတ်မပူပါနဲ့ အရှင်။ တပည့်တော်တို့တိုင်းပြည်ကို တပည့်တော်တို့ပြန်ကြတဲ့အခါ တပည့်တော့်တို့ နည်းလမ်းကြိုးစားရှာဖွေဖို့ အရှင့်ကို ကတိပေးပါတယ်။ (၂) လအချိန် အတွင်းမှာ အရှင့်ဆီကို တပည့်တော်တို့ ပိုက်ဆံပို့ပေးပါ့မယ်"

ကျွန်ုပ် တွေ့ဆိုင်းနေသည်ကို သိရှိသောအခါ သူတို့က ကျွန်ုပ်ကို ဆက်လက်အကြံ ပြုကြသည်။

"ဘယ်လိုနည်းနဲ့မဆို ဘုရားတည်ဆောက်ဖို့အတွက် အုတ်မြစ်ချ အခမ်းအနား ကို အရှင် စည်းရုံးလုပ်ဆောင်သင့်တယ်။ အခမ်းအနားတက်ရောက်ဖို့အတွက် ဗဟိုအစိုးရနဲ့ သံရုံးအသီးသီးက ကိုယ်စားလှယ်တွေကို အရှင်ဖိတ်ခေါ်ရင် ပိုကောင်းမယ်။ ဒီလိုလုပ်ရင် ဘုရားတည်ဆောက်ခြင်းလုပ်ငန်း တရားဝင် အစပြုနေပြီဆိုတာ သူတို့သိကြလိမ့်မယ်"

သူတို့၏စိတ်ကူးအကြံအစည်ကို ကျွန်ုပ် သဘောတူပြီး သူတို့ကို ကျွန်ုပ်နှင့်အတူ အလုပ်မျှယူရန် တောင်းဆိုသည်။

"ကောင်းပြီ။ ကျွန်ုပ် အခမ်းအနားမှူး လုပ်မယ်။ သံရုံးတွေ၊ နီပေါဗဟိုနဲ့ ဒေသဆိုင်ရာ အစိုးရကိုယ်စားလှယ်တွေနဲ့ ဘာသာရေးအဖွဲ့အစည်း ကိုယ်စားလှယ်တွေဆီ ကို ဒကာတို့ ဖိတ်စာတွေပို့ကြမလား"

ထိုအချိန်က ဤဒေရိယာမှာ သစ်ပင်များနှင့် ထူထပ်သော ချုံပုတ်များဖုံးလွှမ်းနေ သည်။ ရေကန်များနှင့်ရေအိုင်များ များစွာရှိနေပြီး ကတ္တရာလမ်းမရှိချေ။ ပို၍ဆိုးဝါးသည်က ရာသီဥတုပင်ဖြစ်သည်၊ အခမ်းအနားပြုလုပ်ရန် အချိန်နီးကပ်လာသောအခါ ရက်ပေါင်း များစွာ မိုးဆက်တိုက်ရွာသည်၊ ထိုနေ့အထိ မိုးဆက်လက်ရွာနေလျှင် ပူဇော်ပသခြင်းနှင့်

အခမ်းအနားပြုလုပ်ရန် ဖြစ်နိုင်မည်မဟုတ်ချေ။ ကျွန်ုပ် အလွန်စိုးရိမ်ပူပန်သောကြောင့် အမွှေးတိုင် ၃ ချောင်းထွန်းပြီး ဤသို့ စတင်ဆုတောင်းသည်။

"ကျွန်ုပ်တို့သည် ထွတ်မြတ်သော ဤမြေနေရာတွင် ဘုရားတည်ခြင်းကို စိတ်ရောကိုယ်ပါ မြှုပ်နှံထားကြသောလူများ ဖြစ်ကြပါသည်။ ဗုဒ္ဓဘုရားရှင်၊ ဗောဓိသတ္တ၊ နဂါးနတ်မင်းများ၊ တရားစောင့်နတ်မင်းများ အပေါင်းတို့ဘုရား၊ အုတ်မြစ်ချခြင်း အခမ်းအနားအတွက် ရာသီဥတုကောင်းမွန်စေရန် တပည့်တော်တို့အား ကြည့်ရှုစောင့်ရှောက်တော်မူကြပါ"

အံ့ဖွယ်ကောင်းစွာပင် ကျွန်ုပ်၏ဆုတောင်းက ဆန်းကြယ်သောရလဒ် ဖြစ်ပေါ်စေပြီး အခမ်းအနားမတိုင်မီကလေးတွင် နေသာသောရက်အနည်းငယ်ကို ကျွန်ုပ်တို့ရရှိကြသည်။ အခမ်းအနားကျင်းပသောနေ့ကလည်း မြေပြင်အားလုံး ခြောက်သွေ့ပြီး သာယာနေခဲ့သည်။

ကျွန်ုပ်တို့စတင်တည်ဆောက်သောအခါ လုပ်ငန်းနေရာတွင် ကောင်းမြတ်သော၊ သဘောထားကြီးမြတ်သော ပုဂ္ဂိုလ်ရှိခြင်းဖြင့် ကောင်းမွန်သောအကျိုး သက်ရောက်မှုဖြစ်ပေါ်သည်ကို ကျွန်ုပ် အခိုင်အမာယုံကြည်သည်။ သူတို့ချီးမြှင့်သော ကောင်းမြတ်မှုက အကြီးအကျယ် အကူအညီပေးလိမ့်မည်။

ထို့ကြောင့် အခမ်းအနားမှူးတာဝန်ဖြင့် အခမ်းအနားတက်ရောက်ရန် ဦးဉာဏိန္ဒ ဟု အမည်ရှိသော အလွန်ထင်ရှားသည့် ဘုန်းကြီးတစ်ပါးကို ကျွန်ုပ်ကိုယ်တိုင် သွားရောက်ပင့်ဖိတ်သည်။ သူက မြန်မာဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဘုန်းကြီးဖြစ်သလို၊ ဗုဒ္ဓဂယာမှ ကမ္ဘာ့ဗုဒ္ဓဘာသာကောင်စီ ဥက္ကဋ္ဌလည်းဖြစ်သည်။ အုတ်မြစ်ချအခမ်းအနားတွင် ပရိတ် ရွတ်ဖတ်ရန် သီလသိက္ခာရှိသော အခြားလူမျိုး ဘုန်းကြီးများစွာကိုလည်း ကျွန်ုပ် ပင့်ဖိတ်သည်။

ဆောက်လုပ်ရေးစီမံကိန်း အစပြုသောအခါ ကျွန်ုပ်တို့ဆောင်ရွက်မည့် အခမ်းအနားသဘင်သည် ပရိတ်ရွတ်ဖတ်နေစဉ်အတွင်း အဆောက်အအုံမြေနေရာကို ၃ ကြိမ်မှ ၇ ကြိမ်အထိ လက်ယာရစ် ပတ်လျှောက်ခြင်း ပါဝင်ရမည်ဟု ကျွန်ုပ်၏ဆရာက ကျွန်ုပ်ကို ညွှန်ကြားခဲ့သည်။

ပြဿနာက ဤဆောက်လုပ်ရေးမြေကွက်မှာ ရေအိုင်နှင့် ရေကန်များမှ ရေများ ဖုံးလွှမ်းနေခြင်းဖြစ်ပြီး ထိုမြေကွက်ကိုပတ်၍ လမ်းလျှောက်လျှင် ကျွန်ုပ်တို့ ရေထဲဆင်းကြရလိမ့်မည်။ ၎င်းကိုပြုလုပ်ဖို့အတွက် ကျွန်ုပ်ကိုယ်တိုင်ကတော့ အဆင်သင့်ဖြစ်နေသည်။ သို့သော် အခြားဘုန်းကြီးများ လုပ်နိုင်ပါမည်လား။ ကျွန်ုပ်က ဤသို့ အတင်းအကြပ် ပြောသည်။

"အရှင်တို့ … အရှင်တို့ကို တပည့်တော် ဦးညွှတ်ပါတယ်။ အရှင်တို့ကို တပည့်တော်တောင်းပန်ပါတယ်။ အရှင်တို့ရေထဲဆင်းပြီး ဒီမြေကွက်ကို ၃ - ကြိမ်ပတ်လမ်းလျှောက်ပေးရင် တပည့်တော် အလွန်ကျေးဇူးတင် ဂုဏ်ယူမိမှာပါ"

သို့သော် သူတို့ ငြင်းဆန်ကြသည်။

ထို့နောက်တွင် နာယကဘုန်းကြီးဖြစ်သော မြန်မာကျောင်းထိုင်ဘုန်းကြီးက အကြံပြုချက်တစ်ခု တင်ပြသည်။

"မြေကွက်ရဲ့ထောင့်လေးထောင့်မှာ ဝါးတိုင် ၄ တိုင် ကျုပ်တို့စိုက်နိုင်မယ်လို့ ကျုပ်ထင်တယ်။ ဒီတိုင်တွေကို တစ်တိုင်နဲ့တစ်တိုင် အပ်ချည်ကြိုးနဲ့ ဆက်သွယ်ထားမယ်။ အရှင်ပရိတ်ရွတ်နေတုန်း အပ်ချည်ကြိုးအစတစ်ခုကို ကိုင်ထားရင် ဒီပရိတ်ရွတ်ဖတ်မှုတွေက အပ်ချည်ကြိုးတစ်လျှောက်စီးဆင်းသွားလိမ့်မယ်။ အကျိုးသက်ရောက်မှုက ကျွန်ုပ်တို့မြေကြီးကို ပတ်လမ်းလျှောက်တာနဲ့ အတူတူဖြစ်လိမ့်မယ်"

ဤအကြံပြုချက်က အဓိပ္ပာယ်ရှိဟန်တူသော်လည်း ထိုနေရာအပေါ် ငှက်တစ်ကောင် ဖြတ်ပျံသန်းပြီး အပ်ချည်ကြိုးကို ဖြတ်တောက်နိုင်သောကြောင့် ကျွန်ုပ် တစ်နည်းတစ်ဖုံ စိုးရိမ်ပူပန်နေမိသည်။ အပ်ချည်ကြိုးပြတ်သွားလျှင် အလွန်မကောင်းသော နိမိတ်ဖြစ်လိမ့်မည်။ ထို့ကြောင့် နောက်တစ်ကြိမ် ကျွန်ုပ် အတင်းအကြပ်ပြောရန် ကြိုးစားသည်။ နောက်ဆုံး၌ နာယကဘုန်းကြီးက ပြဿနာတစ်ခု ထုတ်ဖော်ပြသောကြောင့် ကျွန်ုပ် လက်လျှော့လိုက်ရသည်။

"ကျုပ် ဝမ်းနည်းပါတယ်။ ခင်ဗျားက ဘောင်းဘီဝတ်ထားတော့ ခင်ဗျားအတွက် အဆင်ပြေတယ်။ ဒါပေမဲ့ ကျုပ်တို့က သင်္ကန်းတွေ ဝတ်ထားကြတယ်ဆိုတော့ ရေထဲကို ဘယ်လိုဆင်းနိုင်မတုံး"

ဤသို့ဖြင့် အကြံပြုသည့်အတိုင်းပြုလုပ်ရန် ကျွန်ုပ် လိုက်နာရလေသည်။ ကျွန်ုပ်တို့ စိတ်ကူးထားသကဲ့သို့ မြေကွက်ကို လမ်းပတ်မလျှောက်ဘဲ မြေကြီးပေါ်ထိုင်နေကြစဉ် ကျွန်ုပ်တို့ ပရိတ်ရွတ်ကြသည်။ ကျွန်ုပ် စိုးရိမ်မကင်းဖြစ်နေမိသည်။ သို့သော် တခြားအရာလည်း မလုပ်နိုင်ချေ။

သို့လင့်ကစား ပရိတ်တစ်ပုဒ် ကျွန်ုပ်ရွတ်ဆိုပြီးရုံရှိစဉ် ဆန်းကြယ်မှုတစ်ခု ဖြစ်ပေါ်လာသည်။ ဆင်တစ်ကောင်စီးလာသော နီပေါတိုင်းရင်းသားတစ်ယောက်က တောင်ဘက်အရပ်မှ ကျွန်ုပ်တို့ဆီသို့ ဖြည်းဖြည်းချင်းလာနေသည်။ ကျွန်ုပ် ချက်ချင်း သူ့ဆီသို့ ရောက်သွားပြီး သူဘယ်ကိုသွားနေသနည်းဟုမေးသည်။ သူက တောထဲမှ အလုပ်ဆီသို့ သွားနေကြောင်း ပြောသည်။

သူက ဤနေရာကို ဖြတ်သွားနေပြီး လူများစုဝေးနေသည်ကို တွေ့မြင်သည်။ ၎င်းကြောင့် သူ အနားသို့လာကြည့်ခြင်းဖြစ်သည်။ ထိုအခါ ကျွန်ုပ်က ဘုန်းကြီးများကို သူ၏ ဆင်ပေါ် တက်စီးခွင့်ပြုပြီး မြေကွက်ကို အကြိမ်အနည်းငယ် ပတ်သွားခွင့်ပြုမလားဟု သူ့ကို မေးသည်။ သူက ဝမ်းမြောက်ဝမ်းသာ သဘောတူသည်။

ထိုအခါ အခမ်းအနားနာယက ဆင်ပေါ်သို့တက်ပြီး ဟန်ကျပန်ကျ ထိုင်သည်။ တည်ငြိမ်သောအသံဖြင့် ပရိတ်ရွတ်ဆိုသံများအကြားတွင် ဆင်က သက်သောင့်သက်သာ စတင်လျှောက်သည်။ ဤမြင်ကွင်းကြောင့် ကျွန်ုပ် လှိုက်လှိုက်လှဲလှဲ ခံစားမိသည်။ ကျွန်ုပ် အတွက် အံ့ဩဖွယ်အကောင်းဆုံးအရာမှာ အခမ်းအနားကြည့်ရှုရန် စုဝေးနေကြသော နီပေါ တချို့ရုတ်တရက် မျက်ရည်ကျလာကြခြင်းပင်ဖြစ်လေသည်။

ကျွန်ုပ် အလွန်ပျော်ရွှင်နေသောအချိန်တွင် သူတို့အဘယ်ကြောင့် ငိုရှိုက်နေကြ သနည်းဟု ကျွန်ုပ် တွေးမိသည်။ ထိုဒေသမှ ပြည်သူများအဖို့ ထိုကဲ့သို့သောအဖြစ်အပျက် သည် ဆန်းကြယ်မှုတစ်ခုဖြစ်ကြောင်းကို နောက်ပိုင်း၌ ကျွန်ုပ် တွေ့ရှိခဲ့ရသည်။

"အရှင် ... ဒီလိုအခမ်းအနားတစ်ခုမှာ ဆင်ပေါ်ထွက်လာတာဟာ အလွန်ကောင်း တဲ့နိမိတ်ကို ညွှန်ပြနေတယ်။ ဟိုးရှေးရှေးတုန်းက မိဖုရားမာယာဟာ အိပ်မက်ထဲမှာ ဆင် ကို တွေ့မြင်တယ်။ အဲဒီနောက် မင်းသားသိဒ္ဓတ္ထကိုဖွားမြင်တယ်။ ဒီတစ်ကြိမ်မှာ ကျွန်ုပ်တို့ အခမ်းအနားဆောင်ရွက်နေတုန်း ဆင်ပေါ်ထွက်လာတယ်။ ဒါကြောင့် အရှင်ရဲ့ဆောက်လုပ် ရေးလုပ်ငန်း လုံးဝ ပြီးစီးအောင်မြင်မယ်ဆိုတာ တပည့်တော်တို့ ကျိန်းသေပြောရဲတယ်"

ဤစကားလုံးများကြောင့် ကျွန်ုပ် အလွန်ပျော်ရွှင်သွားသည်။ ဘုန်းကြီးများ ပရိတ် ရွတ်ပြီးသောအခါ ဆင်ဦးစီးက သူနှင့်အတူ ကျွန်ုပ်ကို အတင်းဆင်စီးခိုင်းသည်။ သူ၏ တောင်းဆိုချက်ကို ကျွန်ုပ် လက်ခံရုံမှလွဲ၍ မတတ်နိုင်တော့ချေ။ ဆင်က တောင်ဘက်သို့ ဦးတည်သွားသည်။ ကျွန်ုပ်နောက်တွင် ရှုမငြီးအောင် ဆွဲဆောင်နေသော နှင်းများဖုံးလွှမ်းနေ သည့် ဟိမဝန္တာတောင်မှာ မနက်စောစောနေရောင်ထဲတွင် ၎င်းတို့၏ အံ့ဖွယ်ကောင်းသော အလှအပများကို ပြသနေကြသည်။

သဘာဝရှုခင်းအလှအပကို ကျွန်ုပ် ခံစားလျက် ငေးမောကြည့်နေပြီး တစ်ချိန် တည်းတွင်ဖြစ်ပေါ်လာခဲ့သော အံ့ဖွယ်ကောင်းသည့် ဆန်းကြယ်မှုများကို နက်ရှိုင်းသော စိတ် ခံစားချက်များဖြင့် တွေ့ကြုံခံစားမိသည်။ ကျွန်ုပ်နှလုံးသားထဲတွင် ကြီးစွာသော ပျော်ရွှင်မှု ဖြင့် ပြည့်လျှံနေသည်။

ဆင်ပေါ်တွင် ကျွန်ုပ်ထိုင်နေစဉ်အတွင်း မင်္ဂလသုတ်ကို ရွတ်ဆိုသည်။ ထူးဆန်း သည်မှာ ဆင်ဦးစီးက ဗိဟာရ်နယ် ဗုဒ္ဓစေတီတည်ဆောက်မည့်မြေကွက်ကို တစ်ကြိမ်သာ

မဟုတ်ဘဲ ၃ ကြိမ် သူ့သဘောနှင့်သူပတ်၍ ကျွန်ုပ်အား ခေါ်ဆောင်ခြင်းဖြစ်လေသည်။ ပို၍ပင် ထူးဆန်းသည်က မြေကွက်ကို ၃ ကြိမ်ပတ်ပြီးသွားသောအခါ သူက မရပ်တန့်ဘဲ အသောကကျောက်တိုင်သို့ ဆက်သွားသည်။ ဖြစ်ပေါ်လာခဲ့သော အရာရာတိုင်းကို ကျွန်ုပ်သဘောကျမိလွန်းသဖြင့် လုံးဝကို မှင်တက်မိနေသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင် ဖွားမြင်သော ထွတ်မြတ်သည့်မြေနေရာကို ကျွန်ုပ်ရောက်သောအခါ ကျွန်ုပ်က လေးလေးနက်နက် ဒူးတုပ်ဝပ်တွားပြီး အသံတိုးတိုးဖြင့် ဤသို့ဆုတောင်းသည်။

"အံ့ဖွယ်ကောင်းသော ဆန်းကြယ်မှုများ ဖြစ်ပေါ်ခဲ့သည်ကို ကျွန်ုပ် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူခဲ့သောနေရာတွင် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဖြစ်သော ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တည်ဆောက်နိုင်ခြင်းဟာ ဤနေရာ၌နေခဲ့ရန် ကျွန်ုပ် အဓိဋ္ဌာန်ပြုလိုပါသည်"

ဆင်ဦးစီးကို ကျေးဇူးတင်ကြောင်း ပြသရန် (အကြမ်းဖျင်းအားဖြင့် ၁၀ ဒေါ်လာနှင့်ညီမျှသော) ရူပီ ၅၀၀ ကို သူ့အား ကျွန်တော် ရက်ရက်ရောရော ပေးသည်။ ၎င်းက ဒေသတွင်းရွာသားများ၏ တစ်နေ့တာလုပ်ခနှင့်နှိုင်းယှဉ်လျှင် များပြားသော ပိုက်ဆံဖြစ်သည်။ သို့သော် သူက ပိုက်ဆံယူရန် ငြင်းဆန်သည်။ ၎င်းကြောင့် ဆန်းကြယ်မှုအပေါ် ကျွန်ုပ်၏ ယုံကြည်မှုမြင့်တက်လာခဲ့သည်။

ထို့နောက် အခမ်းအနားပြုလုပ်ခဲ့သော နေရာဆီသို့ ကျွန်ုပ် ပြန်သွားသည်။ လူများနေ့လယ်စာစားနေကြသည်။ ဖြစ်ပျက်ခဲ့သော အရာများကြောင့် ကျွန်ုပ် ပျော်လွန်းသဖြင့် အစာစားချင်စိတ်မရှိပေ။ သူတို့ နေ့လယ်စာစားပြီးနောက် ထွက်ခွာရန် အဆင်သင့်ဖြစ်ကြသောအခါ ကျွန်ုပ်က မတ်တတ်ထရပ်ပြီး အရေးကြီးသော ဤကြေညာချက်ကို ထုတ်ပြန်သည်။

"ကျွန်ုပ် ဒီနေရာမှာနေဖို့ ဆုံးဖြတ်ထားတယ်"

၎င်းက အမှန်ပင် မယုံကြည်နိုင်စရာကောင်းသော ကြေညာချက်ဖြစ်သည်။ ၎င်းကိုကြားရသောအခါ ဘုန်းကြီးအားလုံး အံ့သြထိတ်လန့်သွားကြသည်။ တသီးတခြား စွန့်ပစ်ခံထားရဆဲဖြစ်ပြီးအန္တရာယ်လွှမ်းနေသော ဤနေရာတွင်ကျွန်ုပ်တစ်ယောက်တည်းနေခဲ့လျှင် အခက်အခဲများစွာနှင့် မမျှော်မှန်းနိုင်သော ပြဿနာများစွာတို့ဖြင့် ကျွန်ုပ် ရင်ဆိုင်ရမည်ကို သူတို့ စိုးရိမ်ပူပန်နေကြသည်။

"ကျွန်ုပ်အတွက် စိတ်မပူကြပါနဲ့။ ကျွန်ုပ်နေဖို့ ရွက်ဖျင်တဲတစ်လုံးဆောက်မယ်"

ကျွန်ုပ်က သူတို့ကို ဖြေသိမ့်သည်။

နာယကဘုန်းကြီးက သူစိတ်ကူးမိသောအရာကို ပထမဦးဆုံးပြောဆိုသူ ဖြစ်သည်။

"ခင်ဗျား ဒီမှာတစ်ယောက်တည်းနေခဲ့မယ်လို့ အတင်းအကြပ်ပြောနေတယ်။ ခင်ဗျားမှာ အခု ပိုက်ဆံဘယ်လောက်ရှိတယ်ဆိုတာ ခင်ဗျား အတိအကျသိရဲ့လား"

အိတ်ထောင်အားလုံးကို ကျွန်တော် လိုက်ရှာဖွေကြည့်သောအခါ ကျွန်ုပ်တွင် ဒေါ်လာ ၆၀ သာကျန်တော့သည်ကို တွေ့ရှိရသည်။ ပိုက်ဆံအနည်းငယ်သာရှိလျက် ဤတသီးတခြားနေရာတွင် နေထိုင်ခြင်းသည် အလွန်တရာ စဉ်းစားဆင်ခြင်မှုမရှိသော အပြုအမူဖြစ်သည်ဟု လူတိုင်းတွေးထင်ကြလိမ့်မည်။ ထို့ကြောင့် သူတို့အားလုံးက ဤနေရာတွင် တစ်ယောက်တည်းနေရစ်ခဲ့မည့် ကျွန်ုပ်၏စိတ်ကူးကို စွန့်လွှတ်ပြီး ဗုဒ္ဓဂယာသို့ သူတို့နှင့်အတူလိုက်ရန် ကျွန်ုပ်ကို ၂ နာရီနီးပါးမျှ တိုက်တွန်းကြသည်။

သူတို့ထဲမှ အချို့က ယခု သူတို့နှင့်အတူ ကျွန်ုပ်ပြန်လိုက်လျှင် ဘုန်းကြီးကျောင်းအား ကူညီတည်ဆောက်ရန်အတွက် လအနည်းငယ်ကြာလျှင် ကျွန်ုပ်နှင့်အတူ ဤနေရာကို သူတို့ပြန်လာကြမည်ဟုပင် ကတိပေးကြသည်။ ထိုအချိန်၌ဆိုလျှင် အလုပ်အတွက် ကျွန်ုပ်တို့ကောင်းစွာပြင်ဆင်ပြီးဖြစ်လိမ့်မည်ဟု သူတို့ကပြောသည်။ သို့တိုင်အောင် ကျွန်ုပ်က စိတ်ပြောင်းလဲဖို့ငြင်းဆန်သည်။

"ဆန်းကြယ်မှုတစ်ခုဖြစ်မယ်ဆိုတာ ကျွန်ုပ်ကောင်းကောင်းသိနေတယ်။ ဒါကြောင့် ကျွန်ုပ်နေဖို့ အဓိဋ္ဌာန်ပြုထားတယ်။ အခု ကျွန်ုပ် တခြားဟာ မလုပ်နိုင်တော့ဘူး"

စွန့်စွန့်စားစားပြုလုပ်သော ကျွန်ုပ်၏ဆုံးဖြတ်ချက်ကြောင့် သူတို့အားလုံး လုံးလုံးလျားလျား စိတ်ပျက်သွားကြသည်။ သူတို့အားလုံး အလွန်အမင်း စိတ်ထိခိုက်သွားကြဟန်တူသောကြောင့် ကျွန်ုပ်၏အဓိဋ္ဌာန် အောင်မြင်ပြီးမြောက်စေဖို့အတွက် ဆုတောင်းပေးရန် မဟာမင်္ဂလသုတ်ကို အတူတကွ ရွတ်ဆိုကြသည်။ ဤဒေသတွင် အဆိပ်ပြင်းသော မြွေများစွာရှိသဖြင့် ကျွန်ုပ် အလွန်နီးနီးကြားကြားရှိသင့်သည်ဟု ဦးပဝရ၊ ဦးနန္ဒနှင့် ဦးသုန္ဒရတို့အားလုံးက ကျွန်ုပ်ကို အလေးအနက် သတိပေးကြသည်။

တစ်ခါတရံ၌ ဤနေရာသို့ သားကောင်လာရောက်ရှာဖွေတတ်သော အနီးအနားရှိ တောများထဲမှာ တောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်၍ သူတို့ ကျွန်ုပ်ကို သတိပေးကြသည်။ ကျွန်ုပ်အပေါ်ထားရှိကြသော သူတို့၏ ဂရုစိုက်မှုနှင့် ကြင်နာမှုတို့အတွက် ကျွန်ုပ် နက်နက်ရှိုင်းရှိုင်း စိတ်ထိခိုက်မိပြီး အလွန်ကျေးဇူးတင်မိသည်။

သို့သော်လည်း ကျွန်ုပ်တွင် တန်ဖိုးမဖြတ်နိုင်သော ပစ္စည်းများရှိနေသည်ကို မည်သူမျှမသိကြချေ။ ၎င်းတို့က ကျွန်ုပ်၏ပြင်းပြသောဆန္ဒ၊ သန္နိဋ္ဌာန်နှင့် ဆန်းကြယ်မှုများ အပေါ်

အကြွင်းမဲ့ယုံကြည်မှုတို့ဖြစ်ကြသည်။ ဤအရာများအားလုံးက အခြေခံလိုအပ်ချက်နှင့် ငွေကြေးပြည့်စုံမှုအတွက် စိုးရိမ်ပူပန်မှုအားလုံးကို ကျော်လွှားဖို့အတွက် ကျွန်ုပ်အား ကူညီကြလိမ့်မည်။ ထို့ကြောင့်ကျွန်ုပ်အလွန်သက်သောင့်သက်သာဖြစ်နေပြီးရှေ့၌စောင့်နေသော အတားအဆီးများနှင့် အန္တရာယ်များစွာတို့နှင့်ပတ်သက်၍ စိုးစဉ်းမျှ ပူပန်ခြင်း မဖြစ်ပေ။

ကျွန်ုပ်ပြုလုပ်တော့မည့်အရာသည် ဗုဒ္ဓမြေတွင် ဗီယက်နမ်ဘုန်းကြီးကျောင်း တည်ဆောက်ခြင်းဖြင့်သာ ကန့်သတ်မထားဘဲ ၎င်းကို ပိုမိုချဲ့ထွင်နိုင်သည်ဟူသော မျှော်လင့်ချက်ကိုလည်း ကျွန်ုပ် အမြတ်တနိုး မွေးမြူထားသည်။ ၎င်းသည် လှိုင်းဂယက်အကျိုးသက်ရောက်မှုကြောင့် လူများစွာတို့၏ နားများဆီသို့ရောက်နိုင်သော အသံတစ်သံနှင့် သဘောတရားတူညီသည်။ နီပေါတော်ဝင်အစိုးရမှ ကိုယ်စားလှယ်ပါမောက္ခ အရှာရမ်ရှကြာက အုတ်မြစ်ချအခမ်းအနားတွင် ပြောခဲ့သော မိန့်ခွန်း၌ ဤသို့ ဆိုခဲ့သည်။

"ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူခဲ့တဲ့ ထွတ်မြတ်တဲ့နေရာမှာ ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း စတင်တည်ဆောက်ဖို့အတွက် အတားအဆီးတွေနဲ့ အခက်အခဲတွေအားလုံးကို ရဲရဲဝံ့ဝံ့ ကျော်လွှားခဲ့ခြင်းအားဖြင့် ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဟာ ကမ္ဘာ့ဗုဒ္ဓဘာသာသမိုင်းမှာ ရှေ့စာမျက်နှာအသစ်တစ်ခု ဖွင့်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံး ဂုဏ်ယူရမယ့်အရာဖြစ်ပါတယ်။ လုမ္ဗိနီကို ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်မယ့်အရေးကိစ္စအတွက် အတူတကွ အလုပ်လုပ်နိုင်ကြရအောင် နီပေါ ဗုဒ္ဓဘာသာအသင်းအဖွဲ့ချုပ်နဲ့ ကမ္ဘာပေါ်က အခြားတိုင်းပြည်များအနေနဲ့ ဗီယက်နမ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို နမူနာယူကြဖို့ ကျွန်ုပ် တိုက်တွန်းချင်ပါတယ်"

## အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများဖုန် တည်ဆောက်ခြင်း

လုမ္ဗိနီတွင် ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ဆောက်လုပ်ခြင်းက ကျွန်ုပ်အတွက် ပင်ပန်းသောအလုပ်များစွာ၊ စိုးရိမ်ပူပန်စရာပြဿနာများစွာနှင့် စိတ်တင်းကျပ်မှုများစွာ ဖြစ်ပေါ်စေသည်။

ကျွန်ုပ်က တည်ထောင်သူဖြစ်သော်လည်း သင်ကြားပြသခြင်းအလုပ်မှ ကျွန်ုပ်ရရှိသောပိုက်ဆံများနှင့် ကမ္ဘာအနှံ့ရှိ ဗုဒ္ဓဘာသာဝင်များထံမှ အလှူငွေများဖြင့် ဗီယက်နမ်ဘုန်းကြီးကျောင်းကို ပြီးစီးစေရန် ၁၀ နှစ်ကျော် အချိန်ယူခဲ့ရသည်။ အခြားဘုန်းကြီးကျောင်းအချို့မှာမူ သူတို့တိုင်းပြည်များမှ အစိုးရရန်ပုံငွေထောက်ပံ့မှုများကြောင့် အချိန်တိုတိုအတွင်း ပေါ်ထွန်းလာခဲ့ကြသည်။ သို့သော်လည်း ၎င်းက အချိန်ပိုင်းကိစ္စသာဖြစ်ပြီး ကျွန်ုပ်ဘုန်းကြီးကျောင်းဆောက်လုပ်ခြင်း အံ့ဩဆန်းကြယ်စွာ ပြီးစီးသွားမည်ဟု ကျွန်ုပ် ယုံကြည်နေသည်။

စောစောပိုင်းအချိန်များက ငွေရေးကြေးရေး အခက်အခဲအပြင် အခြားကြီးမားသော ပြဿနာမှာ အစွန်းရောက်သူများနှင့် စိတ်ကောင်းမရှိရန် ကြိုးစားကြခြင်းများက ကျွန်ုပ်ကို ဒုက္ခပေးကြလွန်းသဖြင့် ကျွန်ုပ် ဆက်လက်မခံနိုင်တော့ဘဲ ထွက်ခွာသွားရခြင်းပင်ဖြစ်သည်။

၎င်းကြောင့် ကျွန်ုပ် မသက်မသာဖြစ်ပြီး စိုးရိမ်ပူပန်မိသည်။ လုမ္ဗိနီဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိရောက်စွာ အကာအကွယ်ရရှိရေးအတွက် ဖြစ်နိုင်ဖွယ်အကောင်းဆုံး ဖြေရှင်းချက်တစ်ခုတွေ့ရှိရန် မျှော်လင့်ချက်ဖြင့် နေ့စဉ် ပရိတ်ရွတ်ခြင်း၊ တရားထိုင်ခြင်းတို့ကို ကျွန်ုပ်ဆက်လက်ပြုလုပ်သည်။ နောက်ဆုံး၌ ထိုဖြေရှင်းချက်ကို ကျွန်ုပ်တွေ့ရှိခဲ့သည်။

အချိန်က ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ လပြည့်ညဖြစ်သည်ကို ယနေ့အထိ ကျွန်ုပ် မှတ်မိနေသေးသည်။ ပရိတ်ရွတ်၊ တရားထိုင်ပြုလုပ်ပြီးနောက်တွင် ကျွန်ုပ်ခေါင်းထဲသို့ ဤအတွေးစိတ်ကူးရောက်လာသည်။ ဤမြေတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ ဖုန်တစ်ခုတည်ထောင်ရန် ကျွန်ုပ် ကြိုးစားရမည်။ ၎င်းက တိုင်းပြည်အသီးသီးကို ဤနေရာ၌ ၎င်း၏ကိုယ်ပိုင်ဘုန်းကြီးကျောင်းတည်ဆောက်ရန် ကျွန်ုပ်တို့ကြိုးစားတိုက်တွန်းရမည်ဟု ဆိုလိုနေသည်။

အရေးအကြီးဆုံးက ထိုဘုန်းကြီးကျောင်းကို ၎င်း၏နိုင်ငံသားများကိုယ်တိုင် တည်ဆောက်ကြရမည်။ သို့မှသာ ထိုဘုန်းကြီးကျောင်းသည် ပိုမိုကြီးကျယ်သော အရေးပါအရာရောက်မှုရှိနိုင်သလို အထူးသဖြင့် ထွတ်မြတ်သောမြေနေရာကိုလည်း ကောင်းစွာ အကာအကွယ်ပေးနိုင်လိမ့်မည်။ ဆောက်လုပ်ခြင်းကို တိုင်းပြည်တစ်ပြည်၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်လျှင် ၎င်းက လျင်မြန်စွာပြီးစီးပြီး ဘုန်းကြီးကျောင်းကိုလည်း ကောင်းစွာ ထိန်းသိမ်းထားမည်ဆိုသည်မှာ လုံးဝ ရိုးရှင်းနေသည်။

လုမ္ဗိနီတွင် သူ၏ကိုယ်ပိုင်ဘုန်းကြီးကျောင်းရှိနေမည်ဆိုလျှင် တိုင်းပြည်အသီးသီးသည် သူ၏ ပြည်သူအားလုံးနှင့်အတူ သဘာဝအားဖြင့် ဤထွတ်မြတ်သောဒေသနှင့် ခိုင်မြဲစွာ သံယောဇဉ်ယှက်နွယ်နေလိမ့်မည်။

ဤသို့ဖြင့် အပြည်ပြည်ဆိုင်ရာ စေတမန်များကော်မတီကို ကျွန်ုပ် ချက်ချင်းစတင်တည်ထောင်သည်။ တိုင်းပြည်အမျိုးမျိုးတွင် လှုပ်ရှားမှုများဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတကာ အဖွဲ့အစည်းများတွင် အလုပ်လုပ်နေကြသူများထဲမှ ကော်မတီအဖွဲ့ဝင်များကို ရွေးချယ်ကြသည်။ ထိုလူများက လုမ္ဗိနီဖွံ့ဖြိုးတိုးတက်မှုအတွက် တူညီသော ဆန္ဒရှိကြသည်။ ကျွန်ုပ်ကိုယ်တိုင်ကလည်း ဤအစီအစဉ်တွင် ကမ္ဘာအနှံ့မှ ဗုဒ္ဓဘာသာ အဖွဲ့အစည်းများနှင့် အစိုးရအမျိုးမျိုးတို့ပါဝင်လာကြစေရန်အတွက် ကျွန်ုပ်၏အဆက်အသွယ်များကို အကောင်းဆုံး အသုံးချရန် ကြိုးစားသည်။

ဤရည်ရွယ်ချက်ပန်းတိုင် အောင်မြင်ပြီးမြောက်စေရန် တစိုက်မတ်မတ်နှင့် မမောနိုင် မပန်းနိုင် နှစ်ပေါင်းများစွာ ကျွန်ုပ်ကြိုးစားအားထုတ်ပြီးသောအခါ ရရှိလာသော ရလဒ်က ကျွန်ုပ် မျှော်မှန်းထားသည်ထက် များစွာ ပိုမိုသာလွန်နေသည်။ အားလုံးကိုခြုံကြည့်လျှင် တိုင်းပြည်အသီးသီးမှ ဘုန်းကြီးကျောင်းများနှင့် ယဉ်ကျေးမှုများတည်ဆောက်မည့် စီမံကိန်း ၁၉ ခုမှာ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲရှိနေကြသည်။

ဂျပန်နိုင်ငံက မဟာငြိမ်းချမ်းရေးစေတီ တည်ဆောက်ပြီးသွားပြီး၊ အပြည်ပြည်ဆိုင်ရာအဆင့်ရှိသော စာကြည့်တိုက်တစ်ခုနှင့် ပြတိုက်တစ်ခုကို လုပ်ကိုင်ဆောင်ရွက်နေ

သည်။ မြန်မာအစိုးရနှင့် ပြည်သူများကလည်း သူတို့၏ မဟာစေတီနှင့် ကြီးမားသော ဘုန်းကြီးကျောင်းတစ်ကျောင်းကို ဆောက်လုပ်ပြီးစီးခဲ့သည်။

ထိုင်းတော်ဝင်မိသားစုနှင့် ထိုင်းအစိုးရက ၎င်း၏ပြည်သူများနှင့်အတူ ကြီးမားခန့်ညားသော ဘုန်းကြီးကျောင်းတစ်ကျောင်းတည်ဆောက်ခြင်းကို တက်သုတ်ရိုက်ဆောင်ရွက်နေကြသည်။ တရုတ်အစိုးရနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းက ရှောင်လင်ဘုရားကျောင်းပုံစံရှိပြီး ဗီယက်နမ်ဗုဒ္ဓဘာသာဘုရားကျောင်းအနီးတွင် တည်ရှိသော လှပခန့်ညားသည့်ဘုန်းကြီးကျောင်းတစ်ကျောင်းကို အချိန်တိုအတွင်း ဆောက်လုပ်ပြီးစီးခဲ့သည်။

သီရိလင်္ကာအစိုးရနှင့် ပြည်သူများက အတော်ကြီးမားသော ဘုန်းကြီးကျောင်းတစ်ကျောင်းကို တည်ဆောက်နေကြသည်။ ကိုရီးယားကမူ လူ ၄ ထောင်ခန့်ဆံ့မည့် ခန်းမကြီးပါရှိသော ကြီးမားသည့် ဘုန်းကြီးကျောင်းတစ်ကျောင်းတည်ဆောက်မည့် အတိုင်းအတာကြီးမားသော အစီအစဉ်တစ်ခုရှိသည်။

ဂျာမန်၊ ပြင်သစ်ဗုဒ္ဓဘာသာ အသင်းများကလည်း ၎င်းတို့၏ ကိုယ်ပိုင်ဘုန်းကြီးကျောင်းများ တည်ဆောက်ရန် ကြိုးစားအားထုတ်နေကြသည်။ မကြာသေးခင်အချိန်က မွန်ဂိုသမ္မတနှင့် ဘူတန်ဘုရင်တို့ နီပေါသို့ ကိုယ်တိုင်ရောက်လာခဲ့ကြပြီး ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းအနီး၌ မကြာခင်တွင် သူတို့၏ဘုန်းကြီးကျောင်းများ ဆောက်လုပ်ရန်အတွက် မြေကွက်များရရှိခဲ့ကြသည်။

မကြာသောအနာဂတ်တွင် အမေရိကန်နှင့် ရုရှားကို လုမ္ဗိနီ၌ သူတို့၏ဘုန်းကြီးကျောင်းများတည်ဆောက်ကြရန် ကျွန်ုပ် တိုက်တွန်းနိုင်လိမ့်မည်ဟု မျှော်လင့်နေမိသည်။ အတိတ်ကစစ်ပွဲတွင် ဗီယက်နမ်နိုင်ငံကို စစ်ဘက်ဆိုင်ရာအထောက်အကူများ ဖြည့်တင်းပေးခဲ့သော အင်အားကြီးများအဖြစ် သူတို့ကိုမြင့်မြတ်သောမြေ၌ ကိုယ်ပိုင်ဘုန်းကြီးကျောင်းများ တည်ဆောက်လာစေရန် နည်းလမ်းများစွာဖြင့် ကျွန်ုပ်တို့ တိုက်တွန်းထောက်ပံ့ပေးနိုင်ကြလိမ့်မည်။

ကျွန်ုပ်မှတ်မိသလောက် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် လုမ္ဗိနီ၌ တည်ဆောက်မည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဘုန်းကြီးကျောင်းအတွက် အုတ်မြစ်ချအခမ်းအနား ကျွန်ုပ်ကျင်းပသောအခါ ဤဇရိယာမှာ ညှံ့ဖျင်းသော မော်တော်ယာဉ်သွားလာရေးစနစ်နှင့်အတူ ရှုံ့နှံ့ပေါသော ကုန်းမြေတစ်ခုဖြစ်နေသေးပြီး လျှပ်စစ်နှင့် ရေကဲ့သို့ ယဉ်ကျေးသော လူနေမှုဘဝ၏ အခြေခံလိုအပ်ချက်များကိုလည်း မရှိချေ။

မရေတွက်နိုင်သော ပြဿနာများ၊ ကြီးမားလှသော စွမ်းအင်စိုက်ထုတ်မှုများ၊ အထူးသဖြင့် တစိုက်မတ်မတ် လှုပ်ရှားမှုများဆောင်ရွက်ရန် တိုင်းပြည်အမျိုးမျိုးသို့ သွား

ခဲ့သော ကျွန်ုပ်တို့၏ ဒုက္ခများပြည့်နက်လျက် ၁၀ နှစ်ကာလ ကုန်လွန်ခဲ့သည်။ ယခုရရှိခဲ့သောရလဒ်ကို ပြန်လှည့်ကြည့်သောအခါ ကျွန်ုပ် အမှန်တကယ်ကို အလွန်အမှင်း ဝမ်းသာမိသည်။

လက်ရှိကာလ၌ လုမ္ဗိနီသည် အရေးကြီးသော ဖြစ်ပေါ်တိုးတက်မှုတချို့ ရရှိနေသည်။ ၎င်းတွင် လျှပ်စစ်၊ သောက်ရေ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း ဆက်သွယ်ရေး၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်တို့ပင်လျှင် ရှိနေလေပြီ။ ဒေသအတွင်း၌ ပျံ့နှံ့နေသော ဘုန်းကြီးကျောင်းများသို့ရောက်ရှိရန် လမ်းကွန်ရက်ကို ချဲ့ထွင်ခဲ့သည်။ တိုင်းပြည်အမျိုးမျိုးတို့၏ ဘုရားကျောင်းဆောက်လုပ်ခြင်း စီမံကိန်းများကြောင့် နိုင်ငံခြား အလုပ်သမားများအတွက်သာမကဘဲ ဌာနေပြည်သူများအတွက်ပါ အလုပ်အကိုင် ထောင်ပေါင်းများစွာ ဖန်တီးခဲ့ပြီး အသင်းအဖွဲ့ဆောင်ရွက်မှုများ လုပ်ငန်းတွင်ကျယ်လာမှုကြောင့် ပတ်ဝန်းကျင်ဒေသများ ကြီးပွားချမ်းသာလာကြသည်။

၎င်းက အမှန်တကယ်ကို ဆန်းကြယ်မှုတစ်ခုဖြစ်သည်။ ၎င်းကြောင့် ဘုရင်ဘီရင်ဒရာကိုယ်တိုင်ပင် သူ၏တစ်သက်တာကာလအတွင်း၌ ကြက်သေသေဖြစ်ကျန်ခဲ့ရသလို၊ မကြာသေးခင်နှစ်များအတွင်း နီပေါဝန်ကြီးချုပ်အဆက်ဆက်တို့ လုမ္ဗိနီ၏ ထူး ခြားသော ဖွံ့ဖြိုးတိုးတက်မှုများကို သူတို့ကိုယ်တိုင် မျက်စိများဖြင့် တပ်အပ်တွေ့မြင်ရန် ဤနေရာသို့ လာကြသည့်အခါတိုင်း အံ့သြမိန်းမောသွားကြရသည်။

ထွတ်မြတ်သောမြေနေရာတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ အုပ်စုတည်ထောင်ခြင်းကို ဗီယက်နမ်ပြည်သူများ တစ်စိတ်တစ်ပိုင်း အင်အားစိုက်ထုတ်ခဲ့ကြခြင်းသည် ကျွန်ုပ်တို့ပြည်သူများအတွက် ဂုဏ်ယူစရာလည်းဖြစ်သလို၊ ဝမ်းမြောက်စရာလည်းဖြစ်သည်။ ဤထွတ်မြတ်သောဒေသကို လူသားမျိုးနွယ်တို့၏ ယဉ်ကျေးမှုအမွေအနှစ် အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုထားကြသည်။

ဤသို့ဖြင့် ဗုဒ္ဓဘာသာဝင်တို့၏အရေးအကြီးဆုံးမြင့်မြတ်သောမြေနေရာ ၄ ခုထဲမှ နှစ်ခုတွင် ဗီယက်နမ်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ ပေါ်ထွက်လာခဲ့သည်။ ထိုနေရာနှစ်ခုက အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဂယာနှင့် နီပေါဘုရင့်နိုင်ငံမှ လုမ္ဗိနီတို့ဖြစ်ကြသည်။

## မြေကောင်းရှိလျှင် ငှက်တို့၏အိပ်တန်းရှိသည်

လုမ္ဗိနီတွင် ကျွန်ုပ်နေထိုင်ခဲ့သော ပထမရက်အနည်းငယ်အတွင်း၌ ဤမြေသည် ငှက်အမျိုးအစားများစွာတို့အတွက် နေရပ်မဟုတ်သည်ကို ကျွန်ုပ် သတိပြုမိခဲ့သည်။ ဒုတိယနစ်တွင် တစ်မနက်၌ တဲထဲမှ ကျွန်ုပ် ခြေလှမ်းထွက်လာရုံရှိစဉ် ကျွန်ုပ် ရှေ့တည့်တည့်၌ရပ်နေသော ထူးထူးကဲကဲကြီးမားလှသော ငှက်ကြီးနှစ်ကောင်ကို တွေ့မြင်လိုက်ရသဖြင့် အံ့ဩထိတ်လန့်သွားသည်။ ကျွန်ုပ်က အရပ် ၁.၆၈ မီတာ မြင့်သည်။ ထိုငှက်များက ပိုမို၍ပင် မြင့်နေကြသည်။

ပထမ၌ ကျွန်ုပ် ကြောက်လန့်သွားပြီး သူတို့သည် ကျွန်ုပ်အား ခြိမ်းခြောက်ရန်အတွက် ပေါ်လာကြသော တစ္ဆေများဖြစ်ကြမည်လားဟု တွေးမိသည်။ တဲထဲကို ကျွန်ုပ် ပြေးဝင်သွားပြီး သူတို့တိုက်ခိုက်ကြလျှင် လိုလိုမည်မည် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန်အတွက် ထင်းချောင်းတစ်ချောင်းကို ချက်ချင်းယူလိုက်သည်။ ကျွန်ုပ်ကို အန္တရာယ်မပြုနိုင်ကြောင်း သိသွားသည်နှင့်တစ်ပြိုင်နက် အပြင်ကို ကျွန်ုပ် လှမ်းကြည့်သည်။

ကျွန်ုပ်ကမ္ဘာပတ်၍ ခရီးကျယ်ပြန့်စွာသွားခဲ့ပြီး များစွာသောစာအုပ်များကို ဖတ်ရှုခဲ့သည်။ ရှားပါးသော ငှက်အမျိုးအစားများစွာကို တွေ့မြင်ခဲ့ဖူးသည်။ သို့သော် ထိုကဲ့သို့ အရပ်မြင့်ပြီး လှပသော သတ္တဝါများကို တစ်ခါမျှ မတွေ့မြင်ခဲ့ဖူးချေ။ သူတို့ကို တွေ့မြင်ရခြင်းကြောင့် ဒဏ္ဍာရီများထဲတွင်ဖော်ပြသော လူသားစားသည့် သိမ်းငှက်ကြီးများကို ကျွန်ုပ် သတိရမိသည်။

စေ့စေ့စပ်စပ် လေ့လာကြည့်ရှုသောအခါ ဤငှက်ကြီးနှစ်ကောင်က လည်ပင်းပတ်ပတ်လည်တွင် ကွင်းတစ်ကွင်းဖြင့် အလှဆင်ထားသော မီးခိုးရောင်ငှက်မွေးရှိကြ သည်ကို တွေ့ရသည်။ ထိုမြင်ကွင်းကြောင့် နူးညံ့သိမ်မွေ့သော ဆွဲကြိုးတစ်ကုံးဖြင့် သပ်ရပ်ကြော့မော့သော ကောင်မလေးတစ်ယောက်၏လှပတင့်တယ်မှုကို သူတို့ ရရှိနေကြသည်။ သူတို့၏ ညင်သာသော အပြုအမူနှင့် သူတို့မျက်လုံးများထဲမှ မိတ်ဆွေဆန်သော အကြည့်ကို ကျွန်ုပ် အသေအချာ သတိပြုမိသည်။

ခဏကြာသောအခါ သူတို့က တစ်ကောင်နောက်မှ တစ်ကောင်လိုက်လျက် အဝေးသို့ စတင်ပျံသန်းသွားကြသည်။ ဖော်မပြနိုင်လောက်အောင် မွန်မြတ်သော အမူအရာဖြင့် သူတို့၏အတောင်ပံများက လေထဲတွင် စည်းချက်မှန်မှန် ရိုက်ခတ်နေကြ သည်။

စာကြည့်တိုက်မှ အဘိဓာန်များကို ကျွန်ုပ် လှန်လှောကြည့်သောအခါ သူတို့က အိန္ဒိယကြိုးကြာမျိုးစုဝင်များ ဖြစ်ကြသည်ကို တွေ့ရှိရသည်။ သူတို့က အမြင့်ပျမ်းမျှ ၁.၇ မီတာနီးပါးရှိပြီး အလေးချိန် ၉ ကီလိုဂရမ်ခန့်ရှိကြသည်။

အိန္ဒိယကြိုးကြာသည် ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံးငှက်ဖြစ်ပြီး နှစ်ကောင်တစ်တွဲ နေတတ်ကြသည်။ အမှန်ပင် ၎င်းတို့သည် ဘဝတွင် ညီညွတ်မှုတခြင်း အမှတ်လက္ခဏာနှင့် ပျော်ရွှင်ခြင်းပုံရိပ်တို့ဖြစ်ကြသည်။

ထို့နောက်တွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များနှင့် ကျွန်ုပ် အဆက်အသွယ်စတင်ပြုလုပ်ရာ ဤမျိုးစုမှာ အလွန်တရာရှားပါးပြီး မျိုးတုံးတော့မည်ဖြစ်ကြောင်း သူတို့ထံမှ သိရှိခဲ့ရသည်။ ဤနေရာတွင် အိန္ဒိယကြိုးကြာပေါ်ထွက်လာခြင်းမှ ကျွန်ုပ်ရရှိသော အကျိုးအမြတ်မှာ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ဝင်များအကြား၌ မိတ်ဆွေအသိုင်းအဝိုင်းချဲ့ထွင်ရန် အခွင့်အရေးရရှိခြင်းဖြစ်ပြီး လုမ္ဗိနီသို့ သူတို့လာကြခြင်းကလည်း ဤငှက်များ ပေါ်ထွက်လာမှုကြောင့်ဖြစ်သည်။

ကျွန်ုပ်၏ လေ့လာဆန်းစစ်မှုက ကမ္ဘာပေါ်တွင် ကြိုးကြာငှက်မျိုးစုံ ၁၅ မျိုးခန့် ရှိကြောင်းထုတ်ဖော်ပြသည်။ ဥပမာအားဖြင့် တရုတ်ပြည်တွင် အနီရောင်သရဖူဆောင်းသော ကြိုးကြာအဖြစ် သိရှိကြသော အထူးမျိုးရိုးတစ်ခုရှိသည်။ ထိုကြိုးကြာက ၎င်း၏ဦးခေါင်းတွင် ချွန်တက်သော အထွတ်တစ်ခုရှိသည်။ တိုကို၊ ဖိုင်ယာနှင့် တန်းဇန်းနီးယားကဲ့သို့ အာဖရိကတိုင်းပြည်များတွင် လည်ပင်းမည်းနက်သော ကြိုးကြာရှိသည်။ တောင်အာဖရိကမှ ကွန်ဂိုတွင် အနီရောင်ဦးရစ်ပန်းကုံးရှိသော ကြိုးကြာတစ်မျိုးရှိသည်။

ထို့အပြင် ဆိုက်ဘေးရီးယား၌ အဖြူရောင်ကြိုးကြာရှိသည်။ ထိုကြိုးကြာငှက်က ရေခဲတမျှအေးစက်သော ရာသီဥတုဒဏ် ယာယီခိုလှုံရန်အတွက် နီပေါနှင့် အိန္ဒိယသို့ နှစ်စဉ်ပြောင်းရွှေ့အခြေချသည်။ ကနေဒါတောင်ပိုင်းတွင် သဲမှုန့်ခန့်အရွယ်အစားရှိသော အစက်အပြောက်များ ငှက်မွေးတွင်ရှိကြသည့် နီဝါရောင်ကြိုးကြာကို တွေ့ရှိကြပြီး သူက နွေးထွေးသော ရာသီဥတုအတွက် ဖလော်ရီဒါသို့ ပြောင်းရွှေ့အခြေချတတ်သည်။ ဟိမဝန္တာတောင်များပေါ်မှ မီတာ ၆၀၀၀ - ၇၀၀၀ ခန့်ရှိသော အမြင့်တွင် မည်းနက်သော ဦးခေါင်းရှိသည့် ကြိုးကြာငှက်ရှိသည်။

ဗီယက်နမ်တွင်လည်း အနီရောင်ဦးခေါင်းရှိသော ကြိုးကြာရှိသည်။ ၎င်းကို ဗီယက်နမ် ကြိုးကြာငှက်ဟု ခေါ်သင့်သည်ဟု ကျွန်ုပ်ထင်သည်။ ဤမျိုးရိုးက လုမ္ဗိနီတွင် လက်ရှိနေထိုင်နေသော မျိုးရိုးကဲ့သို့ အရပ်မမြင့်ချေ။ ဗီယက်နမ်ကြိုးကြာ အမည်နာမကို ကျွန်ုပ် ပိုမိုကြိုက်နှစ်သက်သည်။ ထိုကဲ့သို့ လှပသောငှက်မျိုးရိုးကို ကြွားဝါရသဖြင့် ဗီယက်နမ်အတွက် အမျိုးသားရေးဂုဏ်ယူစရာများ ဖြစ်ပေါ်လာလိမ့်မည်။

သို့သော်လည်း ဤငှက်က ဆိုးဝါးသောပတ်ဝန်းကျင် အခြေအနေကြောင့် ဤတိုင်းပြည်တွင် မည်သည့်အခါမျှ အကောင်မပေါက်ချေ။ ယေဘုယျစည်းမျဉ်းအဖြစ် ဗီယက်နမ် ကြိုးကြာများက ရေနည်းသောရာသီအတွင်း ဒေါင်သက်ပြည်နယ်မှ ထရမ်ချင်တွင် ခဏသာရပ်တန့်ကြပြီး ရေများလာသောအခါတွင် ကမ္ဘောဒီးယားသို့ ပျံသန်းကြသည်။

ကြိုးကြာငှက်များကို လေ့လာကြည့်ရှုရန်အတွက် ကျယ်ပြန့်စွာ ကမ္ဘာပတ်ခရီးသွားပြီးနောက်တွင် သူတို့၏ ပျံသန်းခြင်းပုံစံ၊ ဆင်းသက်ခြင်းပုံစံနှင့် အော်သံတို့နှင့် ပတ်သက်၍ မျိုးရိုးအသီးသီး၏ အသေးစိတ်စရိုက်လက္ခဏာများကို ကျွန်ုပ် တွေ့ရှိလာသည်။ အထူးသဖြင့် အိန္ဒိယကြိုးကြာသည် ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံး ငှက်သာလျှင်မကဘဲ မျိုးရိုးအားလုံးထဲတွင် အသိဉာဏ်အရှိဆုံးလည်းဖြစ်သည်။

အိန္ဒိယကြိုးကြာများက အများအားဖြင့် ရေတိမ်သောနေရာများတွင် အသိုက်ဆောက်လုပ်ကြပြီး စိုစွတ်သောမြေတွင် နေထိုင်ကြသည်။ ရေလွှမ်းသော ဤကဲ့သို့ ကုန်းမြေအမျိုးအစား၏ အသုံးဝင်မှုကို အချို့က မှန်ကန်စွာ မသုံးသပ်ကြသေးချေ။ သူတို့က စိုစွတ်သောကုန်းမြေသည် နံစော်၊ ညစ်ပတ်သောရွံ့နှင့် စီးဆင်းမှုမရှိသော ရေသာဖြစ်ပေါ်စေသည်ဟု ထင်မှတ်ကြသည်။ အမှန်တကယ်တွင်မူ စိုစွတ်သောကုန်းမြေများသည် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အပေါ် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု ရှိပြီး ရာသီဥတုမှန်ကန်စေရန်နှင့် သဘာဝချိန်ခွင်လျှာ ညီမျှမှုကိုထိန်းပေးရန် ကူညီသည်။

ငါးမျိုးရိုးများ၏ ၇၀ ရာခိုင်နှုန်းသည် မြစ်များ၊ ပင်လယ်များထဲသို့ မရွေ့ပြောင်းကြမီ စိုစွတ်သောကုန်းမြေတွင် ပေါက်ဖွားကြကြောင်း ကျွန်ုပ်၏လေ့လာမှုက ထုတ်ဖော်ပြနေသည်။ ထို့ကြောင့် ယခုအခါ အရွယ်အစားကျဆင်းနေသော စိုစွတ်သည့်ကုန်းမြေအား ထိန်းသိမ်းဖို့အတွက် အမျိုးသားရေးဆိုင်ရာ အစီအစဉ်များနှင့် နိုင်ငံတကာဆိုင်ရာ အစီအစဉ်များ ကျွန်ုပ်တို့ ရရှိတော့မည်ဖြစ်ပေသည်။

## ငှက်စောင့်ရှောက်သူများ အသင်းဥက္ကဋ္ဌ

ကျွန်ုပ်တွင် လုပ်စရာအလုပ်များ လက်ထဲအပြည့်ရှိနေစဉ် လုမ္ဗိနီဥ္ဒ အိန္ဒိယကြိုးကြာငှက်များ ပေါ်ပေါက်လာသောနေ့မှစ၍ အခြားအလုပ်တစ်ခုကို ကျွန်ုပ်လုပ်သည်။ ထိုအလုပ်က ငှက်များစောင့်ရှောက်ခြင်းဖြစ်သည်။ အိန္ဒိယကြိုးကြာများကိုကာကွယ်ဖို့အတွက် အထူးသီးသန့်တာဝန်ရှိသော အဖွဲ့တစ်ဖွဲ့ကို ကျွန်ုပ်ဖွဲ့စည်းပြီး ကျွန်ုပ်က ထိုအဖွဲ့အစည်း၏ စိတ်အားထက်သန်သော အဖွဲ့ဝင်တစ်ယောက်ဖြစ်လာသည်။

ကြိုးကြာများကို နှစ်ပေါင်းအတော်ကြာ လေ့လာကြည့်ရှုပြီးနောက်တွင် အထီးနှင့်အမကို ကျွန်ုပ် အလွယ်တကူ ခွဲခြားတတ်လာသည်။ အမျိုးသမီးများက အများအားဖြင့် အမျိုးသားများထက် ပိုမိုဆွဲဆောင်မှုရှိတတ်သော လူများနှင့်မတူဘဲ ကြိုးကြာအဖိုများက အမများထက်များစွာ ပိုမိုကျက်သရေရှိသော ပုံသဏ္ဌာန်သွင်ပြင်နှင့် များစွာ ပိုမိုခန့်ညားသော သွားလာပုံဟန်ပန်ရှိသည်။ အထူးသဖြင့် သူ၏ငှက်မွေးများက ပိုမိုနူးညံ့ပြီး သူ၏လည်ပင်းပတ်ပတ်လည်မှ အနီရောင်ကွင်းက ပိုမိုကြီးမားသည်။

ငှက်ဖိုက ငှက်မအား လူပျိုလှည့်ခြင်းကို ကြည့်ရခြင်းက အိပ်မက်ဆန်သော မြင်ကွင်းနှင့် တူလှသည်။ သူ့ရဲကောင်းက မိန်းမပျိုတစ်ယောက်အား လူပျိုလှည့်ပုံမျိုးနှင့် တစ်ထေရာတည်းတူလှသည်။ ငှက်ဖိုက အတောင်ပံများဖြန့်၍ ပတ်ချာလှည့်ပျံသန်းသည်။ အဓိကအားဖြင့် သူ၏ခန့်ညားမှုနှင့်ပတ်သက်၍ ကြွားဝါရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ ငှက်မကမူ သူမ၏အချစ်ကို ထုတ်ဖော်မပြလိုသေးဘဲ ဦးခေါင်းကို ရှက်ရွံ့စွာ တိမ်းစောင်းထားပြီး သူ့ကို ရှိသေလေးစားမှုများဖြင့် စိုက်ကြည့်နေသည်။

ထို့နောက်၌ စုံတွဲဖွဲ့စည်းမှု ပြုလုပ်ပြီးသည်နှင့်တစ်ပြိုင်နက် သူတို့က လူများကဲ့ သို့ တစ်ကောင်နှင့်တစ်ကောင် ရင်းနှီးစွာ သံယောဇဉ်ဖွဲ့ကြလျက် တစ်ချိန်လုံး တစ်ကောင်ကို တစ်ကောင် အဖော်ပြုနေကြသည်။ သူတို့ရွေ့လျားသွားလာကြသောအခါ ကြိုးကြာ ငှက်ဖိုက အမြဲတမ်း ရှေ့မှပျံသန်းသည်။ အတွေ့အကြုံရှိသောငှက်ဖိုက နောက်မှ သူ၏အဖော်အတွက် ရှေ့ဆောင်လမ်းပြပြီး အကာအကွယ်ပေးသကဲ့သို့နှင့် တူလှသည်။

နှစ်စဉ် မိုးရာသီရောက်သောအခါ (ဇွန်လခန့်၌) အိန္ဒိယကြိုးကြာ ဥစအုသည်။ စုံတွဲက အသိုက်ဆောက်ဖို့အတွက် ကောင်းမွန်သောနေရာများကို ဂရုတစိုက် ရွေးချယ်ကြသည်။ နှစ်ကောင်စလုံးက အချို့သောနေရာများကို အကြိမ် ၂၀ ကျော်ခန့် စုန်ချည်ဆန်ချည် ပျံသန်းပြီး ပတ်ဝန်းကျင်နေရာကို နှံ့နှံ့စပ်စပ် လေ့လာကြည့်ရှုကြသည်။ တစ်စုံတစ်ရာ မလုံခြုံမှုကို သူတို့ခံစားမိလျှင် ချက်ချင်းထွက်ခွာကြသည်။

သူတို့အသက်အား ရန်ရှာနေသော ခြိမ်းခြောက်မှုများကို သူတို့ဘာသာသူတို့ ဖြေရှင်းရန်အတွက် နည်းလမ်းများရှာကြံရသော လူသားများနှင့် သူတို့ တူလှသည်။ အိန္ဒိယကြိုးကြာများသည် အသိုက်ဆောက်လုပ်မည့်နေရာများစွာကို အဆင်သင့်လုပ်ထားတတ်ကြသည်။ ကျွန်ုပ်အမြင်အရ ၎င်းသည် ကျူးကျော်နှောင့်ယှက်သူများကို မျက်စိလည်စေရန်အတွက် ရည်ရွယ်ခြင်းဖြစ်သည်။

သို့သော်လည်း ငှက်မ ဥအုမည့်ရက်မတိုင်မီ အသိုက်တည်ဆောက်ဖို့ သူတို့ ဆုံးဖြတ်ရမည့်နေရာကို ကျွန်ုပ် အတိအကျ ခန့်မှန်းနိုင်သည်။ ၎င်းကြောင့် ဒေသအတွင်းမှ အရပ်သားများ အလွန်အံ့သြကြသလို ငှက်များကို ကာကွယ်စောင့်ရှောက်ရေးအတွက် ကျွန်ုပ် နောက်လိုက်ခဲ့ကြသော ဘုန်းကြီးကျောင်းမှလူများလည်း အံ့သြကြသည်။

ငှက်ဖိုငှက်မစုံတွဲကို ကျွန်ုပ် အာရုံစိုက်ရန်သာ လိုအပ်သည်။ သူတို့ အကြိမ်ပေါင်း အများဆုံးသွားရောက်ပြီး အကြီးအကျယ် ဂရုတစိုက်ဖြင့် ပြင်ဆင်သောနေရာသည် အကောင်ပေါက်စဉ်ကာလအတွင်း သူတို့ရွေးချယ်အသုံးပြုမည့် နေရာဖြစ်ရန် သေချာသည်။ ငှက်ဖိုက ကောက်ရိုးတစ်မျှင်ချင်းစီသွားယူပြီး ငှက်မဝပ်ရန်အတွက် ခြောက်သွေ့မြင့်မားသော အပုံတစ်ပုံပြုလုပ်သည်။ အထူးသဖြင့် ငှက်ဖိုက အလွန်ယောက်ယက်ခတ်နေသည်။ ကောက်ရိုးအမျှင်တိုင်းကို သူကရွေးချယ်ပြီး ၎င်းကို ပိုးမွှားများနှင့် မြေကြီးများအားလုံး ရှင်းလင်းသွားသည်အထိ နှုတ်သီးဖြင့် အကြိမ်ပေါင်းများစွာ ဆွဲခါလျက် စစ်ဆေးသည်။

ငှက်ဥနေသည့်ကာလအတွင်း၌ ငှက်ဖိုငှက်မ နှစ်ကောင်စလုံးမှာ သိသာစွာ စိုးရိမ်ပူပန်နေသော အခြေအနေတွင် ရှိနေသည်။ တစ်ခါတစ်ရံ၌ အခြားစုံတွဲတစ်တွဲက ခပ်လှမ်းလှမ်းတွင် ရပ်နေကြပြီး ဥများကို စိုးရိမ်ပူပန်စွာ ကြည့်နေကြသည်ကို ကျွန်ုပ် သတိပြု

မိသည်။ သူတို့၏သားပေါက်ကလေးများအား ဆုံးရှုံးရမည်ကို သူတို့ကြောက်လန့်နေကြကောင်း ကြောက်လန့်နေကြလိမ့်မည်။

ဥဝပ်နေစဉ် ကာလအတွင်း၌ သူတို့၏ဥများ တောရိုင်းတိရစ္ဆာန် စားသောက်ခြင်းခံရလျှင်၊ သို့မဟုတ် လူတို့ ခိုးယူခြင်းခံရလျှင် ကြောက်မက်ဖွယ်ကောင်းသော ခံစားမှု ကို သူတို့ တွေ့ကြုံကြရသည်။ သူတို့၏မျက်လုံးများက ဝမ်းနည်းကြေကွဲနေသောအကြည့်များရှိနေကြပြီး သူတို့နှစ်ကောင်စလုံးက ဝမ်းနည်းပူဆွေးသောအော်သံများကို ရှည်လျားလှစွာ အော်ဟစ်ကြသည်။ ထို့နောက်တွင် ဖြေမဆည်နိုင်သော ကြေကွဲမှုများဖိစီးလျက် သူတို့၏ဦးခေါင်းများကို အတောင်ပံများအောက်၌ မြှုပ်နှံထားကြသည်။

ဤအကြောင်းရင်းကြောင့် ငှက်မဥအုပြီးသည့်အကြိမ်တိုင်း၌ အသိုက်နေရာနှင့် ၇ မီတာ၊ ၈ မီတာအကွာအဝေးတွင် သက်ငယ်မိုးတဲတစ်လုံးကို ချက်ချင်း တည်ဆောက်ခိုင်းပြီး နေ့ရောညပါ အစောင့်များချထားသည်။ သူတို့၏ စိုးရိမ်ပူပန်မှု အချိန်ကာလကို တိုတောင်းစေရန်အတွက် ထိုအလုပ်ကို ကျွန်ုပ်တို့ အလျင်စလိုလုပ်ကြသည်။ တဲဆောက်ပြီးစီးသွားပြီး သူတို့ဘေးတွင် ကျွန်ုပ်တို့ အကာအကွယ်ပေးလျက်ရှိနေသောကြောင့် ကြိုးကြာစုံတွဲမှာ တဖြည်းဖြည်းနှင့် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိလာကြသည်။

လူသားများတွင်လည်း ထိုသဘောအတိုင်းပင်ဖြစ်သည်။ မတည်ငြိမ်သော လူ့အဖွဲ့အစည်းတစ်ခုတွင် နိုင်ငံသားများသည် စိုးရိမ်ပူပန်မှုခံစားရတတ်သည်။ အနှောင့်အယှက်ပြုခံနေသော ပတ်ဝန်းကျင်တွင် နေထိုင်သူပြည်သူများမှာ လှုံ့ဆော်မှုခံရတတ်သည်။ အလားတူပင် မိသားစုတစ်စုတွင် သဟဇာတညီညွတ်သော ပတ်ဝန်းကျင်အခြေအနေ၌ နေထိုင်ရသော ကလေးများသာလျှင် စိတ်ချမ်းသာမှုကို ပျော်ရွှင်ခံစားရနိုင်သည်။

အိန္ဒိယကြိုးကြာတစ်ကောင်က တစ်ကြိမ်လျှင် အများဆုံး ဥနှစ်လုံးအုသည်။ ဥပေါက်ရန်ဝပ်ခြင်းကို ငှက်မက ပြုလုပ်နေစဉ် ငှက်ဖိုက အသိုက်ကိုပတ်၍ လမ်းလျှောက်ပြီး သူ ချစ်သောငှက်မနှင့် ငှက်ပေါက်ကလေးများအား အကာအကွယ်ပေးသောတာဝန်ကို ယူကာအနားသို့လာရန်ကြိုးစားသော အခြားတိရစ္ဆာန်များအား အစွမ်းကုန် တိုက်ခိုက်ရန် အဆင်သင့်ပြင်ထားသည်။ ငှက်မပင်ပန်းနွမ်းနယ်ပြီး အသိုက်ထဲမှ ထွက်လာသောအခါ (ရှည်လျားသော ခြေထောက်များကြောင့် သူမ သက်သောင့်သက်သာမဖြစ်ဟု ကျွန်ုပ် ထင်သည်) ငှက်ဖိုက နေရာဝင်ယူပြီး ဥများပေါ်၌ဝပ်သည်။

စိတ်ဝင်စားစရာ ကောင်းလှစွာပင် အိန္ဒိယကြိုးကြာဖိုသည် အကျင့်စရိုက်တွင် လူသားများနှင့်တူသည်။ မိခင်ငှက်မက ဥဝပ်ခြင်းကို တစ်နာရီပြီးတစ်နာရီ သစ္စာရှိစွာ ဆောင်ရွက်ပြီး အစာစားဖို့ထွက်သွားလျှင် ဖခင်ငှက်ဖိုက သူ့ကြင်ဖော်၏နေရာကို စိတ်

မပျံတပါဖြင့် ဝင်ရောက်နေရာယူသည်။ ငှက်မပြန်လာသည်ကို သူတွေ့မြင်သည်နှင့် တစ်ပြိုင်နက် သူက သူ၏တာဝန်ကို ငှက်မအား အလျင်အမြန် ပြန်လည်လွှဲအပ်ပေးသည်။ ဤသို့ဖြင့် သူတို့ဥဝပ်ပုံကို ကျွန်ုပ်တို့လေ့လာကြည့်ရှုလျှင် အထီးနှင့်အမ ခွဲခြားဖို့အတွက် နည်းလမ်းကောင်းတစ်ခုကို ဤအချက်က ပြသနေသည်။

အိမ်ထောင်စု တာဟီရအလုပ်များပြုလုပ်ခြင်းကို သူပျင်းရိသော်လည်း ကြိုးကြာငှက်ဖိုသည် ကောင်းမွန်သော အမျိုးသားအားလုံးတို့ကဲ့သို့ပင် သူချစ်သောသူများအား အကာအကွယ်ပေးရာတွင်မြင့်မားစွာ တာဝန်သိစိတ်ရှိသည်။ သူတို့အတိုက်အခိုက်ခံရလျှင် ငှက်ဖိုက အလွန်ကျယ်လောင်စွာအော်ပြီး အတောင်ပံများကိုဖြန့်၍ ရန်သူကို သူ၏ ကိုယ်လုံးဖြင့် အလွန်တရာပြင်းထန်စွာ ပစ်တိုက်သည်။ ထိုအချိန်၌ ငှက်မက သူမ၏ငှက်ပေါက်ကလေးများကို ကာကွယ်ရန် သတိအနေအထားပြင်ထားသည်။

ထိုကဲ့သို့အနေအထားကို တွေ့မြင်လျှင် ကြမ်းကြုတ်သော ဝံပုလွေပင်လျှင် ကြောက်ရွံ့ပြီး နောက်ဆုတ်သွားရလိမ့်မည်။ သို့သော်လည်း ဝံပုလွေတစ်ကောင် အမှန်တကယ်ပြင်းထန်စွာတိုက်ခိုက်လျှင် ငှက်များအနေဖြင့် ခံနိုင်ကြလိမ့်မည်တော့မဟုတ်ပေ။ လူသားများအတွက်လည်း ထိုသဘောအတိုင်းပင်ဖြစ်သည်။ အိန္ဒိယကြိုးကြာများသည် သူတို့အနီးသို့ ချဉ်းကပ်ရန်ကြိုးစားသော လူတစ်ယောက်ယောက်ကို တိုက်ခိုက်ကြလိမ့်မည်။

ရံဖန်ရံခါ၌ စိတ်ဝင်စားစရာကောင်းသော အခြားအရာတစ်ခု ဖြစ်ပေါ်တတ်သည်။ ငှက်ဥများဥချပြီးနောက်တွင် ကြိုးကြာငှက်မဆီသို့ အခြားနေရာမှလာကြသော ကြိုးကြာစုံတွဲများက အလည်အပတ်လာကြသည်။ သူတို့က အတောင်ပံများကို စည်းချက်ကျကျ ရိုက်ခတ်ကြပြီး ခြေထောက်အကတို့ က.ကြ၍ နှစ်သက်ဖွယ်ကောင်းသော အသံပြုလုပ်ကြသည်။ ၎င်းသည် ဆွေမျိုးတော်စပ်သော ကြိုးကြာများက ငှက်ဥပေါက်ခြင်းကို ဂုဏ်ပြုအခမ်းအနား ဆင်ယင်ကျင်းပခြင်းဖြစ်သည်ဟု ကျွန်တော် ထင်မှတ်သည်။ ဤအဖြစ်အပျက်က ၅ မိနစ်ခန့်ကြာသည်။ ထို့နောက် ဧည့်သည်များက ထွက်ခွာမသွားကြခင် အချိန်အတန်ကြာ ပတ်ချာလှည့်စတင်ပျံသန်းကြသည်။

၂၉ ရက်မှ ၃၅ ရက်ကာလကြာပြီးနောက်တွင် ဥများအကောင်ပေါက်လာကြသည်။ ကြိုးကြာစုံတွဲက ပိုမိုလုံခြုံစိတ်ချရသည်ဟု သူတို့တွေ့ရှိသော အခြားနေရာသို့ မပြောင်းရွှေ့ခင် တစ်ပတ်ခန့် ဆက်လက်နေထိုင်ကြသည်။ ကလေးငယ်များအား ကြိုးကြာငှက်များ အစာကျွေးပုံကိုကြည့်ရခြင်းက နှစ်သက်စရာကောင်းသော မြင်ကွင်းတစ်ခုဖြစ်သည်။ သူတို့အလွန်အချိန်တိကျကြသည်။ အစာရှာဖွေရန် ငှက်ဖိုထွက်သွားသည့်အချိန်တိုင်း ကျွန်တော်

လက်ပတ်နာရီကြည့်ပြီး အချိန်မှတ်လျှင် ၁၅ မိနစ်ခန့်အကြာ၌ သူပြန်လာသည်ကို တွေ့မြင်ရသည်။ ငှက်မကလည်း ထိုအတိုင်းပင်ဖြစ်ပြီး ကွာခြားချက်က တစ်မိနစ်ထက်မပိုချေ။

အိန္ဒိယကြိုးကြာက ရေသပြုသီး၊ သစ်မြစ်နှင့် အင်းဆက်ပိုးကောင်များကို စားသောက်သည်။ သဘာဝက ချစ်စရာကောင်းသော ဤငှက်များကိုဖန်တီးပြီး မိမိကိုယ်ကိုယ်မှီခိုအားထားဖို့အတွက် သင့်လျော်မှုတစ်ခု ပေးအပ်ထားသည်။ ထိုသင့်လျော်မှုကြောင့် လူသားများကို ဒုက္ခပေးခြင်း၊ သို့မဟုတ် ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်းမှ သူတို့ လွတ်ကင်းကြ သည်။

အကောင်ပေါက်ပြီးနောက် ရက်အနည်းငယ်ကြာသောအခါ အကောင်ပေါက်ကလေးများက သင်ခန်းစာများ စတင်လက်ခံ သင်ယူကြသည်။ လူသားများပြုလုပ်ကြသကဲ့သို့ သူတို့၏မိဘများက သင်ခန်းစာကို အလှည့်ကျပေးကြသည်။ လမ်းလျှောက်သင်ခန်းစာပြုလုပ်နေစဉ်အတောအတွင်း၌ ဖခင်ကြိုးကြာက ဘေးမှရပ်၍ကြည့်နေစဉ် မိခင်ကြိုးကြာက အကောင်ပေါက်ကလေးများကို နီးနီးနားနားလမ်းလျှောက်နည်း ညွှန်ကြားပြသသည်။ နောက်တစ်နေ့တွင် မိခင်ကပင် သူတို့ကို ဝေးဝေးလံလံလမ်းလျှောက်ရန် လေ့ကျင့် သင်ကြားပေးပြီး ဤနည်းဖြင့် ပျံသန်းခြင်းသင်ယူရာတွင်လည်း သူတို့၏တိုးတက်မှုမြင့်တက်လာသည်။

အိန္ဒိယကြိုးကြာတွင် သူတို့၏အကောင်ပေါက်ကလေးများကို ရေကူးနည်း လေ့ကျင့်သင်ကြားပေးသည့် မူလနည်းစနစ်တစ်ခုလည်း ရှိသည်။ ငှက်အကောင်ပေါက်များ ရက်သတ္တ ၃ ပတ်ကျော် သက်တမ်းရှိလာသောအခါ ငှက်မက ကမ်းစပ်ပေါ်တွင် ရပ်ကြည့်နေပြီး သူတို့အတွက် စံပြပုံစံအဖြစ်ဆောင်ရွက်သည်။ ငှက်ဖိုငှက်မစုံတွဲတို့က အကောင်ပေါက်များအား ကြည့်ရှုစောင့်ရှောက်ခြင်းကို မျှဝေယူကြပြီး အသီးသီးက ငှက်ပေါက်တစ်ကောင်စီကို တာဝန်ယူကြသည်။

ချစ်ခင်ကြင်နာသော အကာအကွယ်ပေးမှုအောက်တွင် ၈ လခန့်နေထိုင်ပြီးနောက်၌ အရွယ်ရောက်လာသော ငှက်ပေါက်သည် လွတ်လပ်သောဘဝကို ရှာဖွေရန် အသိုက်မှ ထွက်ခွာသည်။ ၎င်းသည် သူ၏ဘဝတွင် အကြီးကျယ်ဆုံး အဖြစ်အပျက်ဖြစ်သည်။ ထိုကဲ့သို့ ခွဲခွာမှုက ကျွန်ုပ်နှင့် ကျွန်ုပ်၏တပည့်များအားလုံးအား နက်ရှိုင်းသော ခံစားချက် ဖြစ်ပေါ်စေသည်။ ဝမ်းနည်းမှုရောယှက်နေသော ဝမ်းသာခြင်းဖြစ်သည်။

ထိုနေ့တွင် ငှက်ဖိုငှက်မတို့က သူတို့၏ကလေးနှင့်အတူ ပျော်ရွှင်စွာ သီချင်းဆိုကခုန်ကြသည်။ ထိုမြင်ကွင်းက လှပသော ပျော်ရွှင်မှုကို သရုပ်ဖော်ပြနေသည်။ ထို့နောက်တွင် သူတို့အားလုံးက အတောင်ပံများဖြန့်ကြပြီး ဆန့်ကျင်ဘက်လားရာနှစ်ဖက်ဆီသို့ ပျံသန်းသွားကြသည်။ ငှက်ဖိုငှက်မက အတူတကွသွားကြပြီး ငှက်ပေါက်ကလေးက သူ၏

ထိမ်းမြားလက်ထပ်ခြင်း ချမ်းသာသုခကိုရှာဖွေရန် အခြားလားရာဘက်ဆီသို့ တစ်ကောင်တည်း ထွက်သွားသည်။

အိန္ဒိယကြိုးကြာစုံတွဲအသီးသီးသည် သူတို့၏ ကိုယ်ပိုင်ပိုင်နက်နယ်မြေရှိကြသည်။ မနာလိုသော ကြိုးကြာတစ်ကောင်ကြောင့် ဖြစ်ပေါ်လာသော တိုက်ခိုက်ပွဲကို ကျွန်တော်လိုက်ကြည့်နိုင်သောအခါ စိတ်လှုပ်ရှားဖွယ်အကောင်းဆုံး အဖြစ်အပျက်များ ဖြစ်ပေါ်လာသည်။ တစ်နေ့တွင် တိုက်ကြက်နှစ်ကောင် ခွပ်နေသကဲ့သို့ ပုံစံမျိုးဖြင့် အိန္ဒိယကြိုးကြာနှစ်ကောင် တိုက်ပွဲဆင်နွှဲနေကြသော မြင်ကွင်းကို ကျွန်တော် တွေ့ရှိမိသည်။ အနီးအနားတွင် အခြားကြိုးကြာတစ်ကောင်က ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသည်။ အိန္ဒိယကြိုးကြာနှစ်ကောင်သာလျှင် ထိုဒေသမြောက်ဘက်အခြမ်းတွင် နေထိုင်ကြသည်ကို ကျွန်တော်ကောင်းစွာ သိရှိသည်။

အဝေးကြည့်မှန်ပြောင်းဖြင့် သေသေချာချာ စောင့်ကြည့်သောအခါ နှစ်ကောင်စလုံးက ငှက်အမများဖြစ်နေကြသည်ကို ကျွန်တော် တွေ့ရှိရသည်။

တိုက်ပွဲက အရှုံးအနိုင်မပေါ်ဘဲ ပြီးဆုံးသွားသည်။ ထို့နောက်တွင် တတိယငှက်က ထွက်သွားသည်။ ကျွန်တော် စုံစမ်းမေးမြန်းမှု ပြုလုပ်သောအခါ ဒေသခံလူများက လွန်ခဲ့သော ၃ လက ထိုဒေသ၏ တောင်ဘက်အခြမ်းတွင် အိန္ဒိယကြိုးကြာအမတစ်ကောင်တည်း လာရောက်နေထိုင်ခဲ့ကြောင်း ပြောပြကြသည်။ ယမန်နေ့က ကျွန်တော် လိုက်လံကြည့်ရှုခဲ့သောမြင်ကွင်းထဲမှ တတိယငှက်သည် ထိုငှက်မပင်ဖြစ်မည်ဟု ကျွန်တော် ခန့်မှန်းသည်။ ဤသို့ဖြင့် သူမကို ကျွန်တော် အနီးကပ်ကြည့်ရှုခဲ့သည်။

နောက် ၂ ရက်ကြာသောအခါ ထိုဒေသ၏မြောက်ဘက်အခြမ်းမှ ငှက်ဖိုငှက်မစုံတွဲတို့၏ အိပ်တန်းတက်သောနေရာသို့ သူမရောက်ရှိလာခဲ့သည်။ ထိုအချိန်၌ ဖနီးကြိုးကြာက အစာရှာထွက်နေသည်။ ဤသို့ဖြင့် ကြိုးကြာအပျိုမက ခင်ပွန်းကြိုးကြာနှင့် အကြီးအကျယ် ပျော်ပါးနေသည်။ ရုတ်တရက်ဆိုသလို ဇနီးကြိုးကြာ ပြန်ရောက်လာသောအခါ သူမ အံ့ဩသွားသည်။ လုံးထွေးသတ်ပုတ်ပွဲ ပြင်းထန်စွာ ဖြစ်ပေါ် လာသောကြောင့် အချစ်စိတ်လွှမ်းနေသော ငှက်ဖိုမှာ ဝင်ရောက်မစွက်ဖက်ရဲတော့ဘဲ အပြင်ဘက်မှ ယောက်ယက်ခတ်သွားလာလျက် အကူအညီအော်တောင်းနေ သည်။

သို့သော်လည်း ဤကိစ္စတစ်ခုသာလျှင် ခြွင်းချက်ဖြစ်သည်။ ယေဘုယျအားဖြင့် အိန္ဒိယကြိုးကြာများသည် အလွန်သစ္စာရှိသော ကြင်ဖော်များဖြစ်ကြသည်။

အိန္ဒိယကြိုးကြာများက သူတို့အား စောင့်ရှောက်၊ ကာကွယ်ကြသူများအပေါ် လူသားများကဲ့သို့ မိတ်ဆွေဆန်ကြသည်။ သို့သော် ဆန့်ကျင်ဘက်အားဖြင့် သူတို့အား

အန္တရာယ်ပြုသူများအပေါ် သူတို့ ပြင်းထန်စွာ တုံ့ပြန်ကြသည်။ ဗီယက်နမ် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းဆီသို့ သူတို့ မကြာခဏ အလည်အပတ်လာကြပြီး ကျွန်ုပ်အပေါ် သံယောဇဉ်နက်ရှိုင်းစွာထားကြသည်။ သူတို့ ခြိမ်းခြောက်ခံရသည့်အခါတိုင်း အိန္ဒိယကြိုးကြာများက သူတို့၏ အိပ်တန်းတက်သောနေရာများနှင့် ကီလိုမီတာ ၂၀ နီးပါးဝေးကွာစွာ ရှိနေသော ဘုန်းကြီးကျောင်းဆီသို့ ညဦးနက်အချိန်အတွင်း၌ပင်လျှင် အကာအကွယ်ရှာဖွေသကဲ့သို့ ပျံသန်းလာတတ်ကြသည်။

သူတို့၏အော်သံများကို နားထောင်ရုံဖြင့် သူတို့၏စိတ်ခံစားချက် အခြေအနေ ကို ကျွန်ုပ် ခန့်မှန်းနိုင်သည်။ သူတို့စိတ်လက်ပျော်ရွှင်နေသောအခါ သူတို့၏အသံက ထူးထူးခြားခြား အလွန်ကြည်လင်နေသည်။ သူတို့ ဝမ်းနည်းသောအခါ ငိုကြွေးသံပေါ်နေသည်။ ဒေါသဖြစ်သောအခါ၊ သို့မဟုတ် ကြောက်လန့်သောအခါများတွင်လည်း အသံကွဲပြားခြားနားသည်။

ဤအော်သံများက အပြန်အလှန် အကျိုးသက်ရောက်မှုရှိသည်။ တစ်ကောင်အော်လျှင် နောက်တစ်ကောင်ကလည်း အော်သည်။ အိန္ဒိယကြိုးကြာများသည် ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းခြင်းကဲ့သို့ သူတို့၏ခံစားချက်များအားလုံး ထုတ်ဖော်ပြတတ်ကြသည်။ စိတ်လက်ရွှင်လန်းနေလျှင် သူတို့အတောင်ပံများဖြန့်ပြီး ကခုန်သီချင်းဆိုကြသည်။ ဝမ်းနည်းကြေကွဲလျက်က သူတို့ငိုရှိုက်ကြပြီး ဦးခေါင်းကို အတောင်ပံများအောက်၌ မြှုပ်ထားကြသည်။ တစ်ခါတစ်ရံ၌ သူတို့ အစာစားခြင်း၊ ရေသောက်ခြင်းမရှိဘဲ ဒယီးဒယိုင်ဖြင့် လျှောက်သွားနေတတ်ကြသည်။

ကြိုးကြာတစ်ကောင် အကူအညီတောင်းဆိုဖို့ ရောက်လာသည့်အခါတိုင်း ကျွန်ုပ်က လူတစ်ယောက်ကို စက်ဘီးဖြင့်သော်လည်းကောင်း၊ ဆိုင်ကယ်ဖြင့်သော်လည်းကောင်း သူတို့၏ အိပ်တန်းတက်နေရာဆီသို့ ချက်ချင်းသွားခိုင်းပြီး ပြဿနာကို စုံစမ်းစစ်ဆေးဖြေရှင်းခိုင်းသည်။ ထိုအကြောင်းကြောင့် ဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် ကျွန်ုပ်တို့ဘုန်းကြီးကျောင်းတွင် လမ်းလျှောက်စကားပြောစက် အတော်များများ ရရှိအောင် လုပ်ပေးထားရသည်။ ငှက်ဥများကိုခိုးယူရန် အရပ်သားတစ်ယောက် ချောင်းမြောင်းနေသောကြောင့်ဖြစ်လျှင် ဒေသဆိုင်ရာအာဏာပိုင်များကို ကျွန်ုပ် ချက်ချင်း အကြောင်းကြားပြီး သူတို့ကို ဝင်ရောက်တားဆီးခိုင်းသည်။

လုမ္ဗိနီမှငှက်များအတွက် အဓိကခြိမ်းခြောက်မှုက ကောင်းကင်တွင် ကူးလူးယှက်သန်းနေသော ဗို့အားမြင့်လျှပ်စစ်ဝါယာကြိုးများထံမှလာသည်။ အိန္ဒိယကြိုးကြာတစ်ကောင်

သွက်လက်သောလှုပ်ရှားမှုများဖြင့် အတောင်ပံများဖြန့်ကားလျက် ဆင်းသက်လာခြင်းကို ကြည့်ရှုရသည်မှာ လုံးဝလှပစိတ်ဝင်စားစရာကောင်းသော မြင်ကွင်းတစ်ခုဖြစ်သည်။

ဝါယာကြိုးများနှင့်ငြိတွယ်သော ကံမကောင်းသည့် ငှက်အချို့အတွက် အချိန်မတန်သော သေခြင်းအကြောင်းတရားလည်း ဖြစ်လေသည်။

၂၀၀၀ ပြည့်နှစ် ဖွန်လစောစောပိုင်းတွင် အိန္ဒိယကြိုးကြာစုံတွဲတစ်တွဲ လုမ္ဗိနီ ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၏ မြေပြင်ထဲသို့ အသိုက်လာဆောက်ကြသည်။ ငှက်မဥမဝပ်ခင်အချိန်၌ ငှက်ဖိုကြိုးကြာက မြေပြင်ပေါ်သို့ ဆင်းသက်လာသောအခါ ဓာတ်လိုက်သေဆုံးသွားသဖြင့် နှလုံးပူဆွေးစရာကိစ္စ ဖြစ်လာခဲ့ရသည်။ လူများအတွက် ဆောင်ရွက်သကဲ့သို့ ဗုဒ္ဓဘာသာ အစဉ်အလာဖြင့် ငှက်၏အလောင်းကို ကျွန်တော်တို့ မြှုပ်နှံကြသည်။

နောက်တစ်ပတ်အချိန်အတွင်း၌ ငှက်မက အခင်းဖြစ်ပွားရာနေရာကို မနက်တိုင်းလာပြီး ဝမ်းနည်းကြေကွဲစွာ အော်မြည်သည်။ ထိုရက်များအတွင်း၌ ဘုန်းကြီးကျောင်းထဲမှလူများမှာ အလွန်အမင်းစိတ်မကောင်းဖြစ်ကြလွန်းသဖြင့် လူတစ်ယောက်၏နာရေးနှင့် တွေ့ကြုံနေရသကဲ့သို့ပင် ခံစားကြရလေသည်။

သနားစရာကောင်းလှစွာပင် ထိုနေ့မှစ၍ သူမ အပေါ်သို့ ပျံသန်းတက်ချင်သည့်အခါတိုင်း ခေါင်းငုံ့လျက် ဝေးလံစွာပြေးလွှားပြီး ကူးလူးယှက်နွယ်နေသော ဝါယာကြိုးများနှင့် လွတ်ကင်းသောအခါကျမှသာ ကောင်းကင်ပေါ်သို့ စတင်တက်လေသည်။ ၎င်းက ဤငှက်မျိုးရှိသည် အထူးတလှယ် အသိဉာဏ်ရှိကြောင်းကို သက်သေပြနေသည်။ သူမ၏ ဘဝကြင်ဖော် သေဆုံးရခြင်းအကြောင်းရင်းကို သူမသိရှိနိုင်သည်ဆိုသည်မှာ ရှင်းလင်းထင်ရှားနေသည်။

နီပေါနိုင်ငံ၏ စီးပွားရေး၊ အောင်မြင်တိုးတက်လာသော တစ်နေ့တွင် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဗဟိုအစိုးရတို့အနေဖြင့် တည်ရှိနေဆဲဖြစ်သော လျှပ်စစ်ဝါယာကြိုးကွန်ရက်လုပ်ငန်းကို မြေအောက်ကွန်ရက်လုပ်ငန်းဖြင့် အစားထိုးနိုင်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်မိပြီး လုံ့ဆော်တိုက်တွန်းမှုကို အကောင်းဆုံးပြုလုပ်ခဲ့သည်။

## အိန္ဒိယကြိုးကြာများအား ကာကွယ်စောင့်ရှောက်ခြင်း

အိန္ဒိယကြိုးကြာများအပေါ် ကျရောက်နေသော အန္တရာယ်များထဲတွင် ခြိမ်းခြောက်မှုအကြီးမားဆုံး အန္တရာယ်က လူသားများထံမှလာသည်။ ကြိုးကြာများရောက်လာကတည်းက ဗီယက်နမ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းသည် များစွာသော ဧည့်သည်များကို ဆွဲဆောင်သောနေရာဖြစ်လာသည်။ ထို့အပြင် ဘုန်းကြီးကျောင်းအနီး၌ လာရောက်နေထိုင်ကြသော ထူးဆန်းသည့်ငှက်တစ်မျိုးနှင့် ပတ်သက်သော ကောလာဟလများကြောင့် အရပ်သားများကလည်း ထိုငှက်များကိုကြည့်ရန် စုပြုံပိုင်းအုံလာကြသည်။

ထို့နောက်တွင် အခြေအမြစ်မရှိဘဲ အိန္ဒိယကြိုးကြာငှက်ဥများကိုစားလျှင် နှစ် ၅၀၀ အသက်ရှည်နိုင်သည်ဟူ၍လည်းကောင်း၊ ငှက်အသားကိုစားလျှင် နှစ် ၇၀၀ အသက်ရှည်နိုင်သည်ဟူ၍လည်းကောင်း ကောလာဟလဖြစ်လာသည်။ ဤသို့ဖြင့် နှစ်လိုဖွယ်ကောင်းသော၊ ညင်သာသော ဤသတ္တဝါများမှာ လေးနက်စွာ အသက်အန္တရာယ် ခြိမ်းခြောက်ခံလာရသည်။ လူအတော်များများက သူတို့၏ဥများကို ခိုးယူကြပြီး သူတို့ကို ခိုးကြောင်ခိုးဝှက်ဖြင့် ဖမ်းဆီးရန် ကြိုးစားကြသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်တို့အားလုံးမှာ ဤငှက်များကို အကာအကွယ်ပေးရာတွင် ကြီးမားသော အခက်အခဲများကို တွေ့ကြုံကြရသည်။ ထိုနေရာတစ်ဝိုက်တွင် နေ့ရောညပါ ချောင်းမြောင်းနေကြသော မသမာသူ ရာပေါင်းများစွာနှင့် ၁၀ ယောက်ကျော်ကျော်ရှိသော ကျွန်ုပ်တို့လူများ ပြိုင်ဆိုင်နေကြရသည်။ ငှက်တစ်ကောင် ဥအုသည်နှင့်တစ်ပြိုင်တည်း

ဥများကိုကာကွယ်ရန် ကျွန်ုပ်တို့အစီအစဉ် စတင်ရေးဆွဲရသည်။ သို့သော် အစောင့်တစ်ယောက် မျက်စိလျှမ်းသွားခြင်း၊ သို့မဟုတ် မေးခန် အိပ်ပျော်သွားခြင်းသည် ငှက်ဥများ အခိုးခံရသော ရလဒ်ဖြစ်ပေါ်လာနိုင်သည်။

ကြိုးကြာများကိုကာကွယ်စောင့်ရှောက်ခြင်းက ကျွန်ုပ်အတွက် အလွန်အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်လာသည်။ ဤငှက်များကို အထူးတလည် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော မျိုးရိုးတစ်ခုအဖြစ် စာရင်းသွင်းရန်နှင့် အိန္ဒိယကြိုးကြာငှက်များအား အန္တရာယ်ပြုသော အပြုအမူအားလုံးအတွက် အပြစ်ဒဏ်ပြင်းထန်းသော အမိန့်ဒီကရီတစ်ခု ထုတ်ပြန်ရန် ဒေသဆိုင်ရာအာဏာပိုင်များနှင့် သတင်းဌာနကို ကျွန်ုပ်တိုက်တွန်းသည်။ အိန္ဒိယကြိုးကြာများအား ဖမ်းဆီးခြင်း၊ သို့မဟုတ် သတ်ဖြတ်ခြင်းအတွက် အပြစ် ဒဏ်ကများပြားသောဒဏ်ငွေ၊ သို့မဟုတ် ထောင်ဒဏ်ပင်ဖြစ်နိုင်သည်။

သို့သော် ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုအားလုံး အချည်းနှီးဖြစ်နေပြီး ငှက်ဥများ အခိုးခံနေရဆဲဖြစ်လေသည်။ ငှက်ဥများအခိုးခံရသည့်အခါတိုင်း ပြန်ပေးဆွဲခံရသူတစ်ယောက်အတွက် ဆောင်ရွက်ကြသကဲ့သို့ သူခိုးများကို ရှာဖွေကြသည်။ ရဲများနှင့် ပူးပေါင်းလျက် သူတို့ကို ကျွန်ုပ်တို့ ခြေရာခံလိုက်ကြသည်။ ငှက်ဥများ သူတို့ဝမ်းထဲရောက်သွားကြပြီဆိုလျှင် ၎င်းတို့ကို ကျွန်ုပ်တို့ မည်ကဲ့သို့ ပြန်ယူနိုင်မည်နည်း။ ရံဖန်ရံခါ၌ မြေကြီးထဲတွင်မြှုပ်ထားသော ငှက်ဥအခွံများကို ကျွန်ုပ်တို့တွေ့ရှိကြပြီး သူခိုးကို ဖမ်းမမိချေ။

သဘာဝနှင့် တိရစ္ဆာန် ချစ်မြတ်နိုးသူတစ်ယောက်အဖြစ် ကျွန်ုပ် အမှန်တကယ် ကိုနာကျင်စွာ ဝမ်းနည်းမိသည်။ ငှက်ဥအချို့အခိုးခံရသည်ဟု ကျွန်ုပ်သိရှိရသည့်အကြိမ်တိုင်း စိတ်မကောင်းဖြစ်စွာ မျက်ရည်ကျရလေ့ရှိသည်။ ကျွန်ုပ်ဒကာတချို့က ထိုငှက်များ အပေါ်တွင် ကျွန်ုပ် ဝင်ရောက်ရှိနေသောကြောင့် ရလဒ်အဖြစ် သူတို့အတွက် ခံစားနေရသည်ဟု နောက်ပြောင်ပြောကြသည်။

ထိုအချိန်က ပြဿနာကိုဖြေရှင်းရန် ကျွန်ုပ်တို့၏ အစွမ်းအစဖြင့် ဘာမျှပြုလုပ်နိုင်ဟန်မတူချေ။ မကောင်းမှုကျူးလွန်သူများက ထောင်မှထွက်သည်နှင့်တစ်ပြိုင်နက် ကြိုးကြာငှက်များကို လိုက်လံဖမ်းဆီးသည့် မကောင်းမှုအလုပ်ကို ဆက်လက်ပြုလုပ်ကြသည်။

ဗုဒ္ဓဘုရားရှင် ဖွားမြင်သော ထွတ်မြတ်သည့်မြေနေရာမှ မြင့်မြတ်မှုကို ကျွန်ုပ်နိုင်မာစွာ ယုံကြည်သည်။ ထို့ကြောင့် ပြဿနာကြီးတစ်ခုနှင့် ကျွန်တော် ကြုံတွေ့သည့်အခါတိုင်း ထိုနေရာသို့သွား၍ ဆုတောင်းသည်။ ဤတစ်ကြိမ်၌ အသောကကျောက်တိုင်ကို

ကြည်ညိုစွာဖြင့် ကျွန်ုပ်ပတ်လျှောက်ပြီး အိန္ဒိယကြိုးကြာငှက်များကို လုံခြုံစွာကာကွယ်နိုင်ရန်အတွက် ကျွန်ုပ်အား အထူးတလည်အစွမ်းများပေးရန် မြင့်မြတ်သောနတ်ဘုရားများအား ဆုတောင်းသည်။

ရိုးသားဖြောင့်မှန်သော ဆုတောင်းများကို ရွတ်ဆိုပြီးသောအခါ ဘုန်းကြီးကျောင်းသို့ ပြန်လာပြီး အောက်ပါအတိုင်းပါရှိသော ကြေညာချက်တစ်ခုကို နီပေါစာဖြင့် ရေးသားသည်။ "ဤဒေသမှ ကြိုးကြာများသည် အလွန်မြင့်မြတ်ကြသည်။ သူတို့လာနေသောနေရာသို့ ငြိမ်းချမ်းရေးကို သူတို့ သယ်ဆောင်လာကြသည်။ သူတို့သည် ရှားပါးသောငှက်များ ဖြစ်ကြသည်။

ယခုအခါ၌ ကမ္ဘာပေါ်တွင် သူတို့၏အရေအတွက် အလွန်နည်းပါးစွာသာ ရှိတော့သည်။ ဤနေရာသို့ သူတို့လာပြီး အိမ်လုပ်ကြသော အချက်သည် ဒေသခံအရပ်သားများအတွက် ကောင်းမွန်သော အတိတ်နိမိတ်ဖြစ်သည်။ သူတို့ကို အန္တရာယ်ပြုသူများသည် ကြီးမားသောပြစ်ဒဏ်ကို ခံရလိမ့်မည်ဖြစ်ကြောင်း ပြည်သူများကို သတိပေးသည်။ "ကြိုးကြာဥများကို စားကြသူများသည် သူတို့၏ခန္ဓာကိုယ်၌ ဝဲများပေါက်ကြလိမ့်မည်။ ကြိုးကြာများကို သတ်ဖြတ်သူသည် (၃)ဘဝတိုင်တိုင် ကံဆိုးမိုးမှောင်ကျလိမ့်မည်"

ကြေညာချက်ကို ဒေသတစ်ဝန်းလုံး၌ ကျယ်ပြန့်စွာ ဖြန့်ဝေသည်။ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုထွက်ပေါ်လာသည်။ လူများစွာတို့က ကြေညာချက်ထဲ၌ ပြောထားသောအရာများကို ယုံကြည်ကြဟန်တူပြီး ငှက်ဥများကို ခိုးယူသော အကြိမ်အရေအတွက် ကျဆင်းသွားသည်။ သို့လင့်ကစား မယုံကြည်သူအနည်းငယ်က ကြိုးကြာငှက်ဥများကို ဆက်လက်ခိုးနေကြသေးသည်။

၂ ပတ်ခန့်ကြာသောအခါ ဂျပန်ဘုန်းကြီးကျောင်းမှ အလုပ်သမားတစ်ယောက်နှင့် ဗီယက်နမ်ဘုန်းကြီးကျောင်းမှ အမှုထမ်းတစ်ယောက်တို့ သူတို့၏လက်များတွင် ဝဲများပေါက်လာသောကိစ္စ ဖြစ်ပေါ်လာသည်။ သူတို့ ကြောက်လန့်ကြလွန်းသဖြင့် ကျွန်ုပ်ဆီနှင့် ဂျပန်ဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် နာဘာတမီဆီသို့ လာကြပြီး သူတို့၏ မကောင်းမှုကို ဝန်ခံကြသည်။ ငှက်ဥများကို သူတို့ အမှန်တကယ်ခိုးခဲ့ကြသည်။ သတင်းက လျင်မြန်စွာပျံ့နှံ့သွားပြီး နောက်ဆက်တွဲ အကျိုးသက်ရောက်မှုအဖြစ် အခြေအနေများစွာ ပိုမိုကောင်းမွန်လာသည်။

မကြာခင်၌နောက်ထပ်ပြဿနာတစ်ခုပေါ်ထွက်လာသည်။ ကလေးအုပ်စုများက ကြိုးကြာများကို သွားရောက်ဖမ်းဆီး သတ်ဖြတ်ကြသည်။ ကျွန်ုပ် နောက်တစ်ကြိမ် အခက်အခဲတွေ့ရပြီး ၎င်းကိုတားဆီးရန် နည်းလမ်းရှာဖို့ ဌာနေရဲများနှင့် ကြိုးစားဆွေးနွေးသည်။ သို့သော် ဘာမျှမလုပ်နိုင်ချေ။

အိန္ဒိယကြိုးကြာများသည် ဤဒေသမှ ပြည်သူများကို ငြိမ်းချမ်းရေးနှင့် ကြီးပွားချမ်းသာရေးကို ဆောင်ကြဉ်းပေးကြောင်း ဒေသခံများသိရှိစေရန် ကျွန်ုပ်တို့ ကြိုးစားကြသည်။ ၎င်းအပြင် ရုပ်ရှင်များပြသခြင်း၊ ရုပ်ပုံများပြသခြင်းနှင့် ဟောပြောပွဲပြုလုပ်ခြင်းကဲ့သို့ ပညာပေးဆောင်ရွက်မှုများကို မလျှော့တမ်းလုပ်ဆောင်သည်။ တစ်ချိန်တည်း၌ ကလေးများကို သဘာဝအားချစ်တတ်ခြင်းနှင့် တိရစ္ဆာန်များ၏ ဘဝအပါအဝင် ဘဝကို လေးစားခြင်းများ သင်ကြားပြသရန် ရည်ရွယ်ချက်ဖြင့် ငှက်ပုံရေးဆွဲခြင်း ပန်းချီပြိုင်ပွဲများကို ကျွန်ုပ်တို့ စည်းရုံးဆောင်ရွက်ကြသည်။

ကြိုးကြာများ၏ အပြုအမူကို မည်ကဲ့သို့ စူးစမ်းလေ့လာရမည်ကို ကျေးရွာသားများအား ကျွန်ုပ် ညွှန်ကြားပြသည်။ ရလဒ်အဖြစ် ငှက်များအပေါ် သူတို့ချစ်ခင်စိတ်များ ဖြစ်လာကြသည်။ ဤကြိုးစားအားထုတ်မှုများ၏ အကျိုးကျေးဇူးကြောင့် နောက်ဆုံး၌ ကြိုးကြာများအား ဖမ်းဆီးသတ်ဖြတ်မှု အဆုံးသတ်သွားသည်။

ကြိုးကြာများသည် အမှန်တကယ်ပင် စိတ်ထားကောင်းမြတ်ခြင်း၏ အထူးသံတမန်များဖြစ်ကြသည်။ လူများကို သဘာဝနှင့် ပိုမိုရင်းနှီးအောင် သူတို့ ပြုလုပ်ကြသည်။ ကလေးများနှင့် ကျွန်ုပ် ပိုမိုနီးကပ်စွာနေထိုင်ပြီး ဤအရပ်မှ ဆင်းရဲသောရွာသားများ၏ ဘဝအကြောင်း ပိုမိုကောင်းမွန်စွာ သိရှိလာရခြင်းမှာ သူတို့၏ကျေးဇူးကြောင့်ဖြစ်သည်။

တစ်ခါတွင် အိန္ဒိယကြိုးကြာမောင်နှံစုံတွဲ မြွေကိုက်ခံရပြီး သေနေကြသည်ကို တွေ့ကြရသည်။ နိုကိုးရာမဲ့နေသော ကြိုးကြာပေါက်ကလေးများကို ဘုန်းကြီးကျောင်းသို့ ကျွန်ုပ်ယူဆောင်လာပြီး ပြုစုစောင့်ရှောက်သည်။ သားပေါက်ငှက်များ ကြီးပြင်းလာသောအခါ သူတို့၏မိဘ ကြိုးကြာများပြုလုပ်ကြမည့် ပုံစံအတိုင်း တစ်ထပ်တည်း သူတို့ကို လမ်းလျှောက်နည်းနှင့် ပျံသန်းနည်းများ ကျွန်ုပ် လေ့ကျင့်သင်ကြားပေးသည်။

ကြိုးကြာမိဘများ မည်ကဲ့သို့ပြုလုပ်ကြသည်ကို ကျွန်ုပ် စေ့စေ့စပ်စပ် လေ့လာကြည့်ရှုသည်။ လက်နှစ်ဖက်ကို ဘေးသို့ဖြန့်ကားလျက် ခြေလှမ်းတိုတိုများဖြင့် ငှက်များရှေ့မှ ကျွန်တော်ပြေးသည်ကိုလည်းကောင်း၊ ထို့နောက် သူတို့ကိုပျံသန်းရန် လေ့ကျင့်သင်

ကြားပေးသောအခါ မြောက်ဆွမြောက်ဆွဖြင့် လှုပ်ရှားသည်ကိုလည်းကောင်း ဘုန်းကြီးကျောင်းထဲမှ လူများနှင့် ရွာသားအချို့တို့ တွေ့မြင်ကြသည်။ သူတို့မရယ်ဘဲ မနေနိုင်ကြချေ။ ကျွန်ုပ် လေ့ကျင့်သင်ကြားမှုက ထိရောက်ကြောင်း သက်သေပြပြီး မကြာခင်၌ ကြိုးကြာသားပေါက်များ ပျံသန်းလာနိုင်ကြသည်။ ထို့နောက်၌ သူတို့ဝေးလံစွာ စတင် ပျံသန်းကြသည်။

ဒေသခံလူများက ကြိုးကြာငှက်များအပေါ် ကျွန်ုပ် ချစ်ခင်သည်ကို သိရှိကြသည်။ ထို့ကြောင့် သူတို့တွေ့ရှိရသော မိဘမဲ့ငှက်များကို ကျွန်ုပ်ဆီသို့ ယူဆောင်လာကြသည်။ ကျွန်ုပ်က သူတို့ကို ဆုလာဘ်အဖြစ် ပိုက်ဆံအချို့ပေးသည်။ မိဘမဲ့ငှက် စုစုပေါင်း ၁၀ ကောင် ပြုစုစောင့်ရှောက်ခဲ့သည်။

အလုပ်ကိစ္စဖြင့် ကျွန်ုပ် အဝေးသို့ထွက်သွားရသည့်အခါတိုင်း သူတို့ကို တစ်ယောက်ယောက်ဆီသို့ ခေါ်ဆောင်သွားပြီး ထိုလူအား သူတို့ကို ကြည့်ရှုစောင့်ရှောက်ခိုင်းသည်။ ထိုသို့ ကြည့်ရှုစောင့်ရှောက်ခိုင်းရသည့်အတွက် ကျွန်ုပ် အမြဲတမ်း ပိုက်ဆံပေးသည်။ ကျွန်ုပ် ကြည့်ရှုစောင့်ရှောက်သော ငှက်များအားလုံးကို အမည်များပေးထားပြီး ခြေထောက်များတွင် အထူးအမှတ်အသားများ ပြုလုပ်ထားသည်။

လောလောဆယ်၌ လုမ္ဗိနီမှ အိန္ဒိယ ကြိုးကြာငှက်အကောင်ရေမှာ ၄၄ ကောင်သို့ တိုးမြင့်လာခဲ့သည်။ ထိုဒေသတစ်ပိုက်မှ နေရာအနှံ့အပြားတွင် သူတို့နေထိုင်ကြသည်။ စုံတွဲအသီးသီးတွင် သူတို့အတွက် လုံးဝသီးသန့်ဖြစ်သော ကိုယ်ပိုင်ကုန်းမြေရှိကြသည်။ အခြားမည်သည့်ငှက်ကမျှ ထိုကုန်းမြေအနီးသို့သွားခြင်း၊ သို့မဟုတ် ၎င်းအထဲသို့ ကျူးကျော်ဝင်ရောက်ခြင်း မပြုလုပ်ကြချေ။

၂၀၀၃ ခု၊ မိုးရာသီတွင် အိန္ဒိယကြိုးကြာငှက်စုံတွဲ ၃ တွဲတို့က လုမ္ဗိနီရှိ ဗီယက်နမ်ဗုဒ္ဓမြေဘုန်းကြီးကျောင်းအနီး၌ အသိုက်များဆောက်လုပ်ကြပြီး ဥ ၆ လုံး ဥကြသည်။ ဤအဖြစ်အပျက်ကြောင့် ဘုန်းကြီးကျောင်းထဲမှ ကျွန်ုပ်တို့အားလုံးနှင့် ကျွန်ုပ်မိတ်ဆွေများ အလွန်ပျော်ရွှင်မိကြသည်။ ကျွန်ုပ်မိတ်ဆွေများက အိန္ဒိယကြိုးကြာများကို အလွန်ချစ်ကြသည်။

မကြာသေးခင်က အလုပ်ကိစ္စဖြင့် ကျွန်ုပ် အဝေးကိုသွားရသည်။ မနက်စောစောတွင် ကျွန်ုပ်ထွက်ခွာရန် အဆင်သင့်ဖြစ်နေသောအခါ ကြိုးကြာ ၁၀ ကောင်ပါသော ငှက်တစ်အုပ်က ဗီယက်နမ်ဘုန်းကြီးကျောင်းအထက်ရှိ ကောင်းကင်ထဲတွင် ရုတ်တရက်

ပေါ်ထွက်လာပြီး ပတ်ချာလှည့်ဝဲနေကြလျက် အိပ်မက်နှင့်တူသော လှပသည့်မြင်ကွင်းကို ဖန်တီးနေကြသည်။

ဘုန်းကြီးကျောင်းအဖွဲ့ဝင်အားလုံးက အလုပ်လုပ်နေခြင်းကို ရပ်တန့်ကြ၍ ခမ်းနားသောမြင်ကွင်းကို ထွက်ကြည့်ကြသည်။ ခဏတာအခိုက်အတန့်၌ လူတိုင်းမှာ သူတို့၏လောကီဘဝအကြောင်းကို မေ့လျော့ကြပြီး သူတို့ ပုံပြင်ကမ္ဘာထဲသို့ ရောက်ရှိသွားကြသကဲ့သို့ သူတို့၏စိတ်ဝိညာဉ်ကို ရောက်မိရောက်ရာသို့ စေလွှတ်မိကြသည်။

စိတ်လှုပ်ရှားနေသော အခြေအနေဖြင့် ဘုန်းကြီးကျောင်းမှ ကျွန်ုပ်ထွက်ခွာလာခဲ့ပြီး ကျွန်ုပ်မိတ်ဆွေများ (ကြိုးကြာများ) ကျွန်ုပ်ကို လာရောက်ပို့ဆောင်နှုတ်ဆက်လေသလားဟု တွေးမိသည်။ ၎င်းကြောင့် ကျွန်ုပ်၏ညီအစ်ကိုတချို့က ကျွန်ုပ်သေလျှင် အိန္ဒိယကြိုးကြာများ ကျွန်ုပ်ကို လာရောက်နှုတ်ဆက်ကြလိမ့်မည်ဟု နောက်ပြောင်ပြောကြသည်။ သူတို့ပြောသောအရာက ကျွန်ုပ်အတွက် ဆန္ဒမှန်တစ်ခုဖြစ်နေဟန်တူပြီး ဤ အလားအလာကြောင့် ကျွန်ုပ် အလွန်ပျော်ရွှင်မိကာ ကျွန်ုပ်သေလျှင် အလွန်ကဗျာဆန်ပြီး အလွန်တရာလွမ်းမောဖွယ်ကောင်းလိမ့်မည်ဟု ထင်မှတ်မိသည်။

အိန္ဒိယကြိုးကြာများအပေါ် ကျွန်ုပ်စိတ်ဝင်စားနေစဉ် လုမ္ဗိနီ၌ အခြားငှက်မျိုးရိုးတစ်စု ရောက်ရှိလာသည်ကို တွေ့ရှိမိသည်။ ၎င်းကို လှပတင့်တယ်သော ငှက်များဟု ကျွန်ုပ်အမည်ပေးသည်။ ငှက်မဥဥရန် အချိန်ကြာလာသောအခါ ငှက်ဖိုက အသိုက်စတင်ဆောက်သည်။ စိတ်ဝင်စားစရာ အကောင်းဆုံးအရာမှာ ငှက်ဖိုက သူ၏ကြင်ဖော်ငှက်မ ကြိုက်နှစ်သက်သည့်အတိုင်း ရွေးချယ်နိုင်ရန်အတွက် ငှက်သိုက် ၉ ခု၊ ၁၀ ခုလောက်ကို တစ်ပြိုင်တည်းတည်ဆောက်ခြင်းဖြစ်သည်။ ငှက်မက ရွေးချယ်မှုပြုလုပ်ပြီးသည်နှင့် တစ်ပြိုင်နက် ငှက်ဖိုက ကျန်ရှိသောအသိုက်အားလုံးကို ဖျက်ဆီးပစ်သည်။

ထူးဆန်းသော အခြားငှက်မျိုးရိုးတစ်စုရှိသည်။ အိန္ဒိယသားများက ၎င်းငှက်မျိုးရိုးကို ကောင်းကင်ပြိုကျမည်ကို ကြောက်လန့်သော ငှက်များဟုခေါ်ကြသည်။ ဤငှက်များက အလွန်စံစားတတ်ကြသည်။ ညဘက်မအိပ်မီတွင် သူတို့အသိုက်များအထက်ပေါ် သို့မကြာခဏ ပျံသန်းတတ်ကြပြီး အကြိမ်ပေါင်းများစွာ ပတ်ချာလှည့်ပျံသန်း၍ မြင်နိုင်သောအန္တရာယ်လက္ခဏာကို ဂရုတစိုက် ကြည့်ရှုသည်။

ညဘက်တွင် သူတို့ ရုတ်တရက် အသိုက်ထဲမှ ပျံထွက်ကြသည်ကို သင်တွေ့မြင်လျက် မြိမ်းခြောက်နေသော တစ်စုံတစ်ရာကို သူတို့ ခံစားမိကြကြောင်း သိရှိနိုင်ပေသည်။

သူတို့တွင် ထူးခြားသော အိပ်စက်ခြင်းပုံစံအနေအထားရှိသည်။ ကောင်းကင်ကို သူတို့ ထောက်မထားပြီး ၎င်းအား ပြိုကျခြင်းမှ ကာကွယ်ချင်သကဲ့သို့ ကျောကုန်းဖြင့် သူတို့ လဲလျောင်းပြီး ခြေထောက်များအပေါ်သို့ ထောင်ထားကြသည်။ ၎င်းကြောင့် သူတို့ကို ရယ်စရာကောင်းသော အမည်ပေးကြခြင်းဖြစ်သည်။

ဤဒေသတွင် ကြိုးကြာဖြူငှက်တစ်မျိုးလည်း ရှိသည်။ သူတို့၏အမွေးများက အစက်အပြောက်မရှိဘဲ ဖွေးဆွတ်ပြီး အလွန်လှပသည်။ သူတို့က ဆိုက်ဘေးရီးယားမှ ပြောင်းရွှေ့အခြေချသော ငှက်များဖြစ်ကြသည်။ သူတို့က တစ်နှစ်လျှင် ဆောင်းရာသီ၌ ဤနေရာသို့ အနည်းငယ်ကြာ လာရောက်နေထိုင်ကြသည်။

ငှက်ပေါက်ကလေးများကို သူတို့မွေးဖွားပြီးကြသောအခါ သူတို့၏ မွေးရပ်မြေဆီကို ငှက်ပေါက်များနှင့်အတူ ပြန်သွားကြသည်။ လောလောဆယ်အချိန်၌ သူတို့ကို အချက်ပြစက်များ တပ်ဆင်ပေးခြင်းဖြင့် ဤငှက်များ၏ ပြောင်းရွှေ့အခြေချမှုလမ်းကြောင်း ကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ဂေဟာဗေဒပညာရှင်များနှင့်အတူ ကျွန်ုပ်တို့ပူးပေါင်း အလုပ်လုပ်နေကြသည်။

အိန္ဒိယကြိုးကြာငှက်များ ပထမဦးဆုံးအကြိမ် ပေါ်ထွက်လာပြီးနောက် နှစ် အနည်းငယ်ကြာသောအခါ ဒေသခံပြည်သူများ၏ စိတ်နေစိတ်ထားများမှာ များစွာညင်သာလာကြပြီး သိမြင်တတ်သော သတ္တဝါများ သတ်ဖြတ်ခံရမှု အံ့ဖွယ်ကောင်းစွာ လျော့ကျသွား၍ တောရိုင်းတိရစ္ဆာန်များကို သူတို့ချစ်တတ်လာကြသည်။ အိန္ဒိယကြိုးကြာများသည် အမှန်တကယ်ပင် နိမိတ်ကောင်းများ သယ်ဆောင်သော ငှက်မျိုးရိုးဖြစ်သည်။

၎င်းကြောင့် အချို့သောဘာသာများတွင် ကြိုးကြာများကို မြင့်မြတ်သောငှက်များအဖြစ် ကိုးကွယ်ကြခြင်း ဖြစ်ကောင်းဖြစ်မည်။ တန်ဖိုးရှိပြီး ရှားပါသော ဤငှက်များအား ကာကွယ်စောင့်ရှောက်ရန် လိုအပ်ချက်ကို လူတိုင်းအပြည့်အဝ သိရှိကြမည်ဆိုလျှင် သူတို့၏ အရေအတွက် မလွဲမသွေ တိုးမြင့်လာလိမ့်မည်ဖြစ်ပြီး ရလဒ်အဖြစ် သိမြင်တတ်သော သတ္တဝါများအဖို့ ငြိမ်းချမ်းသောဘဝကို ပျော်ရွှင်ခံစားနိုင်ကြပေလိမ့်မည်။

သဘာဝသည် လှပသောရှုခင်းနှင့် သတ္တဝါများကို အမှန်တကယ် ဖန်တီးခဲ့သည်။ ၎င်းတို့ကို ရှာဖွေရန်နှင့် ၎င်းတို့နှင့် နီးနီးကပ်ကပ်နေထိုင်ရန် ကျွန်ုပ်တို့ နှလုံးသွင်းမထားကြလျှင် ၎င်းတို့ကို ကျွန်ုပ်တို့ တွေ့ရှိနိုင်လိမ့်မည်မဟုတ်ပေ။ အကုန်အကျများသော လေ့လာရေးခရီးသည် သင့်ကို အံ့ဖွယ်ကောင်းသော သဘောကျစရာများ ပေးနိုင်ချင်မှ ပေးနိုင်ပေလိမ့်မည်။

သို့သော် နစ်လိုဖွယ်ကောင်းသော ဤငှက်ကလေးများနှင့် အနီးကပ်နေထိုင်ပြီး သူတို့ကို ကောင်းစွာပြုစုစောင့်ရှောက်ဖို့ သင့်ရက်ပေါင်းများစွာ အချိန်ဖြုန်းနိုင်လျှင် သူတို့က သင့်ကို နစ်သက်ဖွယ်ကောင်းသောအမှတ်ရမှုများ အသေအချာပေးပြီး သင့်ကိုယ်ထဲတွင် ကရုဏာနှင့်ခွင့်လွှတ်မှုများ ဖြစ်ပေါ်တိုးတက်အောင် ကူညီပေလိမ့်မည်။

လှပသော ဤကြိုးကြာငှက်များက ကျွန်ုပ်ကို ပျော်ရွှင်မှုအကြီးအကျယ်ဖြစ်စေသည်။ နေ့ကာလအလင်းရောင်မှိန်နေဆဲဖြစ်ပြီး အပြင်ဘက်မှ အရာရာတိုင်း မြူနှင်းများ ဖုံးလွှမ်းနေဆဲဖြစ်သော မနက်စောစောအချိန်တွင် ကော်ဖီတစ်ခွက်ဖြင့် ကျွန်ုပ် တိတ်ဆိတ်စွာထိုင်နေပြီး ကောင်းကင်ထဲသို့ ကြိုးကြာငှက်တစ်အုပ် ပျံသန်းတက်၍ နှင်းများ ဖုံးလွှမ်းနေသော တောင်စဉ်တောင်တန်းများအပေါ် ပျံသန်းသွားကြမည်ကို စောင့်ကြည့်နေမိသည်။

ထိုအချိန်၌ ကျွန်ုပ်နှလုံးသားထဲတွင် အလွန်တရာငြိမ်းချမ်းသော ခံစားချက်ကို ခံစားမိသည်။ ၎င်းတို့သည် ရုပ်ရှင်များထဲတွင်ပင်လျှင် မည်သည့်အခါမှ အပြည့်အဝဖော်ပြနိုင်ခြင်းမရှိသော အံ့ဖွယ်ပုံရိပ်များဖြစ်ကြသည်။ ထို့နောက် နေဝင်သောအခါ ဤကြိုးကြာငှက်အုပ်များက အတူတကွ ပြန်လာကြသည်။ ဤနေရာ၌ ကျွန်ုပ်နေထိုင်နေစဉ် အတောအတွင်း၌ ငြိမ်းချမ်း၍ နစ်သက်ဖွယ်ကောင်းသော ဤမြင်ကွင်းကြောင့် ကျွန်ုပ်ကိုယ်ထဲ၌ ပျော်ရွှင်သောခံစားချက်များစွာ ဖြစ်ပေါ်မိသည်။

❧

## ငြိမ်းချမ်းသောမြစ်ပေါ်မှ ဗီယက်နမ်ကရုဏာတံတား

**သေမင်းမြစ်**

အိန္ဒိယကြိုးကြာငှက်များသည် ကျွန်ုပ်တို့ကို ပျော်ရွှင်မှုများ ပေးရုံသာမကဘဲ အားလုံးအတွက် ကျွန်ုပ် ကောင်းမှုပြုလုပ်ရာတွင်လည်း ကူညီခဲ့ကြသည်။

တစ်ခါတွင် ငွေကြေးကုန်ခန်းသွားသောကြောင့် ဘုန်းကြီးကျောင်းဆောက်လုပ်ခြင်းကို ယာယီရပ်ဆိုင်းထားသည်။ အားလပ်ချိန်ကို အခွင့်အရေးအပြည့်အဝယူလျက် အိန္ဒိယကြိုးကြာများကို ကျွန်ုပ်သွားကြည့်ပြီး သူတို့ကို နာမည်များပေးသည်။ ၎င်းစုံတွဲများ၏ အိပ်တန်းနေရာများကို ကျွန်ုပ် အလွတ်မှတ်မိနေသည်။ ထို့ကြောင့် ကျွန်ုပ်ကို ကြိုးကြာ လမ်းလျှောက်အဘိဓာန်ဟု နာမည်ပြောင်ပေးကြသည်။

နေ့တိုင်း မနက်စောစောကစကာ အဝေးကြည့်မှန်ပြောင်း၊ ကင်မရာနှင့် တစ်နေ့တာအတွက်လုံလောက်သော အစာရေစာတို့ယူဆောင်ကာ တစ်နေကုန် လျှောက်သွားပြီး ညနေ ၆ နာရီကျမှ ကျွန်ုပ် ပြန်လာသည်။ ကျွန်ုပ် နေးကွေးစွာ လမ်းလျှောက်ပြီး လှပသော သဘာဝမြင်ကွင်းများကို ပျော်ရွှင်ခံစား၍ ဝေးလံသောနေရာမှ ငှက်အုပ်ကို အာရုံ စူးစိုက်လျက် စောင့်ကြည့်သည်။ ထို့နောက် သူတို့ကို ဓာတ်ပုံရိုက်ရန်အတွက် သူတို့ အတောင်ပံဖြန့်မည့် အခိုက်အတန့်ကို စောင့်နေသည်။

တစ်နေ့တွင် လုမ္ဗိနီဥယျာဉ်၏ အရှေ့ဘက်အခြမ်းဆီသို့ သွားနေစဉ် နလုံးပူဆွေးဖွယ်ကောင်းသော မြင်ကွင်းကို ကျွန်ုပ် မျက်ဝါးထင်ထင် တွေ့မြင်ရသည်။ ကျွန်ုပ်တို့ မိုးရာသီ

ထဲ ရောက်နေချိန် ဖြစ်သည်။ ဟိမဝန္တာတောင်တန်းထိပ်ပေါ်မှ ရေများက တောင်ခြေ ရင်းသို့ စီးဆင်းပြီး မြစ်ထဲသို့ ပြင်းထန်စွာ ဒလဟောဝင်ချလာ၍ လူများကို အလွန်တရာ အန္တရာယ်ပေးနေသည်။ အမျိုးသမီးများနှင့် ကလေးများ ခက်ခဲစွာဖြင့် ရေထဲသို့ ထိုးဆင်း လျက်ဖြတ်ကျော်နေကြသည်ကို တွေ့မြင်ရသောအခါ ကျွန်ုပ် စိုးရိမ်ပူပန်မိသည်။

စုံစမ်းမေးမြန်းသောအခါ ဤမြစ်က နှစ်စဉ် လူများစွာသတ်ဖြတ်ကြောင်းကို ကျွန်ုပ် သိရှိရသည်။ ခြောက်သွေ့သောရာသီတွင် ရေနည်းနေပြီး လူများအနေဖြင့် မြစ်ကို အလွယ်တကူ ဖြတ်ကျော်နိုင်ကြသည်။ သို့သော် မိုးရာသီတွင် ရေစီးမြန်ဆန်ပြီး အားအင် ချည့်နဲ့သော၊ သတိမပြုသောလူများမှာ မကြာခဏ ရေစီးထဲသို့ ပါသွားတတ်ကြသည်။ သနားစဖွယ်အကောင်းဆုံးကိစ္စက ရေလျှံသောရာသီတွင် များစွာသော မိသားစုများမှာ သေလုမြောပါး ဖျားနာနေသော သူတို့၏မိသားစုဝင်များကို မြို့ဆီသို့ မည်သို့ သယ်ဆောင် ရမည်ကို မသိကြခြင်းပင်ဖြစ်သည်။ ၎င်းကြောင့် ဒေသခံပြည်သူများက ဤမြစ်ကို သေမင်း မြစ်ဟု မကြာခဏ ခေါ်ကြသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ခက်ခဲစွာဖြင့် ရေထဲထိုးဆင်း၍ မြစ်အား ဖြတ် ကျော်နေသည်ကို ကျွန်ုပ်တွေ့ရလျှင် အသည်းနလုံးပူဆွေးမိသည်။ မြစ်ကိုမကူးဖြတ်မီက ကောင်းမွန်စွာ ဝတ်စားထားကြပြီး၊ ထို့နောက်၌ အခြားတစ်ဖက်သို့ ရောက်သောအခါ အချို့ က အအေးဓာတ်ကြောင့် တုန်ယင်ကြလျက် ရွှဲရွှဲစိုသွားကြသော ကလေးများနှင့် အမျိုးသမီး များကို ကျွန်ုပ် အထူးတလည် သနားမိသည်။

ငယ်ရွယ်သော အမျိုးသားများသာလျှင် ဘောင်းဘီတိုဖြင့် မြစ်ကိုဖြတ်ကျော်နိုင် ပြီး ၎င်းနောက်မှ မြစ်၏အခြားတစ်ဖက်တွင် ဘောင်းဘီရှည်ပြန်ဝတ်နိုင်ကြသည်။ သို့သော် အမျိုးသမီးများမှာမူ စိုစွတ်သော အဝတ်အစားများဖြင့် အလုပ်ဆီသို့လည်းကောင်း၊ ဈေးဆီ သို့လည်းကောင်း ဆက်သွားရုံကလွဲ၍ တခြားရွေးချယ်စရာမရှိချေ။

တစ်နေ့တွင် အိန္ဒိယကြိုးကြာများဆီသို့ အလည်အပတ်သွားမည့် ကျွန်ုပ်၏ အစီ အစဉ်ကို ရုတ်တရက် စွန့်လွှတ်ပြီး ဘုန်းကြီးကျောင်းဆီသို့ပြန်သွားသည်။ နောက်နေ့တစ်နေ့ လုံး ကျွန်ုပ် ငြိမ်းငြိမ်းချမ်းချမ်း မအိပ်နိုင်တော့ချေ။ လဲလျောင်းလိုက်သည့်အခါတိုင်း ယမန် နေ့ကပုံရိပ်များက ပေါ်ထွက်လာပြီး ကျွန်ုပ်ကိုအိပ်မရအောင် နှောင့်ယှက်သည်။ ကျွန်ုပ်ထပြီး ခန်းမထဲသို့ဝင်၍ အမွေးတိုင်များထွန်းကာ ဤဒေသ၌ တံတားတစ်စင်း တည်ဆောက်နိုင်ရန် အခွင့်သာသောအခြေအနေရရှိဖို့ကို ဆုတောင်းသည်။

ယခုအချိန်အထိ ကျွန်ုပ် မစွမ်းဆောင်နိုင်သော တစ်စုံတစ်ရာကို မည်သူ့ကိုမျှ ကျွန်ုပ် ကတိမပေးခဲ့ချေ။ အကြောင်းမှာ ဤဘဝတွင် ကျွန်ုပ်ကတိပျက်လျှင် နောက်ဘဝ

တွင် ၎င်းကို အကောင်အထည်ဖော်ရန်အတွက် ကျွန်ုပ် ပြန်လည်မွေးဖွားရမည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်က ကျွန်ုပ်၏ဆန္ဒကို ကျွန်ုပ် မျိုသိပ်ထားပြီး ဘုန်းကြီးကျောင်းဆောက်လုပ်ရန် ပိုက်ဆံအလုံအလောက်မရှိဘဲဖြင့် တံတားကို မည်သို့ဆောက်နိုင်မည်ကို တွေးနေမိသည်။

ငွေကြေးမလုံလောက်မှုကြောင့် ဒေသခံလူများအား ကူညီလိုသော ကျွန်ုပ်၏ အမြတ်နိုးဆုံးဆန္ဒကို အကောင်အထည် မဖော်နိုင်သဖြင့် ကျွန်ုပ်၏ဆရာသင်ကြားပေးခဲ့သော လျှို့ဝှက်နည်းကို ကျွန်ုပ် အသုံးပြုသည်။ အမွေးတိုင်နှင့် ဖယောင်းတိုင်များကို မြစ်ဆီသို့ ကျွန်ုပ် သယ်ဆောင်သွားပြီး ဖြူစင်ရိုးသားစွာဖြင့် ဆုတောင်းမေတ္တာကို ဤသို့ ပို့သသည်။

"ကျွန်ုပ်တွေ့မြင်ရသည့်အတိုင်း ဤနေရာမှ လူသားများသည် အလွန်စိတ်မချမ်းမမြေ့ဖြစ်နေကြပါသည်။ ဤမြေပေါ်တွင် ကျွန်ုပ်ရှိနေစဉ် ကာလအတွင်း ဤနေရာ၌ တံတားတစ်စင်းတည်ဆောက်နိုင်ရန်အတွက် ကောင်းမွန်သောအခြေအနေများ ဖန်တီးပေးကြပါရန် နဂါးနတ်မင်းများ၊ တရားစောင့်နတ်မင်းများနှင့် တောတောင်စောင့် နတ်ကောင်း နတ်မြတ်များအား ကျွန်ုပ် ဆုတောင်းပါသည်။"

ထို့နောက် ပရိတ်တစ်ပုဒ်နှင့် ဂါထာတစ်ပုဒ်ကို ကျွန်ုပ်ရွတ်ဆိုပြီး ပထဝီမြေ နတ်မင်းအား ကျွန်ုပ်၏ဆုတောင်းမေတ္တာကို အသိအမှတ်ပြုစေရန်အတွက် မြေကြီးကို လက်ဝါးဖြင့် ၃ ကြိမ် ရိုက်ပုတ်သည်။

ဘုန်းကြီးကျောင်းသို့ ကျွန်ုပ်ပြန်သောအခါ တံတားတည်ဆောက်မည့် ကြံရွယ်ချက်ဖြင့် ကျွန်ုပ် စိုးရိမ်ကြောင့်ကြစိတ်ဖြစ်နေသည်။ ရက်သတ္တ ၃ ပတ်ကြာသောအခါ အနောက်နိုင်ငံများမှ ကျွန်ုပ်၏တပည့်တချို့က ကြိုးကြာငှက်များကို ကြည့်ရှုကြရန်အတွက် လုမ္ဗိနီသို့ လာရောက်လည်ပတ်ကြသည်။ ကျွန်ုပ်၏ အမြတ်နိုးဆုံးဆန္ဒကို ကြားကြသောအခါ သူတို့က နားလည်မှုနှင့် စိတ်အားထက်သန်မှု ပြသကြသည်။

သူတို့အများစုက ကျောင်းဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြသူများဖြစ်ကြပြီးမည်သူမျှ ပိုက်ဆံပေါပေါများများ မရှိကြချေ။ သို့တိုင်အောင် သူတို့ကြားထဲ၌ ပိုက်ဆံကောက်ခံကြပြီး ကျွန်ုပ်ကို အမေရိကန်ဒေါ်လာ ၄,၂၀ ပေးကြသည်။ ပထမ၌ ကျွန်ုပ်က ၎င်းကို ဘုန်းကြီးကျောင်းအတွက် လက်ဆောင်ဖြစ်မည်ဟု ထင်မှတ်သည်။ သို့သော်မမျှော် လင့်စွာဖြင့် သူတို့က ၎င်းသည် တံတားတည်ဆောက်ဖို့အတွက် ကြံရွယ်သော သူတို့၏ ကနဦးလှူဒါန်းခြင်းဖြစ်ကြောင်း ပြောပြသည်။

ကျွန်ုပ် အလွန်အမင်း စိတ်ထိခိုက်မိသွားပြီး ဆန်းကြယ်မှုရောက်လာကြောင်း သိရှိလိုက်ရသည်။ ဖြူစင်ရိုးသားသော အကူအညီပေးခြင်းသည် ကောင်းမွန်သောအောင်

မြင်ပြီးမြောက်မှုများကို အမြဲတမ်း ဖြစ်ပေါ်စေကြောင်း ကျွန်ုပ်၏ဘဝတွင် အတွေ့အကြုံများအရ ကျွန်ုပ် သိရှိခဲ့ရသည်။ အခြားတစ်ဖက်ကမူ သံသယဖြစ်ဖွယ်ကောင်းသော ကြံရွယ်ချက်များဖြင့် ချမ်းသာသူများပေးအပ်သော အလှူအတန်းသည် အပြုသဘောဆောင်သော ရလဒ်ထွက်ပေါ်လာသည်။ နည်းပါးသော်လည်း ကြင်နာသောနလုံးသားဖြင့် စုဆောင်းရရှိသော ဤပိုက်ဆံကြောင့် တံတားတည်ဆောက်ခြင်းကို စတင်ပြုလုပ်ဖို့ ကျွန်ုပ် ဆုံးဖြတ်ချက်ချမိသည်။

ပထမဤကြံရွယ်ချက်ကို ဌာနေအရာရှိအချို့နှင့် ဆွေးနွေးရန် ကျွန်ုပ် တင်ပြသည်။ ဦးဆောင်ဘုတ်အဖွဲ့ဝင်တစ်ယောက်ဖြစ်သော မစ္စတာဘက်တာရိုင်က အလွန်စိတ်ဝင်စားပြီး ၎င်းသည် ဒေသတစ်ခုလုံး၏ အရေးကြီးသော အဖြစ်အပျက်ဖြစ်လိမ့်မည်ဟု ပြောသည်။ အရာရာတိုင်း အဆင်ချောနေသည်ကိုတွေ့ရသဖြင့် ကျွန်ုပ်လည်း အလွန်ကျေနပ်နေမိသည်။

အစည်းအဝေးပြုလုပ်ပြီး မကြာခင်၌ ကျွန်ုပ်တို့ သဘောတူညီချက်တစ်ခု ရရှိကြသည်။ တံတားဆောက်ခြင်း ကုန်ကျစရိတ်ကို တစ်ဝက်ခွဲပြီး အာဏာပိုင်များကတစ်ဝက်၊ ကျွန်ုပ်ကတစ်ဝက် အကုန်ကျခံကြရန် ကျွန်ုပ်တို့ သဘောတူကြသည်။ သို့သော် ၎င်းက နှုတ်ဖြင့် သဘောတူခြင်းသာဖြစ်ပြီး စာရေးသားသဘောတူခြင်း မဟုတ်ချေ။

အရေးကြီးသော တစ်စုံတစ်ရာကို စတင်မပြုလုပ်မီ ၎င်းက မည်ကဲ့သို့ တိုးတက်ဖြစ်ပေါ်မည်ကိုလည်းကောင်း၊ မည်သို့သော အားသာချက်နှင့် အခက်အခဲများကို ကျွန်ုပ် တွေ့ကြုံရမည်ကိုလည်းကောင်း ရှင်းရှင်းလင်းလင်းတွေ့မြင်ရရန် ကျွန်ုပ် တရားထိုင်ပြီး စိတ်ကို သန့်စင်အောင် လုပ်တတ်သောအကျင့်ရှိသည်။ ထူးဆန်းလှစွာပင် အကြိမ်ပေါင်းများစွာ တရားထိုင်ရာ၌ ဤပူးပေါင်းဆောင်ရွက်မှုသည် အခက်အခဲများဖြစ်ပေါ်ပြီး အသေအချာကို ကျဆုံးသွားလိမ့်မည်ဟု ကျွန်ုပ် အမြဲတမ်း ခံစားမိနေသည်။

ပထမ၌ အရာရာတိုင်း အဆင်ပြေနေပြီး ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်များအကြား အကြီးအကျယ် စိတ်အားထက်သန်မှုများ ဖြစ်ပေါ်လာသောအခါ ကျွန်ုပ်အံ့သြသွားသည်။ သို့သော် နောက်ပိုင်း၌ အခက်အခဲများ တွေ့လာသည်။ ဗုဒ္ဓဖွားမြင်သော နေရာဖြစ်သည့်အသောကကျောက်တိုင်အနီးတွင် လာရောက်တရားထိုင်ခြင်း၊ ဗုဒ္ဓဘာသာကျမ်းစာမှ စာပိုဒ်များ လာရောက်ရွတ်ဆိုခြင်း ပြုလုပ်ခြင်းဖြင့် ထွက်မြတ်သော အကူအညီကို ကျွန်ုပ် နောက်တစ်ကြိမ်ရှာကြံသည်။ ကျွန်ုပ်၏ထင်မြင်ချက်က ယခင်အတိုင်းဖြစ်နေသည်။

၎င်းနှင့်ပတ်သက်၍ နက်နက်နဲနဲ စိုးရိမ်ပူပန်နေသော ကျွန်ုပ်က ဒေသဆိုင်ရာအာဏာပိုင်များကို အစည်းအဝေးကျင်းပရန် တောင်းဆိုသည်။ ဒေသဆိုင်ရာကိုယ်စား

လုယ်များ၏ ရှေ့မှောက်တွင် ကျွန်ုပ်က တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်၍ အမြဲတမ်း ကတိတည်ကြောင်းပြောပြီး ရွေးချယ်ရန်အတွက် လက်တွေ့ကျသော ချဉ်းကပ်နည်း ၂ ခုကို အဆိုပြုသည်။

၎င်းတို့က ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်များက ဆောက်လုပ်ရေးလုပ်ငန်း ကို တာဝန်ယူလုပ်ကိုင်ပြီး ကျွန်ုပ်က ဆောက်လုပ်ရေးကုန်ကျစရိတ်တစ်ဝက်ကို ခံရမည်လား၊ သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းကို ကျွန်ုပ်တာဝန်ယူပြီး ကုန်ကျစရိတ်တစ်ဝက် မဟုတ် ဘဲ အပြည့်ခံရမည်လားဟူ၍ဖြစ်သည်။

ထိုအခါ တင်းမာသောဆန့်ကျင်မှုကို ကျွန်ုပ် ရင်ဆိုင်ရသည်။ ကျွန်ုပ်ကို ယခင်က လေးစားခဲ့ကြသော အရာရှိများပင်လျှင် ကျွန်ုပ်ကို ကတိဖျက်သည့်အတွက် ပြစ်တင် ရှုတ်ချကြသည်။ ကျွန်ုပ်က ကတိကို ထပ်မံအတည်ပြုပြီး သတ်မှတ်ထားသောအချိန်တွင် အလုပ်ပြီးစီးရန် အာဏာပိုင်များဘက်မှအာမခံလျှင် လုပ်ငန်းတည်ဆောက်ခြင်း ကုန်ကျ စရိတ်တစ်ဝက်ကို ကျွန်ုပ်ပေးရန် အဆင်သင့်ဖြစ်နေသည်ဟု ပြောသည်။ အာဏာပိုင်များ က သဘောမတူကြောင်း ထုတ်ဖော်ပြကြပြီး တချို့ကကျွန်ုပ်ကို ကျယ်လောင်စွာ ဆော်ကြား မော်ကားပြောကြသည်။ တင်းမာသော ဤဆွေးနွေးပွဲက မယိုင်မလဲသော ကျွန်ုပ်၏သဘော ထားအပေါ် ဌာနေအရာရှိများ၏ ဒေါသဖြင့် အဆုံးသတ်သွားသည်။

လများ ကုန်လွန်သွားသည်။ အာဏာပိုင်များ၏ တိတ်ဆိတ်မှုအပေါ် စိတ်မရှည် ဖြစ်လာသောအခါ ကျွန်ုပ်က တံတားတည်ဆောက်ခွင့် ကိုယ်တိုင်လျှောက်ရန် ဆုံးဖြတ် လိုက်သည်။ ရှုပ်ထွေးလှသော စာရွက်စာတမ်းများကို ကျွန်ုပ် ရေးသားဖြည့်စွက်ရသည်။ နီပေါတက္ကသိုလ်မှဘွဲ့ရခဲ့သော မြို့ပြင်အင်ဂျင်နီယာရေးဆွဲသည့် အဆောက်အအုံပုံစံကို ကျွန်ုပ်ရရှိဖို့လိုအပ်ပြီး ၎င်းကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနကဲ့သို့ အဆင့်မြင့် အာ ဏာပိုင်များမှအစပြု၍ ဒေသဆိုင်ရာ အာဏာပိုင်များအထိ အာဏာပိုင်အဆင့်ဆင့်တို့က ထောက်ခံအတည်ပြုကြရမည်။ ရုံးလုပ်ထုံးလုပ်နည်းအားလုံးကို ကျွန်ုပ် မဆုတ်မနစ် လုပ် သည်။ သို့သော် လိုအပ်ချက်တစ်ခုပြည့်စုံသည်နှင့် တစ်ပြိုင်နက် အခြားတစ်ခု ထွက်ပေါ်လာ သည်။

လုပ်ငန်းစတင်ပြုလုပ်ရာတွင် များပြားလွန်းလှသော အခက်အခဲများကြောင့် ကျွန်ုပ် ပင်ပန်းလွန်းလှသဖြင့် အမေရိကန်ဒေါ်လာ ၄၂၀ ကို အထက်၌ဖော်ပြခဲ့သော မိတ် ဆွေများထံသို့ တောင်းပန်ချက်နှင့်အတူ ပြန်လည်ပေးပို့ရန် ကျွန်ုပ် စိတ်ကူးမိသည်။

နောက်ဆုံး၌ စိတ်ကောင်းနှလုံးကောင်းရှိသော လူအချို့ထံမှ လျှို့ဝှက်သော အကူ အညီဖြင့် ရှုပ်ထွေးလှသော ရုံးလုပ်ထုံးလုပ်နည်းအားလုံးကို ကျွန်ုပ် ပြီးစီးသွားသည်။ တစ်ဖန်

မြေကိတ်စွမှ နောက်ထပ်အခက်အခဲတစ်ခု ထွက်ပေါ်လာသည်။ အစိုးရက မြစ်ကိုသာ ပိုင်ဆိုင်သည်။ သို့သော် အနာဂတ်တံတားနှင့်ဆက်သွယ်မည့် မြေကွက်နှစ်ကွက်မှာ ဒေသခံလူ ၄ ယောက်တို့၏ပိုင်ဆိုင်ပစ္စည်းများ ဖြစ်ကြသည်။

သူတို့က တံတားကို ဖြတ်ကူးကြသောလူများသည် တံတားအသုံးပြုခပေးရမည်ဟု ဆိုကြသည်။ အချို့သောနေရာများတွင် ဤကဲ့သို့ ဖြစ်ပျက်ခဲ့ကြသည်။ ထို့ကြောင့် ကျွန်ုပ်က သူတို့နှင့် စေ့စပ်ညှိနှိုင်းရန်ကြိုးစားပြီး စေ့စပ်ညှိနှိုင်းမှုမအောင်မြင်လျှင် ထိုမြေကွက်များကိုဝယ်ယူရန် စီစဉ်သည်။

၂လကြာသောအခါထိုပြဿနာကို အပြီးအပြတ် ဖြေရှင်းလိုက်ကြသည်။ ထိုဒေသမှ နယ်မြေဥက္ကဋ္ဌအယောက် ၇၀ ကို ဒေသခံပြည်သူများအပေါ် အခကြေးငွေကောက်ခံခြင်းမပြုရန် ကျွန်ုပ် အသိပေးသည်။ မြေပိုင်ရှင်များကိုလည်း သူတို့၏မြေယာအပေါ် အခကြေးငွေမပေးရဘဲ လူများဖြတ်သန်းသွားလာခြင်းကို သဘောတူရန်ကိုလည်း ကျွန်ုပ်ဆောင်ရွက်သည်။ ဤပြဿနာကိုဖြေရှင်းရန် ကျွန်ုပ် ကြာရှည်စွာ အချိန်ယူရသည်။ သို့သော် ရလဒ်က အလွန်တရာ ကျေနပ်စရာကောင်းလှသည်။

မကြာခင်၌ ကျွန်ုပ် အလုပ်ကို အတွင်းပိုင်းပြဿနာတစ်ခုက ဖျက်ဆီးလိုက်သည်။ ဘုန်းကြီးကျောင်း အမှုဆောင်ကောင်စီအတွင်း၌ ပြင်းထန်သော ဆန့်ကျင်မှုများနှင့် ဝေဖန်မှုများဖြစ်ပေါ်လာသည်။ ကျွန်ုပ်၏အမြင်တွင် လူတို့၏အသက်ကို ကယ်တင်ရန်အတွက် တံတားက အရေးတကြီးတည်ဆောက်ရန် လိုအပ်နေသည်။ ဘုန်းကြီးကျောင်း ဆောက်လုပ်ခြင်းလုပ်ငန်းက ဤနှစ်တွင် မပြီးစီးနိုင်လျှင် ၎င်းကို နောက်နှစ်ကျမှပြီးစီးရန် ဆိုင်းငံ့ထားခြင်းသည် အန္တရာယ်ရှိမည်မဟုတ်ပေ။

သို့သော်လည်း ဘုန်းကြီးကျောင်းထဲမှ ညီအစ်ကိုများအားလုံးက ကျွန်ုပ်နှင့် သဘောမတူကြချေ။ တစ်ချိန်တည်းတွင် ကျွန်ုပ်အလုပ်များစွာလုပ်ပြီး ကျော်ကြားမှုကို ရှာဖွေနေသည်၊ တံတားဆောက်ခြင်းထဲကို လုံးဝအာရုံစူးစိုက်နေပြီး ဘုန်းကြီးကျောင်း ဆောက်လုပ်ခြင်းကို ဖရိုဖရဲထားခဲ့သည်ဟု အချို့က ထင်မှတ်ကြသည်။ ဘုန်းကြီးကျောင်းအတွက် ဆောက်လုပ်ရေးပစ္စည်းများကို တံတားတည်ဆောက်ရန်အတွက် ကျွန်ုပ်အသုံးပြုနေသည်ဟူ၍လည်း အချို့ကပြောကြသည်။ ထိုပြစ်တင်ရှုတ်ချမှုများကို ကျွန်ုပ် အလွန်ခံစားရသည်။ သို့သော် အဓိဋ္ဌာန်ပြုထားပြီးဖြစ်သောကြောင့် ဤအတင်းစကားများကို ကျွန်ုပ် နားမထောင်ဘဲ သေရေးရှင်ရေးအတွက် ကျွန်ုပ်လုပ်ရမည့်အလုပ်ကို ပြီးစီးသည်အထိ ဆက်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

ဖြစ်ပေါ်လာခဲ့သောအရာများက ဘဝတွင် ကောင်းမှုပြုလုပ်ခြင်းသည် အဝတီအကျ ကို မလွယ်ကူကြောင်း ကျွန်ုပ်ကို အပြည့်အဝ နားလည်စေခဲ့သည်။ ကျွန်ုပ်တို့၏ ပန်းတိုင်ကို ရောက်ရှိရန်အတွက် တစ်ခါတစ်ရံတွင် အခက်အခဲများစွာနှင့် အတားအဆီးများစွာကို ကျွန်ုပ်တို့ ကျော်ဖြတ်ကြရမည်။ ဆန့်ကျင်ဘက်အားဖြင့် မကောင်းမှုပြုလုပ်ခြင်းက များစွာ ပိုမိုလွယ်ကူသည်။

ကိုယ့်ကိုယ်ကိုယ်မထိန်းချုပ်နိုင်ဘဲ တစ်ဖက်သားအား ကျွန်ုပ်တို့စော်ကားလျှင် ၎င်းက မကောင်းမှုဖြစ်လိမ့်မည်။ လူသားတစ်ယောက်အဖြစ် မွေးဖွားလာရခြင်းသည် ကုသိုလ်ကံကောင်းခြင်းဖြစ်သည်။ သို့သော် ကောင်းမြတ်သော ကိုယ်ကျင့်တရားနှင့် သိက္ခာ တည်ဆောက်လိုပြီး ကောင်းမှုပြုလုပ်ရန် ဘဝမြှုပ်နှံထားလိုသော လူတစ်ယောက်ဖြစ်ရန်မှာ မူ အမှန်တကယ်ကို လုံးဝမလွယ်ကူချေ။

အရာရာတိုင်းက ပိုမိုခက်ခဲသထက် ခက်ခဲလာသည်ကို တွေ့မြင်ရသောအခါ ထွတ်မြတ်သောနေရာကို ကျွန်ုပ် နောက်တစ်ကြိမ်သွားပြီး ဆုတောင်းသည်။ ထိုအခါ ပြဿနာများကို ဖြေရှင်းရန် ကျွန်ုပ် ကံကောင်းလာခဲ့သည်။

သာယာသောမနက်ခင်းတစ်ခုတွင် စာပို့သမားက အမေရိကားမှ ရင်းနှီးသော ဗုဒ္ဓ ဘာသာ ဒကာတစ်ယောက်ထံမှ စာတစ်စောင်ကို ကျွန်ုပ်အားပေးသည်။ စာက ဤသို့ ရေး ထားသည်။

"အရှင် . . . လုမ္ဗိနီမှ ဆင်းရဲသားများအတွက် တံတားတစ်စင်းတည်ဆောက်ရန် အရှင်ကြံရွယ်ထားကြောင်း တပည့်တော်တို့ ကြားသိရပါသည်။ အရှင်၏ကောင်းမှုအတွက် တပည့်တော်၏မိသားစုက အလှူငွေထည့်ချင်ပါသည်။ တံတားတည်ဆောက်မည့် ကုန်ကျ စရိတ်အားလုံးကို တပည့်တော်တို့ ကျခံပါမည်"

၎င်းက အမှန်တကယ်ကို မမျှော်လင့်သောသတင်းဖြစ်သည်။ စာကို အိတ် ထောင်ထဲထည့်ပြီး ထီပထမဆုပေါက်သကဲ့သို့ ဝမ်းသာစိတ်လှုပ်ရှားမိလျက် ဘုန်းကြီး ကျောင်းကို လမ်းပတ်လျှောက်ရန် ထွက်သွားသည်။ သို့သော်လည်း စာကို ကျွန်ုပ် ချက်ချင်း အဖြေမပေးသလို ၎င်းအကြောင်းကိုလည်း လုပ်ဖော်ကိုင်ဖက်များအား ချက်ချင်းအကြောင်း မကြားချေ။ ကျွန်ုပ် အချိန်အတော်ကြာ တိတ်ဆိတ်နေချင်သည်။

သိပ်မကြာခင်၌ ကျွန်ုပ်၏ စာတိုက်သေတ္တာအမှတ်ဆီသို့ လိပ်မူပေးပို့သော ကနေဒါနိုင်ငံမှ မိသားစုတစ်စုထံမှ နောက်ထပ်စာတစ်စောင်ကို ကျွန်ုပ် လက်ခံရရှိသည်။ လုမ္ဗိနီမှပြန်လာကြသော မိတ်ဆွေများက သူတို့ကို တံတားအကြောင်း ပြောပြကြကြောင်းနှင့်

ကွယ်လွန်သွားကြသော သူတို့မိဘများအတွက် ကောင်းမှုပြုလုပ်ရန် စုစုပေါင်းကုန်ကျစရိတ်ကို သူတို့ပေးချင်ကြကြောင်း သူတို့ကရေးသည်။

ဤသို့ဖြင့် ထိုအချိန်တွင် တံတားတစ်စင်းသာမကဘဲ နှစ်စင်းပင်လျှင် ဆောက်လုပ်ရန် လုံလောက်သောပိုက်ဆံ ကျွန်ုပ်လက်ထဲ၌ ရှိနေလေပြီ။ ဤတစ်ကြိမ်တွင်တော့ ဝမ်းသာမှုကို ကျွန်ုပ်တစ်ယောက်တည်း တိတ်ဆိတ်စွာ သိမ်းဆည်းမထားနိုင်တော့ချေ။ လုပ်ဖော်ကိုင်ဖက်များကို ကျွန်ုပ် စုရုံးခေါ်ယူပြီး စာနှစ်စောင်စလုံးကို သူတို့အားပြသသည်။ လူတိုင်းက အလွန်တရာ ကျေနပ်နေပုံပေါ်ကြသည်။ အချို့က အံ့သြနေကြပြီး "ဘုရားရေ ဆန်းကြယ်လိုက်တာ" ဟု ပြောကြသည်။ ပိုက်ဆံပို့နိုင်ရန်အတွက် သဒ္ဓါရက်ရောသော ဤပုဂ္ဂိုလ်များထံ ကျွန်ုပ် ချက်ချင်းစာရေးသင့်သည်ဟု သူတို့က အကြံပြုကြသည်။

ယခုဖြစ်ပေါ်ခဲ့သောအရာက အထူးတလည်ကံကောင်းခြင်းဖြစ်သော်လည်း ဆန်းကြယ်မှု မည်ကဲ့သို့ဖြစ်လာမည်ကို ကျွန်ုပ်စောင့်ကြည့်ချင်သည်။ ကျွန်ုပ်ထံမှ အဖြေမရသောအခါ အမေရိကန်နှင့်ကနေဒါမှ မိသားစုနှစ်ခုစလုံးက ကျွန်ုပ်ကိုဖုန်းဆက်ပြီး ငွေထည့်ပေးရန်အတွက် ကျွန်ုပ်၏ ငွေစာရင်းနံပါတ်ကို တောင်းကြသည်။ သို့သော် ကျွန်ုပ်က အခြေအနေကို စဉ်းစားချင်နေသောကြောင့် စောင့်နေကြရန် သူတို့ကို အဖြေပေးသည်။

ရက်သတ္တ ၃ ပတ်ကြာသောအခါ မိသားစုနှစ်စုထံမှ နောက်ထပ်စာနှစ်စောင် ကျွန်ုပ်လက်ခံရရှိသည်။ တစ်စုက ပြင်သစ်မှဖြစ်ပြီး၊ ကျန်တစ်စုက အင်္ဂလန်မှဖြစ်သည်။ သူတို့နှင့် ကျွန်ုပ် သိကျွမ်းရရုံသာရှိသည်။ သူတို့နှစ်ဦးစလုံးက တံတားတည်ဆောက်မည့် ကုန်ကျစရိတ်ကိုအပြည့်အဝ ကျခံချင်နေကြသည်။ ဤသို့ဖြင့် ထိုအချိန်တွင် ကျွန်ုပ်လက်ထဲ၌ တံတား ၄ စင်းရှိနေလေပြီ။

ဖြစ်ပျက်ခဲ့သောအရာအတွက် အားလုံးက တအံ့တသြဖြစ်ကြသည်။ လုပ်ဖော်ကိုင်ဖက်တချို့က မိသားစု ၄ စုစလုံးထံမှ ပိုက်ဆံများကို ကျွန်ုပ်လက်ခံသင့်သည်ဟု အကြံပြုကြသည်။ များပြားလှသော ပိုက်ဆံများဖြင့် စီစဉ်ထားသောတံတားကို ကျွန်ုပ်တို့ တည်ဆောက်နိုင်ပြီး ၎င်းနောက် နောက်ထပ်တံတားများ ဆက်လက်တည်ဆောက်နိုင်ကာ နောက်ဆုံး၌ (ရှိသေးလျှင်) ကျန်ရှိသောငွေကို ဘုန်းကြီးကျောင်းဆောက်လုပ်ရေးထဲသို့ ထည့်နိုင်သည်ဟု သူတို့က အကျိုးကြောင်းသင့်ပြောကြသည်။ ၎င်းကိုကြားရသောအခါ ကျွန်ုပ်ကို ခိုးမှုကျူးလွန်အောင် လှုံ့ဆော်နေချင်ကြသော လောဘကြီးသူတချို့ ကျွန်ုပ်တို့ အထဲတွင်ရှိနေသည်ကို ကျွန်ုပ် သိရှိလာရသည်။

ဖြစ်ပေါ်လာခဲ့သောအရာက ဗုဒ္ဓ၊ ဓာမိသတ္တ၊ နဂါးနတ်မင်းများနှင့် တရားစောင့်နတ်မင်းများသည် ကျွန်ုပ်တို့အား အကူအညီပေးခဲ့သည်ဟူသော ကျွန်ုပ်၏ အကြွင်းမဲ့ ယုံ

ကြည်မှုကို ခိုင်မာစေခဲ့သည်။ ထို့ကြောင့် ကြီးကျယ်သော ဤကောင်းမှုကို မိသားစုတစ်စု၊ နှစ်စုပေါ်တွင်သာ ကျွန်ုပ်အာရုံမစူးစိုက်ဘဲ များစွာသော ဝေနေယျပုဂ္ဂိုလ်တို့အား ခွဲဝေပေးလိုသောဆန္ဒ ဖြစ်ပေါ်မိသည်။

အခြားတစ်ဖက်ကလည်းကြင်နာသောစိတ်ထားရှိသည့် လူပုဂ္ဂိုလ်များပါဝင် သောဆောက်လုပ်ရေးစီမံကိန်းသည် အောင်မြင်ပြီးစီးမည်ဖြစ်ပြီး ကြာရှည်တည်တံ့မည် ကိုလည်း ကျွန်ုပ် ယုံကြည်သည်။ ထို့ကြောင့် မိသားစု၄ စုစလုံးကို ကျွန်ုပ် ဤသို့စာရေး လိုက်သည်။

"ဒကာတို့ရဲ့ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒါက ကြီးကျယ်တဲ့ ကောင်းမှုလုပ်ငန်းဖြစ်တာကြောင့် အဲဒါကို လူအများမျှဝေယူကြဖို့အတွက် ကျွန်ုပ် အကြံပြုချင်ပါတယ်။ ဒါကြောင့် မိသားစုအသီးသီးဟာ တံတားတည်ဆောက်ရေးအတွက် ဒေါ်လာ ၁၀၀၀ ထက်ပိုပြီး မလှူသင့်ပါဘူး"

လှူဒါန်းသောပိုက်ဆံသည် ဂဏန်းအတိအကျထက် အစွန်းထွက်နေလျှင် ကံကောင်းသည်ဟု ဒေသတွင်းပြည်သူများက ထုံးတမ်းစဉ်လာ အယုံအကြည်ရှိကြသည်။ ကနေဒါနှင့် အမေရိကန်တို့မှ မိသားစုနှစ်စုတို့က ကျွန်ုပ်၏အဆိုပြုချက်ကို ချက်ချင်း သဘောတူကြပြီး သူတို့ထဲမှတစ်ဦးက အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ကျန်တစ်ဦးက ဒေါ်လာ ၁၀၀၁ ကို လှူဒါန်းကြသည်။

ကျန်ရှိသောမိသားစုနှစ်စုက ကျွန်ုပ်၏အဆိုပြုချက်ကို အလွန်အမင်း မကျေမနပ်ဖြစ်ကြသည်။ သူတို့က ကျွန်ုပ်ဆီသို့စာရေးပြီး ကောင်းမှုပြုလုပ်ရမည့် သူတို့၏အခွင့်အရေးကို တစ်ကိုယ်ကောင်းဆန်စွာ ဖယ်ရှားခဲ့သည့်အတွက် ကျွန်ုပ်ကို အပြစ်တင်ကြ သည်။ သူတို့ အလွန်စိတ်မကောင်းဖြစ်ကြပြီး ငွေထည့်ဝင်လှူဒါန်းမှု မလုပ်ချင်ကြတော့ ပေ။

သူတို့၏အပြစ်တင်မှုကို ကျွန်ုပ် လက်ခံရုံမျှလွဲ၍ ဘာမျှမတတ်နိုင်တော့ဘဲ စီမံကိန်းရေးဆွဲထားသော ကျွန်ုပ်အလုပ်ကို အေးဆေးစွာ ဆက်လက်ပြုလုပ်သည်။ ထိုကိစ္စမှလွဲ၍ အမေရိကနှင့် ဥရောပမှ များစွာသောလူများက လှူဒါန်းငွေများကို ပို့ပေးကြသည်။ ထိုလှူဒါန်းငွေက နည်းပါးသော ၅ ဒေါ်လာ ၁၀ ဒေါ်လာမှ ပိုက်ဆံများလည်းဖြစ်နိုင်သလို များပြားသော ပိုက်ဆံများလည်း ဖြစ်နိုင်သည်။ သို့သော် သတ်မှတ်သော ကန့်သတ်ချက်များကို မကျော်လွန်ကြချေ။

## ဗီယက်နမ်ကရုဏာတံတား တည်ဆောက်ခြင်း

တံတားဆောက်လုပ်ရန်အတွက် ထည့်ဝင်လှူဒါန်းသော ထိုပိုက်ဆံဖြင့် လုပ်ငန်းအတွက် လိုအပ်သော အင်ဂျင်နီယာများနှင့် အလုပ်သမားများအားလုံးကို ကျွန်ုပ် ငှားရမ်းဖို့ တတ်နိုင်ကောင်း တတ်နိုင်လိမ့်မည်။ သို့သော် ဤကိစ္စတွင် ကျွန်ုပ် ကိုယ်ပိုင်အမြင်ရှိသည်။ အခြားသူများအားကူညီရန် တစ်စုံတစ်ရာ ပြုလုပ်ရာတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်းစည်းမျဉ်းကို ကျွန်ုပ် အမြဲတမ်းအသုံးပြုသည်။ သို့မှသာ လက်ခံသူကလည်း တောင်းယူရသည့် စိတ်အစွဲမရှိသလို ပေးသူကလည်း ကူညီစောင်မ ပေးရသော မသက်မသာ ခံစားချက်မှ လွတ်ကင်းနိုင်သည်။

ဒေသခံအရာရှိတချို့အနေဖြင့် ကျွန်ုပ်နှင့်အတူ ပူးတွဲအလုပ်လုပ်ကြပြီး တစ်ရွာလုံးကို သူတို့နည်းသူတို့ဟန်ဖြင့် ကြိုးစားအားထုတ်မှုများ စုပေါင်းပြုလုပ်ဖို့ တိုက်တွန်းရန် ကျွန်ုပ် အကြံပြုသည်။ လုပ်အားအတွက် သူတို့တာဝန်ယူကြစဉ် ဆောက်လုပ်ရေးပစ္စည်းအားလုံးကို ထောက်ပံ့ပေးရန် ကျွန်ုပ် တာဝန်ယူသည်။ ကျွန်ုပ်၏အမြင်တွင် ဤနည်းဖြင့်သာလျှင် စီမံကိန်းကို သူတို့ပိုင်ဆိုင်သော စီမံကိန်းအဖြစ် စဉ်းစားကြမည်ဖြစ်ကာ ဤသို့ဖြင့် တံတားထိန်းသိမ်းခြင်းအတွက် သူတို့ အသိစိတ်ဝင်လာကြလိမ့်မည်။

အစည်းအဝေးများကျင်းပရန် ကျေးရွာတစ်ရွာမှ တစ်ရွာသို့ ကျွန်ုပ်တို့ ခရီးသွားကြသည်။ ကျွန်ုပ်သွားသောနေရာတိုင်းတွင် ကျွန်ုပ်ကို ကော်ဖောနီခင်း၍ ကြိုဆိုကြပြီး ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဌာနေအသိုင်းအဝိုင်းများက စိတ်အားထက်သန်စွာ မျက်နှာသာပေးကြသည်။ နေရာတိုင်းတွင် သူတို့က အုတ်မြစ်ချရန်အတွက် ဝါးများ

ထောက်ပံ့ပေးရန်နှင့် တံတားတည်ဆောက်ဖို့အတွက် အလုပ်သမားများထောက်ပံ့ပေးရန် ကတိပေးကြသည်။ စိတ်အားထက်သန်ဆုံးလူက ဤဒေသမှ လူမှုရေးအသိုင်းအဝိုင်း ဥက္ကဋ္ဌ ချန်တာရမ်ဖြစ်သည်။ ကျွန်ုပ်တို့တွေ့ဆုံသည့်အကြိမ်တိုင်း၌ သူ့အိမ်သို့ ထမင်းလာစားရန် အားတက်သရော သူဖိတ်ခေါ်တတ်သည်။

အုတ်မြစ်ချအခမ်းအနားကို အဆင့်အားလုံးမှ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အရာရှိများ တက်ရောက်ကြသည်။ လုမ္ဗိနီ၌တည်ရှိသော ဘုန်းကြီးကျောင်းမှ ကိုယ်စား လှယ်များလည်း လာကြသည်။ ထိုကိုယ်စားလှယ်များက ဝမ်းသာနေကြပြီး သူတို့လည်း အတိုင်းအတာတစ်ခုအထိ ငွေကြေးထောက်ပံ့ကြမည်ဟု ပြောကြသည်။ သို့သော်လည်း ကျွန်ုပ်တို့နှစ်ကိုယ်ကြား စကားပြောကြသောအခါ သူတို့ထဲမှအချို့က ကျွန်ုပ်တို့၏စီမံကိန်း အပြီးမသတ်မည်ကို စိုးရိမ်ပူပန်ကြောင်း ဖော်ပြကြသည်။

ကျွန်ုပ်တို့ လက်တွေ့က အလုပ်လုပ်ကြသောအခါ ဝါးတစ်ပင်ကိုသော်လည်း ကောင်း၊ လူတစ်ယောက်ကိုသော်လည်းကောင်း တစ်ခုမျှ မတွေ့မြင်ရချေ။ ရှင်းလင်းစွာပင် ကတိပေးခြင်းနှင့် လက်တွေ့လုပ်ခြင်းအကြား အတော့်ကို ကွဲပြားခြားနားနေသည်။ ကျွန်ုပ် အလွန်အမင်းစိတ်မကောင်းဖြစ်မိပြီး ကျွန်ုပ်အလုည့်စားခံလိုက်ရပြီဟု ထင်မှတ်ကာအတော် ကိုစိတ်ပျက်အားလျော့မိသည်။

၎င်းက စိန်ခေါ်မှုအသစ်တစ်ခု ဖြစ်နေသည်။ ထိုအခိုက်အတန့်၌ လုပ်ငန်းတစ်ခု လုံးကို စွန့်လွှတ်လိုက်ဖို့ကိုပင် ကျွန်ုပ် အမှန်တကယ် ကြံရွယ်မိသည်။ သို့သော်လည်း ကျွန်ုပ်ကိုယ်ကျွန်ုပ် ထိန်းချုပ်နိုင်လိုက်ပြီး ကျွန်ုပ်ရေးဆွဲခဲ့သော လမ်းကြောင်းကို ဆက်လက် သွားဖို့ ဆုံးဖြတ်လိုက်သည်။ ဒေသခံများက သူတို့ကို ကျွန်ုပ်တို့ အလုပ်ခိုင်းချင်လျှင် ပိုက်ဆံ ပေးရမည်ဟု တောင်းဆိုကြသည်။ ကျွန်ုပ် အကောင်းဆုံး ကြိုးစားစည်းရုံးခဲ့သည်။ သူတို့က လိုက်လျောချက်တစ်ခုပြုလုပ်ပြီး သူတို့လုပ်ခတန်ဖိုး၏ တစ်ဝက်ကိုသာယူရန် သဘော တူကြသည်။ လူအချို့ကလည်း စိတ်ကူးပြောင်းပြီး အများပြည်သူ အကျိုးအတွက် စေ တနာအလျောက် အခမဲ့အလုပ်လုပ်ကြသည်။

တံတားတည်ဆောက်ခြင်းက ခက်ခဲသောအလုပ်ဖြစ်သည်။ ရေကြီးမည့်ရာသီ နီးကပ်လာသောကြောင့် မြစ်ရေစီးကြောင်းကို အခြားလာရာဆီသို့ ကျွန်ုပ်တို့ ယာယီလမ်း ကြောင်းလွှဲကြရပြီး ရေစီးခြင်းကိုရပ်တန့်ရန် ကျောက်တုံးကြီးများချကြရသည်။ မြေပြင်က ရွှံ့နွံများလွန်းနေသောကြောင့် ကျွန်ုပ်တို့အတွက် လှုပ်ရှားသွားလာဖို့ အလွန်ခက်ခဲသည်။ ထို့နောက်၌ တံတားအုတ်မြစ်တည်ဆောက်ရန်အတွက် ၄ မီတာ နက်အောင် ကျွန်ုပ်တို့ စတင်တူးကြသည်။ ရေများက လုပ်ငန်းခွင်ထဲသို့ စီးဝင်နေသည်။

ထို့ကြောင့် လူအချို့က ရေများကို မပြတ်တမ်း ခပ်ထုတ်ပစ်ကြရန် အစီအစဉ်တစ်ခု ပြုလုပ်ကြရသည်။ အရာရာတိုင်းကို လက်ဖြင့်သာပြုလုပ်ရပြီး စက်ယန္တရား လုံးဝမရှိချေ။ ဘိလပ်မြေ၊ သံချောင်းနှင့် သံမဏိတို့နှင့်ပတ်သက်၍မူ ၎င်းတို့ကို ငှားရမ်းထားသော နွားလှည်းများဖြင့် သယ်ယူပို့ဆောင်ကြရသည်။ ၂ ကီလိုမီတာထက်ပိုမဝေးသော လမ်းပေါ်တွင် ၎င်းတို့ကို လုပ်ငန်းနေရာဆီသို့သယ်ဆောင်ရန် တစ်နာရီခွဲ အချိန်ကြာ သည်။

တိမ်များစုဝေးစ ပြုလာသည့်အချိန်တိုင်း၌ ကျွန်ုပ် အလွန်အမင်း စိုးရိမ်ပူပန်မိပြီး လက်နှစ်ဖက်ကိုကောင်းကင်သို့မြှောက်၍တိမ်များကိုမောင်းထုတ်ပစ်သကဲ့သို့အကြိမ်ပေါင်းများစွာ ဝေ့ယမ်းပစ်သည်။ ထိုအခိုက်အတန့်၌ ရတက်မအေးဖြစ်နေသော ကျွန်ုပ် အမူအရာနှင့် အထိတ်တလန့်ဖြစ်နေသော ကျွန်ုပ်ဟန်ပန်ကို သတိပြုမိကြသော လူများအားလုံးက ကျယ်လောင်စွာ မရယ်မောဘဲ မနေနိုင်ကြချေ။

၎င်းကြောင့် အလုပ်တွင် ကျွန်ုပ်တို့ ပျော်ရွှင်ကြရသည်။ မေ့ပျောက်၍ မရနိုင်သော အမှတ်ရဖွယ်တစ်ခုက တစ်ခါတစ်ရံ၌ မနက်တစ်နာရီ၊ နှစ်နာရီအထိ ဖယောင်းတိုင်မီးများဖြင့် ကြိုးစားပမ်းစား အလုပ်လုပ်ရခြင်းဖြစ်သည်။ ထိုအချိန်၌ ပစ္စည်းများအားလုံး ရေစီးထဲ၌ ပါသွားနိုင်သော စိုးရိမ်စိတ်ကြောင့် မိုးမရွာစေရန် ဆုတောင်းနေရသည်။

လူတိုင်းကို ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေသော အားရှိဖွယ်ရာကလေးများလည်းရှိသည်။ ကျောက်တုံးများ၊ ရေနှင့်အုတ်ခဲများ ကျွန်ုပ်တို့ကို ကူညီသယ်ဆောင်ပေးရာတွင် ကလေးငယ်ကလေးများပင်လျှင် ပါဝင်လာကြသောအခါ ထိုသို့ဖြစ်လာခဲ့ သည်။ အလုပ်ခွင်မှ အလုပ်သမားများဆီသို့ သစ်သီးများယူဆောင်လာကြသော တုန်တုန်ယင်ယင် အဘွားအိုများလည်း ရှိကြသည်။ သူတို့က မြစ်ဘေး၌ ကျွန်ုပ်တို့ဆောက်လုပ်ထားကြသော တဲဆီသို့အိမ်တွင်းလုပ်ကိတ်မုန့်များပင် သယ်ဆောင်လာကြသည်။ အနားယူကြစဉ် လူတိုင်း အဆာပြေစားဖို့အတွက် ယူလာကြခြင်းဖြစ်လေသည်။

အုတ်မြစ်တိုင်နှစ်လုံးကို ခက်ခဲစွာ တည်ဆောက်နေကြရစဉ် အခြားတိုင်းပြည်များမှ ဘုန်းကြီးကျောင်းအချို့က ကျွန်ုပ်တို့အတွက် ရက်အနည်းငယ်ကြာ အလုပ်လုပ်ပေးရန် အလုပ်သမားများနှင့် အင်ဂျင်နီယာများ စေလွှတ်ပေးကြခြင်းဖြင့် ကျွန်ုပ်တို့ကို အကူအညီပေးကြသည်။ အချို့က စိတ်ဓာတ်ပိုင်း အထောက်အကူများပေးကြပြီး၊ အချို့က ဘုရားကို လှူဒါန်းခြင်းအဖြစ် ငွေကြေးအချို့ပေးကြသည်။ ၎င်းတို့က ခက်ခဲသော အားသွန်ခွန်စိုက်ပြုလုပ်ရသော နေ့ရက်များမှ မမေ့နိုင်သော အမှတ်ရဖွယ်ရာများ ဖြစ်ကြသည်။

ဗီယက်နမ် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းထဲမှ ဘုရားအတွက် လုပ်အားဒါနပြုရန် ဗီယက်နမ်မှလာကြသော လူများထဲမှ အချို့က တံတားတည်ဆောက်ခြင်းတွင် တက်ကြွ

စွာ ပါဝင်ကြသည်။ သို့သော်လည်း တစ်ခါတစ်ရံ၌ ပင်ပန်းနွမ်းနယ်မှုကြောင့် သူတို့ထဲမှ အချို့က သူတို့၏ဒေါသများကို ကျွန်ုပ်အပေါ်သို့ စုပုံချကြသည်။ ဗီယက်နမ်ဘုံနန်းကြီးကျောင်းနှင့် ဘာမျှမပတ်သက်သောအလုပ်ကို ပြုလုပ်ခြင်းဖြင့် တခြားသူတို့၏အလုပ်ကိစ္စကို ကျွန်ုပ်စိတ်ဝင်စားနေသည်ဟု သူတို့ထင်မှတ်ကြသည်။ ထိုသို့ပြုလုပ်ရာ၌ ကျွန်ုပ်တွင် ကွယ်ဝှက်ထားသော ကြံရွယ်ချက်များရှိသလားဟူ၍ပင် သူတို့ထဲမှအချို့က ရှာဖွေကြည့်ရန် ကြိုးစားကြသည်။

ထိုအတောအတွင်း၌ မြင့်မြတ်သောဤမြေသည် သကျမုနိ ဗုဒ္ဓဘုရားရှင်ဖြစ်သော ကြီးကျယ်သည့်ဆရာကို လူသားတို့ထံ သယ်ဆောင်ပေးခဲ့သည်ဟု ကျွန်ုပ် ရိုးရှင်းစွာ ထင်မှတ်သည်။ ထို့ကြောင့် ဤနေရာကို အကူအညီပေးခြင်းအဖြစ် ကျွန်ုပ်ပြုလုပ်သမျှ အရာတိုင်းသည် တန်ဖိုးမဖြတ်နိုင်သော ထိုအမှုဆောင်ရွက်မှုကို ပေးဆပ်ရန်အတွက် ကြံရွယ်သည်။ ထို့အပြင် လူသားများခံစားနေကြရသည်ကို ကျွန်ုပ် သတိပြုမိသည့် အကြိမ်တိုင်း၌ အိန္ဒိယ၊ နီပေါ၊ ဗီယက်နမ်စသဖြင့် ခွဲခြားခြင်းမလုပ်ဘဲ အခွင့်အရေးရသမျှတိုင်း၌ ကျွန်ုပ်ချက်ချင်းကူညီချင်သည်။

တံတားအုတ်မြစ်က ကားများကိုပင်လျှင် ခံနိုင်လောက်အောင် ခိုင်ခံ့သော်လည်း စက်ဘီး၊ ဆိုက်ကားကဲ့သို့ ရှေးခေတ်သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် လူသွားလူလာများဖြတ်သန်းသွားလာနိုင်ရုံလောက်သာ ၁.၅ မီတာ ကြမ်းခင်းအကျယ်ရှိသော တံတားတစ်စင်းကိုသာ ကျွန်ုပ် တည်ဆောက်ချင်သည်။ တံတားကို ကြမ်းခင်းကျယ်ကျယ်ဖြင့် ကျွန်ုပ်မတည်ဆောက်လိုခြင်းမှာ နွားလှည်း၊ ထွန်စက်နှင့် ထရပ်ကားကဲ့သို့ ဝန်လေးသော ယာဉ်များက တံတားကို ပျက်စီးစေသောကြောင့်ဖြစ်သည်။ တံတားပျက်စီးလျှင် ပြုပြင်ဖို့အတွက် အချိန်ကုန်၊ ငွေကုန်ဖြစ်လိမ့်မည်။

မမျှော်လင့်ဘဲ အိမ်ခြေတစ်ထောင်ကျော်ရှိသော သူ၏ရွာတွင် တစ်စီးတည်းသော ထွန်စက်ပိုင်ရှင်ဖြစ်သည့် လူမှုရေးအသိုင်းအဝိုင်းဥက္ကဋ္ဌချန်တာရမ်က ထွန်စက်များ ဖြတ်သန်းနိုင်ရန် တံတားအကျယ်ကို တိုးမြှင့်ဖို့ အင်ဂျင်နီယာများကို လာဘ်ထိုးထားသည်။ ကျွန်ုပ်ကံကောင်းသဖြင့် အကြံအစည်ကိုတွေ့မြင်ပြီး အချိန်မီ တားဆီးလိုက်နိုင်သည်။ ထို့နောက်တွင် အခြားအသိုင်းအဝိုင်းမှ ဥက္ကဋ္ဌများက တံတားကြမ်းခင်းကိုချဲ့ထွင်ဖို့ ကျွန်ုပ်အားလာရောက်တောင်းဆိုကြပြီး လုပ်အားနှင့် ငွေကြေးထောက်ပံ့ပေးဖို့ ကတိပေးကြသည်။ သို့သော် ကျွန်ုပ် သဘောမတူချေ။

ဤအဖြစ်အပျက်များကြောင့် တင်းမာမှုဖြစ်ပေါ်ပြီး လုပ်ငန်းကို နှောင့်နှေးစေမည့် မရေတွက်နိုင်သော အခက်အခဲများ ဖြစ်ပေါ်လာသည်။ တင်းမာမှုအခြေအနေက

ကြီးထွားလာခဲ့ရာ ကျွန်ုပ်၏ မြန်မာလက်ထောက် ဦးသုန္ဒရ မခံနိုင်တော့ချေ။ တစ်နေ့တွင် မျက်ရည်စိုနေသော မျက်လုံးများဖြင့် ဘုန်းကြီးကျောင်းသို့ ငိုက်စိုက်ငိုက်စိုက်နှင့် ရောက်လာသောအခါ သူက ပေါက်ကွဲပစ္စည်းအချို့ဝယ်ယူရန် ကျွန်ုပ်ကို ပိုက်ဆံတောင်းသည်။ ကျွန်ုပ်အံ့ဩသွားပြီး ပေါက်ကွဲပစ္စည်းများက ဘာအတွက်လဲဟုမေးသည်။ လုပ်ငန်းတစ်ခုလုံးကို ဖောက်ခွဲပစ်ရန်အတွက်ဟု သူကခါးသီးစွာဖြင့် အဖြေပေးသည်။

"အရှင်က အမှန်တကယ်ကူညီချင်နေတဲ့ဟာကို အရှင့်ရဲ့အစီအစဉ် မပြတ်တမ်း အဖျက်ဆီးခံနေရတယ်"ဟု သူကပြောသည်။ ထိုအခါ ကျွန်ုပ်ကရယ်မောပြီး ညင်သာသော အသံဖြင့် သူ့ကို ဖြေသိမ့်သည်။ သို့သော် သူက ဆက်လက်တင်းမာနေသောကြောင့် ကျွန်တော်ပြန်လည်စဉ်းစားပါမည်ဟု ကတိပေးရသည်။ တံတားဖွင့်ပွဲပြုလုပ်သောနေ့တွင် ၎င်းကို ဖောက်ခွဲပစ်လိုက်လျှင်လည်း အချိန်နောက်ကျလိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ်ပြောသည်။

များလွန်းလှစွာသော ပြဿနာများကို ကျွန်ုပ်တို့ ဆက်လက်တွေ့ကြုံနေကြရသောကြောင့် နောက်ဆုံး၌ ဆောက်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းထားကြသည်။ နှစ်ပတ်ကြာသောအခါ ကျွန်ုပ် လက်မလျော့ဖို့ နိုင်မာစွာဆုံးဖြတ်ထားကြောင်းကိုလည်းကောင်း၊ တံတားကို ဆက်လက်တည်ဆောက်မည့်အစား မြစ်ပေါ်ဖြတ်လျက် ဝါးလုံး အနည်းငယ် ချထားဖို့ကိုပင် စီစဉ်ထားကြောင်းကိုလည်းကောင်း ၎င်းကျေးရွာများက တွေ့ရှိကြသောအခါ ကျွန်ုပ်ကိုတွေ့ဆုံရန် ကိုယ်စားလှယ်များစေလွှတ်ကြပြီး မပြီးစီးသေးသော အလုပ်ကို ကျွန်ုပ်တို့ ဆက်လက်ပြုလုပ်သင့်သည်ဟု အကြံပေးကြသည်။

၃ လကြာ လုပ်ငန်းပြီးသောအခါ ကျွန်ုပ်ကိုယ်တိုင် မျှော်မှန်းထားသည်ထက် ပိုမိုလျင်မြန်သောနှုန်းဖြင့် တံတားပြီးစီးသွားသည်။ ဖွင့်ပွဲအခမ်းအနားလုပ်ဖို့ ဖြစ်လာသောအခါ အရာရှိတချို့ဖွင့်ပွဲကို လေးလေးနက်နက် စည်းရုံးလုပ်ဆောင်သင့်ကြောင်း၊ သူတို့ ရင်းနှီးစွာသိရှိသော အရေးကြီးပုဂ္ဂိုလ်များကို တံတားဖွင့်လှစ်ရန်အတွက် ဖိတ်ခေါ် သင့်ကြောင်း အကြံပြုကြသည်။

ပင်ပန်းသော ဆောက်လုပ်ရေးအလုပ် စတင်ပြုလုပ်စဉ်က မြင်ကွင်းထဲတွင် တစ်ယောက်မျှ မတွေ့မြင်ခဲ့ရဘဲ ယခုကျမှ ကိတ်မုန့်ကို ခွဲယူကြဖို့အတွက် လူအများအပြား ထွက်ပေါ်လာကြပုံကို ကျွန်ုပ်တွေးမိသောအခါ အလွန်ဝမ်းနည်းမိသည်။ ကျွန်ုပ် နှလုံးသားထဲတွင်မူ ပန်းရန်သမား၊ သံချိသံကွေးသမားများနှင့် အင်ဂျင်နီယာများဖြစ်သော အလုပ်သမားအဖွဲ့ကိုယ်စားလှယ်များကိုသာ တံတားဖွင့်လှစ်ရန်အတွက် ဖိတ်ခေါ်ချင်နေသည်။ ဤသို့ဖြင့် အခမ်းအနားတွင် ပိုမိုကြီးကျယ် အရေးပါအရာရောက်မှုရှိကောင်း ရှိလိမ့်မည်။

ထို့နောက်တွင် ဖိတ်ခေါ်ရန် မှန်ကန်သောလူကို ကျွန်ုပ် တွေ့ရှိသွားသည်။

တစ်နေ့တွင် အလုပ်ကိစ္စဖြင့် မြို့တော်ခတ္တမန္ဒူသို့ ကျွန်ုပ်သွားရသည်။ ထိုနေရာတွင် မစ္စတာကာလာအမ်ဘာရိုဆိုင်နီတို့လင်မယားနှင့် ကျွန်ုပ် တွေ့ဆုံသည်။ မစ္စတာအမ်ဘာရိုဆိုင်နီက နီပေါနိုင်ငံဆိုင်ရာပြင်သစ်သံအမတ်ဖြစ်ပြီးတာဝန်ထမ်းဆောင်သည်မှာ လအနည်းငယ်သာရှိသေးသည်။

သူက ပြင်သစ်နိုင်ငံခြားရေးဝန်းကြီးဌာနမှ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အထူးသဖြင့် ဗီယက်နမ်နိုင်ငံအကြောင်းကို ကောင်းစွာ နှံ့နှံ့စပ်စပ်သိရှိသည်။ ထို့အပြင် သူတို့၏ချွေးမကလည်း ဗီယက်နမ်မိန်းကလေးတစ်ယောက်ဖြစ်သည်။ ကျွန်ုပ်တို့ ပထမဦးဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်သည်။ ဤဆက်ဆံရေးက အတော်ကလေးကို ရင်းနှီးကျွမ်းဝင်မှု ရှိခဲ့သည်။ ဤအခါသမယတွင် ကျွန်ုပ်က သူ့ကို လုမ္ဗိနီဒေသသို့ အလည်အပတ်လာပြီး တံတားဖွင့်ပွဲအခမ်းအနားကိုကြီးမှူးရန် ဖိတ်ခေါ်သည်။ သူက လိုက်လှဲစွာ ချက်ချင်း လက်ခံသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဒေသတွင်းအာဏာပိုင်များကို ကျွန်ုပ် အကြောင်းမကြားရချေ။ မြောင့်မတ်ပြီး ထိန်းသိမ်းရခက်သော ကျွန်ုပ်အကျင့်စရိုက်နှင့် ရင်းနှီးကျွမ်းဝင်နေကြသော ဒေသခံအာဏာပိုင်များက တံတားကို ဖွင့်လှစ်မည့်သူသည် ကျွန်ုပ်တစ်ယောက်သာလျှင် ဖြစ်မည်ကို သိရှိကြသည်။ ထို့ကြောင့် တံတားဖွင့်လှစ်ဖို့ကိစ္စအတွက် သူတို့ ပြင်ဆင်မှုမပြုလုပ်ကြချေ။

ဥရောပတိုင်းပြည်တစ်ပြည်မှ သံအမတ်တစ်ယောက်အား အရာရာတိုင်းကို ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲ အရှိအတိုင်း မျက်မြင်တွေ့ရှိဖို့ အခွင့်အခါရရှိစေလိုသော ကျွန်ုပ်ဆန္ဒနှင့်လည်း ၎င်းက သင့်တော်နေသည်။ ထိုနေ့နောက်ပိုင်းတွင် သံအမတ်နှင့် သူ့ဇနီးက ရွှံ့ပေါသောနေရာကို ရုန်းကန်ဖြတ်လျှောက်လာကြပြီးနောက် တံတားဆီသို့ ရောက်လာကြသည်။

တံတားကို ဟိုဘက်လျှောက်ကြည့်လိုက်၊ ဒီဘက်လျှောက်ကြည့်လိုက်လုပ်လျက် ပြင်းထန်သောစိတ်လှုပ်ရှားမှုကို သူတို့ပြသကြသည်။ သူတို့က တံတားကို ချီးကျူးကြပြီး ဒေသအသိုင်းအဝိုင်းမှ ဘဝကိုတိုးတက်စေမည့် အစီအစဉ်များရရှိဖို့အတွက် ကတိပြုကြသည်။

အရေးကြီးသော ထိုနေ့တွင် ဒေသခံလူအားလုံးစုဝေးကြပြီး ပျော်ရွှင်စွာ သီချင်းဆိုကခုန်ကြသည်။ ရွာအသီးသီးက ကျွန်ုပ်အတွက် လက်ဆောင်တစ်ခုစီ ယူလာကြသည်။ လက်ဆောင်က ရိုးရှင်းသော်လည်း သူတို့၏ရိုးသားဖြူစင်သော အချစ်နှင့် လေးစားမှုကို သယ်ဆောင်လာကြသည်။ ၎င်းတို့ထဲမှ ရွာတစ်ရွာက ငှက်ပျောသီးတစ်ခိုင် ကျွန်ုပ်ကိုပေးသည်။

နောက်တစ်ရွာက အထူးစပါယ်ရှယ်အသီးအနှံများ ယူလာသည်။ နောက်အခြားတစ်ရွာက ကျွန်ုပ်အသီးအနှံနှင့် အသီးအရွက်သာ ကြိုက်နစ်သက်သည်ကို သိသော်လည်း အကောင်းဆုံး ကြက်သားနှင့်ငါးကို ယူလာသည်။

အထူးသဖြင့် ဒေသအသိုင်းအဝိုင်း ဥက္ကဋ္ဌတစ်ယောက်က ကျွန်ုပ်နို့များရစေရန်အတွက် နွားမတစ်ကောင်နှင့် ဆိတ်မတစ်ကောင်ကို အတင်းပေးသည်။ အတော်ပြောဆိုပြီးနောက်မှသာ သူ့ကို စိတ်မကောင်းမဖြစ်စေဘဲ ကမ်းလှမ်းချက်ကို ကျွန်ုပ် ငြင်းဆန်လိုက်နိုင်သည်။ အခြားချစ်စရာကောင်းသော လက်ဆောင်များမှာ နီပေါနှင့် အိန္ဒိယပုံစံ အဝတ်အစားများဖြစ်ကြသည်။ ၎င်းတို့ကို အဘိုးအိုတချို့တို့က ကျွန်ုပ်အား လက်ဆောင်ပေးရန် ကိုယ်တိုင် ဂရုတစိုက် ပြုလုပ်ခဲ့ကြသည်။

ထို့နေ့က အပျော်ဆုံးလူများထဲမှ တစ်ဦးမှာ ဦးသုန္ဒရဖြစ်သည်။ ဒေသခံလူများ အုပ်စုအလယ်တွင် ဝမ်းသာရွှင်လန်းသောစိတ်ဖြင့် သူရပ်နေသည်ကို ကျွန်ုပ်တွေ့မြင်ရသဖြင့် စိတ်ခံစားမိသည်။ ထိုဒေသခံလူများထဲတွင် သူမပိုဘဲ မနေနိုင်လောက်အောင် အမြဲတမ်း ကဖျက်ယဖျက် လုပ်ခဲ့ကြသူအချို့ ပါဝင်ကြသည်။

ယခုအခါတွင် ဤလူများက လုံးဝ ကွဲပြားခြားနားသော သဘောထားအပြုအမူ ရှိလာကြပြီး သူ့အတွက်လက်ဆောင်များပင် ယူလာကြသည်။ ကျွန်ုပ်က သူ့အနားသို့ကပ်သွားပြီး တိတ်တဆိတ်မေးလိုက်သည်။

"တပည့် ပေါက်ကွဲပစ္စည်းတွေဝယ်ဖို့ ပိုက်ဆံလိုသေးသလား"

ဦးသုန္ဒရက အားပါးတရပြုံးသည်။

"တပည့်တော်မှားတယ်ဆိုတာ သိပါတယ်။ ကောင်းမှုလုပ်တယ်ဆိုတာဟာ လုံးဝ မလွယ်ကူဘူးလို့ အရှင်သင်ကြားခဲ့တာကို အဲဒီအချိန်တုန်းက တပည့်တော်မေ့နေခဲ့လို့ပါ"

စိတ်ခံစားစရာ အကောင်းဆုံးမှာ ဒေသအတွင်းအစိုးရကိုယ်စားလှယ်က မိန့်ခွန်းပြောသောအခါ များစွာသောပြည်သူများကို သေကျေခြင်းအန္တရာယ်မှ ကယ်တင်ပေးမည့် တံတားကို လာရောက်တည်ဆောက်ပေးသည့်အတွက် ဗီယက်နမ်ပြည်သူများ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းများနှင့် ကျွန်ုပ်အား ကျေးဇူးတင်ခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ ထိုအရပ်မှ ကျေးရွာများထဲသို့ ဝင်သွားကြသော ဗီယက်နမ်လူမျိုးတိုင်းကို ရှိသေလေးစားစွာ ခရီးဦးကြိုဆိုကြလေသည်။

တံတားကို ဗီယက်နမ်ကရုဏာတံတားဟု အမည်ပေးကြသည်။ တစ်ချိန်က သေမင်းမြစ်ဟုခေါ်ခဲ့သောမြစ်ကို ငြိမ်းချမ်းရေးမြစ်ဟု အမည်ပြန်ပေးကြသည်။ တံတားကို နီပေါအစိုးရအားဒေသဆိုင်ရာ အာဏာပိုင်များမှတစ်ဆင့် ပေးအပ်ရန်အတွက် စာရွက်

စာတမ်းများကို ကျွန်ုပ် လက်မှတ်ရေးထိုးသည်။ ဒေသဆိုင်ရာအာဏာပိုင်များက တံတားကို လက်ခံယူပြီး တံတားထိန်းသိမ်းရေးအတွက် တာဝန်ယူကြသည်။

နောက်ပိုင်း၌ ဗုဒ္ဓမြေကို ဘုရားဖူးရန်အတွက် ထိုနေရာသို့လာကြသော ဗီယက်နမ်များက တံတားတွင် ခရီးသည်များအတွက် အမိုး၊ အကာမရှိသည်ကို တွေ့မြင်သဖြင့် တံတားအဆုံးနှစ်ဖက်၌ ဇရပ်အိမ်ကလေးများဆောက်လုပ်ရန် အကြံပြုကြသည်။ ယခုအခါ၌ ၎င်းတို့နှစ်ခုစလုံး ဆောက်လုပ်ပြီးစီးသွားလေပြီ။

ဖွင့်ပွဲအခမ်းအနား ကုန်ကျစရိတ်အပါအဝင် တံတားအတွက် သုံးစွဲသောငွေက စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅၀၀၀ နီးပါးရှိသည်။ မမျှော်လင့်စွာပင် ကျန်ရှိသောငွေက အမေရိကန်ဒေါ်လာ ၉၈၀၀၀ ပမာဏရှိသည်။ ကျွန်တော့်မိတ်ဆွေတချို့က ဤငွေကြေးကို ဘုန်းကြီးကျောင်းတည်ဆောက်ရေးရန်ပုံငွေထဲသို့ ပေါင်းထည့်သင့်ကြောင်း အကြံပြုသည်။ ကျွန်ုပ်က ခိုင်မာစွာ ငြင်းဆန်သည်။

ဤငွေကြေးက တံတားတည်ဆောက်ရန်အတွက် လှူဒါန်းထားသော ငွေကြေးဖြစ်သည်။ ထို့ကြောင့် ကျန်ရှိသောငွေကို ပြန်လည်ပေးအပ်ရမည်။ အခြားမိတ်ဆွေများက ထိုပိုက်ဆံများကို ဘုန်းကြီးကျောင်းဆောက်လုပ်ရေး ရန်ပုံငွေထဲသို့ ပေါင်းထည့်ခွင့်ပြုရန် အလှူရှင်များအား စာရေးခွင့်တောင်းဖို့ ကျွန်ုပ်အား တောင်းဆိုကြသည်။ သို့သော် ၎င်းကိုလည်း ကျွန်ုပ် လက်မခံချေ။

သူတို့ထဲမှများစွာတို့က သူတို့၏ မနှစ်မြို့မှုကို ထုတ်ဖော်ပြကြပြီး ကျွန်ုပ်၏ လူမှုရေးဆောင်ရွက်ချက်ကို အလိုက်အထိုက်မရှိလွန်းကြောင်း သုံးသပ်ချက်ချကြသည်။ ထိုကဲ့သို့ စာတစ်စောင်က အလှူရှင်များကို အဆိုပြုချက်အား လိုလိုလားလားလက်ခံရန် ပြုလုပ်မည်ကို ကျွန်ုပ်ယုံကြည်သည်။ သို့သော် ပြည်သူတို့၏ကောင်းမှုကို ကျွန်ုပ် သဘောရှိအလွဲသုံးစား မပြုလုပ်ချင်ပေ။

ရလဒ်အဖြစ် ပိုက်ဆံများကို စာတိုက်ဖြင့် ပြန်လည်ပေးပို့ရန် ကျွန်ုပ် အတော်အကုန်ကျခံခဲ့ရပြီး တစ်ချိန်တည်း၌ စောဒကတက်မှုအချို့ကိုလည်း လက်ခံရရှိခဲ့သည်။ အချို့သောအလှူရှင်များက ကျွန်ုပ်ကိုစားရေးကြပြီ သူတို့ပင်ပင်ပန်းပန်းရှာခဲ့သော ပိုက်ဆံများကို ကျွန်ုပ် မလေးမစားပြုလုပ်ကြောင်း မကျေနပ်ချက်ကို ဖွင့်ဟကြသည်။

ထိုအချိန်မှစ၍ ရွာသူရွာသားများမှာ ကွန်ကရစ်တံတားပေါ်တွင် နေ့စဉ်အဆင်ပြေလွယ်ကူစွာ ခရီးသွားကြပြီး အောက်ဘက်မှ ရေဝဲများကြောင့်ဖြစ်ပေါ်သော တရားမမျှတသည့် သေမင်း၏သားကောင်ဖြစ်ဖို့အတွက် စိတ်မပူပင်ရတော့ချေ။

အားလပ်သောအချိန်များတွင် ကျွန်ုပ် အမွေးတိုင်နှင့် ဖယောင်းတိုင်ထွန်းပြီး တံတားတည်ဆောက်ဖို့အတွက် ဆုတောင်းခဲ့သောနေရာဆီသို့သွားရောက်ထိုင်တတ်သည်။ ယခု တံတားက ကျွန်ုပ်ရှေ့တွင် ရှိနေသည်။

အထူးသဖြင့် ကျန်းမာရေးချို့တဲ့သော တောသူတောင်သား သက်ကြီးရွယ်အို များနှင့် များစွာသော ပြည်သူများ တံတားပေါ် သက်သောင့်သက်သာ လမ်းလျှောက်နေကြ သည်ကို တွေ့မြင်ရသောအခါ ကျွန်ုပ်နှလုံးသားထဲ၌ ငြိမ်းချမ်းသောပီတိများ ဖြာဝေနေ သည်။ ၎င်းကြောင့် ကောင်းမှုပြုလုပ်သူသည် ကြီးကျယ်သော ကျေနပ်နှစ်သိမ့်မှုကို ခံစားရ သောကြောင့် ကောင်းမှု၏ပထမဦးဆုံးအကျိုးကျေးဇူးသည် သူ့ဆီသို့သွားကြောင်းကို ကျွန်ုပ် သိနားလည်လာရသည်။

မရေတွက်နိုင်သော အခက်အခဲများကြားမှ ကျွန်ုပ် အမြတ်နိုးဆုံးလိုအင်ဆန္ဒ ပြည့်ဝလာခဲ့ပြီး ၎င်းသည် ကျွန်ုပ်ဘဝတွင် အကောင်းဆုံးအမှတ်ရဖွယ်များထဲမှ တစ်ခု ဖြစ် လေသည်။

## ကရုဏာဆေးရုံ

တံတားတည်ဆောက်ခြင်းကြောင့် စိတ်ထဲ အလွန်နက်ရှိုင်းစွာ စွဲထင်သွားကြသော အစိုးရအရာရှိများထဲမှတစ်ဦးက နီပေါကျန်းမာရေးဝန်ကြီးဖြစ်သည်။ သူနှင့် သူ့ဇနီးက ကျွန်ုပ်ကိုညစာစားရန်အတွက် စိတ်အားထက်သန်စွာ အကြိမ်ကြိမ် ဖိတ်ခေါ်ကြသည်။ ထို့ကြောင့် အကြိမ်ပေါင်းများစွာ ငြင်းဆန်ပြီးနောက်၌ အဆုံးတွင် သူတို့အိမ်သို့သွားရောက်၍ မနက်စာစားသောက်ရန် ကျွန်ုပ် လက်ခံလိုက်သည်။

"အရှင့်ရဲ့ ကောင်းမြတ်တဲ့ဆောင်ရွက်မှုတွေကို တပည့်တော်တို့ အစစ်အမှန် သဘောကျပါတယ်။ အရှင်ဟာ ဒီနေရာကိုလာပြီး လုမ္ဗိနီကို သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ပေးတဲ့ ပထမဦးဆုံးပုဂ္ဂိုလ်ပါ။ ဒီဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အရှင် ရှေ့ဆောင်ခဲ့တယ်။ အခုလည်း တံတားတည်ဆောက်ပြီး ဒေသခံပြည်သူတွေကို အကူအညီပေးနေတုန်းပဲ။ တပည့်တော်တို့အပေါ်မှာ အရှင့်ကျေးဇူးတွေရှိပါတယ်"

"ဒါတွေကို နှလုံးသားထဲက စိတ်ကောင်းစေတနာတွေနဲ့ ကျွန်ုပ်လုပ်တာပါ"

ကျွန်ုပ်က တုံ့ပြန်ပြောသည်။

"ဒါကြောင့် ဒကာကျေးဇူးတင်ဖို့ မလိုပါဘူး။ ဒါပေမဲ့ ဒကာ့ကို ကျွန်ုပ် အကြံတစ်ခု ပေးချင်တယ်။ ဒီနေရာမှာ ဆေးရုံတစ်ရုံတည်ဆောက်ဖို့ ဒကာ စည်းရုံးဆောင်ရွက်ပါလား။ ဆေးရုံက သူတို့ တကယ်လိုအပ်နေတဲ့အရာ ဖြစ်နေတယ်"

ဝန်ကြီးက စိတ်နှစ်ခွဖြစ်နေဟန်တူသည်။

"အရှင် လက်ရှိအချိန်မှာ နီပေါနိုင်ငံဟာ အလွန်ခက်ခဲတဲ့ စီးပွားရေးအခြေအနေ နဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့် အစိုးရရန်ပုံငွေတောင်းဖို့ မလွယ်ဘူး"

ကျွန်ုပ်က သူ့အတွက် ရလဒ်ရရှိဖို့ဖြစ်နိုင်ကြောင်းနှင့် ဆေးရုံက လိုအပ်သော အဆောက်အအုံဖြစ်ကြောင်းကို မလျှော့တမ်းပြောသည်။ နောက်ဆုံး၌ ဝန်ကြီးက ကျွန်ုပ် ကို ဤသို့ပြောသည်။

"အင်း...တပည့်တော် အကောင်းဆုံးကြိုးစားပါ့မယ်။ အောင်မြင်ဖို့အတွက် အရှင် ဆုတောင်းပေးမလား"

ကျွန်ုပ်က သဒ္ဓါရက်ရောမှုရှိကြောင်း ကျွန်ုပ်ကိုယ်ကျွန်ုပ် သက်သေပြသည်။

"ခင်ဗျားအတွက် တစ်ကြိမ်သာမကဘူး၊ အကြိမ်တစ်ထောင် ဆုတောင်းပေး မယ်"

ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ လန်ဒန်၌ ကျွန်ုပ်ရှိနေစဉ် ဝန်ကြီးထံမှ မမျှော်လင့်ဘဲ ဖုန်းလက်ခံရရှိသည်။

"အရှင်..."

သူက ဝမ်းသာအားရ ပြောသည်။

"အရှင့်အတွက် တပည့်တော် သတင်းကောင်းရထားတယ်"

"ဘာသတင်းလဲ ဝန်ကြီး"

ကျွန်ုပ်က တအံ့တသြမေးသည်။

"အရှင့်ရဲ့အကြံပေးချက်အရတံတားအနီးတစ်ဝိုက်မှာ ဆေးရုံတစ်ရုံဆောက်လုပ်ဖို့ တပည့်တော် အကြံပြုခဲ့တယ်"

သူကပြောသည်။

"အဲဒါကို ဝန်ကြီးချုပ်နဲ့ ဘဏ္ဍာရေးဝန်ကြီး နှစ်ဦးစလုံးက ကြိုဆိုကြတယ်"

ၡင်းက သတင်းကောင်းဖြစ်ပြီး ကျွန်ုပ်က အစီအစဉ်ကို ချက်ချင်း ဆက်လက် အကောင်အထည်ဖော်ရန် အဆိုပြုသည်။ ယခုအခါ ဆေးရုံကို ဖွင့်လှစ်ခဲ့ပြီး ဆေးဝါးကုသ မှုများ ပြုလုပ်နေလေပြီ။ ဆန်းကြယ်မှုပင်တကား။ သေးငယ်သောကောင်းမှုသည် မရေ တွက်နိုင်သော နောက်ဆက်တွဲအောင်မြင်မှုများအတွက် လမ်းခင်းပေးခဲ့သည်။

⁂

## လူတိုင်းကောင်းမှုပြုကြသည်

ကမ္ဘာတစ်ဝန်းမှ ဗုဒ္ဓဘာသာ အဖွဲ့အစည်းခေါင်းဆောင်များနှင့် နီပေါအစိုးရ အရာရှိများက လုမ္ဗိနီဒေသ၌ ကျွန်ုပ်တို့ပြုလုပ်ခဲ့သောအရာများကို သိရှိကြသောအခါ ပြင်းပြသော စိတ်ခံစားချက်များကို ပြသကြသည်။ အထူးသဖြင့် တံတားအကြောင်းဇာတ်လမ်းက ကောင်းမှုပြုလုပ်ရာတွင် အားလုံး အပြိုင်အဆိုင်ဖြစ်လာကြစေရန် လှုံ့ဆော်မှုပေးခဲ့သော နမူနာတစ်ခုဖြစ်လာသည်။

ဤဒေသမှ လူမှုရေးအဆောက်အအုံက ထုံတမ်းစဉ်လာအားဖြင့် လူတန်းစား ခွဲခြားမှုအပေါ်တွင် အခြေခံနေသည်။ သို့သော် တံတားပြီးစီးပြီးနောက်တွင် အချို့က ၎င်းကို သူတို့၏ကလေးများအား ပညာသင်ကြားပေးရန် သင်ခန်းစာအဖြစ် မှတ်ယူကြသည်။ သူတို့၏ အဆိုအရ အကြောင်းပြချက်က နိုင်ငံခြားတိုင်းပြည်မှ ဗီယက်နမ်တစ်ယောက်က ဤနေရာအတွက် ကောင်းမှုပြုလုပ်နိုင်လောက်အောင် ကြင်နာမှုရှိလျှင် သူ၏ကျေးရွာအတွက်လည်း သူတာဝန်ယူသည်မှာ သေချာနေခြင်းပင်ဖြစ်လေသည်။ ယခင်က ပြည်သူများသည် သူတို့၏အတန်းအစားမှ ပြည်သူများနှင့်သာ ဆက်ဆံမှုရှိကြသည်။ သို့သော် ယခုအခါတွင် တံတားအဖြစ်အပျက်ကြောင့် သူတို့ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးလာကြ သည်။

နိုင်ငံသားအားလုံး အပြန်အလှန်ကူညီလိုသော စိတ်ဓာတ်ရှိလာသောအခါ လူ့ အဖွဲ့အစည်းလည်း တိုးတက်လာသည်။

ကျွန်ုပ်အလုပ်က ဗီယက်နမ်နိုင်ငံအတွက်သာမကဘဲ ဗုဒ္ဓဘာသာအသိုင်းအဝိုင်း တစ်ခုလုံးအတွက်လည်း ဂုဏ်ယူစရာပင်ဖြစ်သည်။ ကုန်းမြေပေါ်တွင် သူတို့၏ဘုန်းကြီး

ကျောင်းများတည်ဆောက်ရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် ထိုနေရာသို့လာကြသော နိုင်ငံခြားဗုဒ္ဓဘာသာအဖွဲ့အစည်းများကို ဒေသခံလူများက အမြဲတမ်း ပြစ်တင်ဝေဖန်ခဲ့ကြသည်။ တံတားတည်ဆောက်ခြင်းကို ရွာသူရွာသားများအားလုံးနီးပါး သဘောကျကြသည်။ ၎င်းကြောင့် သူတို့၏အမြင်များ ပြောင်းလဲလာပြီး ဒေသတွင်း ဗုဒ္ဓဘာသာအသိုင်းအဝိုင်းအား ဝေဖန်မှုများ အတော်လျော့ကျသွားသည်။

အမှန်တကယ်၌လည်း စောစောပိုင်းနှစ်များတွင် နိုင်ငံခြားတိုင်းပြည်များက ဘုန်းကြီးကျောင်းများတည်ဆောက်ခြင်းအပေါ် ကြိုးစားအားထုတ်မှုများ စူးစိုက်ထားရှိခြင်းကြောင့် အခြားကိစ္စများနှင့်ပတ်သက်၍ ဂရုစိုက်ဖို့ အချိန်မပေးနိုင်ကြချေ။ ဘုန်းကြီးကျောင်းများအားလုံးနီးပါးက သူတို့၏ကျောင်းများ တည်ဆောက်ခြင်းလုပ်ငန်း မပြီးစီးလျှင် ဒေသခံအသိုင်းအဝိုင်းအား ကူညီဖို့ မစဉ်းစားနိုင်ဟု ထင်မှတ်ကြသည်။ ရှေ့ဆောင်လုပ်ခဲ့သော ကျွန်ုပ်အလုပ်ကြောင့် လူမှုရေးအလုပ်များတွင် အခြားတိုင်းပြည်များ လျင်မြန်စွာ ပါဝင်လာကြသည်။

ဥပမာအားဖြင့် ကိုရီးယားဘုန်းကြီးကျောင်းက နေ့ထူးနေ့မြတ်ရက်များတွင် ရံဖန်ရံခါ၌ အစားအစာလှူဒါန်းခြင်းကို စည်းရုံးလုပ်ဆောင်သည်။ ဆင်းရဲသော ကျေးလက်ပြည်သူများကို ဆေးဝါးကုသပေးနိုင်ရန်အတွက် ကိုရီးယားဆရာဝန်အုပ်စုများ လုမ္ဗိနီသို့လာကြသည်။ အခြားဘုန်းကြီးကျောင်းများက ဆိုက်ကားများဝယ်ယူပြီး ဆင်းရဲသော မိသားစုများကို အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်အတွက် ပေးအပ်ကြသည်။ အခြားဘုန်းကြီးကျောင်းအချို့က ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်များကို စည်းရုံးဆောင်ရွက်ကြပြီး ဆင်းရဲ၍ကြိုးစားသော ကျောင်းသားများကို ထောက်ပံ့မှုများပေးကြသည်။

ထို့အပြင် ထိုဒေသမှ ရေအရင်းအမြစ်များ ညစ်ညမ်းနေပြီး ဒေသခံပြည်သူများ ရောဂါဖြစ်ကြသည်။ ထို့ကြောင့် ရေစမ်းသပ်စစ်ဆေးမှုများ ကျွန်ုပ်တို့ပြုလုပ်ကြပြီး သူတို့ကို ရေတွင်းများတူးကြရန် အားပေးအားမြှောက်ပြု၍ သန့်ရှင်းသော ရေအရင်းအမြစ်များ ကူညီရှာဖွေပေးကြသည်။ ဆင်းရဲသောပြည်သူများ မှီခိုအားထားဖို့အတွက် အသီးအနှံများ ထုတ်လုပ်ပေးမည့် ပျိုးပင်ထောက်ပံ့ပေးသော အစီအစဉ်များလည်း ကျွန်ုပ် ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်အကောင်အထည်ဖော်ခဲ့သော အစီအစဉ်များအားလုံးက ငွေကြေးများစွာ မလိုအပ်ချေ။ သို့သော် သူတို့၏လိုအပ်ချက်များကို အာရုံပြုရန် ကြီးစွာသော စိတ်ရှည်သည်းခံမှုနှင့် စိတ်ကောင်းနှလုံးကောင်း အမှန်တကယ်လိုအပ်သည်။

သို့သော် လူတိုင်းကို ကျွန်ုပ် ကူညီလိုသောဆန္ဒရှိသော်လည်း ကျွန်ုပ်၏အကူအညီက သူတို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုဖြင့် ရှေ့သို့ရောက်နိုင်သော၊ သူတို့ကိုယ်တိုင်ပြုလုပ်ရမည့် နည်းစနစ်နှင့် အလုပ်များထောက်ပံ့ပေးခြင်းသာ ပါဝင်လေသည်။

ကျွန်ုပ် နောက်ထပ်ဆက်လက်မပေးနိုင်လျှင် ကျွန်ုပ်ကို ငြိုငြင်ကြမည်ဖြစ်သဖြင့် ပိုက်ဆံပေးခြင်းကို ကျွန်ုပ် လုံးဝရှောင်ကြဉ်သည်။ ဥပမာအားဖြင့် အလုပ်လုပ်လိုစိတ် မရှိသော သင့်မိသားစုဝင်တစ်ယောက်ကို ဒေါ်လာအနည်းငယ်သုံးဖြုန်းဖို့ပေးခြင်းဖြင့် သင် ကူညီလျှင် ထိုကဲ့သို့ပင် ဆက်လက်မပြုလုပ်နိုင်ပါ၊ သူစိတ်ဆိုးပြီး သင့်ကို ပြစ်တင်ဝေဖန်လိမ့်မည်။ ဗုဒ္ဓဘုရားရှင်က ဤသို့ မြွက်ကြားဖူးသည်။

"ကရုဏာကို ဉာဏ်ပညာနဲ့ ယှဉ်ရမယ်"

ထိုအကြောင်းကြောင့် ကျိုးကြောင်းဆီလျော်မှုမတွေ့ရသော အကူအညီတောင်းဆိုခြင်းကို ကျွန်ုပ် အမြဲတမ်း ငြင်းဆန်သည်။ တစ်ခါ ကျွန်ုပ် ဥရောပသို့ သင်ကြားပြသခြင်း ခရီးသွားရာမှ ပြန်လာရုံရှိစဉ် နောက်တစ်နေ့၌ ဒေသန္တရဧည့်ဂေဟာ၌ အယောက် ၂၀ ခန့်က အသီးသီး လက်ဆောင်ပစ္စည်းတစ်ခုစီယူဆောင်လျက် ကျေးရွာများ၏ကိုယ်စား ကျွန်ုပ်ကို လာရောက်တွေ့ဆုံကြသည်။ ကျွန်ုပ် ကိုယ့်ကိုယ်ကိုယ် ဤသို့ ဝမ်းသာစွာတွေး မိသည်။

ရွာသူရွာသားတွေ ငါ့အပေါ် ဒီလောက်ကြီးကျယ်တဲ့ ကြင်နာစိတ်တွေထားကြတာ မယုံကြည်နိုင်လောက်အောင် တောင်းလွန်းလှပါကလား။ အတန်ကြာ အာလာပ သလ္လာပ စကားပြောပြီးကြသောအခါ သူတို့က ကျွန်တော် သူတို့ကို အပြည့်အဝချစ်ခင်သင့်ကြောင်းပြောပြီး တံတားနှင့် ၂ ကီလိုမီတာခန့်အဝေး၌ရှိသော လမ်းမကြီးအား ဆက်သွယ်သောလမ်းတစ်လမ်း ဆောက်လုပ်ဖို့ ကျွန်ုပ်ကိုတောင်းဆိုသည်။ ဆောက်လုပ်ရေးမန်နေဂျာတာဝန်ကို ကျွန်ုပ်လက်ခံလျှင် ဒေသခံအစိုးရက ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့် ဖြစ်နေလိမ့်မည်ဟုလည်း ဆိုကြသည်။

ဤနေရာမှ လူတိုင်းက မှီခိုအားထားသော အပြုအမူကို စတင်ပျိုးထောင်နေကြပြီကို အပြည့်အဝသိရသောအခါ ကျွန်ုပ်က ထင်ထင်ရှားရှားဒေါသဖြစ်လျက် စားပွဲကို လက်သီးဖြင့် ထုသည်။

"ဒကာတို့က ကျွန်ုပ်ကိုအသုံးချဖို့အတွက် ဒီကိုလာကြတာပဲ။ ဒကာတို့ကို အမှန်အတိုင်းပြောရရင် ဗီယက်နမ်တစ်ယောက်ဖြစ်တဲ့ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့တိုင်းပြည်အတွက် ကောင်းကျိုးမလုပ်နိုင်သေးဘူး။ ဒီလိုအချိန်မှာ ပြီးစီးသွားတဲ့တံတားအပြင် ကျွန်ုပ် လမ်းပါ ဖောက်ပေးရမှာလား။ ဒါကတော့ လွန်လွန်းအားကြီးနေပြီ"

ကျွန်ုပ်စိတ်ဆိုးနေသည်ကို တွေ့မြင်ကြသောအခါ သူတို့က တောင်းဆိုချက်ကို ကြည်ကြည်ဖြူဖြူဖြင့် အလျင်အမြန် ရုပ်သိမ်းကြသည်။ နောက် ၁၀ ရက်ကြာသောအခါ သူတို့ထဲမှ တချို့က လက်ဆောင်အချို့ယူဆောင်လာကြလျက် ပြန်လာကြပြီး ကျွန်ုပ်ကို တွေ့ခွင့်တောင်းသည်။ သူတို့က တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် ပြောကြသည်။

"အရှင့်ကိုတပည့်တော်တို့စိတ်မကောင်းဖြစ်အောင် လုပ်ခဲ့မိတဲ့အတွက် တောင်းပန်ဖို့လာကြတာပါ။ အမှန်ပါပဲ။ အဲဒီနေ့က တပည့်တော်တို့အားလုံး အိမ်ကိုပြန်ရောက်ကြတဲ့အခါ ရှက်မိကြပြီး လမ်းကို ကိုယ်တိုင်ဖောက်ဖို့ တိုင်ပင်ဆွေးနွေးကြတယ်။ အရှင့်ကို တပည့်တော်တို့ ဒီသတင်းပြောပြချင်ပါတယ်။ တပည့်တော်တို့အတွက် အရှင် ဆုတောင်းမေတ္တာပို့ပေးပါ။ အရှင်ခွင့်လွှတ်မယ်လို့ တပည့်တော်တို့ မျှော်လင့်ပါတယ်"

ဤသို့ဖြင့် လမ်းဖောက်လုပ်ခြင်းကိစ္စ ပြေလည်သွားသည်။ ကျောင်းဆောက်လုပ်ခြင်းနှင့်ပတ်သက်၍မူ လောလောဆယ်၌ ဒေသခံအစိုးရက မြေကွက်တောင်းဆိုထားပြီး အလွန်ဆိုးဝါးနေသော ကျောင်းအဆောင်ကို အစားထိုးနိုင်ရန်အတွက် ကျယ်ဝန်းသော ကျောင်းတစ်ဆောင် ဆောက်လုပ်ဖို့ ကျွန်ုပ်ကို တောင်းဆိုထားသည်။

မြေကွက်ကို ကျွန်ုပ်သွားကြည့်ခဲ့သည်။ သို့သော် လုပ်ငန်းစဖို့အတွက် မဆုံးဖြတ်ရသေးချေ။ ကျောင်းတစ်ကျောင်းဆောက်လုပ်ဖို့အတွက် ကျွန်ုပ် ကောင်းစွာပြင်ဆင်ထားသည်။ သို့သော် နောက်ဆက်တွဲကိစ္စအားလုံးအတွက် ကျွန်ုပ် အပြည့်အဝတာဝန်ယူဖို့ သဘောမတူဘဲ ကျောင်းစီမံအုပ်ချုပ်ဖို့ကို ဒေသခံပြည်သူများအား လွှဲအပ်ထားသည်။

ဒေသခံအစိုးရကိုယ်စားလှယ်များနှင့်ကျွန်ုပ်တို့ အစည်းအဝေး ၁၀ ပွဲကျော်တွင် အမြင်များဖလှယ်ကြပြီး သဘောတူညီချက် မရကြချေ။ လောလောဆယ်၌ သူတို့က ကျွန်ုပ်ကို ကျောင်းဆရာလစာပေးရန် တောင်းဆိုနေကြသည်။ သို့သော် ကျွန်ုပ်က ပညာရေးအကြံပေးပုဂ္ဂိုလ်လုပ်ရန်သာ သဘောတူပြီး ကျောင်းစီမံအုပ်ချုပ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုကို ဒေသခံပြည်သူတို့က တာဝန်ယူကြရမည်။

လုပ်စရာများ များစွာကျန်သေးသည်။ ထို့ကြောင့် ဆန္ဒရှိသောလူငယ်များစွာတို့ ကျွန်ုပ်နှင့်လက်တွဲရန် ဤနေရာသို့ လာကြလိမ့်မည်ဟု ကျွန်ုပ် အမြဲတမ်းမျှော်လင့်သည်။ အလှူဒါနလုပ်ငန်းသည် ပိုက်ဆံနှင့် စေတနာသာလျှင်မဟုတ်ဘဲ ကျွန်ုပ်တို့ အကူအညီပေးလိုသော ဒေသခံပြည်သူများ၏အကြောင်းနှင့် ထုံးတမ်းစဉ်လာကို နှံ့နှံ့စပ်စပ် သိထားဖို့လည်း လိုအပ်သည်။ ချမ်းသာသောတိုင်းပြည်အချို့က ကောင်းမွန်သောကြံရွယ်ချက်ဖြင့် ဆင်းရဲသောတိုင်းပြည်များကို ငွေကြေးနှင့် ကြွယ်ဝချမ်းသာမှုများ အလျှုပယ်ပေးကြသည်။

သို့သော် အမှန်တကယ်တွင် ပိုက်ဆံကို ကောင်းမွန်သင့်လျော်စွာ အသုံးမပြုလျှင် ဒေသဆိုင်ရာ လူမှုရေးတည်ငြိမ်မှုကို ပျက်စီးစေလိမ့်မည်။ အထိရောက်ဆုံးအကူအညီက သူတို့ကို နည်းစနစ်များ လမ်းညွှန်လျက် ကိုယ့်နည်းကိုယ့်ဟန် ပြုလုပ်စေခြင်းဖြင့် တိုးတက်စေရန် ကူညီခြင်းဖြစ်သည်။

ဘုန်းကြီးကျောင်း ဆောက်လုပ်ရန်လာကြသော အချို့သောတိုင်းပြည်များက များပြားလှသော ရန်ပုံငွေများ ထောက်ပံ့ပေးကြပြီး ပိုက်ဆံအတော်များများကို ၎င်းတို့၏ စီမံကိန်းဒါရိုက်တာများက ဖြုန်းတီးပစ်ကြသည်ကို လုမ္ဗိနီအတွေ့အကြုံက ပြသနေသည်။ ၎င်းသည် ကျွန်ုပ်အမြဲတမ်းဆန့်ကျင်သော စီမံခန့်ခွဲမှုပုံစံဖြစ်သည်။ ကျွန်ုပ်၏ အပြုအမူ သဘောထားက တစ်စတစ်စနှင့် တညီတညွတ်တည်းလက်ခံမှုကို ရရှိခဲ့သည်။

ဥပမာအားဖြင့် အလုပ်သမားလုပ်ခကို နှစ်ဆ၊ သုံးဆပေးခြင်းထက် လက်ရှိလုပ်ခနှုန်းအတွင်းမှ ပေးသင့်သည်။ ဘုန်းကြီးကျောင်းများက ဆောက်လုပ်ရေးစီမံကိန်းများ ပြီးစီးသွားကြသောအခါ နီပေါလူ့အဖွဲ့အစည်းမှာ ဘုန်းကြီးကျောင်းများကြောင့် ဖြစ်ပေါ်လာခဲ့သော ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများကို ရင်ဆိုင်ကြရသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌအဖြစ် ကျွန်ုပ်၏တတ်စွမ်းနိုင်မှုဖြင့် နိုင်ငံခြားဗုဒ္ဓဘာသာအဖွဲ့အစည်းများကို သူတို့ ဤနေရာ၌ရှိနေကြသောအခါ နီပေါထုံးတမ်းစဉ်လာနှင့် လူမှုရေးစံနှုန်းများကို လေးစားကြရမည်ဟု ကျွန်ုပ် အမြဲတမ်း သတိပေးသည်။ ၎င်းကြောင့် ဒေသနှင့် ဗဟိုအစိုးရနှစ်ဦးစလုံးက ကျွန်ုပ်ကို အလွန်လေးစားကြသည်။

ဘုန်းကြီးကျောင်းများဆောက်လုပ်ရန် ဤနေရာသို့လာကြသော နိုင်ငံခြားတိုင်းပြည်များအား သင်ခန်းစာတစ်ခုပေးသည့် ကုသိုလ်ကံမကောင်းသော အဖြစ်အပျက်တစ်ခု လုမ္ဗိနီ၌ ဖြစ်ပေါ်ခဲ့သည်။ ရှေးဟောင်းလက်ရာပစ္စည်းများ တူးဖော်ခြင်းနှင့် ဆောက်လုပ်ခြင်းများပါဝင်သော လုမ္ဗိနီ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုတွင် တိုင်းပြည်တစ်ပြည်မှ ဗုဒ္ဓဘာသာအဖွဲ့က ပါဝင်ဆောင်ရွက်သည်။ ထိုစီမံကိန်းကို ထိုဇရိယာတွင် များပြားလှသော ရန်ပုံငွေများဖြင့် အကောင်အထည်ဖော်နေကြသည်။ ထိုတိုင်းပြည်မှ ရှေးဟောင်းသုတေသနကော်မတီခေါင်းဆောင်ကို အမေရိကန်ဒေါ်လာ ၁၇၀၀၀ အထိ မြင့်မားသော လစာဖြင့် လုမ္ဗိနီသို့ လာရောက်အလုပ်လုပ်ရန် အလုပ်ခန့်အပ်သည်။

ဤလူက ပိုက်ဆံကို ရေလိုဖြုန်းတီးပြီး ကြယ် ၅ ပွင့်ဟိုတယ် "ဟုကဲ" တွင် တည်းခိုကာ အကန့်အသတ်မရှိသော အရက်သေစာများဖြင့် စနေ၊ တနင်္ဂနွေ ညေ့ခံပွဲများလုပ် သည်။ ၎င်းနှင့်ပတ်သက်၍ ကျွန်ုပ် တစ်ကြိမ်နှစ်ကြိမ် ဝေဖန်ခဲ့သည်။ သို့သော် သူက ကျွန်ုပ်စကားကို နားမထောင်ဘဲ ထိုအချိန်မှစ၍ ကျွန်ုပ်အပေါ် စိတ်ထားမကောင်းတော့ချေ။

တိုင်းရင်းသား အလုပ်သမားအတော်များများ သူငှားရမ်းပြီး လုပ်ခရက်ရက်ရောရောပေး၍ များစွာသော အခွင့်အရေးများပေးသည်။ ထို့နောက်တွင် မကျေနပ်ချက်ကြောင့် သူတို့ထဲမှ အချို့ကို အလုပ်ဖြုတ်ပစ်သည်။

အလုပ်နှင့် အခွင့်အရေးများ ရုတ်ကရက် ဆုံးရှုံးကြရပြီး အရသာရှိသော အစားအစာနှင့် အလွန်ကောင်းသော အရက်ကို မသုံးဆောင်ကြရသောအခါ ဤလူများက အလွန်နာကြည်းစိတ်ဖြစ်လာကြပြီး သူ့ကို အကြီးအကျယ်အန္တရာယ်ပြုရန် ကြိုးစားကြသည်။

ထိုအချိန်၌ သင်ကြားပြသခြင်းခရီး ပြီးဆုံး၍ နိုင်ငံခြားမှ လုမ္ဗိနီသို့ ကျွန်ုပ် ပြန်ရောက်ရုံရှိသေးသည်။ မူးယစ်ဆေးဝါး အရောင်းအဝယ်လုပ်သော ရှေးဟောင်းသုတေသနကော်မတီခေါင်းဆောင်တစ်ယောက်အကြောင်း ၈ ကော်လံပါသောသတင်းကို လေယာဉ်ပေါ်၌ ကျွန်ုပ် ဖတ်ခဲ့ရသည်။ ဤသတင်းတွင် ပုံမှန်မဟုတ်သော တစ်စုံတစ်ရာ ရှိနေသည်ကို ကျွန်ုပ် ချက်ချင်း ခန့်မှန်းမိလိုက်သည်။

ကျွန်ုပ် ပြန်ရောက်လာကြောင်းသတင်းကို ကြားရသောအခါ လုမ္ဗိနီ၌ အလုပ်လုပ်နေသော ရှေးဟောင်းသုတေသနကော်မတီခေါင်းဆောင်၏တိုင်းပြည်မှ သံအမတ်က အခြေအနေကို မည်သို့ကိုင်တွယ်ရမည်ကို မသိသောကြောင့် အလန့်တကြားဖြစ်လျက် ကျွန်ုပ်ကို လာတွေ့သည်။ ရှေးဟောင်းသုတေသနပညာရှင်ကို အန္တရာယ်ပြုလိုသောလူက တောင်တက်သမားတစ်ယောက်ကိုငှားရမ်း၍ ကော်မတီခေါင်းဆောင်၏ ရုံးခန်းသို့ ဘိန်းဖြူ ၂ ကီလိုယူသွားရန် ကြံစည်ပြီးနောက်၌ သက်ဆိုင်ရာကို သတင်းပို့သည်။ ကုသိုလ်ကံကောင်းသဖြင့် ထိုနေ့၌ ရှေးဟောင်းသုတေသနပညာရှင်က အလုပ်မှ အနားယူနေသည်။ ထို့ကြောင့် နီပေါလူမျိုးကိုသာ ဖမ်းမိကြသည်။

ထို့နောက်၌ လုမ္ဗိနီဒေသရဲဌာန ဒုတိယအကြီးအကဲက ရှေးဟောင်းသုတေသနပညာရှင်အား ဖမ်းဆီးမည့် သူ၏ဆုံးဖြတ်ချက်ကို ကျွန်ုပ်အား လာရောက်အကြောင်းကြားသည်။ ထိုအခါ ကျွန်ုပ်က အခြေအနေတစ်ခုလုံးကို ဖြောင့်မှန်စွာ လေ့လာသုံးသပ်သည်။

"ဒါ မဖြစ်နိုင်တဲ့ ဇာတ်လမ်းပါ။ တစ်စုံတစ်ယောက်က ပုဂ္ဂိုလ်ရေးရန်ငြိုးကြောင့် ဒီလူကို အန္တရာယ်ပြုဖို့အတွက် ကြံစည်ပြုလုပ်တယ်ဆိုတာ ကျွန်ုပ် ကျိန်းသေပြောနိုင်တယ်။ သူ့ရဲ့လစာကို စဉ်းစားကြည့်ပါ။ လစာ အရမ်းများတယ်။ ဖိမ်ရှိတဲ့ဘဝကို သူ ကောင်းကောင်းနေနိုင်တယ်။ ဒါကို ဒီကလူတွေ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်တယ်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖို့ ကိစ္စကတော့ မြို့တော်နေရာမှာပဲ သူ ခိုးကြောင်ခိုးဝှက်လုပ်မှာပေ့ါ။ ဒီလို အစွန်အဖျားနေရာမှာဆိုရင် သူ့ရဲ့လှုပ်ရှားမှုတွေကို လူတွေ သတိပြုမိကြမှာပေ့ါ။

"ဒီကိစ္စမှာ မစူးစမ်းမဆင်ခြင်တဲ့ ဖြေရှင်းချက်ဟာ အလွန်ကြီးမားတဲ့ နောက်ဆက်တွဲရလဒ် ဖြစ်လာလိမ့်မယ်။ ဒီလူကို ဖမ်းဆီးခြင်းဟာ နီပေါပြည်သူပေါင်းများစွာတို့ လက်ခံကြရမယ့် ဆုံးရှုံးမှုနဲ့ အဓိပ္ပာယ်တူလိမ့်မယ်။ ဘာကြောင့်လည်းဆိုတော့ သူ့တိုင်းပြည်သာမဟုတ်ဘဲ တစ်ကမ္ဘာလုံးကပါ လုမ္ဗိနီ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရန်ပုံငွေထောက်ပံ့ပေးမှု ရပ်တန့်လိမ့်မယ်။ ဒီစီမံကိန်းဟာ နီပေါနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို လည်း အကူအညီပေးနေတယ်။

"ဒါကြောင့် ကျွန်ုပ်ရဲ့အမြင်ကတော့ ဒီအဖြစ်အပျက်ရဲ့ဇာစ်မြစ်ကို ရှာဖွေတာဟာ ပိုပြီးအဓိပ္ပာယ်ရှိလိမ့်မယ်။ ရှေးဟောင်းသုတေသနပညာရှင်ခေါင်းဆောင်ကို ခင်ဗျားအတင်းအကြပ် စွပ်စွဲမှုလုပ်မယ်ဆိုရင် နီပေါဥပဒေအရ ထောင်ထဲမှာ အချိန်အတိုင်းအတာ တစ်ခု သူ ပြစ်ဒဏ်ကျခံရလိမ့်မယ်။ ပြီးရင် သူ့နိုင်ငံကို သူပြန်သွားလိမ့်မယ်။ ဒီအတောအတွင်းမှာ သူ့နိုင်ငံအစိုးရက ကန့်ကွက်ရင် ခင်ဗျား ပါဝင်ပတ်သက်ရလိမ့်မယ်"

အဆုံးသတ်၌ အခြေအနေကို ကျေနပ်ဖွယ်ကောင်းစွာ မဖြေရှင်းနိုင်လျှင် ကျွန်ုပ် ကိုယ်တိုင် ဘုရင်မင်းမြတ်ကို သွားရောက်တွေ့ဆုံပြီး ပြဿနာကို နီပေါ ပါလီမန်ရှေ့သို့ တင်သွင်းမည်ဟု ကျွန်ုပ် ဆက်ပြောသည်။ ဤအဖြစ်အပျက်ကို နောက်ပိုင်း၌ ချောမောစွာ ဖြေရှင်းလိုက်ကြသည်။ ရှေးဟောင်းသုတေသနပညာရှင်၏ တိုင်းပြည်မှ သံအမတ်က ရက်သတ္တပတ်ပေါင်းများစွာ စိုးရိမ်ပူပန်နေခဲ့ရပြီးနောက်တွင် ကျွန်ုပ်ကိုပွေ့ဖက်လျက် ဝမ်းသာအားရ ကျေးဇူးတင်သည်။

အထက်ပါတို့သည် နီပေါတွင် ကျွန်ုပ်နေထိုင်အလုပ်လုပ်နေစဉ် နှစ်ကာလများ အတွင်းက ကျွန်တော်ရရှိခဲ့သော အတွေ့အကြုံအချို့ဖြစ်ကြသည်။

# နိဂုံး

အာရုံခံစားတတ်သော သတ္တဝါများအပေါ် ချစ်ခင်ခြင်းမှဖြစ်ပေါ်လာသော ကောင်းမှုကလေးသည် လူ့အဖွဲ့အစည်းအပေါ် မမျှော်လင့်သော ကောင်းကျိုးဖြစ်ပေါ် သည်ကို အိန္ဒိယကြိုးကြာများနှင့် ကျွန်ုပ်၏အတွေ့အကြုံမှ ကျွန်ုပ်သိရှိခဲ့ရသည်။

အိန္ဒိယကြိုးကြာများကို ကျွန်ုပ်ချစ်သောကြောင့် သူတို့ကို ကာကွယ်ရန် အကောင်းဆုံး ကြိုးစားခဲ့သည်။ ထိုကြိုးစားချက်ကြောင့် ဒေသခံပြည်သူတို့၏ ဒုက္ခကို ကျွန်ုပ်သိရှိလာနိုင်ပြီး နောက်ပိုင်း၌ တံတားတည်ဆောက်ဖို့ အိပ်မက်မက်ခဲ့သည်။ တံတား ပြီးစီးမှုနောက်သို့ လမ်းဖောက်လုပ်ခြင်း လိုက်ပါလာသည်။ လမ်းဖောက်လုပ်ခြင်းက ဆေးရုံတစ်ရုံနှင့် အနာဂတ် ကျောင်းတစ်ကျောင်း တည်ဆောက်ခြင်းဆီသို့ ဦးတည်စေသည်။ ရှင်းလင်းစွာပင် ကိုယ်ကျိုးမဖက်သောမေတ္တာက အလွန် ပျံ့နှံ့တတ်သည်။

ကောင်းမှုပြုလုပ်ရာတွင် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ပါဝင်လာစေရန် လူအချို့အား လှုံ့ဆော်ခဲ့သည်မှာ ကျွန်ုပ်တို့၏ ဤတာဝန်ယူဆောင်ရွက်ချက်ပင်ဖြစ်သည်။ ၎င်းက အစိုးရ အရာရှိများနှင့် ဤဒေသတွင်အခြေစိုက်သော ပြည်ပဗုဒ္ဓဘာသာ အဖွဲ့အစည်းများအပေါ် ဩဇာလွှမ်းမိုးမှု ဖြစ်ပေါ်စေသည်။ လူတိုင်း အခြားဝေနေယျသတ္တဝါများအပေါ် ချစ်ခင်စိတ်ထားကြပြီး ငှက်များ၏ လုံခြုံသောဘဝကို ကာကွယ်ပေးကြသည်။ အလွန် လျစ်လျူရှုသော လူများပင်လျှင် ပါဝင်ပတ်သက်လာကြပြီး ကြင်နာစိတ်များ ဖြစ်ပေါ်လာ၍ ကောင်းမှုဆီသို့ ရွေးရှုကြသည်။

စစ်မှန်သောနလုံးသားကိုပြန်လည်ရရှိလာကြသောအခါပြည်သူများက အခက်ခဲဆုံး လုပ်ငန်းတာဝန်များကို ပြုလုပ်ရန်အတွက် ငွေကြေးအင်အားထည့်ဝင်ရန် အဆင်သင့်ဖြစ်နေကြသည်။ ဆန်းကြယ်သော ဤအဖြစ်အပျက်က ကျွန်ုပ်ကို ဤသို့ အမှန်တရား သိရှိစေသည်။ ကောင်းမှုပြုလုပ်ရမည့်အခွင့်အရေးသည် လျစ်လျူရှုခံရလျှင် မည်သည့် အခါမျှ နောက်တစ်ကြိမ် ထပ်လာမည်မဟုတ်ချေ။ အိန္ဒိယကြိုးကြာများကို မိမိဆန္ဒ သဘောဖြင့် ကျွန်ုပ်ဂရုမစိုက်ခဲ့လျှင် နောက်ဆက်တွဲဖြစ်ပေါ်လာသော အရာများသည် မည်သည့်အခါမျှ ဖြစ်ပေါ်မည်မဟုတ်ချေ။

အထက်တွင်ဖော်ပြခဲ့သောအချက်ကကောင်းသောအရာပြုလုပ်မည့်အခွင့်အရေးကို ကျွန်ုပ် မည်သည့်အခါမျှ လျစ်လျူမရှုသင့်ကြောင်း ထောက်ပြနေသည်။ အကြောင်းမှာ ကနဦးကောင်းမှုကလေးသည် ကြိုတင်တွေ့မြင်နိုင်သော အကျိုးကျေးဇူးကိုသာမကဘဲ အခြားထူးခြားသော အသီးအပွင့်များကိုပါ ဖြစ်ပေါ်စေသောကြောင့် ဖြစ်လေသည်။ ကောင်းမှုတစ်ခုသည် ပုဂ္ဂိုလ်တစ်ဦးတည်းဖြင့် မည်သည့်အခါမျှ ရပ်တန့်မနေချေ။ ၎င်းသည် အသံကဲ့သို့ဖြင့် ကျယ်ပြန့်သော လူများစွာဆီသို့ ပျံ့နှံ့သွားနိုင်သည်။ အသံသည် တုန်ခါမှုဂယက်ကြောင့် ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အခြားနေရာများစွာသို့ ရောက်သွားသည်။

အိန္ဒိယကြိုးကြာများကို ရိုးသားဖြူစင်စွာ ချစ်ခင်ခြင်းကြောင့်သာ ကျွန်ုပ်အတွက် ကောင်းမှုပြုလုပ်ဖို့ အခွင့်အရေးများစွာ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ် ဤသို့ သုံးသပ်ချက်ချမိသည်။ အခြားဝေနေယျသတ္တဝါအားလုံးကို ကျွန်ုပ်တို့ချစ်လျှင် ကျွန်ုပ်တို့လက်ခံရရှိမည့် အကျိုးကျေးဇူးသည် ကြီးမားလှစွာ မြင့်တက်လာလိမ့်မည်။ ၎င်းက ဆန်းကြယ်မှုတစ်ခုဖြစ်သည်။

ဤအံ့ဖွယ်ကောင်းသောအရာကြောင့် အပြုအမူတစ်ခုသည် မည်မျှပင် သေးငယ်သည်ဖြစ်စေကာမူ အဆိုး၊ အကောင်းအတွက် နိုင်မာသောရလာဒ်တစ်ခုကို ဦးတည်နေနိုင်ကြောင်း ကျွန်ုပ် သိနားလည်ခဲ့ရသည်။ ဤရလဒ်သည် ကျွန်ုပ်တို့ဘဝများကိုသာလျှင် မဟုတ်ဘဲ အနီးပတ်ဝန်းကျင်တစ်ခုလုံးအပေါ်တွင်ပါ အကျိုးသက်ရောက်မှုရှိသည်။

၎င်းကို ကရုဏာတံတားပုံရိပ်ဖြင့်လည်း တွေ့မြင်နိုင်သည်။ တံတားက ရွာသူရွာသားများ မြစ်ကို လုံခြုံစိတ်ချစွာ ကျော်ဖြတ်နိုင်ဖို့အတွက် နည်းလမ်းပေးခဲ့သည်။ အထူးသဖြင့် ဖျားနာနေသောလူများကို ယခင်ကဲ့သို့ သေမင်းမြစ်ရေ့တွင် မလှုပ်မယှက်ထားရမည့်အစား ဆေးရုံဆီသို့ အလွယ်တကူ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်လာကြသည်။ ယခု ဤတံတားပေါ်မှ ကျောင်းသို့သွားနေကြသော ကျောင်းသားအချို့သည် အနာဂတ်တွင် ပါရမီရှင်များသော်လည်းကောင်း၊ သူတော်စင်များသော်လည်းကောင်း ဖြစ်နိုင်သည်ဟု

ကျွန်ုပ်တို့ သုံးသပ်ချက်ချနိုင်ကြသည်။ လူ့အဖွဲ့အစည်းအတွက် ထူးခြားသော အကျိုးကျေးဇူးများစွာကို ပြုလုပ်ပေးနိုင်မည့်သူများက ဤလူများဖြစ်ကြသည်။

အချစ်သည် ဖြူစင်ရိုးသားရမည်။ ကိုယ်ကျိုးမဖက်သော ရည်ရွယ်ချက်အတွက် ချစ်ခင်ကြင်နာမှု ကျွန်ုပ်တို့ပေးနိုင်ကြလျှင် ဘဝသည် အံ့ဩဖွယ်ကောင်းလာလိမ့်မည်။ ကျွန်ုပ်တို့မိသားစုလည်း ထိုအတိုင်းပင်ဖြစ်သည်။ မိသားစုဝင်တစ်ယောက်ကို နှစ်နှစ်ကာကာ သင် ချစ်လျှင် သင်၏ခံစားချက်ကို သူ ပြန်လည်ပေးဆပ်လိမ့်မည်။

ကျောင်းဆရာတစ်ယောက်က သူ၏ကျောင်းသားများအပေါ် ချစ်ခင်မြတ်နိုးမှုရှိလျှင် ကျောင်းသားများကလည်း အပြန်အလှန်အားဖြင့် သူ့ကိုချစ်ခင်ပြီး လေးစားကြလိမ့်မည်။ လူ့အဖွဲ့အစည်းတွင် သူ၏နိုင်ငံသားများကို အစစ်အမှန်ချစ်ခင်သော တိုင်းပြည် ခေါင်းဆောင်သည် အသေအချာကို လူကြိုက်များမှုရရှိလိမ့်မည်။

မိသားစုတစ်စုတွင် တစ်ခါတစ်ရံ၌ ပမာမခန့်ပြုလုပ်သော ကလေးများရှိကြသည်မှာ မငြင်းနိုင်ပေ။ အုပ်စုတစ်စုတွင် တစ်ကိုယ်ကောင်းဆန်သော ကျောင်းသားများသော်လည်းကောင်း၊ လူအုပ်တစ်အုပ်ထဲတွင် မသမာသူနှင့် လူလိမ်များသော်လည်းကောင်း ရှိနိုင်ကြသည်။ သို့သော် ၎င်းတို့က ခြွင်းချက်ကိစ္စများဖြစ်ကြသည်။ လူတိုင်း ပြီးပြည့်စုံနိုင်ဖို့အတွက် ကျွန်ုပ်တို့ မမျှော်လင့်နိုင်ကြပေ။ အခြေခံအားဖြင့် ကျွန်ုပ်တို့ ဖြူစင်ရိုးသားစွာ ပြုမူဆောင်ရွက်ကြရမည်။ အရေးကြီးဆုံးက ကျွန်ုပ်တို့၏ စကားနှင့်အလုပ် တစ်ထပ်တည်းဖြစ်နေရမည်။

အချို့က ဆန်းကြယ်မှုသည် အလွန်တရာထူးခြားမှုမှ ဖြစ်ပေါ်လာသောအရာဟု ထင်မှတ်ကြသည်။ ကျိုးပေါက်သွားသောကောင်းကင်ကို ပြုပြင်ရန် ကျောက်တုံးများ အသုံးပြုသော လေဒီနူဝါ၏ ဒဏ္ဍာရီများထဲမှ ထူးခြားပြောင်မြောက်သည့် စွမ်းဆောင်ချက် များကဲ့သို့ ထင်မှတ်ကြသည်။

သို့သော် ကျွန်ုပ်အတွက်မူ လက်ရှိဤကမ္ဘာထဲ၌ ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်းကို ရှာဖွေရာတွင်လည်းကောင်း၊ သင်၏ ပညာဗဟုသုတနှင့် ဖြူစင်ရိုးသားသောမေတ္တာကို ဝေနေယျသတ္တဝါအားလုံး၏အကျိုးအမြတ်အတွက်အသွင်ပြောင်းလဲရာတွင်လည်းကောင်း၊ လူတိုင်းကို ငြိမ်းချမ်းရေးသယ်ဆောင်ပေးရာ၌လည်းကောင်း ဆန်းကြယ်မှုရှိနေသည်။

၎င်းသည် ကျွန်ုပ်ရှာဖွေတွေ့ရှိခဲ့သော အလွန်ရိုးရှင်းသည့် အတွေးအခေါ်အယူအဆတစ်ခုဖြစ်သည်။ ၎င်းကို လက်တွေ့အသုံးချသူသည် ကောင်းမွန်သောရလဒ်များ ရရှိမည်ကို ကျွန်ုပ် အခိုင်အမာယုံကြည်သည်။

ကမ္ဘာအနှံ့မှ ပြည်သူအမြောက်အမြားသည် ယခုအခါ တိတ်ဆိတ်စွာဖြင့် မပြတ်တမ်း ကောင်းမှုကုသိုလ်များ ပြုလုပ်နေကြသည်ကို ကျွန်ုပ် ယုံကြည်သည်။ ဤသို့ဖြင့် ကျွန်ုပ်ကိုယ်တိုင်ဖြစ်သကဲ့သို့ သူတို့လည်း လျှို့ဝှက်ဆန်းကြယ်မှုများ ရရှိနေကြသည်။

အခြားပြည်သူများစွာတို့ ပြန်လည်ပြောပြသော အလားတူဇာတ်လမ်းများစွာကို ကျွန်ုပ်ကြားလိုသောဆန္ဒရှိသည်။ ဤသို့ဖြင့် ငြိမ်းချမ်းခြင်းနှင့်ပျော်ရွှင်ခြင်းကို ကျွန်ုပ်တို့ မျှဝေယူနိုင်ကြလိမ့်မည်။

လောလောဆယ်၌ ဤလျှို့ဝှက်ဆန်းကြယ်မှုကို ဘဝအတွက် သက်သေအထောက်အထားအဖြစ် ကျွန်ုပ် ဆက်လက်တင်ပြပြီး ၎င်း၏ ကောင်းသောအကျိုးသက်ရောက်မှုများအကြောင်း ပြောပြရန်အတွက် နောက်ထပ်အခွင့်အရေးများ ရရှိလိမ့်ဦးမည်ဟု မျှော်လင့်သည်။

# နီပေါ – ငြိမ်းချမ်းရေး လက်တစ်ကမ်း၌ရှိသည်

## နိဒါန်း
## (အသစ်ထုတ်ဝေခြင်းအတွက်)

**တဖတ်သူများသို့**

ဤအသစ်ထုတ်ဝေသောစာအုပ် သင့်လက်ထဲသို့ ရောက်နေသောအချိန်တွင် နီပေါ်မှာ အခြေအနေများစွာ တိုးတက်ခဲ့ပြီး ကျွန်ုပ်တို့ အလွန်ကြိုးစားပမ်းစား အလုပ်လုပ်ခဲ့ရသော ဤတိုင်းပြည်မှ ငြိမ်းချမ်းရေးမှာ အလားအလာကောင်းနေသည်။ သွေးချောင်းစီးသော၊ ကြီးမားစွာ အပျက်အစီးများသောစစ်ပွဲများ ဖြစ်ပွားနေစဉ် စစ်ဖြစ်နေကြသော ဂိုဏ်းခွဲများက ရုတ်တရက် အပစ်အခတ် ရပ်စဲခြင်းကို သဘောတူကြသည်။ ၎င်းကြောင့် ကမ္ဘာ့အင်အားကြီးများနှင့် လက်နက်ထောက်ပံ့သော တိုင်းပြည်များ တအံ့တသြဖြစ်သွားကြသည်။

ထိုကဲ့သို့သောအရာ ခန့်မှန်းလို့မရဘဲ ရုတ်တရက် ဖြစ်ပေါ်လိမ့်မည်ဟု သူတို့စိတ်ကူးမကြည့်နိုင်ကြပေ။ ရန်လိုနေသောဂိုဏ်းခွဲများက လက်နက်များချပြီး နှစ်ဖက်စလုံးက အကျိုးပြုသော ငြိမ်းချမ်းရေးသတ်မှတ်ချက်များကို ဆွေးနွေးဖို့အတွက် စေ့စပ်ညှိနှိုင်းရေးစားပွဲဆီသို့သွားရန် သဘောတူကြသည်။ အရေးကြီးသည်မှာ မော်စီတုံးဝါဒီများက တောထဲရှိ ၎င်းတို့၏ ပုန်းခိုနေရာမှထွက်လာကြပြီး အခြားနိုင်ငံရေးပါတီများကဲ့သို့ တရားဝင်သော နိုင်ငံရေးဘဝထဲသို့ဝင်ရန် သဘောတူသောအချက်ပင်ဖြစ်သည်။

အထူးသဖြင့် မော်စီတုံးဝါဒီများနှင့် အစိုးရစစ်တပ်များက သူတို့၏ လက်နက်များကို လွှဲအပ်ပေးရန် သဘောတူကြသည်။ ထိုလက်နက်များကို ကုလသမဂ္ဂက ဂိုဒေါင်များထဲ

တွင် သိမ်းဆည်းပြီး သော့ခတ်ထားမည်ဖြစ်သည်။ နီပေါအစိုးရနှင့် ကြားဖြတ်ညွန့်ပေါင်း ဥပဒေပြုအဖွဲ့တို့က ကမ္ဘာပေါ်မှ အမျိုးမျိုးသော တိုင်းပြည်များ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ပါလီမန်ရွေးကောက်ပွဲကို စည်းရုံးလုပ်ဆောင်ရမည်။ ၎င်းက အပြစ်မရှိသော ပြည်သူသောင်းပေါင်းများစွာ သေဆုံးရသည့် သွေးချောင်းစီးသော ရက်စက်ကြမ်းကြုတ်သော စစ်ပွဲကို တွေ့ကြုံခဲ့ရသည့် တိုင်းပြည်တစ်ပြည်အတွက် အမှန်တကယ်ကို အလွန်အားရှိဖွယ်ကောင်းသော အခြေအနေပင်ဖြစ်သည်။

၎င်းက ကြီးမားသော ကြိုးစားအားထုတ်မှုဖြင့် နှစ်ပေါင်းများစွာ ကျွန်ုပ်တို့ စိုက်လိုက်မတ်တတ်ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ရှားမှု၏ အသီးအပွင့်ဖြစ်လာသည်။ များစွာသော အတားအဆီးများနှင့် စိန်ခေါ်မှုများကို ကျွန်ုပ်တို့ တွေ့ကြုံကြရသော်လည်း ကမ္ဘာအနှံ့မှ အသိမိတ်ဆွေများနှင့် သူငယ်ချင်းများ၏ ကူညီထောက်ပံ့မှုကြောင့် ကျွန်ုပ်တို့ အောင်မြင်ခဲ့ကြသည်။ ဤအရေးအခင်းတွင် ဗီယက်နမ်ပြည်သူများလည်း များစွာ အကူအညီပေးခဲ့ကြသည်။

များစွာသော ကိစ္စများတွင် သူတို့၏ ကူညီထောက်ပံ့မှုများအတွက် ကျွန်ုပ်တို့၏ သူငယ်ချင်းများနှင့် အသိမိတ်ဆွေများအားလုံးကို ကျွန်ုပ် အလွန်ကျေးဇူးတင်မိသည်။ နီပေါနိုင်ငံ ငြိမ်းချမ်းရေးရရှိရန် မျှော်တွေးလျက် လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း ငြိမ်းချမ်းရေးလုပ်ရှားမှုတွင် သူတို့စိုက်ထုတ်ခဲ့ကြသော ကြိုးစားအားထုတ်မှုများကို ကျွန်ုပ် အမှန်တကယ် တန်ဖိုးထားလေးစားသည်။

နီပေါနိုင်ငံသည် လွန်ခဲ့သောရာစုနှစ် ၂၅ စုကျော်က ဗုဒ္ဓဘုရားရှင် ဖွားမြင်ခဲ့သော တိုင်းပြည်ဖြစ်သည်။ ဤတိုင်းပြည်ကို ကျွန်ုပ်တို့ အလွန်ကျေးဇူးတင်ပြီး အကောင်းဆုံးကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ကျွန်ုပ်တို့၏လုပ်ငန်းပြီးစီးသွားခဲ့ပြီး ကျန်ရှိသောအရာများကို နီပေါခေါင်းဆောင်များနှင့် ပြည်သူများကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ကြလိမ့်မည်။ ဤတိုင်းပြည်တွင် ကျွန်ုပ်တို့က နိုင်ငံခြားသားများဖြစ်နေကြသောကြောင့် လောလောဆယ်၌ ကျွန်ုပ်တို့ တခြားအရာ မလုပ်နိုင်ကြချေ။ တိုတိုပြောရလျှင် သူတို့ကို ကျွန်ုပ်တို့ အကြံပြုခဲ့ကြသည့်တိုင် ငြိမ်းချမ်းရေးက နီပေါတို့၏လက်တစ်ကမ်း၌ ရှိနေသည်။

ထိုပန်းတိုင်ကိုဦးတည်လျက် သူတို့ ကြိုးစားအလုပ်လုပ်နေကြသည်။ မကြာခင်၌ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးကို သူတို့ ရရှိကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ကြသည်။ နီပေါနိုင်ငံသမိုင်းနှင့် နိုင်ငံရေးတွင် လျှို့ဝှက်ဆန်းကြယ်၍ စိတ်ဝင်စားဖွယ်ကောင်းသော အသွင်အပြင်များစွာ ရှိနေသေးသည်။ အထူးသဖြင့် လွန်ခဲ့သော ၃ နှစ်က ကျွန်ုပ်ဖော်ပြခဲ့သည့်အတိုင်း ဘုရင်၏ကဏ္ဍရှိနေသည်။ ကျွန်ုပ်တို့ဘဝမှ အံ့ဩဖွယ်ကောင်းပြီး ဆန်းကြယ်

သောအရာများကို ကျွန်ုပ်တို့အားလုံး ပြန်လည်စဉ်းစားနိုင်ကြရန်အတွက် ဇာတ်လမ်းတစ်ခုလုံးကို စာဖတ်ပရိသတ်များအား ကျွန်ုပ်ပြောပြနိုင်မည့်အခွင့်အရေး မကြာခင်၌ ရရှိလိမ့်မည်ဟု မျှော်လင့်သည်။

ဘဝသည် သက်တမ်းတိုတောင်းပြီး အမြဲမပြတ် ပြောင်းလဲနေသည်။ သို့သော် တစ်ယောက်ကိုတစ်ယောက် ခံစားရမှုများဖြစ်စေလျက် နောက်ဆုံးတွင် လက်ရှိဘဝ၌ပင် လျှင် သူတို့ပြုလုပ်ခဲ့ကြသော မကောင်းမှုမှ မကောင်းဆိုးဝါး အသီးအပွင့်များကို ခံစားကြရင်း အရာရာတိုင်းအတွက် လူများ အဘယ်ကြောင့် ပြိုင်ဆိုင်လုယက်နေကြသည်ကို နားလည်နိုင်ဖို့ မဖြစ်နိုင်ချေ။

စာဖတ်ပရိသတ်များအားလုံးကို ကျွန်ုပ် ကျေးဇူးတင်ခြင်ပြီး ဗုဒ္ဓဘုရားရှင် ဖွားမြင်သောမြေပေါ်မှ ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဖြစ်သော လုမ္ဗိနီမှ ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို လာရောက်လည်ပတ်၍ ခဏတည်းခိုကြရန်အတွက် လုမ္ဗိနီသို့ ဖိတ်ခေါ်ချင်ပါသည်။

လုမ္ဗိနီ၊ ဒီဇင်ဘာ၊ ၂၀၀၇ ခုနှစ်
**ဟူယင်ဂျူး**

# နိဒါန်း
## (ပထမအကြိမ် ထုတ်ဝေခြင်းအတွက်)

ဘဝသည် အမှန်တကယ် အံ့ဖွယ်ကောင်းပြီး ဆန်းကြယ်မှုများပြည့်နေသည်။ ကျွန်ုပ်တို့ စိတ်လက်ဖြေလျော့ပြီး ဂရုပြုမိတတ်မည်ဆိုလျှင် ကျွန်ုပ်တို့ပတ်ပတ်လည်၌ စိတ်ဝင်စားဖွယ်ကောင်းသော အရာများစွာ ဖြစ်ပေါ်နေကြသည်ကို တွေ့ရှိနိုင်သည်။ ကျွန်ုပ်တို့ ကြည်လင်သောစိတ်ရှိ၍ ဝေနေယျသတ္တဝါတို့၏ကောင်းကျိုးချမ်းသာနှင့် ပျော်ရွှင်မှုအတွက် ရိုးသားဖြူစင်စွာ ဆုတောင်းပြီး ကောင်းမှုများပြုလုပ်ကြလျှင် ကျွန်ုပ်တို့ စိတ်ကူးယဉ်၊ မျှော်မှန်းထားသည်ထက်ကျော်လွန်လျက် ဆန်းကြယ်မှုများ ဖြစ်ကြလိမ့်မည်။

ဥပမာအားဖြင့် လုမ္ဗိနီကို ကျွန်ုပ် ပထမဦးဆုံးအကြိမ် ဘုရားဖူးသွားသောအခါ လုမ္ဗိနီပျက်စီးနေသည်ကို တွေ့မြင်ရသဖြင့် ကျွန်ုပ်ဝမ်းနည်းလွန်းပြီး မျက်ရည်ကျမိသည်။ ထို့နောက်တွင် သုတ္တန်ဂါထာများ ကျွန်ုပ်ရွတ်ဆိုပြီး ထွတ်မြတ်သောနေရာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိတ်အားထက်သန်စွာ ဆုတောင်းသည်။ အချိန်ကုန်လွန်သွားပြီး နှစ် ၃၀ နီးပါးကြာသောအခါ လုမ္ဗိနီ ဗီယက်နမ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တည်ဆောက်ရန်အတွက် မြေကွက်လက်ခံရရှိသော ပထမဦးဆုံးနိုင်ငံခြားသား ကျွန်ုပ်ဖြစ်လာသည်။

ထိုကျောင်းသည် ထွတ်မြတ်သောမြေတွင်တည်ဆောက်မည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတကာနှင့် အမျိုးသားအဖွဲ့အစည်း ၂၂ ဖွဲ့တို့က လိုက်လုပ်ကြပြီး လုမ္ဗိနီတွင် သူတို့၏ ဘုန်းကြီးကျောင်းများ၊ စေတီပုထိုးများ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဗဟိုဌာနများဆောက်လုပ်ကြသည်။ ၎င်းသည်အမှန်တကယ်ကို ဆန်းကြယ်မှုမဟုတ်ပါလား။

လုမ္ဗိနီတွင် ကျွန်ုပ်ရှိနေသော ပထမနှစ်အတွင်း၌ အိန္ဒိယကြိုးကြာငှက်များကို မတွေ့မြင်ရချေ။ သို့သော် ဒုတိယနှစ်ဖြစ်သော ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ၌ ဘုန်းကြီးကျောင်း အတွင်းမှ ကျွန်ုပ်၏ဝါး "နန်းတော်" အနီး၌အိန္ဒိယကြိုးကြာနှစ်ကောင် ထွက်ပေါ်လာသည်ကို တွေ့မြင်ရသဖြင့် ကျွန်ုပ် အလွန်ကံကောင်းသည်။ ၎င်းကြောင့် ကျွန်ုပ် အလွန်ဝမ်းသာ ပျော်ရွှင်မိသည်။

ထို့နောက်တွင် အန္တရာယ်တွေ့ကြုံနေရသော ငှက်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများနှင့် ကျောင်းသားများကို အကောင်းဆုံး ကြိုးစားကြရန် ကျွန်ုပ် လှုံ့ဆော်တိုက်တွန်းသည်။ နှစ်များကြာလာသောအခါ ငှက်အကောင်ရေအတော်တိုးပွားလာသည်။ နောက်ဆုံးရေတွက်ချက်အရ အိမ်လုပ်ရန်အတွက် ဤဒေသသို့လာကြသော အိန္ဒိယကြိုးကြာငှက် ယခု ၆၆ ကောင်ရှိနေသည်။

နောက်ထပ်အံ့ဖွယ်ကောင်းသော အရာတစ်ခုကိုလည်း လုမ္ဗိနီတွင် ကျွန်ုပ် နောက်တစ်ကြိမ် တွေ့ကြုံခဲ့ရသည်။ လုမ္ဗိနီဒေသတစ်ပိုက်ကို ကျွန်ုပ်စူးစမ်းရှာဖွေနေစဉ်အတွင်း လုမ္ဗိနီအရှေ့ဘက်ရှိ အသက်အန္တရာယ်ကြီးမားသော တယ်လာမြစ်အား ဒေသခံပြည်သူတို့ ကျော်ဖြတ်ရန် ကြိုးစားကြသောအခါ သူတို့၏ခံစားရမှုကို မျက်မြင်တွေ့ရှိရဖို့ ကျွန်ုပ် အခွင့်ကြုံခဲ့သည်။ သူတို့ခံစားနေရသောမြင်ကွင်းကြောင့် သူတို့အတွက် ကောင်း မွန်သော တစ်စုံတစ်ရာပြုရန် ကျွန်ုပ် ဆုတောင်း၊ ဆန္ဒပြုခဲ့သည်။

မကြာခင်၌ ကမ္ဘာအနှံ့မှ မိတ်ဆွေများစွာတို့၏ ထောက်ပံ့ကူညီမှုဖြင့် ဒေသခံပြည်သူများအတွက် ကျွန်ုပ် တံတားတစ်စင်းတည်ဆောက်လာနိုင်သည်။ နောက်ဆက်တွဲရလဒ်အဖြစ် ဒေသခံပြည်သူများကလည်း သူတို့ကိုယ်တိုင် ကောင်းမှုပြုလုပ်ရန် နိုးကြွလာခဲ့သည်။ ဘဝတွင် ဖြစ်ပျက်ခဲ့သည့် နောက်ထပ်အံ့သြဖွယ်ကောင်းသော၊ လျှို့ဝှက်ဆန်းကြယ်သော အဖြစ်အပျက်များ ရှိသေးသည်။ ၎င်းတို့ကို နောင်တစ်ချိန်၌ စာဖတ်ပရိသတ်များအား ကျွန်ုပ် ပြောပြနိုင်မည့်အခွင့်အရေး ရရှိလိမ့်မည်ဟု မျှော်လင့်မိသည်။

နီပေါသို့ကျွန်ုပ်ပထမဦးဆုံးအကြိမ်ရောက်ရှိသောအခါ လှပသော ဤတိုင်းပြည်မှာ ငြိမ်းချမ်းနေသည်။ ငြိမ်းချမ်းပျော်ရွှင်သောဘဝဖြင့် ပြည်သူများနေထိုင်ကြသည်။ ရုတ်တရက် စစ်ဖြစ်ပွားသည်။ ပြည်သူ ၁၄၀၀၀ ကျော် အသတ်ခံရပြီး သိန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ကြသည်။ အပျက်အစီးက အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်းများစွာ ပမာဏရှိသည်။ ပြည်သူများ ပိုမိုဆင်းရဲပြီး ပိုမိုခံစားလာကြရသည်။

ကျွန်ုပ်၏တပည့်များက ကျွန်ုပ်၏လုံခြုံရေးနှင့် ငြိမ်းချမ်းသောဘဝအတွက် နီပေါမှထွက်ခွာရန် ကျွန်ုပ်ကို အကြိမ်ပေါင်းများစွာ တိုက်တွန်းကြသည်။ သို့သော် ကျွန်ုပ်

ငြင်းဆန်သည်။ ဤတိုင်းပြည် စစ်ဘေးဒဏ်ခံနေရသောအချိန်တွင် ကျွန်ုပ် မည်ကဲ့သို့ ထွက်ခွာနိုင်ရက်ပါမည်နည်း။ ကျွန်ုပ်နေထိုင်ပြီး သုတ္တန်ဂါထာများ ဆက်လက်ရွတ်ဖတ်ဆုတောင်းနေရန် ဆုံးဖြတ်လိုက်သည်။ နီပေါနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ရရှိရန်အတွက် ကျွန်ုပ်ကောင်းသည်ဟု ထင်သောအရာကို ကြိုးစားပြုလုပ်သည်။

နီပေါနိုင်ငံသည် ဗုဒ္ဓနှင့် သူတော်စင်များစွာတို့ ဖွားမြင်သော လုပ၍အံ့ဖွယ်ကောင်းသည့် တိုင်းပြည်ဖြစ်သည်။ နီပေါပြည်သူများကို ငြိမ်းချမ်းရေးချစ်မြတ်နိုးသော၊ ဘာသာတရားကိုင်းရှိုင်းသော ပြည်သူများအဖြစ် တစ်ကမ္ဘာလုံး သိရှိကြသည်။ ဤတိုင်းပြည်ထဲမှ အခြေအနေက အပြောင်းအလဲမြန်သော်လည်း ဆန်းကြယ်မှုအချို့ဖြစ်ပေါ်ပြီး ဤတိုင်းပြည် အစစ်အမှန် ငြိမ်းချမ်းရေး ပြန်လည်ရရှိလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်နေသေးသည်။

နီပေါနိုင်ငံ ငြိမ်းချမ်းရေး အလျင်အမြန် ရရှိရန်အတွက် ကျွန်ုပ်တို့ စိတ်ပါလက်ပါ ဆုတောင်းပြီး အတူတကွ အလုပ်လုပ်ကြပါစို့။ စာဖတ်ပရိသတ်အားလုံးကို ကျွန်ုပ် လေးစားစွာဖြင့် ကျေးဇူးတင်ပါသည်။ စာဖတ်ပရိသတ်များကို လုမ္ဗိနီသို့ ဖိတ်ခေါ်ဖို့အတွက် ကျွန်ုပ် တို့ အခွင့်အရေးရလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။

**ဟူယင်ဂျူး**

[၁]

## နီပေါ–တစ်ကမ္ဘာလုံးမှ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သော လုပခန့်ညားသည့်တိုင်းပြည်

ယနေ့ကမ္ဘာတွင် နီပေါနိုင်ငံသည် ရောမနိုင်ငံကြီးများဖြစ်ကြသော တရုတ်နှင့် အိန္ဒိယအကြားတွင် ညပ်နေသော တိုင်းပြည်ကလေးတစ်ပြည် ဖြစ်ကောင်းဖြစ်မည်။ သို့သော် ဤသေးငယ်သော ကုန်းမြေကို လျှို့ဝှက်ဆန်းကြယ်သော ဆွဲဆောင်မှုများ ပေးအပ်ထားသည်။ ကမ္ဘာပေါ်မှ ပြည်သူသန်းပေါင်းများစွာက ဤနေရာကို ဘုရားဖူးများအဖြစ်လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များအဖြစ်လည်းကောင်း လာကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ က နီပေါသို့ ကျွန်ုပ် ပထမဦးဆုံး အလည်အပတ်လာသောအခါ မြင့်မြတ်သော လုမ္ဗိနီဥယျာဉ်သို့ ဘုရားဖူးတစ်ယောက်အဖြစ် ကျွန်ုပ် ရောက်ခဲ့သည်။ ထိုစဉ်က ကျွန်ုပ်ဘဝ၏ ပိုမိုကြီးမားသောအစိတ်အပိုင်းကို ဤတိုင်းပြည်၌ နေထိုင်အလုပ်လုပ်ရင်းဖြင့် ကျွန်ုပ် ကုန်လွန်ရမည်ကို မသိရှိခဲ့ချေ။

နီပေါနိုင်ငံသည် ကြီးကျယ်ခမ်းနားသော ဟိမဝန္တာတောင်များနှင့်အတူ အံ့ဖွယ်ကောင်းသော ၎င်း၏ သဘာဝရှုခင်းများကို ဂုဏ်ယူထိုက်ပေသည်။ ထိုဟိမဝန္တာတောင်များထဲမှ ဧဝရက်တောင်ထွတ်ဟု အများသိရှိကြသော ဆာဂါမာသာ (စကြာဝဠာမိခင်) က အမြင့်မီတာ ၈၈၄၈ ၌ ကမ္ဘာ့အထက်ကို အတုမရှိစွာ ထိုးထွက်နေသည်။

နီပေါသည် ဗုဒ္ဓနှင့် ပညာရှိများ၏ မွေးရပ်မြေဖြစ်သည်။ အထူးသဖြင့် လုမ္ဗိနီသည် သကျမုနိ ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူသောနေရာဖြစ်သည်။ ဤဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ကို ရရှိခဲ့ပြီး လွန်ခဲ့သော ရာစုနှစ် ၂၆ ခု ကျော်၌ လူသန်းရာပေါင်းများစွာအား ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်းဆီသို့ ရောက်ရှိမည့်လမ်းကိုပြသခဲ့သည်။ များပြားလှစွာသော အတွေးအခေါ်

အယူအဆများသည် နှစ်ရာပေါင်းအနည်းငယ် သက်တမ်းဖြင့်၊ သို့မဟုတ် ထို့ထက် တို တောင်းစွာဖြင့် ဤကမ္ဘာမှ ကွယ်ပျောက်ကုန်ကြသည်။ သို့သော် ဗုဒ္ဓဘာသာ အယူဝါဒက ယနေ့ကမ္ဘာတွင် နေထိုင်ခြင်း အတတ်ပညာအဖြစ် အင်အားကောင်းစွာ သွေးဆောင်လျက် ထာဝရတည်ရှိနေသည်။

နီပေါသည် ဘာသာရေးဆိုင်ရာ ပဋိပက္ခမရှိဘဲ အမျိုးမျိုးသော ယုံကြည်သက်ဝင် သူတို့၏အိမ်ဖြစ်နေရခြင်းကို ဂုဏ်ယူထိုက်သည်။ နီပေါနိုင်ငံသည် ဘာသာစကား အမျိုးမျိုး ပြောကြပြီး ရာစုနှစ်ပေါင်းများစွာ သဟဇာတညီညွတ်စွာ အတူတကွနေခဲ့ကြသော ကွဲပြား ခြားနားသည့် လူမျိုးစု ၇၀ ကျော်တို့၏ နေအိမ်ဖြစ်သည်။

နီပေါနိုင်ငံသည် လက်ရှိအချိန်အထိ အချုပ်အချာအာဏာကို ထိန်းသိမ်းထား နိုင်သော နိုင်ငံကလေးအနည်းငယ်ထဲမှ တစ်နိုင်ငံဖြစ်ရခြင်းကိုလည်း ဂုဏ်ယူထိုက်သည်။ အာရှသော်လည်းကောင်း၊ ဥရောပသော်လည်းကောင်း၊ အမေရိကန်သော်လည်းကောင်း မည်သည့်အင်အားကြီးနိုင်ငံမှ လူဦးရေနှင့် နယ်မြေသေးငယ်သော ဤနိုင်ငံအပေါ် လွှမ်းမိုး ကြီးစိုးခြင်း မလုပ်နိုင်ကြချေ။

နီပေါနိုင်ငံနှင့် နီပေါပြည်သူများသည် ကောင်းစွာထိန်းသိမ်းခဲ့သော ထုံးတမ်းစဉ် လာယဉ်ကျေးမှုနှင့် အစဉ်အလာများကို ဂုဏ်ယူထိုက်သည်။ အလားတူသော ဒေသဆိုင်ရာ ထုံးတမ်းစဉ်လာများသည် များစွာသော အခြားတိုင်းပြည်များ၌ ကွယ်ပျောက်သွားခဲ့ကြချေ ပြီ။

နီပေါတွင် နှစ်ပေါင်းများစွာ နေထိုင်အလုပ်လုပ်ခဲ့သောကြောင့် နေရာများစွာသို့ ခရီးသွားပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံရန် အခွင့်အရေးများ ကျွန်ုပ် ရခဲ့သည်။ နီပေါ လူမျိုးအများစုတို့သည် ငြိမ်းချမ်းသော ဘာသာတရားကိုင်းရှိုင်းသော နေထိုင်မှုပုံစံ ရှိကြ သည်ကို ကျွန်ုပ် တွေ့ရှိခဲ့သည်။ မိသားစုထဲတွင် ခင်ပွန်းနှင့်ဇနီးတို့သည် အပြန်အလှန် ရိုသေ လေးစားမှုရှိကြသည်။ အချို့သော အမျိုးသားများက သူတို့၏ဇနီးများကို နတ်ဘုရားမများ အဖြစ် ပြုမူဆက်ဆံကြသည်။ အချို့သော အမျိုးသမီးများက သူတို့၏ခင်ပွန်းများကို နတ် ဘုရားများအဖြစ် ထင်မှတ်ကြသည်။

ကလေးများက လိမ္မာရေးခြားရှိကြပြီး တာဝန်ကျေပွန်ကြသည်။ ညီရင်းအစ်ကို စိတ်ဓာတ်နှင့် သွေးစည်းညီညွတ်မှုကို ကျေးရွာများနှင့် ဒေသအသိုင်းအဝိုင်းများတွင် ထင် ရှားစွာ တွေ့မြင်နိုင်ကြသည်။ ၎င်းတို့အထက်၌ နီပေါပြည်သူများက အထူးပွင့်လင်းသော စိတ်ရှိပြီး နိုင်ငံခြားသားများကို ကူညီချင်ကြသည်။ နီပေါတို့၏ ဤကောင်းမြတ်မှုကို သကျ မုနိဘုရားရှင် ဖွားမြင်သောနေရာဖြစ်သည့် လုမ္ဗိနီတွင် ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခဲ့ရသည်။

နီပေါတွင် ၁၀ နှစ်ကျော်နေထိုင်အလုပ်လုပ်ခဲ့သောကြောင့် မြောက်ဘက်မှတောင်ဘက်သို့လည်းကောင်း၊ အရှေ့ဘက်မှ အနောက်ဘက်သို့လည်းကောင်း၊ တောင်ထူထပ်သော ဟိမဝန္တာမှ မြေပြန့်ဒေသတစ်ဝိုက်သို့လည်းကောင်း၊ ကျွန်ုပ် ခရီးများသွားခဲ့ပြီး မည်သည့်အကြောင်းနှင့်မျှ ရဲများကသော်လည်းကောင်း၊ လုံခြုံရေးအဖွဲ့ကသော်လည်းကောင်း ကျွန်ုပ်ကို တားဆီးခဲ့ခြင်း မရှိချေ။

တိုင်းပြည်စစ်ဖြစ်နေသော်လည်း မော်စီတုန်းဝါဒီများ ထိန်းချုပ်ထားကြပြီး လုံခြုံမှုမရှိဟု မှတ်ယူကြသော အစွန်အဖျား ဧရိယာများ၌ပင်လျှင် မည်သူမှ ကျွန်ုပ်ကို တားဆီးခြင်း၊ သို့မဟုတ် နှောင့်ယှက်ခြင်း မပြုလုပ်ကြချေ။ ၎င်းသည် တစ်ကမ္ဘာလုံးတွင် အတုမရှိထူးကဲခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ စစ်ဖြစ်ပွားကတည်းက ကမ္ဘာလှည့်ခရီးသည်တစ်ဦးမျှ နီပေါတွင် သတ်ဖြတ်ခံရခြင်းမရှိချေ။

(၂)

## ကျွန်ုပ် နီပေါနိုင်ငံ၏ သားတစ်ယောက် ဖြစ်လာခဲ့ပုံ

### ၁။ လုမ္ဗိနီ ပြန်လည်ရှင်သန်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ကို တွေ့မြင်လိုသော အမြတ်နိုးဆုံးဆန္ဒ

၁၉၉၃ ခုနှစ်တွင် ဘုရင်ဘီရင်ဒရာ၊ နီပေါတော်ဝင်အစိုးရနှင့် လုမ္ဗိနီဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့က လုမ္ဗိနီဇီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဆောက်လုပ်ရန် ခွင့်ပြုချက်နှင့် မြေပိုင်ဆိုင်ခွင့် ကျွန်ုပ်ကိုပေးကြသောအခါ နိုင်ငံခြားသားတစ်ယောက် အဖြစ် ကျွန်ုပ် အလွန်ဂုဏ်ယူပြီး ကျေနပ်မိသည်။

လွန်ခဲ့သော ၁၀ နှစ်ကာလအတွင်း၌ လုမ္ဗိနီ ဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်ုပ်တို့ ကူညီဆောင်ရွက်ခဲ့ကြပြီး ၎င်းကို ကမ္ဘာ့လောကုတ္တရာဇဟိုဌာန၊ ငြိမ်းချမ်းရေးမြို့တော်ဖြစ်အောင် ကူညီလုပ်ဆောင်ခဲ့ကြသည်။ ဤသို့ဖြင့် ကမ္ဘာ့ယဉ်ကျေးမှုနယ်ပယ်တွင် နီပေါနိုင်ငံ၏ အနေအထားမှာ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်ကိုယ်ကျွန်ုပ် လှပ၍ ချစ်စရာကောင်းသော ဤတိုင်းပြည်၏ သားတစ်ယောက်အဖြစ် စဉ်းစားနိုင်သည်ဟု ကျွန်ုပ် ထင်သည်။

နီပေါတွင် ကျွန်ုပ်နေထိုင်ပြီး ဤတိုင်းပြည်၏ သားတစ်ယောက်ဖြစ်လာပုံက ရှည်လျားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ကောင်ကလေးတစ်ယောက်အဖြစ် ကျွန်ုပ်အမေနှင့်အတူ ဗုဒ္ဓဘာသာဘုရားကျောင်းများနှင့် စေတီပုထိုးများဆီသို့ ကျွန်ုပ် လိုက်ပါသွားလေ့ရှိသည်။ ထိုနေရာများတွင် များစွာသော အရာများအကြောင်း ကျွန်ုပ် သင်ယူနားလည်လာနိုင်ပြီး လုမ္ဗိနီဥယျာဉ်ထဲတွင်

သကျမုနိဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူခဲ့သည်ကို သိရှိခဲ့ရသည်။ ကျွန်ုပ်ကြီးပြင်းလာသော အခါ တရုတ်ဘုရားဖူးပုဂ္ဂိုလ် ဖာဟီယင်အကြောင်း သိနားလည်ခဲ့သည်။ သူက ၅ ရာစုနှစ်တွင် တရုတ်ပြည်မှ လုမ္ဗိနီနှင့် ကပိလဝတ္ထု (Kapilavastu) သို့ တစ်လမ်းလုံး လမ်းလျှောက်သွားခဲ့သည်။ မြင့်မြတ်သော ဤနေရာနှစ်ခုအကြောင်းကို သူ၏ ကိုယ်တွေ့မှတ်တမ်းထဲတွင် သူ ရေးသားခဲ့သည်။

နောက်နှစ် ၂၀၀ ကြာသောအခါ တန်မင်းဆက်မှ နောက်ထပ်ကြီးကျယ်သော ဘုရားဖူးပုဂ္ဂိုလ်နှင့် ပညာရှိလူဖြစ်သော ဖွမ်ချောင်ကလည်း မြင့်မြတ်သော လုမ္ဗိနီမြေ၊ ကပိလဝတ္ထုတော်ဝင်ရဲတိုက်နှင့် အခြားမြင့်မြတ်သော ဗုဒ္ဓဘာသာဆိုင်ရာ မြေနေရာ များသို့ လမ်းလျှောက်သွားခဲ့သည်။ ၎င်းတို့ကို ကျော်ကြားသော သူ၏ "Great Tang's Chronicle of the Journey to the West" တွင် အသေးစိတ် ဖော်ပြထားသည်။

ဆက်လက်လေ့လာသင်ယူမှုများကြောင့် အရေးပါသော ဗုဒ္ဓဘာသာဆိုင်ရာ မြင့်မြတ်သောမြေနေရာ (၄) ခုထဲမှ (၃) ခုက အိန္ဒိယတွင်ရှိပြီး ကျန်ရှိသောတစ်ခုက နီပေါ နိုင်ငံမှ လုမ္ဗိနီဖြစ်ကြောင်းကို ကျွန်ုပ် သိရှိလာသည်။

ထိုကဲ့သို့သော သိနားလည်မှု ဗဟုသုတတို့ဖြင့် ကျွန်ုပ်အိပ်မက်များ စတင်မက် လာပြီး သကျမုနိဗုဒ္ဓနှင့် အခြားဗုဒ္ဓဘုရားရှင်တို့၏ မြင့်မြတ်သောဖွားမြင်ရာ အရပ်ဆီသို့ တစ်နေ့ကျလျှင် ကျွန်ုပ် ဘုရားဖူးခရီးထွက်နိုင်လိမ့်မည်ဟူသော အမြတ်နိုးဆုံးဆန္ဒကို ပိုက် ထွေးမွေးမြူလာခဲ့သည်။

နှစ်ပေါင်းများစွာ အလုပ်လုပ် ဆုတောင်းခဲ့ပြီးနောက် အဆုံး၌ အိပ်မက်များကို မှန်ကန်လာအောင် ကျွန်ုပ် လုပ်နိုင်လာပြီး ၁၉၆၉ ခုနှစ်၊ နွေဦးရာသီမှ လပြည့်နေ့တစ်နေ့ တွင် လုမ္ဗိနီသို့ ရောက်ခဲ့သည်။ လွန်ခဲ့သော နှစ် ၂၆၀၀ ကျော်က ကြီးကျယ်သော နီပေါတစ်ဦး မွေးဖွားသည့်နေရာတွင် ကျွန်ုပ် မတ်တတ်ရပ်နေသည်ကို တွေ့မြင်မိသည်။ မင်းသားသိဒ္ဓတ္ထ သည် ချောမောလှပသောဇနီးနှင့် လိမ္မာထက်မြက်သော သားတစ်ယောက်နှင့်အတူ စည်း စိမ်ရှိသော တော်ဝင်ဘဝဖြင့် နေထိုင်ရမည့် တန်ခိုးရှိသည့် မင်းသားတစ်ပါးဖြစ်သည်။

သို့သော်လည်း အရာရာတိုင်းကို သူစွန့်ခွာရန် ဆုံးဖြတ်ပြီး ဝေနေယျသတ္တဝါများကို မဆုံးနိုင်အောင်ခံစားနေရသော သံသရာမှလွတ်မြောက်အောင် ကူညီဖို့ လမ်းရှာတွေ့ခဲ့ သည်။ ကမ္ဘာပေါ်မှ ပြည်သူသန်းပေါင်းများစွာကို ပျော်ရွှင်ငြိမ်းချမ်းသော ဘဝဆီသို့ ဦးတည် သော လမ်းပေါ် လမ်းကြောင်းပြောင်းပေးခဲ့သူက အတုမရှိသော ဤဗုဒ္ဓဖြစ်သည်။ ဗုဒ္ဓသည်

လူများကို အကြမ်းမဖက်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လမ်းပြသခဲ့သည်။

နှစ်ပေါင်းများစွာ အလုပ်ကြိုးစားခြင်း၊ ဆန္ဒပြုခြင်း၊ ဆုတောင်းခြင်းတို့ ပြုလုပ်ပြီးနောက်တွင်ကျွန်ုပ်၏အိပ်မက်နောက်ဆုံး၌မှန်ကန်လာပြီဟူသောအတွေးဖြင့်နှလုံးသားထဲ၌ ဝမ်းသာမှုများဖိတ်စဉ်လျက် လုမ္ဗိနီသို့ ကျွန်ုပ် ရောက်လာသည်။ သို့သော် လျစ်လျူရှုခံထားရသော မြင့်မြတ်သောမြေ၏ အပျက်အစီးများကို ကျွန်ုပ်မျက်စိဖြင့် တပ်အပ်တွေ့မြင်ရသော အခါ ကျွန်ုပ် မျက်ရည်ကျမိသည်။

၎င်းသည် ဗုဒ္ဓဘုရားရှင် ဖွားမြင်သန့်စင်သောနေရာ အမှန်တကယ်ဖြစ်ရဲ့လားဟု ကျွန်ုပ် တွေးမိသည်။ အခြားဘာသာများက သူတို့၏ မြင့်မြတ်သောနေရာများကို အလွန် ကောင်းမွန်စွာ အမြဲတမ်း ထိန်းသိမ်းစောင့်ရှောက်ထားကြစဉ် လုမ္ဗိနီက ထိုကဲ့သို့ လျစ်လျူရှုခံရသော အနေအထားဖြင့် ကျန်ရစ်ခဲ့ပုံကို ကျွန်ုပ် စဉ်းစား၍မရချေ။ ကျွန်ုပ် လမ်းမှားနေသလား၊ ကျွန်ုပ်၏ ညွှန်လမ်းညွှန်က ကျွန်ုပ်ကို မှားယွင်းသောနေရာကို ခေါ်လာနေသလား။

ထိုကဲ့သို့သော မေးခွန်းများဖြင့် ဒုက္ခရောက်နေစဉ် အသောကကျောက်တိုင်သို့ ရောက်လာသည်။ ၎င်းကို လွန်ခဲ့သော ၂၃ ရာစုကျော်က ဆောက်လုပ်ခဲ့သည်ဟု ယူဆရပြီး ၎င်းတွင် ဤနေရာသည် ဗုဒ္ဓအား ဖွားမြင်သောနေရာဖြစ်ကြောင်း ဖော်ပြထားသည့် ကျောက်စာရှိသည်။ ကျွန်ုပ် မှန်ကန်သောနေရာရောက်ခဲ့ကြောင်း အသေအချာ သိရှိလာ သည်။

အသောကကျောက်တိုင်က ဖွမ်ချောင်၏ ဖော်ပြချက်အတိုင်း အတိအကျရှိနေ သည်။ သူ၏ သရုပ်ဖော်ရေးသားချက်တွင် ဖော်ပြခဲ့သော ကျောက်တုံးပေါ်မှ အက်ရာများက မြင်တွေ့နေရဆဲရှိနေသည်။ သို့သော် တိုင်ထိပ်ပေါ်မှ မြင်းဦးခေါင်းမှာမူ မရှိတော့ချေ။ ကျွန်ုပ် ရောက်လာခဲ့သောကြောင့် ပျော်မိသည်။ သို့သော် ဤနေရာ လျစ်လျူရှုခံ ထားရသော အခြေ အနေနှင့်ပတ်သက်၍ မေးခွန်းများက ကျွန်ုပ်၏ခေါင်းထဲသို့ ရောက် ရောက်နေသည်။

ကျောက်တိုင်ကို ကျွန်ုပ် လမ်းပတ်လျှောက်သောအခါ ကျွန်ုပ်ဆရာ ကျွန်ုပ်ကို ပေးခဲ့သော အကြံပေးချက်တစ်ခုကို ရုတ်တရက် သတိပြုမိသည်။ မြင့်မြတ်သော နေရာတွင် သင်ရှိနေလျှင် အစစ်အမှန် ကောင်းမွန်သောအရာများနှင့် ကောင်းမွန်သော လိုအင်ဆန္ဒ များအတွက် ဆုတောင်းသင့်ကြောင်းနှင့် သင်၏လိုအင်ဆန္ဒများ အသေအချာကို ပြည့်ဝရ လိမ့်မည်ဖြစ်ကြောင်း သူပြောသည်။

ထို့ကြောင့် ကျောက်တိုင်ဆီသို့ ကျွန်ုပ်ပြန်လာပြီး ၎င်းအပေါ်၌ ထွင်းထုထားသော စာလုံးများကို အနီးကပ်ကြည့်၍ စတင်ဆုတောင်းသည်။ များစွာသောအရာများအတွက် ကျွန်ုပ်ဆုတောင်းသည်။ သို့သော် ကျွန်ုပ် ထပ်ကာထပ်ကာ ဆုတောင်းသောအရာ တစ်ခု ရှိသည်။ ၎င်းက ကျွန်ုပ်မသေမီ လုမ္ဗိနီ ပြန်လည်ရှင်သန်ပြီး ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်လိုသော ကျွန်ုပ်၏ဆန္ဒဖြစ်သည်။

အထက်တန်းပညာရေး ပြီးဆုံးပြီးနောက်တွင် ကမ္ဘာအနှံ့မှ အမျိုးမျိုးသော တိုင်းပြည်များရှိ နေရာများစွာ၌ ကျွန်ုပ် အလုပ်သွားလုပ်သည်။ သို့သော် လုမ္ဗိနီပြန်လည် ရှင်သန်ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ပတ်သက်၍ အကြံစည်စိတ်ကူးက ကျွန်ုပ်၏စိတ်ထဲ၌ ထင်ထင်ရှားရှား ရှိနေသည်။

စာသင်ကြားပြသနေစဉ်၌လည်းကောင်း၊ နီးနောဖလှယ်ပွဲများတွင် မိန့်ခွန်းပြောရသောအခါတွင်လည်းကောင်း၊ အရေးကြီးသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရာ၌လည်းကောင်း ထိုအကြံအစည်စိတ်ကူးအကြောင်း စကားပြောရန် မည်သည့်အခါမျှ အခွင့်အရေး ကျွန်ုပ် လက်လွှတ်မခံချေ။ အရေးကြီးသော ထိုလူများထဲမှ များစွာတို့က ကျွန်ုပ်၏ကျောင်းသားများ၊ သို့မဟုတ် လက်အောက်ငယ်သားများဖြစ်ကြသည်။ သူတို့အားလုံး အလွန်အံ့ဩကြသည်။

ကျွန်ုပ် နီပေါလူမျိုးတစ်ယောက် မဟုတ်သလို၊ ကျွန်ုပ်၏ပညာရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းအလုပ်က လုမ္ဗိနီနှင့် ဘာမျှမပတ်သက်သော်လည်း လုမ္ဗိနီနှင့် ပတ်သက်၍ ကျွန်ုပ်အဘယ်ကြောင့် ထိုမျှ သောကဖိစီးနေပုံကို သူတို့ နားမလည်နိုင်ကြပေ။ သို့သော် ဗုဒ္ဓဘာသာဝင်တို့၏ မြင့်မြတ်သောနေရာအကြောင်းနှင့် ကျွန်ုပ်၏ လောကုတ္တရာရေးရာ လိုလားတောင့်တစိတ်အကြောင်းကို သူတို့နားထောင်ကြပြီးသော အခါ ကျွန်ုပ်၏အလုပ်တွင် စိတ်ပါလက်ပါထောက်ပံ့ကြရန် ဆုံးဖြတ်ချက်ကြသည်။

## ၂။ နီပေါမြေနှင့် နီပေါပြည်သူများ၏ အလှအပကို ရှာဖွေတွေ့ရှိခြင်း

ဗုဒ္ဓဘုရားရှင် ဖွားမြင်သောနေရာ၌ ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းဆောက်လုပ်ရန်အတွက် မြေကွက်တစ်ကွက် ကျွန်ုပ်ရရှိသောအခါ များစွာသောလူများက ကျွန်ုပ်၏ကြံရွယ်ချက်နှင့် မြှုပ်နှံလုပ်ဆောင်ချက်ကို မယုံကြည်ကြချေ။ အဘယ်ကြောင့်ဆိုသော် အလားတူ ကြံရွယ်ချက်ဖြင့် ဤနေရာသို့ လာခဲ့ကြသော အမျိုးမျိုး

သော တိုင်းပြည်များမှ အခြားလူများစွာတို့မှာ ဒေသအတွင်း ပုံပိုးမှုနှင့် အခြေခံအဆောက် အအုံ လုံလောက်မှုမရှိခြင်းတို့ကြောင့် အားလုံး ဆုတ်ခွာခဲ့ကြရသောကြောင့် ဖြစ်သည်။

မြေကွက်ကို လက်ခံခဲ့ပြီးနောက်တွင် အုတ်မြစ်ချအခမ်းအနားကို ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အခြားအမျိုးမျိုးသော တိုင်းပြည်များမှ ကိုယ်စားလှယ်များနှင့် အတူ ကျွန်ုပ်တို့ ကျင်းပကြသည်။ အခမ်းအနားပြုလုပ်နေစဉ်အတွင်း၌ ဆန်းကြယ်သော အရာများစွာ ဖြစ်ပေါ်သည်ကို ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီး လုမ္ဗိနီ၌ ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ဆောက်လုပ်ရန်အတွက် ဤနေရာ၌ ကျွန်ုပ်နေခဲ့ဖို့ ဆုံးဖြတ်ချက်ချရန် ကျွန်ုပ် ၁၀ မိနစ်၊ ၁၅ မိနစ်သာ အချိန်ယူခဲ့ရသည်။

ထိုစဉ်က ကျွန်ုပ်တွင် အမေရိကန်ဒေါ်လာ ၆၀ သာရှိသည်။ တဲထိုးရန် ပလတ်စတစ်ကင်းဗတ်နှင့် ချက်ပြုတ်ဖို့အိုးခွက်အနည်းငယ် ဝယ်ယူရန် လုံလောက်ရုံသာ ရှိသည်။ အမှတ်ရစရာကောင်းသောထိုတဲထဲမှစိစစ်ရွေးချယ်တာရသောကျွန်ုပ်၏ဘဝကဖြလခွဲကြာသည်။ ၎င်းအပြင် ထိုအချိန်ကာလအတွင်း၌ ဒေသခံ နီပေါပြည်သူများထံမှ ကောင်းသောအရာ အတော်များများကို ကျွန်ုပ် သိနားလည်ခဲ့သည်။

သူတို့အလွန်အမင်းဆင်းရဲကြသော်လည်းအလွန်သက်သောင့်သက်သာရှိသော စိတ်လွတ်လက်လွတ်ဘဝကို နေထိုင်ကြရကြောင်း သူတို့၏မျက်နှာများကို ကြည့်၍ ကျွန်ုပ် ပြောနိုင်သည်။ သူတို့ လောဘမကြီးကြချေ။ သူတို့ မခိုးကြချေ။ ဆောက်လုပ်ရေးလုပ်ကွက် ကိုခြံစည်းရိုးခတ်မထားဘဲ ပစ္စည်းများကို နေရာအနှံ့ ပြန့်ကျဲထားနိုင်သည်။

သို့သော် ဘာမျှပျောက်ခြင်း၊ အခိုးခံရခြင်းမရှိချေ။ အစောင့်သော်လည်းကောင်း၊ အကာအကွယ်တစ်ခုခုသော်လည်းကောင်း မရှိဘဲ တဲထဲတွင် ကျွန်ုပ်နေသည်။ ဓားပြတိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းများနှင့် ကျွန်ုပ် မည်သည့်အခါမျှ မတွေ့ကြုံခဲ့ရချေ။ (နောက်ပိုင်း၌ ဆောက်လုပ်ရေးအလုပ်တွင် အကူအညီပေးသော အလုပ်သမားအချို့ကို ကျွန်ုပ် ရရှိခဲ့သည်။ လုပ်ကွက်နေရာကို တစ်ခါတစ်ရံ သူတို့ ကူညီသန့်ရှင်းပေးကြသည်။ သို့သော် ဘာမျှ အခိုး မခံခဲ့ရချေ။)

နေဝင်သောအခါ တဲထဲတွင် ကျွန်ုပ်ထိုင်နေပြီး လှပသောရှုခင်းများကို ကြည့်ရှုခံစားနေစဉ် ကလေးများက အိမ်အပြန်တွင် ကျွဲများ၊ သို့မဟုတ် နွားများစီးသွားကြလျက် လည်းကောင်း၊ ဝါးပလွေဖြင့် နီပေါကျေးလက်သီချင်းများကို တီးမှုတ်၊ သီဆိုကြလျက် လည်းကောင်း

ဘေးနားမှ ဖြတ်သွားကြသည်။ လျှို့ဝှက်ဆန်းကြယ်သော သုခချမ်းသာများ ကျွန်ုပ်အပေါ် လွှမ်းခြုံသွားသည်ကို ကျွန်ုပ်ခံစားရသည်။

ဤကလေးများက ဆင်းရဲလွန်းကြပြီး ကမ္ဘာတစ်ဝှမ်းမှ သူတို့၏ သက်တူရွယ်တူ ကလေးများကဲ့သို့ ကျောင်းမတက်နိုင်ကြသော်လည်း ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ငြိမ်းချမ်းစွာ မည်သို့ပျော်ရွှင်ခံစားရမည်ကို ကျွန်ုပ်တို့သိရှိလျှင် ဘဝသည် မည်မျှရိုးရှင်းပြီး ပျော်စရာ ကောင်းမည်ကို ကျွန်ုပ်အား သူတို့ပြသနေကြသည်။ ထိုအချိန်က ဒေသခံအလုပ်သမား တစ်ယောက်သည် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာထက် ပိုမိုလျော့နည်းစွာ လုပ်ခရရှိသည်။

နေ့လယ်စာကို အလုပ်ဆီသို့ သူ ယူဆောင်သွားရသည်။ သို့မဟုတ် သူ့ဇနီးက သူ့ဆီသို့ ယူလာပေးသည်။ နေ့လယ်စာစားပြီးလျှင် သူ့ဇနီးက သူ့ဆီသို့ သောက်ရေယူလာပေး သည်။ ထို့နောက် သူ တစ်ရေးအိပ်သည်။ မွန်းလွဲပိုင်းအလုပ်ချိန် အချက်ပေးသံကြောင့် အိပ်ရာနိုးသောအခါ မျက်နှာနှင့်ခြေလက်များကို သူ့ဇနီးယူဆောင်လာသော ရေဖြင့် ဆေး ကြောပြီး အလုပ်ပြန်လုပ်သည်။ သူ့ဇနီးက သန့်ရှင်းရေးလုပ်ပြီးနောက် မိသားစုအတွက် ညစာပြင်ဆင်ရန် အိမ်သို့ပြန်သွားသည်။ ဆင်းရဲသော်လည်း ပျော်ရွှင်၍ သက်သောင့်သက် သာရှိသောဘဝဖြင့် သူတို့နေထိုင်ကြသည်။

လုမ္ဗိနီ၌ ကျွန်ုပ်နေထိုင်သော နေရာအနီးတွင် ဒေသတွင်း အပတ်စဉ် ဈေးနှစ်ဈေး ရှိသည်။ ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့ ညနေပိုင်းတွင် ဖွင့်သောဈေးက မပဂီ သဝါကျေးရွာ အနီးတွင်ရှိသည်။ တနင်္လာနေ့ ညနေပိုင်းတွင်ဖွင့်သော အခြားဈေးက လုမ္ဗိနီ၏အနောက် ဘက်တွင်ရှိသည်။ စားကုန်သောက်ကုန် ဟင်းသီးဟင်းရွက်များဝယ်ယူရန်နှင့် ဒေသခံ ပြည်သူတို့၏ဘဝကိုကြည့်ရှုရန်အတွက် ထိုဈေးများသို့ ကျွန်ုပ်သွားသည်။ လူများက သူတို့၏ ရောင်းကုန်ပစ္စည်းများကို ဈေးဆီသို့ ဝေးလံစွာ သယ်ဆောင်လာကြသည်။

တစ်ခါတစ်ရံ၌ မုန်လာဥ ကီလိုအနည်းငယ်သော်လည်းကောင်း၊ သို့မဟုတ် မိသားစုကြက်ခြံမှ ကြက်ဥအချို့သော်လည်းကောင်း ဖြစ်တတ်ကြသည်။ သို့သော် ဈေးတွင် သူတို့ အလွန်ပျော်ရွှင်နေကြသည်။ သူတို့၏ စိတ်လွတ်လက်လွတ် ဘဝပုံစံနှင့် သူတို့၏ ကြင်နာသောနှလုံးသားအကြောင်း ကျွန်ုပ် အမှန်တကယ် ပိုမိုသိရှိလာရသည်မှာ ဤ ဈေးများ၌ဖြစ်သည်။ ဇနီးမောင်နှံနှစ်ယောက်ထံမှ ဝါးလုံးဝယ်ယူခဲ့ခြင်းကို ကျွန်ုပ် မှတ်မိနေ

သည်။ ဝါးလုံးအတွက် ကျွန်ုပ်ပိုက်ဆံပေးပြီး ကျွန်ုပ် ဗီယက်နမ်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းမှ ဖြစ်ကြောင်း သူတို့ကို ပြောပြသည်။

ထို့နောက် ကျွန်ုပ် ဈေးဆက်ဝယ်ပြီး ပိုက်ဆံပေးခဲ့သောဝါးလုံးကို မေ့သွားသည်။ ည ၈ နာရီအချိန်၌ ဘုန်းကြီးကျောင်းကို ကျွန်ုပ်ပြန်လာသောအခါ ခြံတံခါးဝ၌မှီထားသော ဝါးလုံးကို တွေ့မြင်ရလေသည်။ ကျွန်ုပ် စိတ်ထဲ အလွန်စွဲထင်သွားသည်။ နောက်တစ်ခါ၌လည်း ကျွန်ုပ် တစ်စုံတစ်ရာဝယ်ယူပြီး အလျင်စလိုဖြင့် ဈေးသည်ထံမှ ပြန်အမ်းငွေယူရန် မေ့လျော့သွားသည်။ နောက်နှစ်ရက်ကြာသောအခါ သူ၏သားက ဘုန်းကြီးကျောင်းသို့ စက်ဘီးဖြင့်လာပြီး ကျွန်ုပ်ကို ပြန်အမ်းငွေပေးသည်။

ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ဆောက်လုပ်ရာတွင် အခြားလူများ သူတို့၏ဘုန်းကြီးကျောင်းများကို ဆောက်လုပ်သကဲ့သို့ ရန်ပုံငွေဖြည့်တင်းခြင်းကိစ္စများ၌ ကျွန်ုပ်တို့ ကံမကောင်းကြချေ။ သို့သော် ကံအားလျော်စွာပင် ဆောက်လုပ်ရေးပစ္စည်း ရောင်းချသူများက ကျက်သရေရှိစွာ ကျွန်ုပ်ကို မျက်နှာသာပေးကြသည်။ တစ်ခါတစ်ရံ၌ ကျွန်ုပ်ဝယ်ယူထားသော အရာများကို အပြီးသတ်ငွေပေးချေရန် ကျွန်ုပ် ၇ - လ၊ ၈ - လ အချိန်ယူရသည်။ သို့သော် သူတို့ မည်သည့်အခါမျှ စောဒကမတက်ကြချေ။

နီပေါနိုင်ငံ၏ ဝေးလံသော ဤအစွန်အဖျားဒေသမှ ဘဝနေထိုင်ပုံက ဤကမ္ဘာထဲမှ လူပုဂ္ဂိုလ်တို့အတွက် ပျော်ရွှင်ငြိမ်းချမ်းမှုရယူရန် ရိုးရှင်းသောနည်းလမ်းများကို အကြံပြုနေသည်။ ဤနေရာမှပြည်သူများက အလွန်အလုပ်ကြိုးစားပြီး အလွန်ရိုးရှင်းသောဘဝကို နေထိုင်ကြသည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် မနာလိုဖြစ်ခြင်း၊ ပြိုင်ဆိုင်ခြင်း၊ သို့မဟုတ် တစ်စုံတစ်ရာအတွက် အလုအယက်လုပ်ခြင်း မရှိကြချေ။ ၎င်းကြောင့် ပျော်ရွှင်ငြိမ်းချမ်းသောဘဝကို သူတို့နေထိုင်ကြလေပြီ မဟုတ်လော။

**၃။ နီပေါနိုင်ငံနှင့် ၎င်း၏ပြည်သူများအပေါ် ထားရှိသော မေတ္တာကြောင့် ကောင်းမှုများ ပြုလုပ်ခဲ့သည်။**

## အိန္ဒိယ ကြိုးကြာများဇာတ်လမ်း

လုမ္ဗိနီ၌ ကျွန်ုပ်ရှိနေသော ဒုတိယနှစ်အချိန်ဖြစ်သည်။ တစ်မနက်တွင် တဲထဲမှ ကျွန်ုပ်ထွက်လာသောအခါ ကျွန်ုပ်၏ရှေ့တည့်တည့်တွင် အလွန်မြင့်မားပြီး လှပသောငှက်

နှစ်ကောင်ကိုတွေ့မြင်သည်။ ကျွန်ုပ်က ၁.၆၈ မီတာအရပ်မြင့်သည်။ သူတို့က ကျွန်ုပ်ထက်ပင် ပို၍အရပ်မြင့်နေကြသည်။ ထိုကဲ့သို့ ရုတ်တရက်ပေါ်ထွက်လာမှုကြောင့် ကျွန်ုပ် စတင်ထိတ်လန့်လာသည်။

သို့သော် သူတို့ကို ကျွန်ုပ် အနီးကပ်ကြည့်လိုက်သောအခါ သူတို့ အလွန်ညင်သာပြီး အန္တရာယ်မရှိကြပုံပေါ်သည်ကို တွေ့မြင်ရသည်။ တစ်ကောင်နောက်မှတစ်ကောင် သူတို့အဝေးသို့ ပျံသန်းသွားကြသောအခါ သူတို့၏အတောင်ပံများက ကောင်းစွာ စည်းချက်ညီညီ ရိုက်ခတ်နေကြပြီး မြင့်မြတ်သောဤမြေတွင် ကျွန်ုပ် တွေ့မြင်သမျှ၌ အံ့ဖွယ်အကောင်းဆုံးပုံရိပ်ကို ဖန်တီးနေကြသည်။

ဤငှက်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို စာကြည့်တိုက်များတွင် ကျွန်ုပ် ရှာဖွေသည်။ နောက်ထပ် သတင်းအချက်အလက်များအတွက် ကမ္ဘာပေါ်မှ ဂေဟဗေဒပညာရှင်များကို ကျွန်ုပ် အဆက်အသွယ်လုပ်သည်။ အံ့ဖွယ်ကောင်းသော ဤအိန္ဒိယကြိုးကြာများသည် မျိုးတုံးခြင်းအန္တရာယ်နှင့် ရင်ဆိုင်နေရသော အရှားပါးဆုံးငှက်မျိုးရိုးထဲမှ တစ်ခုဖြစ်သည်ကို နောက်ဆုံး၌ ကျွန်ုပ်သိရှိလာသည်။ ၎င်းတို့ကို လုမ္ဗိနီတွင် အကာအကွယ်ပေးမည့် လှုပ်ရှားမှုတစ်ခုစတင်ပြုလုပ်ဖို့ ကျွန်ုပ်ဆုံးဖြတ်သည်။

ဤလှုပ်ရှားမှုများကြောင့် နောက်ထပ် များပြားသထက်များပြားသော ကြိုးကြာများက ထိုဒေသတွင် လာရောက်အိမ်ပြုလုပ်ကြသည်။ ယခုအခါ ထိုဒေသတွင် ၎င်းတို့ စုစုပေါင်း ၆၆ ကောင်ရှိလာသည်။ အသားအတွက် သူတို့ကို လိုက်လံဖမ်းဆီးပြီး သူတို့၏ ဥများကိုပင် စားသောက်ကြသော ဒေသခံပြည်သူများက ယခုအခါ သူတို့ကို အကာအကွယ်ပေးသူများ ဖြစ်လာကြသည်။ ဤအိန္ဒိယကြိုးကြာကာကွယ်ရေး စောင့်ရှောက်ရေး လှုပ်ရှားမှုကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအကြောင်းကို သူတို့ စတင်စဉ်းစားလာကြသည်။

## ငြိမ်းချမ်းသောမြစ်ပေါ်မှ ဗိုယက်နမ်ကရုဏာတံတား

ဒေသအတွင်းမှ အိန္ဒိယကြိုးကြာများ၏ အရေအတွက်ကို နောက်ဆုံးအခြေအနေအထိ ရေတွက်မှုပြုလုပ်၍ ကျေးရွာတစ်ရွာမှတစ်ရွာကို ကျွန်ုပ် လမ်းလျှောက်သွားလေ့ရှိပြီး ဤသို့ဖြင့် ဒေသနေပြည်သူများ၏ ထုံးတမ်းစဉ်လာ၊ အလေ့အကျင့်များအကြောင်း အတော်သိနားလည်လာခဲ့သည်။ တစ်နေ့တွင် မနက်စောစော၌ လန်ကာပူရ်ကျေးရွာအနီး

မှ လုမ္ဗိနီအရှေ့ဘက်ဒေသဆီသို့ ကျွန်ုပ် လမ်းလျှောက်သွားနေစဉ် ရေစီးသန်သော မြစ်တစ်စင်းနှင့် ကျွန်ုပ် ကိုယ်တိုင်ရင်ဆိုင်ရသည်။ နာကျင်ဖွယ်ကောင်းသောမြင်ကွင်းက ကျွန်ုပ်မျက်စိရှေ့၌ လုစ်ဟပေါ်ထွက်လာသည်။

အသက်ကြီးသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများအပါအဝင် များစွာသော ပြည်သူများမှာ ရေစီးသန်သောမြစ်ကို ရေထဲတိုး၍ ဖြတ်ကျော်ရန် အလွန်ခက်ခဲစွာ ရုန်းကန်ကြိုးစားနေကြရသည်။ မိုးရာသီတွင် ဤမြစ်က ရေလျှံပြီး အန္တရာယ်ကြီးသော ရေစီးကြောင်းတစ်ခုဖြစ်လာ၍ ရွာသူရွာသားများ၏ အသက်ပေါင်းများစွာကို ယခုအထိ နှစ်ပေါင်းများစွာကြာ နုတ်ယူနေကြောင်း နောက်ပိုင်း၌ ကျွန်ုပ်သိလာသည်။ လုမ္ဗိနီတွင် ကျွန်ုပ်နေထိုင်သမျှ ကာလပတ်လုံး ပြည်သူများ၏အသက်ကို ကယ်တင်နိုင်ရန်ငှာ မြစ်ကို ဖြတ်၍ တံတားတည်ဆောက်ဖို့ ကျွန်ုပ် စတင်ဆုတောင်းသည်။

တံတားတည်ဆောက်ရေးအတွက် အလှူငွေထည့်ဝင်ကြရန် ကမ္ဘာအနှံ့မှ ကျွန်ုပ်၏ ကျောင်းသားများနှင့် အသိမိတ်ဆွေများကိုလည်းကောင်း၊ ဗီယက်နမ်နှင့် နိုင်ငံခြားတွင် နေထိုင်ကြသော ဗီယက်နမ်ပြည်သူများကိုလည်းကောင်း ကျွန်ုပ် စတင်လှုံ့ဆော်သည်။ လုံလောက်သောပိုက်ဆံ စုဆောင်းရရှိသောအခါ မြစ်နှစ်ဖက်မှ ဒေသအသိုင်းအဝိုင်းများနှင့် ကျွန်ုပ် တွေ့ဆုံပြီး စီမံကိန်းကို ဆွေးနွေးသည်။ လူတိုင်း စိတ်ထက်သန်ကြလွန်းသဖြင့် ၃ လခွဲမျှဖြင့် စီမံကိန်း ပြီးစီးသွားသည်။

များစွာသော ဗီယက်နမ်များနှင့် အခြားလူမျိုးများ၊ ဗဟိုနှင့် ဒေသဆိုင်ရာမှ အစိုးရကိုယ်စားလှယ်များ၊ နီပေါနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်မစ္စတာ အမ်ကရှိဆိုင်ရာ နီတို့နှင့်အတူ ဒေသဆိုင်ရာ ပြည်သူများက ဗီယက်နမ်ကရုဏာတံတားကို ဖွင့်လှစ်ရန် ပျော်ပွဲရွှင်ပွဲများ ကျင်းပကြသည်။ ထိုနေ့က ဒေသဆိုင်ရာ ပွဲတော်နေ့ဖြစ်လာပြီး ၎င်းနေ့တွင် ပြည်သူများစုဝေးကြပြီး သူတို့ဘဝကိုမြှင့်တင်ရန် သူတို့လုပ်သင့်သောအရာများကို ဆွေးနွေးကြသည်။

ရံဖန်ရံခါဆိုသလို အများအားဖြင့် ကျွန်ုပ် ဈေးကိုသွားလေ့ရှိသည့် စနေနှင့် တနင်္ဂနွေညနေပိုင်တွင် တံတားအနီးသို့ ကျွန်ုပ်သွားရပ်ပြီး မြစ်ပေါ် အန္တရာယ်ကင်းစွာ ဖြတ်လျှောက်နေကြသော ရွာသူရွာသားများကိုကြည့်၍ ငြိမ်းချမ်းသော ချမ်းသာသုခကို ခံစားမိသည်။ ဤဗီယက်နမ် ကရုဏာတံတားသည် သေမင်းမြစ်ကို ငြိမ်းချမ်းသောမြစ်အဖြစ်သို့ ပြောင်းလဲခဲ့သည်။

ဤဘဝတွင် များပြားလွန်းလှစွာသော ဆန်းကြယ်မှုများဖြစ်ပါသည်ကို ကျွန်ုပ်တို့ မျက်မြင်တွေ့ရှိခဲ့ကြသည်။ ကျွန်ုပ်တို့၏ဆန္ဒသည် ရိုးသားဖြူစင်၊ စိတ်စေတနာကောင်းပြီး ကျွန်ုပ်တို့၏နှလုံးသားထဲမှ လှိုက်လှိုက်လှဲလှဲလာလျှင် ထိုဆန္ဒပြည့်ဝလိမ့်မည်။ ထိုစီမံကိန်း ကလေး ပြီးဆုံးပြီးနောက်တွင် အလွန်အသုံးဝင်သော ဘဝဒဿနတစ်ခုကို ကျွန်ုပ် ဤသို့ တွေ့ရှိခဲ့သည်။

"ကောင်းမှုတစ်ခုပြုလုပ်ရန် အခွင့်အရေး ကျွန်ုပ်တို့ တွေ့ရှိရလောက်အောင် ကံကောင်းသည့်အခါတိုင်း ၎င်းကို ကျွန်ုပ်တို့ ချက်ချင်းပြုလုပ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအခွင့်အရေးကို ကျွန်ုပ်တို့နောက်တစ်ကြိမ် မည်သည့်အခါမှ ထပ်မံတွေ့ရတော့မည်မဟုတ်သောကြောင့်ဖြစ်သလို၊ ကောင်းမှုတစ်ခုသည် နောက်တစ်ခုကို အမြဲတမ်း မွေးဖွားစေသောကြောင့် ဖြစ်လေသည်"

အိန္ဒိယကြိုးကြာ ကာကွယ်စောင့်ရှောက်ရေးလုပ်ရှားမှုနှင့် ဗီယက်နမ်ကရုဏာ တံတားစီမံကိန်းများ နောက်ပိုင်းမှစ၍ ပြည်သူများက ကောင်းမှုပြုလုပ်ရာတွင် တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင် လုပ်လာကြသည်။ ၎င်းကြောင့် ကျွန်ုပ် အလွန်ပျော်ရွှင်ပြီး အားတက်မိသည်။ ၎င်းအပြင် ထိုအချိန်ကတည်းကစ၍ ဒေသခံလူများက ကျွန်ုပ်ကို မိသားစုဝင်တစ်ယောက်အဖြစ် သဘောထားကြပြီး သူတို့၏ဆရာတစ်ယောက်အဖြစ် လေးစားကြကာ သူတို့၏မေတ္တာကို ထုတ်ဖော်ပြသရန် မည်သည့်အခါမှ အခွင့်အရေး လက်လွှတ်မခံကြတော့ဘဲ ကျွန်ုပ်၏ကောင်းချီးပေးမှုကို တောင်းဆိုကြသည်။

## [၃]
# နိုင်ငံရေးအကျပ်အတည်းနှင့် ပြောက်ကျားစစ်ဖြစ်ပွားခြင်း

နီပေါနိုင်ငံကို ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုပြည့်ဝတိုင်းပြည်အဖြစ် သိရှိကြပြီး ၎င်း၏ ပြည်သူများမှာ ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေး အချစ်မြတ်နိုးဆုံးပြည်သူများအဖြစ် ချီးမွမ်းခံကြရသည်။

သို့သော် အမျိုးမျိုးသော အကြောင်းအရင်းများစွာတို့ကြောင့် ဤတိုင်းပြည်မှာ ၁၉၈၀ ပြည့်နှစ်များတွင် နိုင်ငံရေးအပြောင်းအလဲကြီးထဲသို့ ကျရောက်သွားပြီး ၎င်းကြောင့် ၁၉၈၉ ခုနှစ်တွင် ပြည်သူ့လှုပ်ရှားမှုဟု အမိပ္ပာယ်ရသော ဂျာနာအန်ဒိုလန်အမည်ရှိ လွတ်မြောက်ရေးအဖွဲ့ချုပ် ဖွဲ့စည်းခြင်းဖြစ်ပေါ်လာသည်။ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် စည်းရုံးလုပ်ဆောင်ခဲ့ကြသော ဒီမိုကရေစီတောင်းဆိုသည့် ပြည်သူများ၏ ငြိမ်းချမ်းရေး ဆန္ဒပြမှုကို ရဲများက အညှာတာကင်းမဲ့စွာ နှိပ်ကွပ်ခဲ့ပြီး ဆန္ဒပြသူရာပေါင်းများစွာ သေဆုံးခဲ့သည်။

များစွာသောတိုင်းပြည်များ၏ အကြံပေးချက်ကို ရရှိခဲ့သော ဘုရင်ဘီရင်ဒရာက ပါတီစုံဒီမိုကရေစီတည်ဆောက်ရန် အတိုက်အခံများ၏ တောင်းဆိုချက်ကို လက်ခံကြောင်း ၁၉၉၀ ပြည့်နှစ် ဧပြီလ ၉ ရက်နေ့တွင် အမြော်အမြင်ရှိစွာ ကြေညာသည်။ ထိုလ ၁၆ ရက်နေ့တွင် ဘုရင်က ပါတီအားလုံးကို အစိုးရသစ်တည်ထောင်ရန် လက်တွဲကြဖို့ တောင်းဆိုသည်။

အခြေခံဥပဒေအရ ခွင့်ပြုသော ဘုရင်အုပ်ချုပ်ရေးကို ဘုရင်ဘီရင်ဒရာ လက်ခံပြီး အရပ်သားအစိုးရကို ဖွဲ့စည်းကြသည်။ သို့သော် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဒီမိုကရက်တစ် အစိုးရအကြား လိုအပ်သော သွေးစည်းညီညွတ်မှု၊ စိတ်ရင်းစေတနာကောင်းမှုနှင့် ရိုးသား

ဖြူစင်မှုတို့ မရှိသောကြောင့် နီပေါနိုင်ငံမှာ အစိုးရတစ်ဖွဲ့ပြီးတစ်ဖွဲ့၏ အုပ်ချုပ်မှုနှင့်အတူ အကြပ်အတည်းတစ်ခုပြီးတစ်ခုကိုတွေ့ကြုံနေရာအချို့သောကက်ဘိနက်များမှာသက်တမ်း ၂လမျှသာ ခံလေသည်။

နီပေါကွန်မြူနစ်ပါတီ ပြိုကွဲသွားသောအခါ မော်ဝါဒီဂိုဏ်းခွဲက သီးခြားအင်အား တစ်ရပ်ပြန်လည်ဖွဲ့စည်းပြီး ဘုရင်အုပ်ချုပ်ရေးကိုဖြုတ်ချရန် ရည်ရွယ်သောပြောက်ကျားစစ်ကို စတင်ဆင်နွှဲသည်။ တိုင်းပြည်အတွင်းမှ နိုင်ငံရေးခေါင်းဆောင် အများစုက မော်ဝါဒီများကို သေးငယ်သော သူပုန်အဖွဲ့တစ်ဖွဲ့သာဖြစ်ပြီး လအနည်းငယ်အတွင်း ချေမှုန်းပစ်နိုင်သည်ဟု ထင်မှတ်ကြသည်။

လုမ္ဘိနီနှင့် အခြားနေရာများတွင် ဘုရင်မင်းမြတ်နှင့်လည်းကောင်း၊ နိုင်ငံရေးပါတီ ခေါင်းဆောင်များနှင့်လည်းကောင်း တွေ့ဆုံသောအခါ ကျွန်ုပ်က နီပေါနိုင်ငံ ဒုက္ခတွင်းထဲ ကျရောက်သွားနိုင်ကြောင်းနှင့် မော်ဝါဒီများ ကြောက်မက်ဖွယ်ကောင်းသော အင်အား အဖြစ် အချိန်မရွေးကြီးထွားသွားနိုင်ကြောင်း ကျွန်ုပ်၏စိုးရိမ်ပူပန်မှုကို ဖြူစင်ရိုးသားစွာ အမြဲ တမ်း ထုတ်ဖော်ပြောသည်။ ၁၉၉၆ ခုနှစ် စောစောပိုင်းတွင် ကျွန်ုပ် ထိုကဲ့သို့ စတင်ပြောခဲ့ သည်။

သို့သော် အများအပြားက ကျွန်ုပ်၏စကားကို နားမထောင်ကြချေ။ ထိုအချိန်က နိုင်ငံရေးသမားအများစုက သေနတ်နှင့် ခဲယမ်းမီးကျောက်၊ ရုပ်ပိုင်းဆိုင်ရာအင်အားနှင့် အထူးသဖြင့် မယုံကြည်ထိုက်သောအရာများအပေါ် ယုံကြည်အားထားနေကြသည်။ နှစ် အနည်းငယ်ကြာသောအခါ မော်ဝါဒီများက ကြောက်စရာကောင်းသော အင်အားတစ်ဖွဲ့ ဖြစ်လာပြီး တော်ဝင်လုံခြုံရေးတပ်များကို ဆက်တိုက်တိုက်ခိုက်၍ လူများစွာကို သတ်ဖြတ်၊ ပစ္စည်းများစွာကို ဖျက်ဆီးသောအခါ နီပေါနိုင်ငံရေးသမားများနှင့် နိုင်ငံတကာမှ နိုင်ငံရေး သမားများ နှစ်ဖွဲ့စလုံး အလွန်အံ့အားသင့်သွားကြသည်။ အစိုးရက မော်ဝါဒီများနှင့် အကြိမ် ပေါင်းများစွာ အပစ်အခတ်ရပ်စဲရေးရရှိအောင် ပြုလုပ်နိုင်ကြသည်။

သို့သော် အပစ်အခတ်ရပ်ဆဲမှုများက ခဏသာခံပြီး တိုက်ပွဲပြန်စလျှင် အမြဲတမ်း များစွာ ပိုမိုပြင်းထန်လာသည်။ မော်ဝါဒီများကို ကိုင်တွယ်ရာတွင် အထူးတလှယ် ကျွမ်းကျင် ကြသော နိုင်ငံတကာမှ ကျွမ်းကျင်သူများအားလုံးက ဤအကြမ်းဖက်သမားများကို သုတ် သင်ရန်အတွက် စစ်အင်အားအသုံးပြုနိုင်သော ဗျူဟာမှန်သမျှနှင့် ခေတ်ပေါ် လက်နက် မှန်သမျှတို့ကို သုံးစွဲရန် ထောက်ခံအကြံပြုကြသည်။

သူတို့အားလုံးက မော်ဝါဒီများကို အကြမ်းဖက်သမားများဟု စဉ်းစားကြသော ကြောင့်ကျွမ်းကျင်သူအချို့ကာပင်လယ်ကွေ့စစ်ပွဲတွင်ပြုလုပ်ခဲ့သောအရာကဲ့သို့လေကြောင်း

မှမော်ဝါဒီများကို ရှာဖွေဖျက်ဆီးမည့် ခေတ်မီအထောက်အကူပစ္စည်းများ တပ်ဆင်ထားသည့် အမေရိကန် ခေတ်ပေါ်လေယာဉ်များကို အသုံးပြုရန်ပင်လျှင် ထောက်ခံ အကြံပြုကြသည်။

သို့သော် နီပေါနိုင်ငံသည် အလွန်အမင်း တောင်ထူထပ်သောနိုင်ငံဖြစ်ပြီး မော်ဝါဒီများ ဆောင်ရွက်နေသောစစ်ပွဲက ပြောက်ကျားစစ်ဖြစ်သည်ဆိုသော အချက်ကို သူတို့ အားလုံးမျက်ကွယ်ပြုနေကြသည်။ တောထဲ၌ပုန်းအောင်းနေသောသူအနည်းငယ်မျှလောက်ကိုပင် ရှာဖွေဖို့အတွက် ခေတ်ပေါ်နည်းပညာနှင့် ပိုက်ဆံ အလွန်ကုန်ကျနေလိမ့်မည်။

လွန်ခဲ့သော ၁၀ နှစ် မရှိတရှိအချိန်က မော်ဝါဒီများ စစ်ပွဲအစပြုကတည်းက ပြည်သူ ၁၄၀၀၀ ကျော် အသတ်ခံခဲ့ရသည်။ (၎င်းက တရားဝင် ခန့်မှန်းချက်သာ ဖြစ်သည်။ အမှန်တကယ် ကိန်းဂဏန်းက ၎င်းထက် များစွာပိုများသည်။) နှစ်ဖက်စလုံးမှ သောင်းပေါင်းများစွာ ဒဏ်ရာရရှိကြသည်။ သိန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး မြေယာများကို မစိုက်ပျိုးနိုင်ဘဲ ထွက်ပြေးကြရသည်။

ပစ္စည်းဆုံးရှုံးပျက်စီးမှုက အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်းများစွာ ရှိသည်။ တိုင်းပြည်၏ အကန့်အသတ်ရှိသော သယံဇာတပစ္စည်းအားလုံးမှာ ဤစစ်ပွဲတွင် လေလွင့်ဆုံးရှုံးခဲ့ရသည်။ ဆင်းရဲမှုအနံ့အပြားဖြစ်ပေါ်လာပြီး ဆက်လက်မြင့်တက်နေဆဲဖြစ်လေသည်။ ၎င်းအပြင် ထုံးစံအတိုင်း သာမန်ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများက အခံစားရဆုံးလူများ ဖြစ်ကြသည်။

ရှည်ကြာနေသောစစ်ပွဲသည် တစ်နိုင်ငံလုံးကို ပျက်စီးစေမည်ဖြစ်ကာ မုန်းတီးမှုများကို ပိုမိုပွားများစေ၍ အမျိုးသားပြန်လည်သင့်မြတ်ခြင်းနှင့် ငြိမ်းချမ်းရေးပြန်လည်ယူခြင်း ပြုလုပ်ဖို့ကို ပိုမိုခက်ခဲအောင် အသေအချာ ပြုလုပ်လိမ့်မည်။

# (၄)

# မုန်းတီးမှုနှင့် သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပေါ် နေလျှင် နီပေါ၏အနာဂတ် မည်သို့ဖြစ်လာမည်နည်း

အကြောင်းရင်းအချို့ကြောင့် တသီးပုဂ္ဂလလူအချို့ကဖြစ်စေ၊ နိုင်ငံရေးပါတီများကဖြစ်စေ၊ ဤနိုင်ငံအပေါ် အကြွင်းမဲ့အာဏာသိမ်းပိုက်ရန်အမြင်ဖြင့် စစ်ပွဲဆက်လက်ဖြစ်ပွားစေလိုလျှင် ကြောက်လန့်ဖွယ်ကောင်းသော ဘေးဒုက္ခဆီသို့ နီပေါနိုင်ငံ အသေအချာ ဦးတည်နေလိမ့်မည်။ ကြာရှည်နေလျှင် ဤစစ်ပွဲက နီပေါနိုင်ငံကို တရုတ်ထောက်ခံသော မြောက်ပိုင်းနှင့် အိန္ဒိယထောက်ခံသော တောင်ပိုင်းအဖြစ် ၂ ပိုင်း ခွဲခြင်း ဖြစ်ကောင်းဖြစ်လိမ့်မည်။

သို့မဟုတ် ပို၍ ဆိုးဝါးစွာပင် အတိတ်က နီပေါနိုင်ငံကို သေးငယ်သော ဘုရင် နိုင်ငံ ၇၀ အထိ ခွဲခြားပစ်သကဲ့သို့ များစွာသော အစိတ်အပိုင်းများ ကွဲပြဲသွားနိုင်သည်။ ကျွန်ုပ်စဉ်းစားပုံအရဆိုလျှင် တရုတ်၊ အိန္ဒိယ သို့မဟုတ် အခြား ကမ္ဘာ့အင်အားကြီးနိုင်ငံသည် နီပေါမှ စစ်ဖြစ်နေသောဂိုဏ်းခွဲများအား အကူအညီပေးခြင်းသော်လည်းကောင်း၊ လက်နက်ထောက်ပံ့ခြင်းသော်လည်းကောင်း မပြုလုပ်သင့်ချေ။ နီပေါနိုင်ငံကို လက်နက်ထောက်ပံ့မှု ပိုမိုပြုလုပ်ပေးလေ၊ အခြေအနေ ပိုမိုမတည်ငြိမ်လေ၊ မုန်းတီးမှု ပိုမိုနက်ရှိုင်းလေ ငြိမ်းချမ်းရေး အလားအလာ ပိုမိုဝေးလေလေဖြစ်လိမ့်မည်။

၎င်းအပြင် အဆုံး၌ စစ်နိုင်သူ ရှိလိမ့်မည်မဟုတ်ချေ။ လူတိုင်းအားလုံး အရှုံးသမားဖြစ်ကြမည်ဖြစ်ကာ အကြီးဆုံး အရှုံးသမားက အသေအချာပင် နီပေါနိုင်ငံနှင့် ၎င်း၏ပြည်သူများ ဖြစ်ကြလိမ့်မည်။ ထို့အပြင် အခြားနိုင်ငံများသို့လည်း စစ်ပျံ့နှံ့သွားနိုင်သည်။

# [၅]

## ကျွန်ုပ်ကိုယ်တိုင် စစ်၏သားကောင်ဖြစ်ခဲ့သည်

၂၀ ရာစုသည် ရုပ်ပိုင်းဆိုင်ရာ သက်သာမှုများ များပြားလွန်းလှစွာ ဖြစ်ပေါ်စေခဲ့သော သိပ္ပံနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုရာစုနှစ်ဖြစ်သည်။ သို့သော် ၎င်းသည် နိုင်ငံများအကြား ရက်စက်ကြမ်းကြုတ်ဆုံး စစ်ပွဲများဖြစ်ပွားသောရာစုနှစ်၊ အတွေးအခေါ်အယူအဆကွဲပြားခြားနားသော ပြည်သူများအကြား မုန်းတီးမှုဖြစ်ပွားသော ရာစုနှစ်နှင့် လူသားများခံစားရသော ရာစုနှစ်လည်းဖြစ်သည်။

လူသားများသည် သေနတ်များဖြင့်လည်းကောင်း၊ အခြား ခေတ်မီဆန်းပြားသော နည်းလမ်းကောင်းများဖြင့်လည်းကောင်း တစ်ဦးပေါ်တစ်ဦး လွှမ်းမိုးအုပ်ချုပ်၊ သုတ်သင်ပစ်ရန် ကြိုးစားခဲ့ကြသည်။ သွေးချောင်းအစီးဆုံးနှင့် အခက်ထန်ဆုံးစစ်ပွဲများထဲမှ တစ်ပွဲက ဗီယက်နမ်စစ်ဖြစ်သည်။ ထိုစစ်ပွဲအရှိန် အမြင့်ဆုံးအချိန်၌ ကျွန်ုပ်အရွယ်ရောက်ခဲ့ပြီး အကြမ်းကြုတ်ဆုံးနည်းလမ်းများဖြင့် ၎င်း၏သားကောင် ဖြစ်ခဲ့ရသည်။

လွန်ခဲ့သော ရာစုနှစ်တွင် ကျွန်ုပ်၏အမိမြေသည် ကုသိုလ်ကံအဆိုးဆုံး ကုန်းမြေဖြစ်ခဲ့ရသည်ဟု ပြောနိုင်သည်။ ကျွန်ုပ်၏အမိမြေပေါ်သို့ ဗုံးတန်ချိန် သန်းရာပေါင်းများစွာ ကြဲချခဲ့ကြသည်။ အမိမြေသည် ခေတ်အမီဆုံးလက်နက်အမျိုးမျိုးအား စမ်းသပ်ဖို့အတွက် အစမ်းသပ်ခံမြေပြင် ဖြစ်ခဲ့ရသည်။ လူသန်းပေါင်းများစွာ အသတ်ခံရခြင်း၊ ကိုယ်အင်္ဂါချွတ်ယွင်းခြင်း ဖြစ်ကြရသည်။

ကျေးရွာများနှင့် မြို့များ အဖျက်အဆီးခံရသည်။ ဗီယက်နမ်စစ်ပွဲတွင် ဗီယက်နမ်လူမျိုးများသာ အသတ်ခံရခြင်းမဟုတ်ချေ။ ကမ္ဘာပေါ်တွင် အခြားမည်သည့်နေရာတွင်မျှ

ဗီယက်နမ်နိုင်ငံတွင်ကဲ့သို့ ထိုကဲ့သို့များပြားလှသော ပြည်သူများစစ်ပွဲတွင် အသတ်ခံရခြင်း မရှိပေ။ (ပြည်သူများကို ဗီယက်နမ်စစ်ပွဲသို့ အတင်းအကြပ်စေလွှတ်၍ တိုက်ခိုက်ခိုင်းကြသည်။)

စစ်ပွဲပြီးကတည်းက နှစ်ဖက်စလုံးမှ စစ်ပွဲ၌သေဆုံးသူ သန်းပေါင်းများစွာတို့၏ ကုသိုလ်ကံဆိုးသော ဝိညာဉ်များကို ကယ်တင်ခြင်းမပြုလုပ်ခဲ့ကြချေ။ မုန်းတီးခြင်း၊ နာကြည်းခြင်းတို့ဖြင့် သွန်သင်ဆုံးမခံထားကြရသော စစ်သားများနှင့် စစ်သားကောင်များ၏ လှည့်လည် သွားလာနေကြသော ဝိညာဉ်များက ဗီယက်နမ်နိုင်ငံနှင့် စစ်ပွဲတွင်ပါဝင်ခဲ့သော တိုင်းပြည်များကို နည်းလမ်းများစွာဖြင့် ဒုက္ခအတော်ပေးနေကြဆဲဖြစ်လေသည်။

၎င်းက ဖြစ်စဉ်ထဲမှ အကျိုးနှင့်အကြောင်း ဆက်နွှယ်မှုဥပဒေသပင် ဖြစ်သည်။ သဘာဝဘေးဒုက္ခများနှင့် ကံဆိုးမိုးမှောင်ကျမှုများက မရှောင်လွှဲနိုင်ချေ။ တစ်နေ့ကျလျှင် ဗီယက်နမ်အစိုးရနှင့် ဗီယက်နမ်အတွက် တာဝန်ရှိကြသူအားလုံးတို့သည် အတူတကွ စုဝေးကြပြီး စစ်အတွင်းက သေဆုံးသွားကြသော စစ်ဘက်၊ အရပ်ဘက်မှ တောင်၊ မြောက်ဗီယက်နမ် ပြည်သူများ၊ နိုင်ငံတကာပြည်သူများ၊ ကွန်မြူနစ်များနှင့် ကွန်မြူနစ်မဟုတ်သူများ၏ ဝိညာဉ်များနှင့် ပင်လယ်ပြင်၌ သေဆုံးခဲ့သော လှေဖြင့်ထွက်ပြေးသူများ၏ ဝိညာဉ်များအား ကယ်တင်ရန် ဆုတောင်းပွဲအခမ်းအနားပြုလုပ်ကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ သူတို့ ကယ်တင်ခံရပြီး ငြိမ်းချမ်းစွာ နားနေနိုင်ရန်အတွက် ဝိညာဉ်တိုင်းအတွက် တူညီသော လေးစားခြင်း၊ ချစ်ခြင်းတို့ဖြင့် ဆုတောင်းပေးသင့်သည်။ ကြီးကျယ်ခမ်းနားသော ဤဆုတောင်းပွဲ အခမ်းအနားကို အဆုံးစွန် ဖြူစင်ရိုးသားမှုနှင့် မြုပ်နှံလုပ်ဆောင်မှုတို့ဖြင့် စည်းရုံးဆောင်ရွက်ရမည်။

ထိုကဲ့သို့ ကြီးကျယ်သော အခမ်းအနားကို သင့်တော်စွာပြုလုပ်လျှင် ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာနိုင်လိမ့်မည်။ ဗီယက်နမ်နိုင်ငံမှ သက်တမ်းကြာရှည်နေသော ထုံးတမ်းစဉ်လာများက သေသူ၏ဝိညာဉ်များ ခံစားရမှုများများမှ ကင်းလွတ်သောအချိန်ကျမှသာလျှင် အသက်ရှင်သန်နေသူများ ငြိမ်းချမ်းစွာ ကြီးပွားချမ်းသာစွာ နေထိုင်နိုင်သည် ဟူသော ယုံကြည်ချက်ကို ဆုပ်ကိုင်ထားသည်။

နီပေါနိုင်ငံမှ စစ်ပွဲပြီးဆုံးလျှင် နိုင်ငံရေးပါတီများ၊ နီပေါအဖွဲ့အစည်းများနှင့် ဘုရင်မင်းမြတ်တို့သည် ရှည်လျား၍ သွေးချောင်းစီးသော ဤစစ်ပွဲတွင် အသတ်ခံခဲ့ရသော ပြည်သူ ၁၄၀၀၀ ကျော်တို့၏ဝိညာဉ်များကို ကယ်တင်ရန်အတွက် ကြီးကျယ်ခမ်းနားသော ဆုတောင်းပွဲအခမ်းအနားကို နီပေါပြည်သူများနှင့်အတူ လက်ချင်းတွဲ၍ ဆောင်ရွက်ကြလိမ့်မည်ဟုကျွန်ုပ်မျှော်လင့်သည်။ ထိုသို့ပြုလုပ်လျှင် နီပေါနိုင်ငံသည် ရှေ့သို့ ဆက်လက် ရွေ့လျား

နိုင်ပြီး ကြီးပွားချမ်းသာလာလိမ့်မည်။ ထိုသို့မလုပ်လျှင် ကုသိုလ်ကံဆိုးသော ဝိညာဉ်များက တိုင်းပြည်ထဲတွင် ဒုက္ခများ ဆက်လက်ပေးနေလိမ့်မည်။

ဗီယက်နမ်စစ်ပွဲမှ ကြောက်မက်ဖွယ်ကောင်းသော သင်ခန်းစာကို စစ်ဖြစ်နေသော နီပေါဂိုဏ်းခွဲများ သိနားလည်နိုင်ကြစေရန် ကျွန်ုပ် အလွန်အမင်း ဆန္ဒဖြစ်မိသည်။ ထိုစစ်ပွဲသည် လွန်ခဲ့သော နှစ် ၃၀ ကျော်က ပြီးဆုံးခဲ့သည်။ သို့သော် ၎င်း၏ ဒဏ်ရာဒဏ်ချက်များက မပျောက်ကင်းဘဲ ရှိနေသေးသည်။ ဗီယက်နမ်အများစုသည် ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းစရိုက်ရှိသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။

နာကျင်ဖွယ်ကောင်းသောအတိတ်ကို ထားရစ်ခဲ့ပြီး ရှေ့ဆက်သွားဖို့ သူတို့အကောင်းဆုံး ကြိုးစားခဲ့ကြသည်။ သို့သော်လည်း တစ်ဖက်ဖက်မှ စစ်၏သားကောင်များဖြစ်ခဲ့ရသော လူများ၏စိတ်ထဲတွင် သံသယများ ကိန်းဝပ်နေကြဆဲဖြစ်လေသည်။ ဤစစ်ကျိန်စာ ပပျောက်စေရန်နှင့် မုန်းတီးမှုကို ဖယ်ရှားပစ်ရန်မှာ အလွန်ကြီးမားသော သည်းခံမှုနှင့် ရှည်လျားသော အချိန်ကာလ လိုအပ်လိမ့်မည်။

[၆]

## အကျိုးနှင့်အကြောင်း ဥပဒေသ (ကံ၊ကံ၏အကျိုး)
## ကောင်းမှုပြုလုပ်ခြင်းနှင့် ကောင်းကျိုးရရှိခြင်း

ကျွန်ုပ်ဘဝ၏ များစွာသော အစိတ်အပိုင်းများမှာ အနောက်တိုင်းသိပ္ပံဆိုင်ရာ နယ်ပယ်၌ လေ့ကျင့်သင်ကြားခြင်းဖြင့် ကုန်လွန်ခဲ့ရသည်။ ထို့ကြောင့် သမိုင်းဆိုင်ရာအဖြစ်အပျက်များ၊ ပုဂ္ဂိုလ်တစ်ဦးချင်း၏ အပြောင်းအလဲများနှင့် တိုင်းပြည်များ၏ အပြောင်းအလဲများကို သိပ္ပံအမြင်ဖြင့် ကျွန်ုပ် လေ့လာသုံးသပ်သည်။ ထို့အပြင် အဖြစ်အပျက်များနှင့် ၎င်းတို့၏အကျိုးသက်ရောက်မှုများကို အားလုံးနှင့်အကျုံးဝင်သော အကျိုးနှင့်အကြောင်းဥပဒေ၊ သို့မဟုတ် ကံတရားက ညြဇာလွှမ်းမိုးထားသည်ကို ကျွန်ုပ် သုံးသပ်ချက် ရရှိသည်။

ကံတရားသည် အမှန်တကယ်ကို အံ့ဖွယ်ကောင်းသော ဥပဒေဖြစ်သည်။ အလွန်သိပ္ပံနည်းလမ်းကျပြီး တရားမျှတသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ ကောင်းသောမျိုးစေ့ကိုစိုက်ပြီး ကောင်းသောအသီးအပွင့်ကို ဆွတ်ခူးကြသည်။ ဤကံတရားအလုပ်လုပ်သောဥပဒေကို လေ့လာကြည့်ရှုချင်လျှင် ကျွန်ုပ်တို့သည် ငြိမ်းချမ်းသော၊ သက်သောင့်သက်သာရှိသော စိတ်အခြေအနေတွင် ရှိကြရမည်။ ဤဥပဒေက လောကဓာတ်၏ တရားမျှတမှုနှင့် သင့်မြတ်မှုကို ပြသနေသည်။

ကျွန်ုပ်လေ့လာပြီး သုတေသနပြုလုပ်ခဲ့သော ကမ္ဘာ့သမိုင်းနှင့် ဗီယက်နမ်နိုင်ငံသမိုင်းမှ အထောက်အထားအချို့ကို ကျွန်ုပ် ကိုးကားပြချင်သည်။ ၁၀ ရာစုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ လီလောင်ဒင်ဟုအမည်ရှိသော ဘုရင်တစ်ပါးရှိသည်။ သူက ဗီယက်နမ်နိုင်ငံကို ကောက်ကျစ်သောအကြံအစည်နှင့် ရက်စက်သောအပြုအမူများဖြင့် အုပ်ချုပ်သည်။ သူ

ဒေါသဖြစ်သည့်အခါတိုင်း ရလဒ်ကိုမစဥ်းစားဘဲ ရက်စက်သောအရာများကို ပြုလုပ်သည်။

သူ၏အုပ်ချုပ်မှုကြောင့် ဗီယက်နမ်ပြည်သူများ ကြောက်မက်ဖွယ်ကောင်းစွာ ခံစားကြရပြီး အုပ်ချုပ်မှုက ကြာရှည်မခံချေ။ ရက်စက်ကြမ်းကြုတ်သော သူ၏ပြစ်မှုများကြောင့် ဘုရင်မှာ ဝေဒနာကြီးစွာဖြင့် သေဆုံးရသည်။

ဘီစီ တတိယရာစုနှစ်၌ ဤကမ္ဘာ့ပြိုဟ်ပေါ်တွင် အာသောကဟုအမည်ရှိသော ဘုရင်တစ်ပါးရှိသည်။ သူ့အကြောင်းကို လူတိုင်းသိရှိကြလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်သည်။ လူတစ်သိန်းကျော် အသတ်ခံရသည့် ကလိင်္ဂစစ်ပွဲပြီးသောအခါ အသောကမှာ ပြည်သူများ သေကြေခံစားရမှုကြောင့် အလွန်တရာ ထိတ်လန့်သွားသည်။ ဓားကို သူ ချိုးပစ်လိုက်ပြီး အကြမ်းဖက်ခြင်းကိုစွန့်လွှတ်ရန် ကတိသစ္စာပြုသည်။ ကရုဏာနှင့် ချစ်ခင်ကြင်နာမှုတို့ဖြင့် ပြည်သူတို့၏အသည်းနှလုံးကို ပိုင်စိုးရန် သူ ကတိသစ္စာပြုသည်။

ဤသို့ဖြင့် လူသားတို့၏သမိုင်းတွင် စာမျက်နှာသစ်တစ်ခု သူ ဖွင့်လှစ်ခဲ့သည်။ ၎င်းသည် ပြည်သူများလိုက်နာဖို့အတွက် အံ့ဖွယ်ကောင်းသော နမူနာတစ်ခုဖြစ်သည်။ သူ စစ်အောင်နိုင်သူဖြစ်သော်လည်း ဓားကိုထက်ပိုင်းချိုးပြီး နောက်တစ်ကြိမ် မည်သည့်အခါမျှ စစ်မတိုက်ရန် သူ့ကိုယ်သူ ကတိပေးသည်။ ၎င်းကြောင့် အသောကသည် လူသားတို့၏သမိုင်းတွင် ရှင်သန်လျက်ရှိသည်။

နောက်ဆုံးရာစုနှစ်တွင် လူသားတို့၏သမိုင်းကို တောက်ပြောင်အောင် ကူညီလုပ်ဆောင်ခဲ့သူ နောက်ပုဂ္ဂိုလ်တစ်ဦးက အိန္ဒိယနိုင်ငံမှ သူတော်စင် မဟတ္တမဂန္ဒီဖြစ်သည်။ အကြမ်းမဖက်မှုနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားသခင်၏ သင်ကြားပြသချက်များကို သူ အောင်မြင်စွာ လိုက်နာဆောင်ရွက်ပြီး အိန္ဒိယနိုင်ငံကို လွတ်လပ်ရေးဆောင်ကြဉ်းပေးနိုင်ခဲ့၍ ကမ္ဘာကိုလည်း ကောင်းမွန်သော အပြောင်းအလဲများစွာ လုပ်ဆောင်ပေးခဲ့သည်။ ထိုအချိန်က အကြမ်းဖက်မှုကို အိန္ဒိယရွေးချယ်ခဲ့လျှင် အိန္ဒိယနိုင်ငံထဲမှ အခြေအနေသည် ယခုအချိန်ကဲ့သို့ ကောင်းမွန်နေလိမ့်မည်ဟု မည်သူမှ ကျိန်းသေမပြောနိုင်ပေ။

လွန်ခဲ့သော နှစ်အနည်းငယ်က အထင်အရှားပြသသော ကံတရား၏ နောက်ထပ်ထူးခြားသော နမူနာတစ်ခုကို ကျွန်ုပ် မျက်မြင်တွေ့ခဲ့ရသည်။ တစ်ကမ္ဘာလုံး ကောင်းစွာ သိသော ခေါင်းဆောင်တစ်ယောက်ရှိသည်။ သူက ငွေကြေးနှင့်အာဏာကို သူ့ဘဝ၏ အဓိက ရည်ရွယ်ချက်အဖြစ် ရယူစုဆောင်းလိုချင်ပြီး သူလိုချင်သောအရာကို ရရှိရန်အတွက် ဖြစ်နိုင်သမျှနည်းလမ်းတိုင်းကို အသုံးပြုသည်။

သူ့ဘဝအဆုံးသတ်ချိန်တွင် သူ မစားနိုင်မသောက်နိုင်ဖြစ်ပြီး သူ၏ တစ်ကိုယ်ရေ ကျန်းမာရေးကိုတောင် မလုပ်နိုင်တော့ချေ။ သူ၏ ဘဝနောက်ဆုံး ၃ နှစ်ကာလအတွင်း၌ အသက်ကူကိရိယာအပေါ် သူ မှီခိုအားထားနေခဲ့ရသည်။ သူသေဆုံးပြီးနောက်တွင် သူ၏ ငွေကြေးအားလုံးကို ဘဏ်များက သိမ်းယူလိုက်ကြသည်။

ကျွန်ုပ်တို့ ပတ်ပတ်လည်၌ တစ်ချိန်လုံးဖြစ်ပေါ်နေသော ကံတရားအထင်အရှား ပြသပုံနှင့် ပတ်သက်၍ အသက်ဝင်သော နမူနာများစွာရှိသည်။ ကံတရားတည်ရှိပုံနှင့် အလုပ်လုပ်ပုံကို ကျွန်ုပ်တို့ အသီးသီး အပြည့်အဝသိထားကြရမည်။ ကံတရားသည် ကျွန်ုပ်တို့အားလုံးအတွက် အကြွင်းမဲ့ တရားမျှတပေသည်။

(၇)

## နီပေါပြည်သူများအတွက် ငြိမ်းချမ်းရေး လက်တစ်ကမ်း၌ရှိသည်

လက်ရှိစစ်ပွဲကြောင့် နီပေါပြည်သူများစွာတို့မှာ ခြေကုန်လက်ပန်းကြပြီး သွေးရူးသွေးတန်း ဖြစ်လာကြသည်။ စစ်နှင့်ပတ်သက်၍ သူတို့ အလွန်အဆိုးမြင်ကြပြီး ၎င်းသည် နီပေါသမိုင်းတစ်လျှောက်လုံးတွင် အဆိုးဝါးဆုံး အကျပ်အတည်းဖြစ်ကြောင်း၊ ဤစစ်ပွဲမည်သည့်အခါမျှ အဆုံးသတ်မည်မဟုတ်ကြောင်း၊ သူတို့ ခြေကုန်လက်ပန်းကျပြီး တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်နေခြင်းအား မရပ်တန့်လျှင် သေးငယ်သော ပြည်နယ်ရာပေါင်းများစွာအဖြစ် နီပေါနိုင်ငံ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်ကို ပြောပြကြသည်။

စစ်ဖြစ်နေကြသော ဂိုဏ်းခွဲများ၏ အပြုသဘောမဆောင်သော အနေအထားများကြောင့် အခြေအနေက အမှန်တကယ်ကို အလွန်ဆိုးဝါးနေသည်။ သို့သော် နီပေါနိုင်ငံက မြင့်မြတ်သော ကုန်းမြေဖြစ်ပြီး နီပေါနိုင်ငံသားများက လောကုတ္တရာတန်ဖိုးပြည့်ဝသော ဘဝဖြင့် နေထိုင်ကြသော အလွန်လူသားဆန်သည့် ပြည်သူများဖြစ်သောကြောင့် နီပေါနိုင်ငံမှ ငြိမ်းချမ်းရေးအလားအလာနှင့် ပတ်သက်၍ ကျွန်ုပ် အကောင်းမြင်နေသေးသည်။

ဤတိုင်းပြည်ကို လှပကောင်းမွန်သော ထုံးတမ်းစဉ်လာများ အလွန်များပြားလှစွာ နှင်းအပ်ထားသည်။ များစွာသော ဗုဒ္ဓ၊ ဗောဓိသတ္တများနှင့် သူတော်စင်များသည် ဤတိုင်းပြည်တွင် ဖွားမြင်ကြသည်။ အထူးသဖြင့် နီပေါတွင် အလွန်အဖိုးထိုက်တန်သော ဒဿန တစ်ခုရှိသည်။ နီပေါပြည်သူများ ရှိသားဖြောင့်မှန်စွာ ကျင့်ကြံအသုံးချကြလျှင် ဤဒဿနက လက်ရှိပဋိပက္ခအား ဖြေရှင်းနိုင်ဖို့အတွက် ရွှေကဲ့သို့ တန်ဖိုးရှိလိမ့်မည်။

## ၁။ နီပေါဒဿနကို ရိုးသားဖြောင့်မှန်စွာ ကျင့်ကြံအသုံးပြုသင့်သည်။

လွန်ခဲ့သော ၂၆ ရာစုကျော်က နီပေါ၏သားတော်ဖြစ်သော ဗုဒ္ဓသကျမုနိသည် သဗ္ဗညုတဉာဏ်ကို ရရှိခဲ့သည်။ သူ၏သင်ကြားပြသမှုက ယနေ့အခါတွင် ဤကဲ့သို့ သစ်လွင်စွာ တန်ဖိုးရှိနေသည်။ "မုန်းတီးမှုကို မုန်းတီးမှုဖြင့် မဖယ်ရှားနိုင်။ ကရုဏာနှင့် ချစ်ခြင်းမေတ္တာတို့ဖြင့်သာ ဖယ်ရှားနိုင်သည်" ထိုက်သင့်သော လေးစားမှုဖြင့် သကျမုနိဗုဒ္ဓဘုရားရှင်၏ ဤဒဿနကို နီပေါဒဿနအဖြစ် ကျွန်ုပ် ခေါ်ဆိုပါရစေ။ ၎င်းက ရိုးရှင်းလှသည်။ သို့သော် ကျင့်ကြံအသုံးချလျှင် ၎င်းက ကြီးကျယ်သောရလဒ်ကို ဖြစ်ပေါ်စေလိမ့်မည်။

ရာစုနှစ်ပေါင်း မြောက်မြားစွာကြာ လူသားကမ္ဘာသည် အကြမ်းဖက်မှုကို အကြမ်းဖက်မှုဖြင့်လည်းကောင်း၊ မုန်းတီးမှုကိုမုန်းတီးမှုဖြင့်လည်းကောင်းတုံ့ပြန်နေပြီး မဆုံးနိုင်သော ခံစားရမှုများ ဖြစ်ပေါ်နေစေသည်။ ကမ္ဘာကြီးသည် ရုပ်ဝတ္ထုအားဖြင့် ကြွယ်ဝချမ်းသာသည်။ သို့သော် ချစ်ခင်ကြင်နာမှု၊ အပြန်အလှန်နားလည်မှုနှင့် ကရုဏာရှိမှုတို့တွင် ချို့တဲ့နေသည်။ ပေါ်လွင်ထင်ရှားနေသော အရာကလည်း ကမ္ဘာ့သဘာဝ သယံဇာတများကို စီမံခန့်ခွဲ အသုံးပြုရာတွင် တရားမမျှတခြင်းဖြစ်သည်။ ထိုအကြောင်းများကြောင့် ကမ္ဘာကြီးသည် အကြပ်အတည်းများ၊ မုန်းတီးမှုများနှင့် စစ်ပွဲများဖြင့် အမြဲမပြတ် ဒုက္ခရောက်နေရသည်။

နီပေါခေါင်းဆောင်များ (ဘုရင်နှင့် မော်ဝါဒီများ အပါအဝင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ) သည် ငြိမ်းချမ်းရေးကို ရိုးသားဖြောင့်မှန်စွာ အလိုရှိကြလျှင် ဤတိုင်းပြည်ချက်ချင်း ငြိမ်းချမ်းလာမည်ကို ကျွန်ုပ် အခိုင်အမာယုံကြည်သည်။ ငြိမ်းချမ်းရေးသည် သူတို့၏လက်တစ်ကမ်းတွင် ရှိနေသည်။ ၎င်းကို တခြားနေရာ၌ ရှာဖွေခြင်း၊ အခြားနေရာမှ တောင်းဆိုခြင်းပြုလုပ်ဖို့ မလိုအပ်ချေ။

ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ရေးတို့နှင့် ပတ်သက်၍ သကျမုနိဗုဒ္ဓဘုရားရှင်၏ သင်ကြားဆုံးမမှုကိုနာခံလျက် ဤပဋိပက္ခအတွက် ငြိမ်းချမ်းသော ဖြေရှင်းချက်သည် နီပေါပြည်သူတို့၏ လက်ထဲတွင်သာရှိပြီး ၎င်းကို နိုင်ငံခြားမှတင်သွင်းရန် မလိုအပ်ကြောင်းကို ကျွန်ုပ်တို့ အသေအချာသိရှိကြရလိမ့်မည်။

ဘုရင်မင်းမြတ်နှင့် အခြားနိုင်ငံရေးခေါင်းဆောင်များအားလုံးက ဤနေရာ၊ နီပေါတွင် မွေးဖွားကြီးပြင်းကြသည်။ ဗုဒ္ဓနှင့် အခြားကြီးကျယ်သော နီပေါပုဂ္ဂိုလ်ထူးများ၏ ချစ်ခြင်းဖြင့် သူတို့အားလုံး တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်း ကောင်းကောင်း ချီးပေးခံကြသည်ကို ကျွန်ုပ်သိသည်။ သူတို့၏ပြည်သူများ ခံစားနေကြရသည်ကို သူတို့ တွေ့မြင်လျှင် အသေအချာကို အကြီးအကျယ် စိတ်မကောင်းဖြစ်ကြလိမ့်မည်။

အနေးနှင့်အမြန်ဆိုသလို စစ်ဖြစ်နေကြသော ပါတီများသည် သက်တမ်းကြာရှည်သော သူတို့၏ ဘုံအမွေအနှစ်ဆီသို့ အတူတကွစုလာကြပြီး အပြန်အလှန် နားလည်ခြင်း၊ ကရုဏာထားခြင်းတို့ဖြင့် တစ်ဦးကိုတစ်ဦး ခွင့်လွှတ်ကြကာ ဤအကြပ်အတည်းကို အတူတကွ အဆုံးသတ်ကြလိမ့်မည်။

နီပေါပြည်သူတို့ ၎င်းကိုပြုလုပ်နိုင်လျှင် သူတို့ကိုယ်သူတို့ ဂုဏ်ယူထိုက်သလို လူသားတစ်မျိုးလုံးအတွက်လည်း ဂုဏ်ယူထိုက်သည်။ ကမ္ဘာကြီး သင်ယူ၊ လိုက်နာဖို့အတွက် ဂုဏ်ကျက်သရေရှိသော နမူနာတစ်ခုကို သူတို့ ချမှတ်ကြလိမ့်မည်။ နီပေါတွင် ငြိမ်းချမ်းရေး ပြန်လည်ရရှိလာလျှင် ကမ္ဘာအနှံ့မှ ပြည်သူသန်းပေါင်းများစွာတို့က နီပေါသို့ လာရောက်လည်ပတ်ပြီး ငြိမ်းချမ်းရေးရရှိသော နည်းလမ်းကို နီပေါပြည်သူများထံမှ သင်ယူကြလိမ့်မည်။ လုမ္ဗိနီသို့ ပြည်သူများ ဘုရားဖူးလာကြပြီး ဟိမဝန္တာတောင်များနှင့် ကြီး ကျယ်ခန်းနားသော ဧဝရက်တောင်ထွတ်တို့၏ အံ့ဖွယ်ရှုခင်းအလှကို လာရောက်ကြည့်ရှုခံစားကြလိမ့်မည်။

နီပေါတွင် ငြိမ်းချမ်းရေးရရှိလျှင် စစ်ဖြစ်နေသော ယခင်ပါတီများမှ ခေါင်းဆောင်များအားလုံးကို လုမ္ဗိနီမှ ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွင် ကြိုဆိုဧည့်ခံရန် အတွက် ကျွန်ုပ်အတိုင်းထက်အလွန် ဝမ်းသာမိလိမ့်မည်။ နီပေါမှ သမိုင်းဝင်သော ဤငြိမ်းချမ်းရေး ကြိုဆိုဧည့်ခံပွဲတွင် နီပေါခေါင်းဆောင်များနှင့် နိုင်ငံခြားဧည့်သည်များအား အထူးစပါယ်ရှယ်များ တည်ခင်းကျွေးမွေးနိုင်ရန်အတွက် ဗီယက်နမ်နှင့် တစ်ကမ္ဘာလုံးအနှံ့ မှ အကောင်းဆုံးစားဖိုမှူးများကို ကျွန်ုပ် အသေအချာခေါ်ယူမည်။ ထိုနေ့ မကြာခင် ရောက်လာလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။

## ၂။ နီပေါသမိုင်းမှ စစ်ဖြစ်မည့်အန္တရာယ်ကို ဖယ်ရှားပုံ အတွေ့အကြုံ

၇ ရာစုစောစောပိုင်း ရောက်သောအချိန်၌ တိဗက်ဘုရင် ဆောင်ဆင်ဂမ်ပိုက နီပေါနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ရန် အစီအစဉ်တစ်ခု ဆွဲခဲ့သည်။ နီပေါဘုရင်နှင့် သူ၏ တိုင်းသူပြည်သားများက ထိုအန္တရာယ်ကိုသိရှိပြီး အဖြေတစ်ခုကို သူတို့ တွေ့ဆုံ ဆွေးနွေးကြသည်။ အချို့က ကျူးကျော်တိုက်ခိုက်သူများကို ခက်ထန်စွာ ခုခံတော်လှန်ရန် အကြံပြုကြသည်။

သို့သော် နောက်ဆုံး၌ ငြိမ်းချမ်းသော ဖြေရှင်းချက်တစ်ခုကို သူတို့ရရှိလာကြသည်။ ဘုရင်အမ်ဆူဗာနာက သူ၏သမီးကို တိဗက်ဘုရင်နှင့် လက်ထပ်ပေးရန် ဆုံးဖြတ်သည်။ မင်းသမီး ဘရီကူတီက တော်ဝင်သတို့သမီးအဖြစ် တိဗက်သို့သွားပြီး သူမနှင့်အတူ

ဗုဒ္ဓဆင်းတုတော်တစ်ဆူနှင့် နီပေါနိုင်ငံ၏ ကောင်းမွန်သော ထုံးတမ်းစဉ်လာအားလုံးကို ယူဆောင်လာသည်။

သူမက တိဗက်တို့ကို ဗုဒ္ဓဘာသာ သင်ကြားပြသသော ပထမဦးဆုံး သံတမန် ဖြစ်လာသည်။ တိဗက်ပြည်သူများက သူမကို ချစ်ခင်ပြီး ဘဲလ်ဆာ၊ သို့မဟုတ် ထရီဆန် (နီပေါဘုရင်မ)ဟု ခေါ်သည်။ ၎င်းအပြင် တိဗက်ပြည်သူများက ဗုဒ္ဓဘာသာကို နွေးထွေးစွာ ကြိုဆိုလက်ခံကြသည်။ မင်းသမီး ဘရိကုတီနှင့် ဘုရင် ဆောင်ဆင်ဂမ်ပိုတို့ ထိမ်းမြားလက်ထပ်ခြင်းက တိဗက်နှင့် နီပေါအကြား ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရင်းနှီးမှု ခေတ်တစ်ခေတ်ကို လမ်းညွှန်ပြခဲ့သည်။ စစ်ဖြစ်မည့်အန္တရာယ်ကို ဤသို့ ဖယ်ရှားခဲ့ကြလေသည်။

ထို့အပြင် တိဗက်ပြည်သူများက ဗုဒ္ဓဘာသာကို ရိုသေကိုင်းရှိုင်းသူများ ဖြစ်ကြပြီး ယနေ့တိုင် ထိုအတိုင်းရှိနေကြသည်။ ယခုအခါတွင် တိဗက်တို့၏ စေတီပုထိုးနှင့် ဘုရားကျောင်းများတွင် နီပေါတို့၏ ဩဇာလွှမ်းမိုးမှုများစွာကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ကြသည်။ အထင်ရှားဆုံးက လာဆာမှ ဂျိုခန်ဗုဒ္ဓဘာသာဘုရားကျောင်းတွင် တွေ့မြင်နိုင်သည်။ ထိုကျောင်းကို နီပေါလက်မှုပညာသည်များ ဆောက်လုပ်ခဲ့ကြသည်။ ၎င်းအပြင် ထိုအချိန်မှစ၍ တိဗက်သည် နီပေါထုတ်ကုန်ပစ္စည်းများအတွက် ဈေးကွက်ကောင်းတစ်ခု ဖြစ်လာသည်။ ထိုကဲ့သို့သော ငြိမ်းချမ်းသည့်ဖြေရှင်းချက်မှ နှစ်ဖက်စလုံး အကျိုးကျေးဇူးများစွာ ရရှိခဲ့ကြသည်။

၁၂ နှစ်ကြာသောအခါ တိဗက်ဘုရင် ဆောင်ဆင်ဂမ်ပိုက တရုတ်ပြည်ကိုတိုက်ခိုက်ရန်စီစဉ်သည်။ သို့သော် တန်တော်ဝင်မိသားစုက နီပေါတို့၏နမူနာကိုလိုက်ပြီး သူတို့၏မင်းသမီးဝမ်ဆင်ကို ဆောင်ဆင်ဂမ်ပိုနှင့် ထိမ်းမြားလက်ထပ်ပေးသည်။ စစ်အန္တရာယ်ကို တဖန်ဖယ်ရှားခဲ့ပြီး အံ့ဖွယ်ကောင်းသောရလဒ်များဖြင့် တရုတ်ယဉ်ကျေးမှုကိုတိဗက်တို့အား မိတ်ဆက်ပေးခဲ့သည်။

သူမရှေ့ကလူ နီပေါမင်းသမီးကဲ့သို့ပင် မင်းသမီးဝမ်ဆင်ကလည်း ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ပင့်ဆောင်လာခဲ့ပြီး သူမ၏မြင့်မြတ်သော ပင်ကိုစရိုက်နှင့် ဘာသာရေးစိတ်တို့က စစ်လိုလားသူ ဆောင်ဆင်ဂမ်ပိုကို ယဉ်ကျေးသော၊ ချစ်ခင်တတ်သော ဘုရင်တစ်ပါးအဖြစ် ကူညီပြောင်းလဲပေးခဲ့သည်။ တိဗက်သို့ မင်းသမီးဝမ်ဆင် ပင့်ဆောင်ခဲ့သော ဗုဒ္ဓဆင်းတုတော်ကို ထိုအချိန်မှစ၍ လာဆာရှိ ဂျိုခန်ဘုရားကျောင်းထဲတွင် အမြဲတမ်း ကိုးကွယ်ထားသည်။

သမိုင်းမှ ဤဇာတ်လမ်းနှစ်ခုက ချစ်ခင်ကြင်နာခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်း၊ နားလည်တတ်ခြင်းနှင့် အကြမ်းမဖက်မှုကို ကျင့်ကြံခြင်းတို့ဖြင့် ပြဿနာအားလုံးကို ကျွန်ုပ်တို့ ဖြေရှင်းနိုင်ကြကြောင်း ရှင်းလင်းထင်ရှားစွာ ပြသနေသည်။

## ၃။ စစ်ဖြစ်ခြင်းနှင့် မတည်ငြိမ်ခြင်း၏ အကြောင်းရင်း

စစ်ဖြစ်နေကြစဉ် အတောအတွင်း၌ စစ်ဖြစ်နေကြသော ဂိုဏ်းခွဲများက ပုံမှန်အားဖြင့် တစ်ဦးပေါ်တစ်ဦး အပြစ်ပုံချကြပြီး ပြဿနာ၏အကြောင်းရင်းဇာစ်မြစ်ကို ဖွင့်ထုတ်ဖို့ မကြိုးစားကြချေ။ ပြဿနာတိုင်းတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကြောင်းရင်းတစ်ခုရှိသည်။ တောမီးသည် တစ်နေရာရာမှ ပထမဦးဆုံးမီးများကြောင့် ဖြစ်ပေါ်ရလိမ့်မည်။ ငြိမ်းချမ်းသော ကြိုးစားအားထုတ်မှုများ ကျဆုံးခြင်းသည် ဆင်းရဲခြင်းဆီသို့ ဦးတည်လိမ့်မည်။ တော်လှန်ရေးများသည် ဆင်းရဲခြင်းနှင့် တရားမမျှတခြင်းတွင် အကြောင်းရင်းဇာစ်မြစ်များရှိသည်ကို သမိုင်းက ပြသခဲ့သည်။

လူတိုင်းတွင် လုံလောက်သော အစားအစာ၊ အဝတ်အစား၊ ပညာရေးနှင့် တည်ငြိမ်သောဘဝရှိလျှင် မည်သည့်တော်လှန်ရေးမျိုးကိုမှ သူတို့ လိုချင်ကြလိမ့်မည်မဟုတ်ချေ။ စစ်ဖြစ်ခြင်းနှင့် မတည်ငြိမ်ခြင်းသည် အမျိုးမျိုးသော အကြောင်းရင်း ရှိကောင်းရှိနိုင်သည်။ သို့သော် ဆင်းရဲခြင်းနှင့် တရားမမျှတခြင်းက အမြဲတမ်း အဓိကအကြောင်းရင်းများ ဖြစ်ကြသည်။ လူ့အဖွဲ့အစည်းတစ်ခုမှ ခေါင်းဆောင်များသည် ဆင်းရဲခြင်းနှင့် လူမှုရေး တရားမမျှတခြင်းတို့ကို ကိုင်တွယ်ဆောင်ရွက်ရန် ပျက်ကွက်လျှင် ဤပြဿနာများက စုပုံလာပြီး နောက်ဆုံး၌ စစ်ပွဲအဖြစ်လည်းကောင်း၊ တော်လှန်ရေးအဖြစ်လည်းကောင်း ပေါက်ကွဲသွားလိမ့်မည်။

ငြိမ်းချမ်းရေးအပြင် ပညာရေးကလည်း အလွန်အရေးကြီးသည်။ ချမ်းသာသော တိုင်းပြည်များစွာတို့သည် ပညာရေးအတွက် များစွာသော ငွေကြေးများကို ရင်းနှီးမြှုပ်နှံကောင်း မြှုပ်နှံကြလိမ့်မည်။ သို့သော် သူတို့၏ပြည်သူများကို ငြိမ်းချမ်းရေးအကြောင်း ပညာသင်ကြားပေးရမည့်အစား သူတို့က အကြမ်းဖက်ခြင်းနှင့် စစ်ဖြစ်ခြင်းတို့ကို ရုပ်ရှင်များ၊ အခြားမီဒီယာများမှတစ်ဆင့် ဖြန့်ဖြူးကြပြီး ကလေးများနှင့်လူကြီးများကို ဆွဲဆောင်သော လူသားမဆန်သော သတ်ဖြတ်ခြင်းဇာတ်လမ်းများကို ပြသကြ၍ လက်ခုပ်လက်ဝါး တီးကြကာ အကယ်ဒမီဆုများပေးကြသည်။ ၎င်းက အမှန်တကယ်တွင် စစ်ပွဲအတွက် စနစ်တကျဝါဒဖြန့်ခြင်းဖြစ်သည်။ စစ်ပွဲများနှင့် အကြမ်းဖက်မှုများကြောင့် ပြည်သူများ ခံစားနေကြရသည်မှာ အံ့သြစရာမဟုတ်ချေ။

〔၈〕

# ဤတိုင်းပြည်၌ သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပေါ် နေခြင်းကို ကျွန်ုပ် ထိုင်ကြည့်မနေနိုင်ပါ

ပြည်သူများနှင့် သဘာဝအကြားတွင် ငြိမ်းချမ်းခြင်းနှင့် သဟဇာတညီညွတ်ခြင်း အမှတ်လက္ခဏာအဖြစ် မှတ်ယူခံရသော နီပေါနိုင်ငံတွင် နေထိုင်အလုပ်လုပ်ရန်အတွက် ကံတရားက ကျွန်ုပ်ကို ဤနေရာသို့ခေါ်ဆောင်လာခဲ့သည်ဟု ကျွန်ုပ်ယုံကြည်သည်။ သို့သော် ရှည်ကြာသောစစ်ပွဲကိုတွေ့မြင်ရန် ကျွန်ုပ် လာခဲ့မိချေပြီ။

သတ်ဖြတ်ခြင်း၊ ရန့်ရင်းဆန်ခတ်ဖြစ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ဖွယ်ကောင်းသော ဖိနှိပ်ခြင်းနှင့် ခံစားရခြင်းများကို ကျွန်ုပ်၏မျက်စိဖြင့် တပ်အပ်မြင်ရသောအခါ လွန်ခဲ့သော နှစ် ၃၀ ကျော်က ဗီယက်နမ်မှစစ်ပွဲကို ကျွန်ုပ်သတိမရဘဲ မနေနိုင်ချေ။ ထိုအရာများနှင့် ပတ်သက်၍ ဘာမှမလုပ်နိုင်ဘဲ ၎င်းတို့အားလုံးအား တွေ့မြင်နေရခြင်းမှာ ကြီးစွာသော စိတ်သောကရောက်စရာဖြစ်ပေသည်။ ကျွန်ုပ်ဘာလုပ်သင့်သနည်းဟု ကိုယ့်ကိုယ်ကိုယ် မကြာခဏ မေးမိသည်။ ကျွန်ုပ်အကျိုးအတွက်ဆိုလျှင် နီပေါမှထွက်ခွာခြင်းက ကျွန်ုပ်အတွက် အကောင်းဆုံးဖြစ်လိမ့်မည်။ သို့သော် ကျွန်ုပ် ထိုကဲ့သို့ မလုပ်နိုင်ချေ။

နီပေါနိုင်ငံ အလွန်ငြိမ်းချမ်းနေသောအချိန်က ဤနေရာကို ကျွန်ုပ်ရောက်လာပြီး ဤနိုင်ငံက ကျွန်ုပ်ကို ၎င်း၏သားတစ်ယောက်ကဲ့သို့ လက်ခံခဲ့သည်။ ချစ်စရာကောင်းသော ဤတိုင်းပြည်ပေါ်သို့ စစ်ပွဲကျရောက်လာသော ယခုအခါတွင် ဤတိုင်းပြည်ကို ကျွန်ုပ် စွန့်ခွာသွားဖို့ နှလုံးသားရှိနိုင်ပါမည်လား။ မရှိနိုင်ပါ။ ဤနေရာ၌ ကျွန်ုပ် နေထိုင်ပြီး ငြိမ်းချမ်းရေး ပြန်လည်ရရှိဖို့အတွက် ကျွန်ုပ်တတ်နိုင်သမျှ အရာအားလုံးကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ်က နိုင်ငံခြားသားတစ်ယောက်ဖြစ်သည်။ နီပေါပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကျွန်ုပ်တွင် အခွင့်အရေးမရှိချေ။ သို့သော် ကျွန်ုပ်ကိုယ်ကျွန်ုပ် နီပေါ၏ သားတစ်ယောက်အဖြစ် စဉ်းစားသောကြောင့် ဤတိုင်းပြည်တွင် ငြိမ်းချမ်းရေးပြန်လည်ရယူဖို့ကို ကျွန်ုပ် ကြိုးစားအားထုတ်မှု ပြုလုပ်သင့်သည်ဟု ခံစားမိသည်။

စစ်ဖြစ်နေကြသော ဂိုဏ်းခွဲများကို သူတို့ဘိုးဘေးများ၏ ငြိမ်းချမ်းခြင်းနှင့် ချစ်ခင်ခြင်း အစဉ်အလာများအား သိရှိလာကြအောင် ကျွန်ုပ်တတ်နိုင်သမျှ အရာတိုင်းပြုလုပ်ချင်ပြီး မြင့်မြတ်သော ကုန်းမြေဆီသို့ ငြိမ်းချမ်းသာဘဝ ပြန်လည်ယူဆောင်လာရန် အတူတကွ အလုပ်လုပ်ချင်သည်။

## [၉]

## ငြိမ်းချမ်းရေးလှုပ်ရှားမှု၏ ကနဦးခြေလှမ်းများ

### ၁။ ၂၀၀၄ ခုနှစ် နှစ်လယ်တွင် နီပေါနိုင်ငံ သတင်းထောက်များကလပ်၌ အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအကြောင်း တင်ပြခြင်း။

အစပထမ၌ ကျွန်ုပ်တို့တွင် လူပုဂ္ဂိုလ် လက်တစ်ဆုပ်စာမျှသာရှိသည်။ ကျွန်ုပ်၏ ကျောင်းသားအချို့ မိတ်ဆွေအချို့နှင့် ကျွန်ုပ်သာလျှင်ရှိသည်။ အစီအစဉ်တစ်ခုကို ကျွန်ုပ်တို့ တိတ်တဆိတ်ရေးဆွဲကြပြီး အလွန်ခက်ခဲသောအခြေအနေဖြင့် အကောင်အထည်ဖော်ရန် ကြိုးစားကြသည်။ ၎င်းက တဟုန်းဟုန်းတောက်လောင်နေသောမီးကို ရေတစ်ခွက်ဖြင့် ငြိမ်းသတ်ရန် ကြိုးစားနေခြင်းနှင့်တူနေသည်။ သို့သော် ကျွန်ုပ်တို့၏ရေခွက်က မီးရှို့နေကြသူများကို သူတို့ပြုလုပ်နေသောအရာအား စဉ်းစားစေလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။

သတင်းထောက်များကလပ်၌ မီဒီယာများနှင့် စစ်ဖြစ်ပွားနေကြသော ပါတီများ၏ တွေ့ဆုံပွဲက အောင်မြင်သည်။ ၎င်းက အလွန်အားရှိဖွယ်ကောင်းသည်။ တွေ့ဆုံပွဲကို ခတ္တမန္ဒူ၌ ၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ကျင်းပကြသည်။ နီပေါနှင့် နိုင်ငံခြားသတင်း ထောက်များက စိတ်ဝင်စားစရာကောင်းသော၊ ထူးခြားသော မေးခွန်းများစွာကို မေးကြသည်။ တွေ့ဆုံပွဲ၌ ပါဝင်ကြသူများ၏ တုံ့ပြန်မှုများက ဖြောင့်မတ်ပြီး ပွင့်လင်းကြသည်။ များစွာသော ငြင်းခုံမှုများ၊ အပြစ်တင်မှုများဖြင့် အစည်းအဝေးစကြသည်။

သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကျွန်ုပ်၏တင်ပြချက်ကို အစည်းအဝေးပါဝင်သူအများစုက တန်ဖိုးထားလေးစားကြသည်။ နိုင်ငံရေးပါတီကလေး

များမှ ကိုယ်စားလှယ်အတော်များများက အကြမ်းဖက်ခြင်း၊ ဖိနှိပ်ခြင်းနှင့် သေနတ်တို့ကို ယုံကြည်နေကြဆဲဖြစ်သောကြောင့် ကျွန်ုပ်နှင့် သဘောမတူကြောင်း ထုတ်ဖော်ပြောကြသည်။ သို့သော် နှစ်အနည်းငယ်ကြာသောအခါ သူတို့ စိတ်ပြောင်းသွားကြပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ငြိမ်းချမ်းစွာဖြေရှင်းမည့် ကျွန်ုပ်၏အဆိုပြုချက်ကို သက်ဝင်လာကြသည်။

ကျွန်ုပ်၏ ပထမဦးဆုံး အဆိုပြုချက်တစ်ခုက ပါတီတိုင်းသည် မုန်းတီးသော၊ ခက်ထန်သော စကားလုံးများနှင့် အပြုအမူများကို လုံးဝရပ်တန့်ပြီး သည်းခံခြင်းနှင့် ချစ်ခင်ခြင်းကို ကျင့်ကြံကြရန်ဖြစ်သည်။ ၎င်းသည် စစ်နှင့်ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ရှိသော စကားပြောပွဲဆီသို့ဦးတည်နေသည့်အလွန်အရေးကြီးသောပထမဦးဆုံးခြေလှမ်းဖြစ်မည်ကို ကျွန်ုပ် ယုံကြည်သည်။ အကျပ်အတည်းများနှင့် စစ်ပွဲများသည် အများအားဖြင့် ပြည်သူများ၏ အပြုအမူ၊ သဘောထားကြောင့် ပထမဦးဆုံး ဖြစ်ပေါ်ကြသည်။ မိတ်ဆွေဆန်သော၊ သည်းခံသော၊ စိတ်ကောင်းရှိသော အပြုအမူသည် ငြိမ်းချမ်းခြင်းနှင့်လုံခြုံခြင်းကို ဖြစ်ပေါ်စေလိမ့်မည်။ ရန်လိုသော အပြုအမူသည် စစ်ပွဲကို ဖြစ်ပေါ်စေလိမ့်မည်။

စစ်ဖြစ်နေကြသောဂိုဏ်းခွဲများကို လုမ္ဗိနီရှိဗီယက်နမ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၌ တစ်ဦးနှင့်တစ်ဦး လာရောက်တွေ့ဆုံသင့်ကြသည်ဟု ကျွန်ုပ် အဆိုပြုသည်။ လုမ္ဗိနီသည် ငြိမ်းချမ်းရေးနှင့် အကန့်အသတ်မရှိသော ချစ်ခြင်းမေတ္တာတို့ကို သယ်ဆောင်လာခဲ့သူဖြစ်သော သကျမုနိဘုရားရှင်၏ ဖွားမြင်ရာအရပ်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ မြင့်မြတ်သော ဖွားမြင်ရာအရပ်သို့ သူတို့ရောက်လာကြလျှင် လူတိုင်း ဘုရားရှင်၏အဆုံးအမများကို ခံကြရမည်ဖြစ်သလို အသိအမြင်မှန်ပေးအပ်ခြင်းကိုလည်း ခံကြရလိမ့်မည်ဟု ကျွန်ုပ်သိနေသည်။

လူတိုင်း တစ်ဦးနှင့်တစ်ဦး စကားမပြောကြခင် အနည်းဆုံး ရက်တစ်ပတ်၊ လုမ္ဗိနီ၌ နေကြပြီး တရားထိုင်ခြင်းနှင့် အခြားစိတ်လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် သူတို့ကိုယ်သူတို့ တည်ငြိမ်အောင် လုပ်သင့်သည်ဟုလည်း ကျွန်ုပ် အဆိုပြုသည်။ စိတ်ထဲတွင် အရင်ဦးဆုံး ငြိမ်းချမ်းရေးမရှိလျှင် စကားပြောဆိုခြင်းနှင့် အပြုအမူတွင်လည်း မည်သည့်အခါမှ ငြိမ်းချမ်းရေး ရှိလိမ့်မည်မဟုတ်ဘဲ စကားလုံးတိုင်းသည် တစ်ဦးကိုတစ်ဦး အန္တရာယ်ပြုမည့် အစီအစဉ်အား ရုပ်ဖျက်ရန် ကြိုးစားချက်သာဖြစ်လိမ့်မည်။

ကျွန်ုပ်၏အဆိုပြုချက်ကို တုံ့ပြန်သောအားဖြင့် နိုင်ငံရေးပါတီအတော်များများက လုမ္ဗိနီမှ ထိုတွေ့ဆုံပွဲအတွက် သူတို့အချင်းချင်းအကြား၌ အစီအစဉ်များ တိတ်တဆိတ် စတင်ပြုလုပ်ကြသည်။ ကံမကောင်းလေသော် အဖွဲ့အစည်းလုပ်ငန်းတွင် မိမိဘာသာ လွတ်လွတ်

လပ်လပ် လုပ်ပိုင်ခွင့်မရှိသောကြောင့် စီစဉ်ထားသော ဤတွေ့ဆုံပွဲက မည်သည့်အခါမျှ မဖြစ်ပေါ်ခဲ့ချေ။

## ၂။ ၂၀၀၅ ခုနှစ် နှစ်ကူးအခါသမယတွင် အပစ်အခတ်ရပ်စဲရန်တောင်းဆိုခြင်း

နိုင်ငံတကာမှ ငြိမ်းချမ်းရေးတောင်းဆိုနေသော်လည်း စစ်ပွဲ ဆက်လက်ဖြစ်ပွားနေပြီး ၂၀၀၅ ခုနှစ် နှောင်းပိုင်းတွင် အရှိန်မြင့်တက်လာသည်။ နီပေါနှစ်ကူးပွဲတော်အတွင်း၌ အပစ်အခတ်ရပ်စဲခြင်းကို စစ်ဖြစ်နေသော ဂိုဏ်းခွဲများ သဘောတူကြလိမ့်မည်ဟု မျှော်လင့်ကြသည်။ သို့သော် အပစ်အခတ်ရပ်စဲမည့် အရိပ်လက္ခဏာ မတွေ့ရချေ။ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်အချို့ဖြစ်ကြသော နီပေါမိတ်ဆွေအချို့က အပစ်အခတ်ရပ်စဲခြင်းကို ကျွန်ုပ်ကိုယ်တိုင် တောင်းဆိုရန် ထောက်ခံအကြံပြုကြသည်။ ကျွန်ုပ် တုံ့ဆိုင်းနေသည်။

ကျွန်ုပ်၏တောင်းဆိုမှု အကျိုးသက်ရောက်မှုရှိမည်ကို ကျွန်ုပ် မယုံကြည်သေးပေ။ သို့သော် ၎င်းနောက်တွင် ဝန်ကြီးအဆင့်ရှိသော အရာရှိအတော်များများနှင့် နိုင်ငံရေးသမားများက ကျွန်ုပ်သဘောတူမည်ဆိုလျှင် ခတ္တမန္ဒူ၌ ငြိမ်းချမ်းရေးအကြောင်း ကျွန်ုပ် မိန့်ခွန်းပြောဖို့အတွက် သူတို့စီစဉ်ကြမည်ဟု ပြောကြသည်။

ဤသို့ဖြင့် မြို့တော် "ယဉ်ကျေးမှုဗဟို" တွင် ကျင်းပသော ထိုနီးနှောဖလှယ်ပွဲသို့ ကျွန်ုပ်သွားသည်။ တက်ရောက်ကြသူများထဲတွင် နိုင်ငံရေးပါတီများနှင့် အစိုးရ၏ကိုယ်စားလှယ်များ၊ ဘုရင်၏အထူးသံတမန်၊ နိုင်ငံခြားသံတမန်များနှင့် ကြေညာမထားသော မော်ဝါဒီကိုယ်စားလှယ်များ ပါဝင်ကြသည်။ ကျွန်ုပ်၏မိန့်ခွန်းက ငြိမ်းချမ်းရေးအတွက် အခြေခံယူဆချက်များအပေါ်တွင် အခြေခံထားသည်။

ထိုအခြေခံယူဆချက်များက ချစ်ခင်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ မိတ်ဆွေဆန်ခြင်း၊ ဖြူစင်ရိုးသားခြင်း၊ အပြန်အလှန်နားလည်ခြင်းနှင့် ပဋိပက္ခအတွက် အဖြေရှာရန် စစ်မှန်သော ဆုံးဖြတ်ချက်တို့ဖြစ်ကြသည်။ ထိုအရာများကို ပါတီများအားလုံး ကျင့်ကြံလုပ်ဆောင်ကြလျှင် ငြိမ်းချမ်းရေးအသေအချာ ဖြစ်ပေါ်လာလိမ့်မည်ဟု ကျွန်ုပ်ပြောသည်။ နောက်ဆုံး၌ နှစ်ကူးပွဲတော် အပစ်အခတ်ရပ်ရေးကို ကျွန်ုပ် အပူတပြင်းတောင်းဆိုသည်။

တက်ရောက်ကြသူအားလုံးက ကျွန်ုပ်၏မိန့်ခွန်းကို စိတ်အားထက်သန်စွာ ကြိုဆိုကြသည်။ သူတို့အထဲ၌ မော်ဝါဒီကိုယ်စားလှယ်များ ရှိနေကြသည်ကို ကျွန်ုပ် သိသည်။ အပစ်အခတ်ရပ်စဲရေးအတွက် ကျွန်ုပ်၏တောင်းဆိုချက်ကို ထောက်ခံတုံ့ပြန်ကြလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူ လူတိုင်း သိနေကြဟန်တူသည်။

ထိုညသို့ပင် ဖုန်းလာသဖြင့် ကျွန်ုပ်အိပ်ရာနိုးသွားသည်။ နီးနောဖလုယ်ပွဲစည်းရုံးရေး ကော်မတီထဲမှ လူကြီးမင်းတစ်ယောက်ဖြစ်သော မစ္စတာအမ်ပရာဒန်က နှစ်ကူးပွဲတော် အခါသမယတွင် သူတို့ဘက်မှ တစ်ဖက်သတ် ၉ ရက်ကြာ အပစ်အခတ်ရပ်စဲကြောင်း မော်ဝါဒီများ ကြေညာခဲ့သည်ဟု ကျွန်ုပ်ကို ဝမ်းသာအားရ သတင်းပေးသည်။ ထိုသတင်းကြောင့် ကျွန်ုပ် စိတ်ချမ်းသာလွန်းသဖြင့် မော်ဝါဒီခေါင်းဆောင်များကို ကျေးဇူး တင်ကြောင်း စာတစ်စောင် ချက်ချင်းရေးသည်။

ထိုအထဲ၌ သူတို့၏ အပစ်အခတ်ရပ်စဲမှုကို ချဲ့ထွင်ရန်ပင် ကျွန်ုပ်တောင်းဆိုသည်။ ဘုရင်နှင့် ဝန်ကြီးချုပ်တို့ဆီကိုလည်း ကျွန်ုပ်စာရေးပြီး သူတို့ကိုလည်း အပစ်အခတ် ရပ်စဲကြောင်း တုံ့ပြန်ကြေညာရန် တောင်းဆိုသည်။ အစိုးရက မော်ဝါဒီတို့၏ အပစ်အခတ် ရပ်စဲခြင်းသည် ပိုမိုပြင်းထန်သော စစ်ပွဲအဆင့်ကို ပြင်ဆင်ရန် ဆိုင်းငံ့ခြင်းဗျူဟာတစ်ခုသာ ဖြစ်မည်လားဆိုသည်ကို သူတို့သံသယရှိကြောင်း ကျွန်ုပ်ကို ပြောပြကြသည်။ သို့သော် ကျွန်ုပ်က အစိုးရကို ၉ ရက်ကြာ အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း မော်ဝါဒီများအား စစ်ဆင်ရေး ပြုလုပ်ခြင်းအားလုံးကို ရပ်ဆိုင်းထားရန်နှင့် အတိုက်ခိုက်ခံရမှသာ ပြန်လည် တိုက်ခိုက်ရန် တိုက်တွန်းနိုင်ခဲ့သည်။

နှစ်ကူးပွဲတော်ပြီးသောအခါ နီပေါပြည်သူတချို့က ကျွန်ုပ်ကို ကျေးဇူးတင်ကြောင်း လာပြောကြသည်။ စစ်စတင်ဖြစ်ပွားကတည်းက မော်ဝါဒီများ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေဆဲဖြစ်သော သူတို့၏ကျေးလက်ရွာများသို့ သူတို့ပြန်နိုင်ကြသည်မှာ ၎င်းက ပထမဦး ဆုံးအကြိမ်ဖြစ်ကြောင်း သူတို့ဆိုကြသည်။

## ၃။ လုမ္ဗိနီ၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ထိပ်သီးအစည်းအဝေးတစ်ခု အတွင်း၌ အထွေထွေ သပိတ်မှောက်ရန်အမိန့်ကို ရှောင်လွှဲခြင်း။

နီပေါအစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုမ္ဗိနီဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် အခြားများစွာသော အဖွဲ့အစည်းများ၏အထောက်အပံ့ဖြင့် ၂၀၀၄ ခုနှစ်၊ နိဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ နိုင်ငံရေးခေါင်းဆောင်များနှင့် ဗုဒ္ဓဘာသာကိုယ်စား လှယ်များ၏ အပြည်ပြည်ဆိုင်ရာ ထိပ်သီးအစည်းအဝေးပွဲတစ်ခုကို ကျင်းပရန် စီစဉ်ထား သည်။ ဤထိပ်သီးအစည်းအဝေးပွဲ၏ ရည်ရွယ်ချက်က အပြည်ပြည်ဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ ပိုမိုရရှိရန်အတွက် နီပေါနိုင်ငံ၏ သံတမန်ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ ဖြစ် သည်။

ဤအစည်းအဝေးအပွဲသည် နီပေါနိုင်ငံ၌ ငြိမ်းချမ်းရေးပြန်လည်ရရှိရန် လမ်းခင်းပေးပြီး ၎င်းမှ နီပေါနိုင်ငံ အကျိုးကျေးဇူး အများဆုံးရရှိလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဤအဖြစ်အပျက်အတွက် ပြင်ဆင်မှုများကို လပေါင်းများစွာ အကြီးအကျယ် ကြိုးစားအားထုတ် လုပ်ဆောင်ကြသည်။ ထိပ်သီးအစည်းအဝေးပွဲတွင် မော်ဝါဒီများကိုပါဝင်ကြရန် ဖိတ်ခေါ်ကြသည်၊ သို့သော် သူတို့က ငြင်းဆန်ကြပြီး ဆက်လက် ရန်လိုနေကြသည်။ ထိပ်သီးအစည်းဝေးပွဲအကျိုးအတွက် အမျိုးမျိုးသောပါတီများထံမှ အပစ်အခတ်ရပ်စဲရေး တောင်းဆိုချက်များမှာ အားလုံး လစ်လျူရှုခံနေရဟန်တူသည်။

ထိပ်သီးအစည်းအဝေးပွဲ မဖွင့်လှစ်မီ ၃ ရက်အလို၌ မော်ဝါဒီများက လုမ္ဗိနီအနီးရှိ ရွာတစ်ရွာတွင် ဗုံးခွဲတိုက်ခိုက်မှု နစ်ကြိမ် ပြုလုပ်ကြသဖြင့် အပြင်းထန်ဆုံး တုန်ဟီးမှုများ ဖြစ်ပေါ်သွားသည်။ နောက်မနက်တွင် ဒေသတွင်း မော်ဝါဒီခေါင်းဆောင်က မော်တော်ယာဉ် အသွားအလာများအားလုံးကို တားဆီးပြီး ဈေးဆိုင်များအားလုံးကို ပိတ်သိမ်းစေမည့် အထွေထွေသပိတ်ပြုလုပ်ဖို့ အမိန့်ထုတ်သည်။

နောက်တစ်နေ့၌ လမ်းများပေါ်တွင် လူသူကင်းရှင်းနေသည်။ လက်နက်အပြည့် ကိုင်ဆောင်ထားသော စစ်တပ်နှင့် ရဲကားအစောင့်အရှောက်များလိုက်ပါလာသည့် အစိုးရနှင့် သံတမန်အဖွဲ့ မော်တော်ယာဉ်များကိုသာ တွေ့မြင်ရသည်။ အခြေအနေက အန္တရာယ်ရှိစွာ တင်းမာနေပုံပေါ်သည်။ စည်းရုံးရေးကော်မတီထဲမှ အခြားသူများကဲ့သို့ပင် ကျွန်ုပ်က လည်း တိုက်ပွဲအချိန်မရွေးဖြစ်လိမ့်မည်ဟု ခံစားမိသည်။ ထိပ်သီးအစည်းအဝေးပွဲကို အောက်ခြေယိုင်နဲ့စေရန်အတွက် ဗုံးခွဲတိုက်ခိုက်မှု ရာပေါင်းများစွာ စီစဉ်ထားသည်ဟုပင် ကောလာဟာလများ ထွက်နေသည်။

စည်းရုံးရေးကော်မတီထဲမှ လူကြီးလူကောင်းများနှင့် နိုင်ငံရေးသမားများစွာတို့က ကျွန်ုပ်တို့မော်ဝါဒီများနှင့်တွေ့ဆုံပြီး ထိပ်သီးအစည်းအဝေးပွဲရက်များတွင် အနည်းဆုံး လုမ္ဗိနီတည်ရှိသော ရူပန်ဒီဟီခရိုင်၌ အပစ်အခတ်ရပ်စဲခြင်းကို သဘောတူရန် စကားပြောခိုင်းသည်။

အနည်းငယ်တုံ့ဆိုင်းနေပြီးနောက် သူတို့၏တောင်းဆိုချက်ကို ကျွန်ုပ်ထောက်ခံလိုက်သည်။ သို့သော် မော်ဝါဒီများအား ကျွန်ုပ် မည်ကဲ့သို့ချဉ်းကပ်ရမည်ကို မသိချေ။ ကျွန်ုပ် တရားထိုင်ပြီး ဆုတောင်းသည်။ ၁၀ မိနစ်ကြာသောအခါ သတင်းစာနယ်ဇင်း များနှင့်တွေ့ဆုံပြီး ကျွန်ုပ် သဝဏ်လွှာကို မော်ဝါဒီများထံသို့ သူတို့အား သယ်ဆောင်သွားခိုင်းရန်အတွက် ခတ္တမန္ဒုကို ချက်ချင်း လေယာဉ်စီးသွားရန် ကျွန်ုပ် ဆုံးဖြတ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ၎င်းက ဆောင်ရွက်ရန် အကောင်းဆုံးနည်းလမ်းဖြစ်မည်ဟု ကျွန်ုပ် ယုံကြည်သည်။

ထိုနေ့က သတင်းစာနယ်ဇင်းများနှင့် တွေ့ဆုံပွဲက တစ်နာရီခွဲခန့်ကြာသည်။ တွေ့ဆုံပွဲတွင် သတင်းစာနယ်ဇင်းအဖွဲ့ဝင်များ၊ ပညာတတ်များနှင့် စက်မှုလုပ်ငန်းရှင်များသာ ရှိကြသည်။ အစိုးရ၏တောင်းဆိုချက်ကြောင့် ကျွန်ုပ်ကိုယ်စားဝင်ရောက်ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း နီပေါနိုင်ငံ၏ဂုဏ်သိက္ခာနှင့် အပြည်ပြည်ဆိုင်ရာ ထိပ်သီးအစည်းအဝေးပွဲ၏ လုံခြုံရေးအတွက် ကျွန်ုပ်သဘောနှင့်ကျွန်ုပ် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်းလုပ်သည်။

ထိပ်သီးအစည်းအဝေးပွဲသည် နီပေါနိုင်ငံကို ကမ္ဘာက ငြိမ်းချမ်းရေးချစ်မြတ်နိုးသော နိုင်ငံအဖြစ် တွေ့မြင်ကြမည့် အခွင့်အထူးတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ နိုင်ငံကို ဆက်လက်ပံ့ပိုးကူညီမှုများ ပြုလုပ်စေမည့် အခွင့်အလမ်းဖြစ်ကြောင်း ကျွန်ုပ်ပြောသည်။ ပုံးခွဲတိုက်ခိုက်မှုများကို အဆုံးသတ်ရန်နှင့် ရှုပန်ဒီဟီခရိုင်၌ အထွေထွေသပိတ်မှောက်ခြင်းကို ရုပ်သိမ်းရန် ကျွန်ုပ်၏မေတ္တာရပ်ခံချက်အား မော်ဝါဒီခေါင်းဆောင်များဆီသို့ သယ်ဆောင်သွားကြရန် သတင်းစာနယ်ဇင်းသမားများကို ကျွန်ုပ် လေးလေးနက်နက်တောင်းဆိုသည်။

ဆန်းကြယ်လှစွာပင် သတင်းစာဆွေးနွေးပွဲပြုလုပ်ပြီး ၄ နာရီခန့်သာကြာစဉ် ၃ ရက်ကြာ အထွေထွေသပိတ်အတွက် အမိန့်ထုတ်ထားခြင်းအား မော်ဝါဒီခေါင်းဆောင်များ ရုပ်သိမ်းကြောင်းကို F.M ရေဒီယိုနှင့် နိုင်ငံခြားသတင်းအေဂျင်စီများမှ ကျွန်ုပ်တို့ ကြားရသဖြင့် အလွန်စိတ်သက်သာရာရမိကြသည်။

စစ်ပွဲ ဆက်လက်ဖြစ်ပွားနေသေးသော်လည်း ဤဆန်းကြယ်သော အဖြစ်အပျက်များက နီပေါနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိနိုင်သေးကြောင်း ဖော်ပြနေသည့် အပေါင်းလက္ခဏာ အမှတ်အသားများ ဖြစ်ကြသည်။

## [၁၀]

## ငြိမ်းချမ်းရေးသည် ကောင်းကင်ဘုံမှကျလာသော လက်ဆောင်ပစ္စည်းမဟုတ်ပါ

ပြည်သူများ တစ်ဦးအပေါ်တစ်ဦး အပြစ်တင်ကြသည်ကို ရံဖန်ရံခါ ကျွန်ုပ် ကြားရသည်။ အတိတ်အကြောင်းကို ပြည်သူများမေ့လျော့ကြပြီး သူတို့၏ ပျော်ရွှင်မှုအတွက် လိုအပ်သောအရာများ ကျင့်ကြံလုပ်ဆောင်ကြရန် ကျွန်ုပ် ဖြူစင်ရိုးသားစွာ ဆန္ဒဖြစ်ပေါ်မိသည်။ ထိုလိုအပ်သောအရာများက ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ချစ်ခင်ခြင်းနှင့် ထိတ်လန့်မှုများကိုကျော်လွှားရန် ကောင်းမှုပြုလုပ်ခြင်းတို့ ဖြစ်ကြသည်။ ကျွန်ုပ် ဤကဲ့သို့ ပြောလေ့ရှိသည်။

“နီပေါပြည်သူတွေဟာမီးတောက်ထဲမှာနေထိုင်နေကြတယ်။ နောက်ထပ်ဆီတွေ၊ လောင်စာတွေကို လောင်းမထည့်ကြပါနဲ့။ ရေတွေကိုသာ လောင်းထည့်ကြပါ။ လူ အသီးသီးဟာ ရေတစ်ပုံးလောင်းထည့်ဖို့ ဂရုစိုက်ကြရင် မီးတောက်ဟာ အနေးနဲ့အမြန် ငြိမ်းသွားလိမ့်မယ်”

အသေအချာပင် ကျွန်ုပ်တို့အကြားမှ သဘောထားကွဲလွဲမှုများကို အဖြေရှာဖို့အတွက် ကျွန်ုပ်တို့ တည်ငြိမ်စွာနေကြရမည်။ ပြဿနာတိုင်းကို မိတ်ဆွေဆန်သော အပြုအမူရှိခြင်း၊ ကရုဏာထားခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းတို့ဖြင့် ဖြေရှင်းနိုင်သည်။

ငြိမ်းချမ်းရေးသည် အခြားသူများထံမှ လက်ဆောင်တစ်ခုဖြစ်ဘိအလား ၎င်းကို တောင်းဆိုဖို့လိုအပ်သည်ဟု များစွာသောလူများက မှားယွင်းစွာ ယုံကြည်နေကြဆဲဖြစ်လေသည်။ ဗုဒ္ဓက ငြိမ်းချမ်းရေး၏သဘောတရားကို ဤသို့ ကောင်းစွာ အဓိပ္ပာယ်သတ်မှတ်သည်။ ငြိမ်းချမ်းရေးသည် မယိမ်းယိုင်သော ဆန္ဒ၏ အကျိုးသက်ရောက်မှု၊ မလျော့သော

ရှန်းကန်တိုက်ခိုက်မှု၏ ရလဒ်နှင့် မိမိကိုယ်ကို ထိန်းချုပ်ခြင်း၊ မိမိကိုယ်ကို လေ့ကျင့်သင်ကြားခြင်း၊ မိမိဘာသာ သင်ကြားတတ်မြောက်ခြင်းတို့၏ ကိစ္စတစ်ခုဖြစ်သည်။

ငြိမ်းချမ်းရေးသည် အနှစ်မဲ့သော သီအိုရီမဟုတ်ချေ။ ၎င်းတွင် တာဝန်ယူရခြင်း အဓိပ္ပာယ်နှင့် အပြောနှင့်အလုပ် ရိုးသားဖြောင့်မတ်ခြင်းတို့ရှိသည်။ ငြိမ်းချမ်းရေးသည် ပါဝင်ပတ်သက်နေသော နိုင်ငံများ၏ နိုင်ငံသားများနှင့် ခေါင်းဆောင်များအပေါ်တွင် မှီခိုနေသည်။

[၁၁]

## အာမခံသော ငြိမ်းချမ်းရေးအတွက် အဖြေ

၁။ နီပေါနိုင်ငံတွင် ပွင့်လင်းစွာလှုပ်ရှားနေကြသော နိုင်ငံရေးပါတီများသည် ရိုးသားဖြောင့်မတ်ခြင်း၊ အပြန်အလှန်လေးစားခြင်းနှင့် ယဉ်ကျေးပျူငှာခြင်း အခြေခံပေါ်တွင် အားလုံးနှင့်သက်ဆိုင်သော အရေးကိစ္စအတွက် အတူတကွ အလုပ်လုပ်သင့်ကြသည်။ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များသည် တစ်ဦးကိုတစ်ဦး ပြစ်တင်ရှုတ်ချခြင်း မလုပ်သင့်ကြချေ။

အစိုးရဖွဲ့စည်းရန် ပြည်သူတို့၏ ယုံကြည်အပ်နှံမှုကို ခံရသော၊ မူဝါဒကောင်းများရှိသောပါတီကို အခြားပါတီများက စိတ်ပါလက်ပါ ထောက်ခံသင့်ပြီး ၎င်း၏ ကြိုးစားအားထုတ်မှုကို အခြေယိုင်နဲ့အောင် မလုပ်သင့်ချေ။ ပြည်သူတို့၏ အသည်းနှလုံးကိုပိုင်စိုးသော အစိုးရသည် တည်ငြိမ်စွာနေနိုင်ပြီး တိုင်းပြည်အတွင်း၌ ငြိမ်းချမ်းရေးကို ပြန်လည်ရယူနိုင်လိမ့်မည်။

၂။ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)နှင့်ပတ်သက်၍ စိတ်ပွင့်လင်းခြင်း၊ ခွင့်လွှတ်ခြင်းနှင့် သည်းခံခြင်းသဘောတို့ဖြင့် ၎င်းပါတီမှ အဖွဲ့ဝင်များ၊ ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲ ပြုလုပ်သင့်သည်။ ၎င်းပါတီကို မတရားသင်းကြေညာခြင်း၊ ဖိနှိပ်ခြင်း၊ သို့မဟုတ် အကြမ်းနည်းဖြင့် သုတ်သင်ဖယ်ရှားခြင်း မပြုလုပ်ရချေ။ ထိုသို့ပြုလုပ်ခြင်းသည် ၎င်းစစ်ပွဲကို အစွန်းရှည်စေမည့် သေချာသောနည်းလမ်းဖြစ်သည်။

နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)မှ အဖွဲ့ဝင်များနှင့် ခေါင်းဆောင်များသည် အကြမ်းဖက်မှုကို စွန့်လွှတ်ပြီး တိုင်းပြည်ထဲမှ အခြားပါတီများနှင့် နီပေါမာ့က်စ် – လီနင်ပါတီ (U.M.L) တို့နည်းတူ လွတ်လပ်သော ဒီမိုကရက်တစ် ရွေးကောက်ပွဲများတွင် ပါဝင် နိုင်လောက်အောင် ရဲစွမ်းသတ္တိရှိသင့်သည်။

၃။ နိုင်ငံရေးပါတီများနှင့် မော်ဝါဒီပါတီတို့သည် အပြန်အလှန်နားလည်မှု တည်ဆောက်ရန်၊ ပုံမှန်အခြေခံတစ်ခုဖြင့် ဖြစ်နိုင်လျှင် လစဉ်၊ သို့မဟုတ် အပတ်စဉ် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံဖို့အတွက် နေရာတစ်နေရာရှိသင့်သည်။ တစ်ယောက်ကိုတစ်ယောက် ကျွန်ုပ်တို့ ပိုမိုနားလည်ကြလေ တစ်ဦးနှင့်တစ်ဦး ပိုမိုငြိမ်းချမ်းစွာဖြင့် ကျွန်ုပ်တို့ အတူနေထိုင်နိုင်ကြလေ ဖြစ်လိမ့်မည်။

ဤရည်ရွယ်ချက်အတွက် လုမ္ဗိနီသည် တွေ့ဆုံဖို့နေရာဖြစ်သင့်သည်ဟု ကျွန်ုပ် ထောက်ခံအကြံပြုခဲ့ပြီးဖြစ်လေသည်။ လုမ္ဗိနီသည် မြင့်မြတ်သောမြေဖြစ်သည်။ ထိုနေရာတွင် ဆန်းကြယ်မှုများကို ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့သည်။ ရိုးသားဖြောင့်မှန်ခြင်း၊ အပြန်အလှန်နားလည်ခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်းတို့နှင့်အတူ လုမ္ဗိနီ၌ ပြည်သူများ တစ်ဦးနှင့်တစ်ဦး လာရောက်တွေ့ဆုံကြလျှင် နီပေါတွင် ငြိမ်းချမ်းရေး မကြာခင် ပြန်လည်ရရှိမည်ကို ကျွန်ုပ်သိနေသည်။

၄။ ဘုရင်နှင့်ပတ်သက်၍ အလွန်ကာလကြာရှည်ခဲ့သော အကြွင်းမဲ့ နီပေါဘုရင် အုပ်ချုပ်ရေးက စည်းမျဉ်းခံဘုရင်အုပ်ချုပ်ရေးဖြစ်လာခဲ့သည်မှာ ၁၀ နှစ်ကျော်သာ ရှိသေးသည်။ ထို့ကြောင့် ဘုရင်မရှိလျှင် တိုင်းပြည်သည် အီရန်၊ အီရတ်နှင့် အာဖဂန်နစ္စတန်တို့ကဲ့သို့ အခြေအနေမျိုး ရောက်သွားလိမ့်မည်။ နိုင်ငံ လေးလေးနက်နက် ငြိမ်းခြောက်ခံရခြင်းမရှိလျှင် ဘုရင်သည် နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်း မရှိသင့်ချေ။

၁၉၆၀ ပြည့်နှစ်မတိုင်မီက သူပြုလုပ်ခဲ့သကဲ့သို့ ဘုရင်သည် အကြွင်းမဲ့အာဏာကို ဆုပ်ကိုင်ရန် ကြိုးစားနေဆဲဖြစ်လျှင် သဘောထားကွဲလွဲခြင်းများနှင့် မကျေနပ်ချက်များကို သူဖန်တီးလိမ့်မည်။ ပါတီအဖွဲ့ဝင်များနှင့် ခေါင်းဆောင်များသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဘုရင်ကို ပြစ်တင်ဝေဖန်ခြင်း မပြုလုပ်သင့်ချေ။ သူ့ကို ကြီးစွာသော ရိုသေလေးစားမှုဖြင့် ဆက်ဆံသင့်သည်။

၅။ နီပေါစစ်ကို ထောက်ခံနေကြသော နိုင်ငံများနှင့် တစ်သီးပုဂ္ဂလလူများသည် နီပေါနိုင်ငံကို လက်နက်၊ ခဲယမ်းမီးကျောက်များမဟုတ်ဘဲ ဆင်းရဲသောပြည်သူများကို နေထိုင်မှုအဆင့်အတန်းတိုးတက်စေရန် ငြိမ်းချမ်းသော နည်းလမ်းအဖြစ် ဘဏ္ဍာရေးဆိုင်ရာ အကူအညီများသာ ထောက်ပံ့ပေးရန် ကတိပြုသင့်ကြသည်။

〔၁၂〕

# နီပေါနိုင်ငံသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်လာနိုင်သည်

## ၁။ မြင့်မြတ်သောကုန်းမြေ၏ သက်ဝင်ထက်မြက်လာနိုင်သော အရည်အသွေး

နီပေါနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများက ခက်ခဲသောမြေပြင်ကို ကျော်ဖြတ်လျက် အိန္ဒိယနှင့် တရုတ်တို့မှတစ်ဆင့် သွားရသည်။ ထို့ကြောင့် ကုန်သွယ်ရေးပစ္စည်း အတော်များများ၏ ကုန်ကျစရိတ်က နားမလည်နိုင်စရာကောင်းစွာ အခြားတိုင်းပြည်များတွင်ထက် ပိုမိုမြင့်မားနေကြသည်။ နီပေါနိုင်ငံသို့လာကြသော နိုင်ငံတကာ ကျွမ်းကျင်သူများစွာတို့က တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာနှင့် ပတ်သက်၍ သူတို့၏ အဆိုးမြင်သော ရှုထောင့်ကို ဖော်ပြကြသည်။

ဤကျွမ်းကျင်သူများထဲမှ အချို့က အဆင့်မြင့်နည်းပညာ စက်မှုလုပ်ငန်းများကို နီပေါနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသင့်သည်ဟု အကြံပြုကြသည်။ အခြားသူများက ပို့ကုန်အတွက် ဆန်စပါးအပေါ် အာရုံစူးစိုက်သော လယ်ယာစိုက်ပျိုးရေးကို ထောက်ခံအကြံပေးကြသည်။ များစွာသော အစီအစဉ်များက ၎င်းတို့၏ ဆင်ခြင်သုံးသပ်ချက်နှင့် အဆိုပြုချက်တို့အရ လုံးဝသိပ်ပွဲနည်းလမ်းကျနေကြဟန်တူသည်။

သို့သော် အမှန်တွင် ထိုအစီအစဉ်များက တိုင်းပြည်အတွက် ကြီးမားသော အန္တရာယ်များ အတော်ရှိနေကြသည်။ အထူးသဖြင့် အမျိုးသား သယံဇာတများဆုံးရှုံးခြင်းနှင့် ဂေဟစနစ်ပြောင်းလဲခြင်းအန္တရာယ်များရှိသည်။ ကျွန်ုပ်၏အမြင်တွင် သန်း ၃၀ ထက် နည်းပါးသော လူဦးရေနှင့် တောင်ထူထပ်သောမြေပြင်ရှိသည့် နီပေါနိုင်ငံသည် ကျက်သရေရှိသော

ဟိမဝန္တာတောင်နှင့် ထွတ်မြတ်သော လုမ္ဗိနီမြေတို့ ချီးမြှင့်ခံထားရသော ကံကောင်းသည့် တိုင်းပြည်တစ်ပြည်ဖြစ်သည်။

ယခုအခါတွင် ကမ္ဘာပေါ်၌ ဗုဒ္ဓဘာသာကို ချစ်မြတ်နိုးသူနှင့် ဗုဒ္ဓဘာသာဝင် သန်း တစ်ထောင်ကျော်ရှိသည်။ သူတို့အားလုံးက တစ်သက်လျှင် အနည်းဆုံး တစ်ကြိမ်၊ လုမ္ဗိနီ သို့ အလည်အပတ် သွားချင်ကြသည်။ ဤကမ္ဘာပေါ်မှ ဗီယက်နမ်၊ ထိုင်း၊ ဂျပန်၊ သို့မဟုတ် အခြားတိုင်းပြည်တစ်ပြည်သည် လုမ္ဗိနီကဲ့သို့ မြင့်မြတ်သောမြေရှိလျှင် ထိုနေရာသည် ရွှေ တွင်းတစ်တွင်းကဲ့သို့၊ သို့မဟုတ်ဘဲ မည်သည့်အခါမျှမကုန်ခန်းနိုင်သော စိန်တွင်းတစ်တွင်း ကဲ့သို့ တန်ဖိုးရှိလာမည်ကို ကျွန်ုပ် မကြာခဏ ပြောမိသည်။

ဤတိုင်းပြည်၏ ဂေဟာစနစ်ကို ထိန်းသိမ်းကာကွယ်ရာ၌လည်းကောင်း၊ ဧည့် သည်များအတွက် အထောက်အကူပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ကွန်ရက်ကို တည်ဆောက်ရာ၌လည်းကောင်း နီပေါပြည်သူများနှင့်အစိုးရ အောင်မြင်ကြ မည်ဆိုလျှင် နှစ်စဉ် လုမ္ဗိနီသို့ ဘုရားဖူးဧည့်သည် သန်းပေါင်းများစွာ အသေအချာ ရောက်လာ ကြလိမ့်မည်။

ဧည့်သည်အသီးသီးက ထိုနေရာ၌ တည်းခိုနေစဉ်အတွင်း အမေရိကန်ဒေါ်လာ ၅၀၀ မျှသာ သုံးစွဲသည်ဆိုလျှင်ပင် ဤပိုက်ဆံသည် နီပေါနိုင်ငံ၏ ကြီးမားသော အမျိုးသား ဝင်ငွေဇာစ်မြစ်တစ်ခု ဖြစ်လာလိမ့်မည်။ ထို့အပြင် ငွေကြေးနှင့် စီးပွားရေးအကျိုးအမြတ် ထက် ပိုမိုတန်ဖိုးရှိသော တစ်စုံတစ်ရာလည်း ရှိနေလိမ့်မည်။ ဘုရားဖူးများက နီပေါနိုင်ငံကို ကမ္ဘာ့ငြိမ်းချမ်းရေး သင်္ကေတအဖြစ် ကူညီဖန်တီးပေးလိမ့်မည်။ ၎င်းအပြင် ရိုးရိုးရှင်းရှင်း သင်္ကေတတစ်ခုသာလျှင် မဟုတ်ချေ။ ပြည်သူသန်းပေါင်းများစွာတို့မှာ လုမ္ဗိနီသို့ဘုရားဖူး လာသောခရီးကြောင့် ကောင်းချီးပေးခံရသောအခါ တစ်ကမ္ဘာလုံး၏ ငြိမ်းချမ်းရေးနှင့် ချစ် ကြည်ရေးစေတမန်များ ဖြစ်လာကြလိမ့်မည်။

## ၂။ ကမ္ဘာ့ညီလာခံနှင့် ငြိမ်းချမ်းရေးတက္ကသိုလ်အတွက် အဆိုပြုချက်

နီပေါနိုင်ငံမှ လက်ရှိပဋိပက္ခကို အကြမ်းမဖက်သောနည်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်း ခဲ့လျှင် လူသားများအတွက် ခေတ်သစ်တစ်ခု လမ်းပြပေးမည့် ကြီးကျယ်သော နမူနာတစ်ခု ချမှတ်မည်ဖြစ်ကာ များစွာသောတိုင်းပြည်များက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း သင်ခန်းစာကို နီပေါတို့ထံမှ လာရောက်သင်ယူကြလိမ့်မည်။ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံကို ဂျနီဗာ၊ ပါရီနှင့် နယူးယောက်တို့အစား လုမ္ဗိနီ၌ ကျင်းပကြလိမ့်မည်။

ထို့နောက် နီပေါငြိမ်းချမ်းရေး ဒဿနကို ကမ္ဘာတစ်ဝန်းမှ ကျောင်းသားများ လာရောက်သင်ယူနိုင်ကြရန်အတွက် ငြိမ်းချမ်းရေးတက္ကသိုလ်ကျောင်းတစ်ကျောင်းကို နီပေါတို့ စည်းရုံးဆောင်ရွက် အကောင်အထည်ဖော်သင့်သည်။

## ၃။ ခေတ်မီ၍ ထိရောက်သော ဘဏ်လုပ်ငန်းစနစ်

နီပေါနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံအကြားတွင် ညပ်နေသည်။ ထိုနိုင်ငံနှစ်နိုင်ငံ၏ လူဦးရေက ကမ္ဘာ့လူဦးရေ၏ ၃ ပုံ ၁ ပုံရှိသည်။ အမြင်နှင့် လေ့လာ သုံးသပ်ချက်အရ အိန္ဒိယနှင့် တရုတ်တို့သည် စီးပွားရေးနှင့် ဘဏ္ဍာရေးအရလည်းကောင်း၊ အခြားများစွာသော အသွင်အပြင်များအရလည်းကောင်း၊ မဟာအင်အားကြီး နိုင်ငံနှစ်နိုင်ငံ အသေအချာကို ဖြစ်လာလိမ့်မည်။

နီပေါနိုင်ငံသည် ထိရောက်သော ဘဏ်လုပ်ငန်းစနစ်ကို ယုံကြည်မှုနှင့် အကြွင်းမဲ့ လုံခြုံမှုအခြေခံပေါ်တွင် တည်ဆောက်သင့်သည်။ ဘဏ်လုပ်ငန်းစနစ်များဖြစ်သင့်သည့်အတိုင်း ယုံကြည်အားထားရလျှင် အိန္ဒိယနှင့် တရုတ်ပြည်သူများက သူတို့၏ပိုက်ဆံများကို အပ်နှံကြလိမ့်မည်။ နီပေါနိုင်ငံအနေဖြင့် ၎င်း၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးထဲသို့ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ငွေကြေးဇာစ်မြစ်ရရှိပြီး ၎င်းကို တစ်စုံတစ်ယောက်ထံမှ ချေးငှားရလိမ့်မည် မဟုတ်ချေ။

## ၄။ ခရီးသွားလုပ်ငန်းနှင့် ဘုရားဖူးသွားလုပ်ငန်း

နီပေါနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များရောက်လိုသော ကြီးကျယ်သည့်နေရာဖြစ်သင့်သည်။ ခရီးသွားလုပ်ငန်းတစ်ခုတည်းသည် အမျိုးသားဝင်ငွေအတွက် ကြီးကျယ်သော အရင်းအမြစ်တစ်ခုဖြစ်သင့်သည်။ ထို့အပြင် ဘုရားဖူးလုပ်ငန်းကိုလည်း ကြီးကျယ်သော အရင်းအမြစ်တစ်ခုအဖြစ် ထုတ်ယူအသုံးပြုသင့်သည်။ အကြောင်းမှာ လုမ္ဗိနီကဲ့သို့ ဗုဒ္ဓဘာသာအတွက် အမြတ်နေရာများနှင့်အတူ နီပေါတွင် ဟိန္ဒူဘာသာနှင့် အခြားဘာသာများ၏ မြင့်မြတ်သောနေရာများ ရှိသောကြောင့်ဖြစ်သည်။

## ၅။ ရေအားလျှပ်စစ်

နီပေါတွင် ရေအားလျှပ်စစ် အရင်းအမြစ်များရှိသည်။ ထိုအရင်းအမြစ်က ကြီးကျယ်သော ဟိမဝန္တာတောင်များပေါ်မှ အင်အားကောင်းသော ရေစီးကြောင်းများနှင့်အတူ ကမ္ဘာပေါ်တွင် အကြီးအကျယ်ဆုံးထဲမှ တစ်ခုအဖြစ် အဆင့်ရှိသည်။ လျှပ်စစ်စွမ်းအားတွင်

ကိုယ်ပိုင်လုံလောက်လာရန်နှင့် အရေးကြီးသော ဤစွမ်းအင်ကို အိမ်နီးချင်းတိုင်းပြည်များသို့ တင်ပို့သူဖြစ်ရန် ဤအရင်းအမြစ်ကို နီပေါတို့ ဂရုတစိုက် ထုတ်ယူအသုံးပြုသင့် သည်။

## ၆။ လယ်ယာစိုက်ပျိုးရေး

နီပေါတို့သည် အစားအစာဖူလုံမှုကို အရင်ဦးဆုံး ထိန်းထားနိုင်ရန်နှင့် ဖြစ်နိုင် လျှင် နောက်ပိုင်း၌ပြည်ပတင်ပို့ရန်အတွက် အဆက်မပြတ်စပါးထုတ်လုပ်ဖို့ သူတို့၏မြေယာများကို အကောင်းဆုံးဖြစ်အောင် စီစဉ်သင့်သည်။ အနီးပတ်ဝန်းကျင်ဒေသကို ထိ ခိုက်မှုမဖြစ်စေရန် တင်းတင်းကြပ်ကြပ် ကာကွယ်ထားဖို့ရန်မှာ အရေးအကြီးဆုံးဖြစ် သည်။

ငြိမ်းချမ်းရေး ပြန်လည်ရရှိလာပြီး အမှန်တကယ် ငြိမ်းချမ်းလာလျှင် အစိုးရသည် အထက်၌ဖော်ပြခဲ့သော ကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများကို ကောင်းစွာ အဓိပ္ပာယ်သတ်မှတ်သင့်သည်။ ဤကြိုးစားအားထုတ်မှုများမှ အောင်မြင်မှုသည် နီပေါ နိုင်ငံကို အင်အားကောင်းသော ဖွံ့ဖြိုးတိုးတက်ရေးခေတ်ထဲသို့ တွန်းပို့မည်ဖြစ်ပြီး နိုင်ငံခြား အကူအညီများအပေါ် နီပေါနိုင်ငံ မှီခိုအားထားရတော့မည်မဟုတ်ပေ။

## [၁၃]
## အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်

အထက်၌ဖော်ပြခဲ့သော နယ်ပယ်များအားလုံးမှ အောင်မြင်မှုသည် အချက်နှစ်ချက်ပေါ်တွင် မူတည်နေသည်။ ၎င်းတို့က မှန်ကန်သောမူဝါဒများနှင့် ၎င်းတို့ကို မှန်ကန်စွာ လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ ဖြစ်ကြသည်။

### ၁။ အစိုးရစနစ်ကို သန့်ရှင်းခြင်းနှင့် လူမှုရေးတရားမျှတမှုကို ကိုင်တွယ်ဆောင်ရွက်ခြင်း

အစိုးရသည် အလုပ်သမားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဘဝကို တိုးတက်စေရန် သူတို့၏စိတ်ဓာတ်နှင့် လုပ်ငန်းတာဝန်ယူမှုကို မြှင့်တင်ရန်နှင့် အဂတိလိုက်စားခြင်း ပုံစံအမျိုးမျိုး၊ အာဏာအလွဲသုံးစားလုပ်ခြင်းနှင့် ဗျူရိုကရက်တစ် အကျင့်ဆိုးအားလုံးကို ရှင်းလင်းရန် လိုအပ်သည်။ နိုင်ငံပိုင် သယံဇာတများကို လက်တစ်ဆုပ်စာ လူများက အလွဲသုံးစားပြုလုပ်ပြီး ပြည်သူတို့၏ အကျိုးအမြတ်အများစုကို အိတ်ထောင်များထဲသို့ ထည့်နေကြလျှင် ပြည်သူများက တရားမျှတမှုကိုတောင်းဆိုရန် တော်လှန်ကြလိမ့်မည်။

ထိုအတောအတွင်း၌ အစိုးရသည် လတ်တလောလူမှုရေး တရားမမျှတမှုများကို သက်သာလျော့ပါးစေရန်အလို့ငှာ အရေးကြီးသော မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရန်လိုအပ်ပြီး ဝေးလံခေါင်သီသော တောင်များပေါ်နှင့် တောများထဲ၌ နေထိုင်ကြသောပြည်သူများ၏ဘဝနှင့်မြို့ပြနှင့်ကျေးလက်မှ ဆင်းရဲသားများ၏ဘဝကိုမြှင့်တင်ပေးရန် စီစဉ်ရမည်။

## ၂။ မှန်ကန်သောပညာရေးနှင့် လေ့ကျင့်သင်ကြားရေးအစီအစဉ်များအတွက် လိုအပ်ချက်

မှန်ကန်သောပညာရေးကို နီပေါထုံးတမ်းစဉ်လာနှင့်အညီ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားမှုဖြင့် ဟန်ချက်ညီအောင်လုပ်သင့်သည်။ ကမ္ဘာ့နေရာများစွာတို့တွင် ပညာရေးမှာ အကြီးအကျယ် အကျပ်အတည်းတွေ့နေရသည်။ ၎င်းတို့သည် ဒီပလိုမာနှင့် အောင်လက်မှတ်အပေါ် လေးထားနေကြပြီး သင်ယူတတ်ကျွမ်းမှု အရည်အချင်း၊ အထူးသဖြင့် အကျင့်စာရိတ္တညွှန်ကြားပြသမှုအပေါ် အလေးမထားကြချေ။

ထိုကဲ့သို့ ပညာရေးအကြပ်အတည်းကို နီပေါတို့ ရှောင်ရှားနိုင်သင့်သည်။ ကာလရှည်တွင် ထိုအကျပ်အတည်းမှ ရလဒ်က တိုင်းပြည်ကို အသေအချာ အန္တရာယ်ပေးလိမ့်မည်။ ပညာဗဟုသုတနှင့် စာရိတ္တသင်ကြားခြင်းအကြား ဟန်ချက်ညီသော အမျိုးသားပညာရေးကို နီပေါတို့ တည်ဆောက်ကြရန် ကျွန်တော် အဆိုပြုသည်။ ၎င်းကို ဆောင် ရွက်မှသာ တည်မြဲသော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို တိုင်းပြည်ရရှိနိုင်မည်။

နိုင်ငံတစ်နိုင်ငံသည် ကောင်းမွန်သော အခြေခံအဆောက်အအုံနှင့်အတူ ယဉ်လျက် ကောင်းမွန်သော အမျိုးသားပညာရေး အခြေခံတွင်သာ ဖွံ့ဖြိုးတိုးတက်နိုင်သည်။ ပျက်စီးယိုယွင်းနေသော အကျင့်သိက္ခာ တိုးပွားလာခြင်းသည် အမျိုးသားရေးဘေးဒုက္ခကို အဓိပ္ပာယ်ဆိုလိုနေသည်။ နိုင်ငံတစ်နိုင်ငံကိုဖျက်ဆီးရန် အကောင်းဆုံးနည်းလမ်းသည် ထိုနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာကို ဖျက်ဆီးခြင်းဖြစ်သည်။

## နိဂုံး

ကျွန်ုပ်သည် ယခုအခါ ဤတိုင်းပြည်၌ ဆယ်စုနှစ်တစ်စုကျော် နေထိုင်အလုပ်လုပ်နေခဲ့သော နိုင်ငံခြားသားတစ်ယောက်ဖြစ်ပြီး ဤကုန်းမြေကို ကျွန်ုပ်၏ အမိမြေကဲ့သို့ ချစ်တတ်ရန် သိနားလည်ခဲ့သည်။ ယဉ်ကျေးမှုနှင့် အကျင့်သိက္ခာဆိုင်ရာ နီပေါ ထုံးတမ်းစဉ်လာများထဲမှ အံ့ဖွယ်တန်ဖိုးနှင့် ကျင့်စဉ်များစွာဖြစ်ကြသော ကောင်းမွန်လှပသည့် အရာများစွာတို့ကို ကျွန်ုပ် ရှာဖွေတွေ့ရှိခဲ့သည်။ ကျွန်ုပ်သည် သကျမုနိဗုဒ္ဓဘုရားရှင်၏ တပည့်တစ်ယောက်ဖြစ်သည်။

ထိုဗုဒ္ဓက လုမ္ဗိနီဥယျာဉ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်က ဖွားမြင်တော်မူခဲ့ပြီး သဘာဝနှင့် လောကဓာတ်တို့နှင့် သဟဇာတညီညွတ်စွာ၊ ငြိမ်းချမ်းစွာ နေထိုင်နည်းကို ကျွန်ုပ်အား သင်ကြားပြသခဲ့သည်။ ထိုနေထိုင်နည်းက မုန်းတီးခြင်းနှင့် အကြမ်းဖက်ခြင်း မရှိသောဘဝ၊ ချစ်ခြင်းမေတ္တာများ ပြည့်လျှံနေသောဘဝနှင့် ဤကမ္ဘာမှ သက်ရှိအရာများအားလုံးနှင့် ပျော်ရွှင်မှုမျှယူသော ဘဝဖြစ်သည်။

ကျွန်ုပ်၏ဆရာ ပောင်နွှန်ကို ကျွန်ုပ် အလွန်ကျေးဇူးတင်သည်။ သူက ကျွန်ုပ်ကို ဗုဒ္ဓဘာသာနှင့် မိတ်ဆက်ပေးခဲ့သည်။ သကျမုနိဗုဒ္ဓဘုရားရှင်ကို ကျွန်ုပ် အလွန်တရာ ကျေးဇူးတင်သည်။ နီပေါနိုင်ငံကိုလည်း ကျေးဇူးတင်သည်။ နီပေါနိုင်ငံတွင် ဗုဒ္ဓဖွားမြင်ခဲ့ပြီး လူသားသန်းပေါင်းများစွာတို့၏ ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးကို သယ်ဆောင်ပေးသူ ဖြစ်လာသည်။

ထိုလူသားများသည် ဗုဒ္ဓ၏ သင်ကြားပြသမှုကြောင့် ခံစားရမှုများမှ ကယ်တင်ခံခဲ့ကြရသည်။ မြင့်မြတ်သောလုမ္ဗိနီမြေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသော နီပေါပြည်သူများ၏ ကျေးဇူးတရားက ကြီးမားလှသည်ဟု ကျွန်ုပ် ခံစားမိသည်။ ယေဘုယျအားဖြင့် ကျွန်ုပ်ကို သူတို့၏သားတစ်ယောက်အဖြစ် လက်ခံခဲ့သည့်အတွက် နီပေါကုန်းမြေနှင့် နီပေါပြည်သူများကိုလည်း ကျွန်ုပ် အတိုင်းအဆမရှိ ကျေးဇူးတင်မိသည်။

လူပုဂ္ဂိုလ်အသီးသီး၏ သမိုင်းလမ်းကြောင်း၌လည်းကောင်း၊ တိုင်းပြည်များ၏ သမိုင်းလမ်းကြောင်း၌လည်းကောင်း၊ တစ်ခါတစ်ရံ၌ ကုသိုလ်ကံဆိုးဝါးမှုများ ဖြစ်ပေါ်သည်။ နီပေါနိုင်ငံသည် ဤစစ်ပွဲဖြင့် ကံဆိုးခဲ့သည်။ ၎င်းကြောင့် ပြည်သူများသောင်းချီ၍ သေဆုံးပြီး ကိုယ်အင်္ဂါချွတ်ယွင်းကြရကာ အိမ်များနှင့် အခြားသက်ရှိပတ်ဝန်းကျင်တို့ သိန်းချီ၍ ဖျက်ဆီးခံကြရသည်။ အများဆုံး ခံစားကြရသူများက အမျိုးသမီးများနှင့် ကလေးများဖြစ်ကြသည်။

ကျွန်ုပ် ဟူယင်ဂျူး (ဗုဒ္ဓဘုရားရှင် ဖွားမြင်ရာနေရာတွင် တည်ဆောက်သော ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဘုန်းကြီးကျောင်းဖြစ်သော လုမ္ဗိနီမှ ဝီယက်နမ်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တည်ဆောက်သူနှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဥက္ကဋ္ဌ) သည် စစ်ဖြစ်နေကြသော ဂိုဏ်းခွဲများကို တိုက်ခိုက်မှုများရပ်တန့်ရန်လည်းကောင်း၊ ပုံစံတစ်မျိုးမျိုးဖြင့် အကြမ်းဖက်ခြင်း၊ မုန်းတီးခြင်းအတွေးအခေါ်နှင့် အပြုအမူတိုင်းကို အဆုံးသတ်ရန်လည်းကောင်း၊ နီပေါနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ရရှိမည့် နည်းလမ်းများကို အတူတကွ တိုင်ပင်ဆွေးနွေးကြရန်လည်းကောင်း အရေးတကြီး အနူးအညွတ် တိုက်တွန်းသည်။

ကာလကြာရှည် တည်ရှိခဲ့သော နီပေါထုံးတမ်းစဉ်လာများနှင့်အညီ ကရုဏာထားခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ အပြန်အလှန်လိုက်လျောခြင်း၊ နှစ်ဦးနှစ်ဖက်နားလည်ခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ဖြင့် ဤပဋိပက္ခကို သင်တို့အောင်မြင်စွာ ဖြေရှင်းနိုင်လျှင် နီပေါနိုင်ငံနှင့် ပြည်သူများက သင်တို့ကို အစဉ်အမြဲ ကျေးဇူးတင်နေကြလိမ့်မည်။

ဤကမ္ဘာမှ တစ်စုံတစ်ရာစစ်ပွဲကဲ့သို့ပင် ဤစစ်ပွဲသည် အကြမ်းဖက်ခြင်း၊ မုန်းတီးခြင်းနှင့် သေနတ်တို့ဖြင့် မည်သည့်အခါမျှ အဆုံးမသတ်နိုင်ချေ။ ဗုဒ္ဓဘာသာ အတွေးအခေါ်နှင့် နေထိုင်ခြင်း၊ အတတ်ပညာတို့၏ သက်ရှိထင်ရှား နမူနာတစ်ခု သင်တို့ဖြစ်လာလျှင် ကမ္ဘာတစ်ဝန်းမှ ဗုဒ္ဓဘာသာချစ်သူများနှင့် ဗုဒ္ဓဘာသာဝင် သန်းရာပေါင်းများစွာတို့ အလွန်ပျော်ရွှင်ကြလိမ့်မည်။

နီပေါနိုင်ငံမှ ငြိမ်းချမ်းရေးအတွက် လျှို့ဝှက်သောအဖြေသည် သင်တို့၏လက်ထဲတွင် ရှိသည်။ ၎င်းကို အခြားနေရာ၌ ရှာဖွေရန် သို့မဟုတ် အခြေားနေရာမှ တင်သွင်းရန် မလိုအပ်ချေ။ သင်တို့ ကျွန်ုပ်ကို ယုံကြည်ကြဆဲဖြစ်မည်ဆိုလျှင် နီပေါနိုင်ငံငြိမ်းချမ်းရေး ပြန်

လည် ရရှိပါက နီပေါနိုင်ငံကို ၂၁ ရာစု၌ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် သင်တို့ကိုအကူအညီပေးဖို့ ကျွန်ုပ် ပြင်ဆင်ထားသည်။

ငြိမ်းချမ်းရေးကို အကြမ်းဖက်မှုဖြင့်မဟုတ်ဘဲ ချစ်ခင်ခြင်း၊ အပြန်အလှန် နားလည်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းတို့ဖြင့် ရယူခဲ့သော ပျော်ရွှင်ချမ်းမြေ့သော နိုင်ငံတစ်နိုင်ငံ နီပေါ ဖြစ်လာလိမ့်မည်။ ကျွန်ုပ်၏ အရေးကြီးသော ဤတိုက်တွန်းမှုကို စစ်ဖြစ်နေကြသောဂိုဏ်းခွဲများ လိုက်နာကြပြီး အကြမ်းဖက်သော အပြုအမူတိုင်းကို ချက်ချင်း ရပ်တန့်ကြရန်မှာ ကျွန်ုပ်၏ပြင်းပြသော မျှော်လင့်ချက်ဖြစ်သည်။

သင်တို့အားလုံး အတူတကွထိုင်ကြပြီး သင်တို့၏ပြဿနာများကို ခွင့်လွှတ်ခြင်း၊ သင့်မြတ်ခြင်း၊ လွတ်လပ်ခြင်းစိတ်ဓာတ်၊ ဒီမိုကရေစီစိတ်ဓာတ်တို့ဖြင့် ဖြေရှင်းကြရန် ကျွန်ုပ် တိုက်တွန်းသည်။ နီပေါနိုင်ငံကို သမိုင်းစာမျက်နှာသစ် ဖွင့်နိုင်ရန်အတွက် ဤလုပ်ငန်းစဉ်တွင် သင်တို့ လုံးဝရိုးသားဖြောင့်မတ်ကြလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်သည်။

ချစ်ခြင်းမေတ္တာနှင့် အကြမ်းမဖက်ခြင်းသည် မည်သည့်ပြဿနာ အမျိုးအစားကိုမဆို ကူညီဖြေရှင်းနိုင်သည်ဟု ကျွန်ုပ် အခိုင်အမာယုံကြည်သည်။ နီပေါနိုင်ငံတွင် ငြိမ်းချမ်းရေး အလျင်အမြန် ပြန်လည်ရရှိရန် ကျွန်ုပ်ဆုတောင်းသည်။ သင်တို့အားလုံးကို လည်းကောင်း၊ နီပေါပြည်သူများနှင့် သင်တို့၏မိသားစုများကိုလည်းကောင်း ကျွန်ုပ် ဆုမွန်ကောင်းတောင်းပြီး မေတ္တာပို့သလိုက်ပါသည်။

လုမ္ဗိနီ ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း

၂၀၀၆ ခုနှစ်၊ မေလ၊ လပြည့်နေ့

**ဟူယင်ဂျူး**

# သင် လက်လှမ်းမီနိုင်သော
# အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်း

ဤစာအုပ်ကလေးကို အောင်မြင်မှုနှင့် ပျော်ရွှင်မှု အမှန်တကယ် ရရှိခဲ့ကြသောသူများနှင့် အထူးသဖြင့် အောင်မြင်မှုနှင့် ပျော်ရွှင်မှုရရှိရန် လျှို့ဝှက်သောနည်းစနစ်များနှင့် အရေးကြီးသော သော့ချက်ကို ရှာဖွေနေကြသည့် ငယ်ရွယ်သော မိတ်ဆွေများအတွက် ရည်စူးပါသည်။

ဟူယင်ဂျူး

# နိဒါန်း

ကျွန်ုပ်ဘဝတွင် အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်းအား မည်ကဲ့သို့ရရှိပုံကို ကျွန်ုပ်မကြာခဏ အမေးခံရသည်။ အထူးသဖြင့် ပထမဦးဆုံးအစပြုသောအခါ မိုက်မဲပြီး စိတ်ကူးယဉ်ဆန်သည်ဟု အထင်မှတ်ခံရသောအရာများက နောက်ဆုံး၌ အောင်မြင်စွာပြီးဆုံးသွားပြီး ကျွန်ုပ်အတွက် ကြီးမားသောပျော်ရွှင်မှုများ ဖြစ်ပေါ်စေသောအခါ ကျွန်ုပ် အမေးခံရသည်။

ကျွန်ုပ်အောင်မြင်ပြီးမြောက်ခဲ့သော အရာများသည် အဓိကအားဖြင့် ဗီယက်နမ်နိုင်ငံ ဆက်ဆန်မှ ကျွန်ုပ်၏ဆရာ ပောင်ဒွန် ကျွန်ုပ်ကို ညွှန်ကြားပြသခဲ့သော အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်းရရှိစေမည့် လျှို့ဝှက်နည်းစနစ်များကြောင့်ဖြစ်သည်။ ထို့အပြင် ဖမ်ကာအိုတွန် ဘာသာပြန်ဆိုပြီး ထောက်ခံအကြံပြုသော အဲလ်ဘတ်ဟတ်ဘတ်ရေးသားသည့် "A Message to Garcia" ဟုအမည်ရှိသော သတင်းစာဆောင်းပါးတိုတစ်ပုဒ်ကို လွန်ခဲ့သော နှစ် ၅၀ နီးပါးက ကျွန်ုပ်ဖတ်ရှုရန် အခွင့်အရေးရခဲ့သည်။

ဤဆောင်းပါးက ကျွန်ုပ်၏ဘဝအပေါ် ကြီးကျယ်သော ဩဇာလွှမ်းမိုးမှုရှိခဲ့ပြီး ကျွန်ုပ်စိတ်အားထက်သန်စွာ အမြဲတမ်းပြုလုပ်ချင်နေသော ကောင်းမှုများကို အောင်မြင်ပြီးစီးနိုင်စေရန်အတွက် အတားအဆီးများနှင့် အခက်အခဲများကို ကျွန်ုပ် ကျော်လွှားနိုင်အောင် ကူညီခဲ့သည်။

**ဒကာ ဒကာမ အပေါင်းတို့**

တစ်စုံတစ်ရာတွင် အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်းကို ရယူပြီးမြောက်စေရန်မှာ လျှို့ဝှက်သောနည်းစနစ်များ လိုအပ်သည်။ အဲလ်ဘတ်ဟတ်ဘတ်၏ ဤသတင်းစာဆောင်းပါးကလေးကို လွန်ခဲ့သော နှစ် ၁၀၀ နီးပါးအချိန် (၁၈၉၉ ခုနှစ်)က အကြောင်း ကံအားလျော်စွာ ရေးသားခဲ့သည်။ ဆောင်းပါးကို ပုံနှိပ်ဖော်ပြသောအခါ တစ်ကမ္ဘာလုံးမှ အဖွဲ့အစည်းများက ၎င်းကို သူတို့တိုင်းပြည်၏ ဘာသာစကားဖြင့် ဘာသာပြန်ဆိုခွင့်ရရန် တောင်းဆိုကြသည်။ ဤဆောင်းပါးထဲမှ စိတ်ကူးအကြံအစည်များက များစွာသော တိုင်းပြည်များနှင့် များစွာသော ပြည်သူများကို ကူညီခဲ့သည်။ ကျွန်ုပ်က ထိုပြည်သူများထဲမှ တစ်ဦးဖြစ်ပြီး ဆောင်းပါးရှင် စာရေးဆရာကို ကျွန်ုပ် အလွန်ကျေးဇူးတင်မိသည်။

ဆောင်းပါးကို လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ရေးသားခဲ့သည်။ ၎င်းကို ကျွန်ုပ် အကြိမ်ပေါင်းများစွာ ဖတ်ရှုခဲ့ပြီး ကျွန်ုပ်ချစ်သော အမိနိုင်ငံ ဗီယက်နမ်စစ်ပွဲအတွင်း နက်ရှိုင်းစွာ ပါဝင်ပတ်သက်လာသော အချိန်ဖြစ်သည့် ၁၉၆၀ ပြည့်နှစ်ကာလများအတွင်း၌ ထိုဆောင်းပါးကို ကျွန်ုပ် အလွန်သဘောကျခဲ့သည်။ စစ်မှန်သော ဆရာတစ်ယောက်ကိုသော်လည်းကောင်း၊ ဆောင်းပါးကို ဖတ်ရှုဖို့အခွင့်အရေးကိုသော်လည်းကောင်း ကျွန်ုပ် ရရှိခဲ့သောကြောင့် အလွန်ကံကောင်းသည်ဟု ထင်မိသည်။

ကျွန်ုပ်၏ဘဝတွင် အောင်မြင်မှုနှင့် ပျော်ရွှင်မှုကို ရရှိစေနိုင်ခဲ့သော အလွန်တရာ တန်ဖိုးရှိသည့် ခရီးသွားအိတ်တစ်လုံး ကျွန်ုပ်၌ရှိနေသည်ဟု ပြောနိုင်ပေသည်။ ကံကောင်းထောက်မသဖြင့် ကျွန်ုပ်ကိုယ်တိုင်ရရှိခဲ့သော ကောင်းမှုများကို ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော စာဖတ်ပရိသတ်အား ကျွန်ုပ် မျှဝေပေးချင်ပါသည်။

လွန်ခဲ့သော နှစ် ၅၀ အတွင်းက အနည်းနှင့်အများ ကျွန်ုပ်နှင့် သက်တူရွယ်တူ ရှိကြသော လူများစွာနှင့် ကျွန်ုပ် လေ့လာသင်ကြား အလုပ်လုပ်နေခဲ့သည်။ သူတို့ထဲမှ အချို့က အလွန်တရာထက်မြက်ကြသည်။ ကျွန်ုပ်တို့ စာသင်သားများဖြစ်ကြသော်လည်း သူတို့၏အသိဉာဏ်က ကျွန်ုပ်၏အသိဉာဏ်ထက် အဆတစ်ရာ ပိုမိုသာလွန်ကြသည်။ သူတို့ ကျွန်ုပ်၏ဆရာများ ဖြစ်နိုင်ကြသည်။

သို့သော် ကံမကောင်းလေသော်၊ သူတို့၏ဘဝက ဝမ်းနည်းကြေကွဲစရာတစ်ခု ဖြစ်နေပြီး တစ်နေဝင်၊ တစ်နေထွက် ခံစားနေရသော၊ စိတ်ဆင်းရဲနေရသောဘဝဖြင့် သူတို့ နေထိုင်ခဲ့ကြရသည်။ ဘဝကိုသော်လည်းကောင်း၊ သူတို့ကိုကိုးကွယ်သော ဘုရားများကို သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းကိုသော်လည်းကောင်း၊ လုပ်ကိုင်နေရသော အလုပ်ကို သော်လည်းကောင်း သူတို့နက်နဲစွာ နာကြည်းနေကြသည်။

သူတို့အလုပ်လုပ်ပေးနေကြသော အဖွဲ့အစည်းများနှင့် သူတို့ကို အလုပ်အကိုင်များပေးသော တိုင်းပြည်များကိုပင်လျှင် သူတို့ နာကြည်းမုန်းတီးမှုများ ဖြစ်နေကြသည်။ သူတို့၏တိုင်းပြည်များတွင် တစ်ဖက်စောင်းနင်းဖြစ်ခြင်းနှင့် တရားမမျှတခြင်းများ များစွာ ရှိနေသည်ဟု သူတို့ယုံကြည်ကြသည်။ သူတို့နှင့်တွေ့ဆုံသော လူများကိုမသိနားမလည်သော ပညာမတတ်သောလူများအဖြစ် သူတို့ ထင်မှတ်ကြသည်။

ထိုလူများက သူတို့ကဲ့သို့ မြင့်မားသော ဘွဲ့ဒီဂရီများမရှိကြချေ။ သူတို့ကဲ့သို့ စာများစွာ မဖတ်ကြချေ။ သူတို့ကဲ့သို့ စာအုပ်များစွာ မရှိကြချေ။ ကမ္ဘာ့တက္ကသိုလ်အချို့တွင် သင်ကြားပြသရန်အတွက် သူတို့ အဖိတ်ခေါ်ခံကြရသည်။ သို့သော် အချိန်အတန်ကြာသောအခါ ထိုတက္ကသိုလ်များတွင် သူတို့ပြဿနာများစွာ ပြုလုပ်ကြသောကြောင့် သူတို့ အလုပ်ဖြုတ်ခံကြရသည်။ ထိုအခါ အရာရာတိုင်းနှင့်ပတ်သက်၍ ထိုတက္ကသိုလ်များကို သူတို့ ပြစ်တင် ရှုတ်ချ၊ ဆဲရေးကြသည်။

အသက်မွေးဝမ်းကျောင်းပြုလုပ်ရန်အတွက် နိုင်ငံတကာလုပ်ငန်းများတွင် အလုပ်များ သူတို့ရှာဖွေကြရသည်။ သို့သော် သူတို့၏ သွေးနထင်ရောက်ခြင်းနှင့် မောက်မာခြင်းတို့ကြောင့် ထိုလုပ်ငန်းများ၌လည်း သူတို့ မအောင်မြင်နိုင်ကြချေ။ သူတို့ မည်သည့်အခါမပြောင်းလဲကြချေ။ သူတို့ကိုယ်သူတို့ စကြဝဠာ၏ဗဟိုချက်မ၊ လူသားတို့၏ ပညာဗဟုသုတဗဟိုဌာနအဖြစ် သူတို့ မှတ်ယူကြသည်။

ထို့အပြင် သူတို့၏မျက်စိများထဲ၌ သက်တမ်းရှည်ကြာသော ဤလုပ်ငန်းများကို တည်ထောင်သော လူများသည် မသိနားမလည်သော ပညာမပြည့်စုံသော လူများသာ ဖြစ်ကြသည်ဟု သူတို့မြင်ကြသည်။ အဆုံး၌ ထိုကုမ္ပဏီများမှာ ကြီးမားသော ဆုံးရှုံးမှုများ ခံစားကြရပြီး သူတို့ကို အလုပ်ဖြုတ်ကြရသည်။ တိုင်းပြည်အမျိုးမျိုးသို့ နှစ်အနည်းငယ်ကြာ ခရီးသွားခြင်းဖြင့် လျော်ကြေးရသောလစာများကို သူတို့ သုံးဖြုန်းကြသည်။ ပိုက်ဆံများ ကုန်သွားသောအခါ သူတို့ ဆင်းရဲဒုက္ခကြုံကြရပြီး လူ့အဖွဲ့အစည်းနှင့် လူသားများအပေါ် နာကြည်းမုန်းတီးမှုများ စတင်ခံစားမိကြပြန်သည်။

## ချစ်စွာသော ဒကာ ဒကာမအပေါင်းတို့

လွန်ခဲ့သော နှစ် ၅၀ ဝန်းကျင်လောက်က ထိုကဲ့သို့သော အမှုကိစ္စများကို ကျွန်ုပ် မမျှော်လင့်ဘဲ တွေ့ရှိခဲ့သည်။ သူတို့အတွက် ကျွန်ုပ် သနားစိတ်ဖြစ်မိသည်။ သို့သော် ကျွန်ုပ် ဘာလုပ်နိုင်မည်နည်း။ သူတို့ထဲမှအချို့ကို ကျွန်ုပ် ကူညီထောက်ပံ့ရန် ကြိုးစားခဲ့သည်။ ကံမကောင်းလေသော် ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ဒုက္ခတွေ့ကြုံရလေသည်။ အကြောင်းမှာ

သူတို့၏အကျင့်စရိုက်က အပြစ်ယူဖွယ်ရာ ဖြစ်နေသောကြောင့်တည်း။ ဤဆုံးရှုံးမှုများနှင့် သူတို့တွေ့ကြုံခဲ့ရသော်လည်း သူတို့က အမြဲတမ်း သူတို့ကိုယ်သူတို့ ဂုဏ်ယူလွန်းကြပြီး သူတို့တွင် ပြိုင်ဖက်ကင်းသော ပင်ကိုစွမ်းရည်ရှိသည်ဟု ထင်မှတ်ကြသည်။

အဲလ်ဘတ်ဟတ်ဘတ်ရေးသားသော "ဂါစီယာသို့ သဝဏ်လွှာ" ဆောင်းပါးက ဤလူများ၏ အကျင့်စရိုက်ကို အလွန်ရှင်းလင်းစွာ ဖော်ပြထားသည်။

ယခု အသက်ကြီးပိုင်းသို့ရောက်နေပြီး ကျွန်ုပ်၏ဆံပင်များက ဖြူနေပြီ။ လုမ္ဗိနီ ဥယျာဉ်တွင် ကျွန်ုပ်နေထိုင်အလုပ်လုပ်နေပြီး နီပေါနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ရရှိရန် လှုပ်ရှားမှုတွင် ပါဝင်နေသည်။ ယခုအခါ၌ ကျွန်ုပ်ပြုလုပ်နေသကဲ့သို့ ထိုကဲ့သို့သောအရာများကို လွန်ခဲ့သောနှစ်အနည်းငယ်က စတင်ပြုလုပ်သောအခါ သို့မဟုတ် အောင်မြင်ပြီးမြောက်မှု မရှိသောအခါ ၎င်းတို့ကို ရှုးသွပ်နေခြင်း၊ စိတ်ကူးယဉ်နေခြင်းသာ ဖြစ်သည်ဟု ထင်မှတ်ကြသည်။

သို့သော် ယခုအခါတွင် မူလက လျစ်လျူရှုခံထားရသော နံ့အိုင်များရှိသော ဇရိယာဖြစ်ခဲ့သည့် လုမ္ဗိနီသည် ပြန်လည်ရှင်သန်အသက်ဝင်လာပြီး ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ၏ အပြည်ပြည်ဆိုင်ရာ ဗုန်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာကာ နီပေါနိုင်ငံမှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကလည်း ကောင်းမွန်သော အလားအလာရှိလာသည်။ နီပေါနိုင်ငံမှစစ်ပွဲက ၁၀ နှစ်ကြာ ဖြစ်ပွားနေခဲ့ပြီး စုစုပေါင်း လူ ၁၄၀၀၀ သေဆုံးခဲ့သည်။

ကျွန်ုပ်တို့၏ တက်ကြွသော ငြိမ်းချမ်းရေးလှုပ်ရှားမှုကြောင့် ယခုအခါ စစ်ဖြစ်နေကြသော ဂိုဏ်းခွဲများက စေ့စပ်ညှိနှိုင်းရေးစားပွဲဆီသို့ လာကြရန် သဘောတူကြသည်။ ကျွန်ုပ်၏ကျောင်းသားများ၊ မိတ်ဆွေများနှင့် ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကြိုးစားအားထုတ်မှုများ စိုက်ထုတ်လျက် အပြင်းအထန် အလုပ်လုပ်ခဲ့ကြသည်။

လုမ္ဗိနီမှ ကျွန်ုပ်၏နေရာနှင့် အခြားနေရာတွင် ကျင်းပသော ကြီးကြီးသေးသေး အစည်းအဝေးပွဲများကို တက်ရောက်ရန် ကျွန်ုပ် အခွင့်အရေးရရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ထိပ်သီးအစည်းအဝေးပွဲများကိုလည်း ကျွန်ုပ်တက်ရောက်သည်။ တစ်ခါတစ်ရံ၌ အစည်းအဝေးပွဲများက အရေးကြီးသောကိစ္စများကို ဆွေးနွေးရန် ရက်ပေါင်းများစွာ တောက်လျှောက် ကျင်းပကြသည်။ အစည်းအဝေးအများစုတွင် တက်ရောက်ကြသူများ အုပ်စုနှစ်စုကို ကျွန်ုပ် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည်။

ပထမအုပ်စုက တစ်စုံတစ်ရာကို "ဟုတ်ကဲ့"ဟုပြောပြီး ရိုးရိုးရှင်းရှင်း ခေါင်းညိတ်ကြသောလူများ ပါဝင်ကြသည်။ အခြားတစ်ဖက်၌ ဒုတိယအုပ်စုကမူ လူများပြောဆိုသော တစ်စုံတစ်ရာကို ပယ်ချခြင်း၊ သို့မဟုတ် ပြစ်တင်ဝေဖန်ခြင်း ပြုလုပ်ကြပြီး ဤသို့ဖြင့် အခြား

သူများကို ဒုက္ခများစွာပေးကြသည်။ အစည်းအဝေးပွဲတွင် ဤလူများက အကြောင်းအရာ အမျိုးမျိုးကို ဆွေးနွေးကြသည်။

ထိုအကြောင်းအရာများထဲမှ အချို့က လုံးဝအဆက်အစပ်မရှိကြချေ။ ထို့ကြောင့် များစွာသောအချိန်များကို သူတို့ဖြုန်းတီးကြသည်။ "မဟာဗျူဟာ" နှင့် "သန္နိဋ္ဌာန်" ဟူသော စကားကြီးစကားကျယ်များကိုလည်း သူတို့ အသုံးပြုကြသည်။ ဆုံးဖြတ်ချက်ချပြီးသည်နှင့် တစ်ပြိုင်နက် ထိုသန္နိဋ္ဌာန်များကို မီးခံသေတ္တာများထဲထည့်ပြီး နောက်ပိုင်းကျမှ ကြည့်ကြလိမ့်မည်။ သို့မဟုတ် လာမည့်အစည်းအဝေးများတွင် နောက်တစ်ကြိမ်ဆွေးနွေးရန်အတွက် ထားကြလိမ့်မည်။

အထက်၌ဖော်ပြခဲ့သော လူအုပ်စုများအပြင် ရိုဝမ် (Rowan) ၏ စိတ်ဓာတ်ကိုပိုင်ဆိုင်ကြသော အခြားလူများကိုလည်း ကျွန်ုပ် တွေ့မြင်သည်။ ရိုဝမ်က ဗိုလ်ချုပ်ဂါဆီယာသို့ သဝဏ်လွှာကို ရဲရဲဝံ့ဝံ့စွာ ပေးပို့ခဲ့သောလူဖြစ်သည်။ ၎င်းအကြောင်းကို ပူးတွဲပါရှိသော သတင်းစာ ဆောင်းပါးတွင် သင်တို့ ဖတ်ရှုကြရလိမ့်မည်။ ဤလူများကို ကျွန်ုပ် အလွန်ကြည်ညိုလေးစားသည်။

လူသားများ၊ အဖွဲ့အစည်းများ၏ နယ်ပယ်အားလုံးမှ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အောင်မြင်မှုများအားလုံးသည် အဓိကအားဖြင့် လူများ၏ တာဝန်ယူတတ်မှု၊ ကြံ့ရည်ဖန်ရည်ရှိမှုနှင့် လောကနီတိအခြေခံဖြင့် အများအကျိုးအတွက် မိမိ၏အလုပ်အပေါ် မြှုပ်နှံ လုပ်ဆောင်မှုတို့အပေါ်တွင် မူတည်နေသည်။ ကျွန်ုပ်၏အမြင်တွင် ထိုကဲ့သို့ အလွန်တရာ ထူးခြားသော အလုပ်ကို ရိုဝမ်ပြုလုပ်နိုင်ခြင်းမှာ သူ၏တာဝန်သိစိတ်၊ ကြံ့ရည်ဖန်ရည်ရှိမှုနှင့် လူသားများအပေါ်ထားရှိသော သူ၏အချစ်တို့ကြောင့် ဖြစ်သည်။ အပြစ်မရှိသော ပြည်သူများ၊ အထူးသဖြင့် ငယ်ရွယ်သော မိန်းကလေးများ၊ မိခင်များနှင့်ကလေးများ စစ်ပွဲကြောင့် အသက်ဆုံးရှုံးနေရသည်ကို သူမကြည့်ချင်ပေ။

ဘဝနယ်ပယ်အားလုံးတွင် သူတို့၏ဘဝကိုမြှုပ်နှံပြီး တိတ်တဆိတ် အကြီးအကျယ် စွန့်လွှတ်မှုများ ပြုလုပ်နေကြသောလူများကို ကျွန်ုပ် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ချင်ပါသည်။ ဤလူများသည် ရိုဝမ်ကဲ့သို့ စိတ်ဓာတ်ရှိကြပြီး ၎င်းကို မည်သည့်အခါမျှ လူသိရှင်ကြား မလုပ်ချင်ကြသောလူများ ဖြစ်ကြသည်။

**ဒကာ ဒကာမအပေါင်းတို့**

ဘာသာရေး အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ လောကီရေးရာအဖွဲ့အစည်းပဲဖြစ်ဖြစ်၊ သို့မဟုတ် လူမှုရေးအဖွဲ့အစည်းပဲဖြစ်ဖြစ်၊ စီးပွားရေးအဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ရိုဝမ်ကဲ့သို့ စိတ်

ဓာတ်ရှိသောလူများ ရရှိနိုင်လောက်အောင် ကံကောင်းမည်ဆိုလျှင် ထိုအဖွဲ့အစည်းသည် အတားအဆီး အခက်အခဲများကို မလွဲမသွေ ကျော်လွှားနိုင်ပြီး လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် ပိုမိုမြင့်မားသောအဆင့်ဆီသို့ ဖွံ့ဖြိုးတိုးတက်ပေလိမ့်မည်။ ကမ္ဘာပေါ်ရှိ နယ်ပယ်အားလုံးတိုင်းသည် ရှိဝမ်ကဲ့သို့ စိတ်ဓာတ်ရှိသူ ပြည်သူများစွာကို အလွန်လိုအပ်နေသည်။

ကမ္ဘာပေါ်မှ အမျိုးမျိုးသော နေရာများတွင် ကျွန်တော် စာသင်ကြားပြသစဉ်၊ အလုပ်လုပ်နေစဉ်အတွင်း အနီးကပ်လေ့လာသုံးသပ်မှုများပြုလုပ်ခဲ့သည်။ သဘာဝသယံဇာတများ အလွန်နည်းသော၊ သို့မဟုတ် လုံးဝမရှိသော တိုင်းပြည်များရှိကြသည်။ သို့သော် ၎င်းတို့က ယဉ်ကျေးမှုထွန်းကားပြီး တိုးတက်၍ ချမ်းသာကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ပြည်သူများက ကောင်းစွာ ပညာတတ်ကြပြီး အလုပ်ကြိုးစားကြသောကြောင့်ဖြစ်သည်။

ထို့အပြင် မှန်ကန်သော ထင်မြင်ယူဆချက်ရှိပြီး အမြင်ကျယ်သော ၎င်းတို့၏ ခေါင်းဆောင်များက သူတို့၏တို့ပြည်ကို ကောင်းစွာ စီမံအုပ်ချုပ်နိုင်ကြသည်။ ရလဒ်အဖြစ် သူတို့၏တိုင်းပြည်များနှင့် ပြည်သူများမှာ ကြွယ်ဝချမ်းသာမှုနှင့် ပျော်ရွှင်မှုကို ရယူခံစားနိုင်ကြသည်။ ထိုအတောအတွင်း၌ သဘာဝ သယံဇာတများစွာ ပိုင်ဆိုင်ကြသော အခြားတိုင်းပြည်များက ဆင်းရဲနေကြပြီး နိုင်ငံခြားအကူအညီများအပေါ် မှီခိုအားထားနေ၍ ၎င်းတို့၏ ပြည်သူများမှာ ဆင်းရဲဒုက္ခရောက်သော အခြေအနေဖြင့် နေထိုင်ကြရသည်။ ၎င်းသည် ကျွန်ုပ်၏ခေါင်းထဲ၌ အမြဲတမ်းရှိနေသော မေးခွန်းတစ်ပုဒ်ဖြစ်သည်။

ကျွန်ုပ်တွေ့မြင်နိုင်သော ကမ္ဘာပေါ်မှ နောက်ထပ်ပုံရိပ်တစ်ခုက ရုပ်ဝတ္ထုပစ္စည်း ကြွယ်ဝချမ်းသာမှုများစွာရှိသော်လည်း ၎င်းတို့၏ပြည်သူများမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ခံစားနေကြရဆဲဖြစ်သော တိုင်းပြည်များရှိနေခြင်းပင်ဖြစ်သည်။ ချမ်းသာပြီးအောင်မြင်သော်လည်း အမှန်တကယ် ပျော်ရွှင်မှုနှင့် စိတ်ငြိမ်းချမ်းသာမှုမရှိသော ဤပြည်သူများသည် သူတို့ကိုယ်သူတို့ မဖြည့်ဆည်းနိုင်ကြချေ။ လူသားများအဖြစ် သူတို့ပြည့်စုံမှုမရှိကြသေးချေ။ သူတို့သည် လူသားဘာသာစကားပြောသော စက်ရုပ်များအဖြစ်သို့ လျော့ကျနေကြသည်။

အောင်မြင်မှုသည် ပြီးပြည့်စုံရန်အတွက် ပျော်ရွှင်ခြင်းနှင့် စိတ်ငြိမ်းချမ်းခြင်းဖြင့် ပေါင်းစပ်သင့်သည်။ တိုင်းပြည်တစ်ပြည်သည် ရုပ်ပိုင်းဆိုင်ရာအားဖြင့် ချမ်းသာနေသော်လည်း ၎င်း၏ လူ့အဖွဲ့အစည်းက အကျင့်သိက္ခာပိုင်းဆိုင်ရာ ဆုတ်ယုတ်ပျက်စီးနေလျှင် ဘဝရှုထောင့်အားလုံးတွင် လုံခြုံမှုရှိသည်မဟုတ်ချေ။ ကောင်းမွန်သော ထုံးတမ်းစဉ်လာများ ပျောက်ကွယ်သွားပြီး လူမှုရေးဆက်သွယ်မှုအားလုံးတွင် ရုပ်ပိုင်းဆိုင်ရာ ချမ်းသာ ကြွယ်ဝမှုက ကြီးစိုးလာသည်။ ထိုကဲ့သို့သော တိုင်းပြည်တစ်ပြည်မှ ပြည်သူများသည် အမှန်တကယ်

ပျော်ရွှင်မှုနှင့် စိတ်ငြိမ်းချမ်းမှုကို ပျော်ရွှင်ခံစားနိုင်မည်မဟုတ်ချေ။ သူတို့ ရရှိသော ပျော်ရွှင်မှု အမျိုးအစားသည် အစစ်အမှန်မဟုတ်ချေ။

ဆရာမှ ကျောင်းသားသို့ ပညာရေးဗဟုသုတ လွှဲပြောင်းပေးခြင်းသည် ဘွဲ့ဒီဂရီနှင့် ဒီပလိုမာတို့ဖြင့် ရုပ်အကောင်အထည်ဖော်သော ပညာဗဟုသုတသာလျှင် မဖြစ်သင့်ဘဲ တာဝန်ယူသော အလုပ်လုပ်ချင်စိတ်၊ မိမိလုပ်သော အလုပ်အပေါ်မြှုပ်နှံရိုးသားသော မေတ္တာစိတ်နှင့် အဖွဲ့အစည်းထဲမှ လူများအားလုံးအပေါ်ထားရှိသော ရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ယူမှုတို့လည်း ပါဝင်သင့်သည်ကို ကျွန်ုပ်သိမြင်လာသည်။ မိသားစုအကြောင်း ကျွန်ုပ်တို့ ပြောကြမည်ဆိုလျှင်လည်း ထိုအတိုင်းပင်ဖြစ်သည်။

ကလေးများအတွက် မိဘများထားခဲ့သော အရာသည် ရုပ်ပစ္စည်းဆိုင်ရာ ကြွယ်ဝချမ်းသာမှုသာလျှင် မဖြစ်သင့်ချေ။ ကလေးများကို သူတို့၏ဘဝ၊ အလုပ်၊ အသိုင်းအဝိုင်း၊ တိုင်းပြည်၊ လူ့အဖွဲ့အစည်းနှင့် သူတို့ကိုယ်တိုင်အတွက် တာဝန်ယူနိုင်စေသော စစ်မှန်သည့် ပညာရေးလည်း ပါဝင်သင့်သည်။ ထိုသို့သာဖြစ်မည်ဆိုလျှင် သင်၏ကလေးသည် အမှန်တကယ်ကို အောင်မြင်ပျော်ရွှင်သော လူတစ်ယောက်ဖြစ်လိမ့်မည်။ ၎င်းသည် မှန်ကန်သော ဆရာများနှင့် မိဘများ၏ အမြတ်နိုးဆုံးဆန္ဒဖြစ်သည်။

ကျွန်ုပ်၏တိုင်းပြည်နှင့် နှစ်ပေါင်း ၄၀ ကြာ ဝေးကွာနေထိုင်ခဲ့ပြီးနောက် ကျွန်ုပ်၏ ပထမဦးဆုံးအိမ်ပြန်ခရီးသည် အမှန်တကယ်ပင် စိတ်ခံစားရသော အချိန်အခါသမယဖြစ်ခဲ့သည်။ အမိမြေမှ တက္ကသိုလ်ကျောင်းအမျိုးမျိုးနှင့် သိပ္ပံကျောင်းအမျိုးမျိုးသို့ ကျွန်ုပ် သွားရောက်လည်ပတ်ပြီး ထိုနေရာ၌ စကားပြောသောအခါ သူတို့၏အနာဂတ်ဘဝတွင် သူတို့ကို ပြီးပြည့်စုံအောင် ကူညီလုပ်ဆောင်ပေးမည့် လုံလောက်သော ခရီးသွားအိတ်ဖြင့် သူတို့ကို သူတို့ ဆင်ယင်ထားလိုစိတ်ပြင်းပြကြသော လူငယ်များကြောင့် ကျွန်ုပ် လှိုက်လှိုက်လှဲလှဲ ခံစားမိသည်။

ဤငယ်ရွယ်သော မျိုးဆက်ကို သူတို့ကိုယ်တိုင်အတွက်နှင့် တိုင်းပြည်အတွက် လုံခြုံစိတ်ချရသော အနာဂတ်ရရှိအောင် ကျွန်ုပ် အမှန်တကယ် ဘာကူညီလုပ်ဆောင်ပေးနိုင်မည်လည်းဆိုသည်ကို ကျွန်ုပ်ကိုယ်ကျွန်ုပ် မေးမေးနေမိသည်။ ဗုဒ္ဓ၏မြေဆီသို့ ကျွန်ုပ် ပြန်လာသောအခါ ထိုမေးခွန်းက ကျွန်ုပ်၏ခေါင်းထဲ၌ရှိနေဆဲဖြစ်ကာ လူငယ်များကို ကူညီနိုင်ရန်အတွက် ကျွန်ုပ်ကို အားအင်များနှင့် အခွင့်အရေးပေးရန် ဗုဒ္ဓဖွားမြင်ရာနေရာဖြစ်သော ကျောက်တိုင်ဆီသို့ သွားရောက်ဆုတောင်းသည်။

လေ့လာသင်ကြားမှုပြုလုပ်ရန် ငွေကြေးလိုအပ်နေသော လူငယ်များအား ပညာတော်သင်စရိတ်ပေးဖို့အတွက် ငွေကြေးရှာဖွေနိုင်အောင် စီးပွားရေးကုမ္ပဏီတစ်ခု တည်

ထောင်ဖို့အတွက်ပင်လျှင် ရံဖန်ရံခါ ကျွန်ုပ် စဉ်းစားမိသည်။ သို့သော်လည်း ထိုနည်းအတိုင်း ဆိုလျှင် သူတို့ကို ကျွန်ုပ် ကန့်သတ်ထားသောအကူအညီသာ ပေးနိုင်မည်ဖြစ်ပြီး သူတို့ရှေ့၌ ရှိသော အနာဂတ်အတွက် သင့်တော်သော ခရီးသွားအိတ်တစ်လုံး ရရှိဖို့အတွက်ကို ကူညီ နိုင်မည်မဟုတ်ပေ။

ဗုဒ္ဓနှင့် အမိမြေဗီယက်နမ်မှ မြင့်မြတ်သောနတ်ဘုရားများကို ကျွန်ုပ် ကျေးဇူးတင် ပါသည်။ လွန်ခဲ့သော နှစ် ၅၀ က ကျွန်ုပ်၏ရှေ့မှ ဘဝအသစ်၏ တံခါးပေါက်ဝ အရှေ့တွင် ဇဝေဇဝါနှင့် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်သေးသော အပြစ်ကင်းစင်သည့် ကျောင်းသားတစ်ယောက် ကျွန်ုပ်ဖြစ်နေစဉ်အခါ ကျွန်ုပ်ဖတ်ရှုခဲ့သော သတင်းစာဆောင်းပါးကို ရုတ်တရက် ကျွန်ုပ် အမှတ်ရသွားအောင် မမြင်နိုင်သော နတ်ဘုရားက ကူညီစောင်မ ခဲ့သည်ဟု ကျွန်ုပ်ထင် သည်။

ကျွန်ုပ်ကိုယနေ့ကျွန်ုပ်ဖြစ်နေသောအနေအထားရောက်အောင်ကူညီလုပ်ဆောင် ခဲ့သော အင်အားကောင်းသည့် ဓာတ်ကူပစ္စည်းအဖြစ် ကူညီဆောင်ရွက်ပေးခဲ့သောအရာ မှာ "ဂါဆီယာသို့ သဝဏ်လွှာ" အမည်ရှိ ဤဆောင်းပါးဖြစ်သည်။ ဒေသဆိုင်ရာ အဖွဲ့အစည်း အတွက်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းအတွက်လည်းကောင်း ကျွန်ုပ် အလုပ် လုပ်သောအခါ ကြီးမားသော တာဝန်သိစိတ်ရှိခြင်းနှင့် အလုပ်လုပ်ရာ၌လည်းကောင်း၊ လေ့လာသင်ကြားရာ၌လည်းကောင်းစိတ်ပါလက်ပါအပြုအမူရှိခြင်းတို့မှာ ဤဆောင်းပါး၏ အဓိပ္ပာယ်ပြဆိုမှု ကျေးဇူးကြောင့်ဖြစ်သည်။

အလုပ်အပေါ်ထားရှိသော ကျွန်ုပ်၏ ဤအပြုအမူကြောင့် အောင်မြင်မှုနှင့် ပျော် ရွှင်မှုကို ပြီးမြောက်စေမည့် အခွင့်အရေးများစွာ ကျွန်ုပ် ရရှိခဲ့သည်။ အားလုံးတို့ထက် ဗုဒ္ဓ ဘုရားရှင် ဖွားမြင်တော်မူခဲ့သော ထွတ်မြတ်သည့် ဥယျာဉ်ခြံ၊ လုမ္ဗိနီအား ပြန်လည်ရှင်သန် စေရာ၌လည်းကောင်း၊ အခက်အခဲနှင့် အတားအဆီးများပြည့်နေသော နီပေါ ငြိမ်းချမ်းရေး လုပ်ရှားမှု၌လည်းကောင်း ကျွန်ုပ်၏အချိန်နှင့် ကြိုးစားအားထုတ်မှုများကို မြှုပ်နှံလုပ်ဆောင် စေရန် အကူအညီပေးခဲ့သည်မှာ အလွန်အင်အားကောင်းသော ဤဓာတ်ကူပစ္စည်းပင် ဖြစ် သည်။

ကျွန်ုပ်၏အောင်မြင်မှုနှင့် ပျော်ရွှင်မှုများအတွက် ကျွန်ုပ်၏ဆရာ ပောင်နွန်၏ သင်ကြားပြသမှုများနှင့် အဲလ်ဘတ်ဟတ်ဘတ်ရေးသားသော "ဂါဆီယာသို့သဝဏ်လွှာ" သတင်းဆောင်းပါး၏ အငွေ့အသက်များမှလာသော ဓာတ်ကူပစ္စည်းကလည်း ကျွန်ုပ်အပေါ် တွင် ကျေးဇူးရှိကြပေသည်။

**ဒကာ ဒကာမအပေါင်းတို့**

လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ရေးသားခဲ့သည့် အဲလ်ဘတ်ဟတ်ဘတ်၏ သမိုင်းဝင် သတင်းစာဆောင်းပါးက စာလုံး ၁၄၀၄ လုံးသာပါဝင်သော်လည်း ၎င်းက ကျွန်ုပ်ဘဝ၏ကြီးမားသော အစိတ်အပိုင်းအပေါ် ဩဇာသက်ရောက်မှုရှိခဲ့သည်။ ဆောင်းပါးနှင့် ၎င်းသယ်ဆောင်လာသော အတွေးအမြင်က ကျွန်ုပ်ကို ဘဝတွင် အောင်မြင်စေရန်နှင့် ပျော်ရွှင်စွာ နေထိုင်စေရန် ကူညီခဲ့သည်။

ဆောင်းပါးရှင် အဲလ်ဘတ်ဟတ်ဘတ်ကို ကျွန်ုပ် အလွန်ကျေးဇူးတင်သည်။ ထိုအကြောင်းရင်းကြောင့် ဆောင်းပါးအား ကျွန်ုပ်၏မိတ်ဆက်နှင့် ၎င်းကို ဗီယက်နမ်စာဖြင့် ကျွန်ုပ်၏ဘာသာပြန်ဆိုမှုက အင်္ဂလိပ်မူရင်းထက် ပိုမိုရှည်လျားသွားခြင်းဖြစ်သည်။ စာဖတ်သူများ အထူးသဖြင့် ငယ်ရွယ်သောစာဖတ်သူများကို ကျွန်ုပ် တောင်းပန်ချင်ပါ သည်။ သင်တို့၏ နားလည်မှုကိုလည်း ကျွန်ုပ်လိုချင်သည်။

အဘယ်ကြောင့်ဆိုသော် စာတိုတိုတုတ်တုတ်ရေးဖို့ ရွေးချယ်ခဲ့မည်ဆိုလျှင် ကျွန်ုပ်အလွန်လေးစားယုံကြည်သော ငယ်ရွယ်သည့်မိတ်ဆွေများအား ကျွန်ုပ်၏ စိတ်လှုပ်ရှားမှုများနှင့် ဖြူစင်ရိုးသားသော ခံစားချက်များအားလုံးကို ဖော်ပြနိုင်မည်မဟုတ်သောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်၏ အမြတ်နိုးဆုံးဆန္ဒက သမ္မတမက်ကင်လေ၏ သဝဏ်လွှာကို ဂါဆီယာထံသို့ပေးပို့သော လူဖြစ်သည့် ရိုဝမ်ကဲ့သို့ အဖိုးတန်သော လက်ဆွဲအိတ်ဖြင့် သင်တို့ကိုယ်သင်တို့ အဆောင်အယောင်အပ်နှင်းနိုင်ဖို့ပင် ဖြစ်သည်။ သင်တို့ကို အောင်မြင်မှုနှင့် ပျော်ရွှင်မှု ရရှိစေရန် ကျွန်ုပ် ဖြူစင်ရိုးသားစွာဖြင့် ဆန္ဒပြုပြီး သင်တို့တွင် ရိုဝမ်ကဲ့သို့ တာဝန်သိစိတ်နှင့် ကြံ့ခိုင်သော စိတ်အားထက်သန်မှု ရှိကြလိမ့်မည်ဟု မျှော်လင့်သည်။

သို့မှသာ သင်၏တိုင်းပြည်၊ သင်၏ဘာသာရေး၊ သင်၏ လူ့အဖွဲ့အစည်းနှင့် သင်အလုပ်လုပ်နေသော အဖွဲ့အစည်းများအတွက် အောင်မြင်မှု၊ ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုတို့ကို သင် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်။ ဗုဒ္ဓမြေတွင် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဖြစ်သော လုမ္ဗိနီမှ ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းမှ သင်တို့ကို ကျွန်ုပ် ကြိုဆိုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

**ဟူယာင်ဂျူး**

# သတင်းစာဆောင်းပါးတစ်ပုဒ်၏ ဆန်းကြယ်မှု
## (ဂါဆီယာသို့ သဝဏ်လွှာ)

ဤဆောင်းပါးကို လွန်ခဲ့သော နှစ် ၁၀၀ ကျော်က (၁၈၉၉ ခုနှစ်တွင်) ရေးသားခဲ့သည်။ ပထမ၌ ၎င်းက သာမန်ဆောင်းပါးတစ်စောင်သာ ဖြစ်သည်။ သို့သော် ၎င်းက ချက်ချင်း အင်အားကောင်းသော ဓာတ်ကူပစ္စည်းတစ်ခုဖြစ်လာပြီး များစွာသော အသိုင်းအဝိုင်းများဆီသို့ လျင်မြန်စွာ ပျံ့နှံ့သွားသည်။ ၎င်းကို အမေရိကန်ပြည်ထောင်စုတွင် ပထမဦးဆုံး ပုံနှိပ်ဖော်ပြသောအခါ ၎င်းက စာဖတ်သူ သိန်းပေါင်းများစွာကို အာရုံဆွဲဆောင်သည်။ "ဂါဆီယာသို့ သဝဏ်လွှာ" ဆောင်းပါးပါဝင်သောကြောင့် သတင်းစာအစောင် ရာပေါင်းများစွာကို ဝယ်ယူကြသော စာဖတ်သူများ ရှိကြသည်။

ဆောင်းပါးရေးခဲ့ပုံက ဤကဲ့သို့ ဖြစ်သည်။

ညစာစားပြီးသောအခါ ဟတ်ဘတ်က ခါတိုင်းကဲ့သို့ လက်ဖက်ရည်သောက်ရန်နှင့် မိသားစုနှင့်စကားပြောရန် ထိုင်သည်။ မစ္စတာဟတ်ဘတ်၏သား ဘတ်က အမေရိကန်နှင့် စပိန်အကြားမှ စစ်ပွဲအကြောင်းသတင်းကို ဖော်ပြသည်။ ထိုစစ်ပွဲတွင် လူများက စစ်သူရဲကောင်းဟု ထင်မှတ်ကြသော လူတစ်ယောက်အပေါ် အတော်အာရုံစိုက်ကြသည်။ ထိုလူက ရိုဝမ်ဖြစ်သည်။ ထိုစဉ်က ကျူးဘားမှ သူပုန်ခေါင်းဆောင်ဗိုလ်ချုပ်ဖြစ်သော ဂါဆီယာဆီသို့ သမ္မတကင်လေ ပေးပို့လိုသော သဝဏ်လွှာကို သူလက်ခံရရှိသည်။

ဂါဆီယာ မည်သည့်နေရာ၌ရှိသည်ကို ရိုဝမ်မသိသော်လည်း အလုပ်ကို သူ လက်ခံပြီးသည်နှင့်တစ်ပြိုင်နက် သဝဏ်လွှာပေးပို့ရမည့် တာဝန်ကိုယူ၍ ထွက်ခွာသွားသည်။ မရေ

တွက်နိုင်သော အခက်အခဲများကို သူကြုံတွေ့ရပြီး သဝဏ်လွှာကို ဗိုလ်ချုပ် ဂါဆီယာအား ကိုယ်တိုင်ပေးပို့နိုင်ခဲ့သည်။

၎င်းကို မစ္စတာဟတ်ဘတ်နှင့် သူသားတို့ ဆွေးနွေးကြသောအခါ ရိုဝမ်သည် ခက်ခဲသောအလုပ်ကိုလက်ခံပြီး အောင်မြင်ပြီးမြောက်အောင် အကောင်းဆုံးပြုလုပ်ခဲ့သော အစစ်အမှန်သူရဲကောင်းတစ်ယောက်ဖြစ်သည်ဟု သူသဘောတူသည်၊ ကျွန်တော်တို့ အားလုံးတွင်တာဝန်ယူတတ်သောအသိစိတ်နှင့်ကြံ့ခိုင်ဖန်ရည်ရှိလျှင်မည်သည့်အလုပ်ကို ကျွန်တော်တို့ လုပ်လုပ် အောင်မြင်မှုရရှိမည်မှာ သေချာကြောင်းကိုလည်း သူ ယုံကြည်သည်။

စာရေးစားပွဲဆီသို့ သူသွားပြီး ဆောင်းပါးကို ချက်ချင်းပြီးစီးအောင် ရေးလိုက်သည်၊ သူ့ပတ်ဝန်းကျင်မှလူများ သူတို့၏အလုပ်တွင် တုံ့ဏှိဘာဝေနေကြခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် တစ်ဦးပေါ်တစ်ဦး မနာလိုခြင်းတို့အပေါ် သူ၏စိတ်ပျက်မှုများကို သူ ဖော်ပြချင်သည်။

ဆောင်းပါးရေးပြီးသောအခါ ၎င်းကို ဖီလစ္စတိုင်းသတင်းစာကို သူပေးပို့သည်၊ ဆောင်းပါးကို ၁၈၉၉ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ခါနီးတွင် ပုံနှိပ်ဖော်ပြသည်၊ ဆောင်းပါးကို သူ သိပ်အာရုံမပြုဘဲထားရှိရာ သတင်းစာထွက်ရှိပြီးနောက်၌ လူများစွာတို့က မမျှော်လင့်ဘဲ သတင်းစာအစောင်တစ်ရာဝယ်ယူရန် တောင်းဆိုကြသည်၊ ထို့နောက် တစ်ထောင်ကျော်ဝယ်ကြသည်၊ ထိုအခါ သူက ထုတ်ဝေသူကို သတင်းစာများ အဘယ်ကြောင့် ထိုမျှရောင်းကောင်းနေသနည်းဟု မေးသည်၊ အဖြေက သတင်းစာထဲတွင် ပုံနှိပ်ဖော်ပြခဲ့သော "ဂါဘီယာသို့သဝဏ်လွှာ" ဆောင်းပါးကို လူများဖတ်ချင်ကြသောကြောင့်ဟူ၍ဖြစ်သည်။

ရက်အနည်းငယ်ကြာသောအခါ နယူးယောက်ရထားလမ်းကုမ္ပဏီက "ဂါဆီယာသို့ သဝဏ်လွှာ"ပါဝင်ပြီးနောက် ကျောဖုံးကို ကုမ္ပဏီကြော်ငြာထည့်ပေးမည့် စာအုပ်တစ်သိန်း ပုံနှိပ်လိုသောကြောင့် ဈေးနှုန်းနှင့် ပုံနှိပ်ချိန်ကာလအကြောင်း မေးမြန်းသော ကြေးနန်းစာတစ်စောင်ကို ပို့လိုက်သည်၊ မှာကြားမှုက များပြားလွန်းသောကြောင့် မစ္စတာဟတ်ဘတ်က ထုတ်ဝေခွင့်ကို အခြားထုတ်ဝေသူတစ်ယောက်အား ပေးအပ်သည်။

စာအုပ်ကို အကြိမ်တိုင်း၌ စောင်ရေသိန်းချီလျက် အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ရသည်၊ ထိုသို့ဖြစ်ပြီးနောက်တွင် အရာရာတိုင်းက ဆန်းကြယ်သော အသွင်အပြင်တစ်ခု ဖြစ်လာဟန်တူသည်၊ အမေရိကန်ပြည်ထောင်စုအနှံ့မှ များပြားလှစွာသော သတင်းစာများက ဆောင်းပါးကို ပြန်လည်ပုံနှိပ်ခွင့်တောင်းကြသည်၊ အမေရိကန်ပြည်ထောင်စုကို အလည်

အပတ်လာသော ရုရှားမီးရထားကုမ္ပဏီမှ အထွေထွေအရာရှိတစ်ယောက်က စာအုပ်ကို အထူးတလည် စိတ်ဝင်စားသွားသည်။

ထို့ကြောင့် စာအုပ်ကို ရုရှားဘာသာသို့ ဘာသာပြန်ပြီး သူ့အလုပ်သမားအသီးသီးအား တစ်အုပ်စီပေးရန် ခွင့်ပြုချက်တောင်းသည်။ ၎င်းနောက်တွင် ဆောင်းပါးကို ဂျာမန်၊ စပိန်၊ တူရကီစသဖြင့် အခြားဘာသာများကို ဆက်လက်ဘာသာပြန်ကြသည်။ ရုရှနှင့် ဂျပန်အကြားစစ်ပွဲအတွင်း၌ ရုရှစစ်သားအသီးသီးက "ဂါဆီယာသို့ သဝဏ်လွှာ" စာအုပ်ကိုဆောင်ထားကြသည်။ ဂျပန်များက အဖမ်းခံရသော၊ သို့မဟုတ် အသတ်ခံရသော ရုရှများထံတွင် "ဂါဆီယာသို့ သဝဏ်လွှာစာအုပ်များကို ၎င်းတို့က အသက်ကယ်သော အဆောင်လက်ဖွဲ့ဖြစ်နေဘိအလား တွေ့ရှိကြသည်။

ပထမ၌ ဂျပန်များက ၎င်းကို လျှို့ဝှက်သော တစ်စုံတစ်ရာဖြစ်မည်ဟု တွေးထင်ကြသည်။ ထို့ကြောင့် ၎င်းကို ဂျပန်ဘာသာသို့ ဘာသာပြန်ဆိုခိုင်းကြသည်။ ထို့နောက်၌ ဂျပန်ကေရာဇ်က ဆောင်းပါးကို ပုံနှိပ်ပြီး စစ်သားတိုင်းနှင့် အစိုးရအလုပ်သမားတိုင်းအား ဝေငှပေးရန် အမိန့်ထုတ်သည်။ ထိုအချိန်က စစ်ပွဲတွင်တိုက်ခိုက်နေကြသော ဂျပန် စစ်သားတိုင်း၌ "ဂါဆီယာသို့ သဝဏ်လွှာ" စာအုပ်တစ်အုပ် ရှိနေကြသည်။

ကျွန်တော်တို့ တွေ့မြင်နိုင်ကြသည့်အတိုင်းပင် "ဂါဆီယာသို့ သဝဏ်လွှာ" က ရိုးရှင်းစွာပင် တိုတောင်းသော သတင်းဖဆောင်းပါးတစ်ပုဒ်ဖြစ်ပြီး ၎င်းအထဲ၌ စာရေးဆရာက စပိန်နှင့် အမေရိကန်စစ်ပွဲအတွင်း ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြထားသည်။ ထိုဇာတ်လမ်းက ထူးခြားမှုသိပ်မရှိသောကြောင့် မည်သူကမျှ ၎င်းကို သမိုင်း၌ မှတ်တမ်းမတင်ချင်ကြပေ။ ကျူးဘားမှ ပုန်ကန်ထကြွမှုကြောင့် စပိန်နှင့် အမေရိကန်တို့ စစ် ဖြစ်ကြသည်။

အမေရိကန်အစိုးရက သူပုန်ခေါင်းဆောင် ဂါဆီယာနှင့် အဆက်အသွယ်ပြုလုပ်ချင်သည်။ သို့သော် ဂါဆီယာရှိနေသောနေရာကို မည်သူမှ မသိကြချေ။ သူတို့သိရှိသည့် တစ်ခုတည်းသောအရာက ထူထပ်သော ကျူးဘားတောထဲသို့ သူ ဆုတ်ခွာသွားခြင်းပင်ဖြစ်သည်။ ထိုအချိန်က လူတစ်ယောက်သာလျှင် ဂါဆီယာနှင့် အဆက်အသွယ်ပြုလုပ်ရမည့် အလွန်တရာခက်ခဲသောတာဝန်ကို လိုလိုလားလား လက်ခံခဲ့သည်။ ထိုလူက ရိုဝမ်ဖြစ်သည်။ သူမထွက်ခွာမီ...

"ကျွန်တော့်ကို စာပေးပါ။ အဲဒါကို ဂါဆီယာဆီ ကျွန်တော်ပို့ပေးမယ်"

ဟူသော ဤစကားများမှလွဲ၍ သူစကားများများ မပြောချေ။ ကြံ့ခိုင်ဖန်ရည်ဖြင့် ပင်ပန်းတကြီးသွားရသော ခရီးကို သူထွက်ခဲ့ပြီး များပြားလှစွာသော အခက်အခဲများနှင့်

အတားအဆီးများကို ကျော်ဖြတ်ကာ အဆုံး၌ သမ္မတမက်ကင်လေထံမှ စာကို ဂါဆီယာဆီသို့ ကိုယ်တိုင်လက်ရောက်ပေးပို့နိုင်ခဲ့သည်။

ဇာတ်လမ်းက ထိုကဲ့သို့ ရိုးရိုးရှင်းရှင်းသာဖြစ်သည်။ သို့သော် ၎င်းတွင် အဲလ်ဘတ် ဟတ်ဘတ် ထူးချွန်ပြောင်မြောက်စွာ ပြုလုပ်ထားသော တာဝန်ယူတတ်မှုနှင့် ကြံ့ရည်ဖန်ရည်ရှိမှုတို့နှင့် ပတ်သက်၍ အလွန်ထူးခြားသော သင်ခန်းစာတစ်ခုပါဝင်နေသည်။ ခိုင်းသည့်အတိုင်းသာလုပ်ဆောင်ပြီး မည်သည့်အခါမျှ ရှေ့ဆောင်မှုမရှိသော လက်ထောက်လူများ၊ အလုပ်သမားများ၏ တာဝန်မယူတတ်မှုနှင့် ဘာသိဘာသာနေတတ်မှုတို့ကို စာရေးဆရာက ခါးသီးစွာ ပြစ်တင်ရှုတ်ချထားသည်မှာ ထင်ရှားနေသည်။ တစ်ခါတစ်ရံ၌ သူတို့သည် သူတို့ အလုပ်လုပ်နေသော လုပ်ငန်းကို များစွာ အန္တရာယ်ပေးကြသည်။

၎င်းအပြင် ထူးဆန်းသောအရာက မြင့်မားသောရာထူးရှိသော လူများဖြစ်ကြသည့် အကြီးအကဲများ၏ကဏ္ဍကို စာရေးဆရာက အထင်ကြီးလေးစားခြင်းဖြစ်သည်။ လက်ထောက်များနှင့် အလုပ်သမားများ၏ တာဝန်မယူမှုနှင့် အစွမ်းအစမရှိမှုတို့ကို သည်းခံနေရသော ခေါင်းဆောင်များ၏ စိတ်ပျက်မှုကို သူ ရှင်းရှင်းလင်းလင်း ဖော်ပြသည်။ လက်ထောက်လူများနှင့် အလုပ်သမားများသည် တစ်စုံတစ်ရာအပေါ် စိတ်အာရုံစူးစိုက်မှု မည်သည့်အခါမျှ မရှိကြချေ။ သူတို့ စက်ယန္တရားများ ဖြစ်နေကြဘိအလား သူတို့အား ခိုင်းသည့်အရာများကို ပြုလုပ်ကြသည်။

ဤဆောင်းပါးကို လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ရေးသားခဲ့သော်လည်း ၎င်း၏ အတိုချုံးပြီး ထိရောက်သောရေးဟန်က မှန်ကန်သော စဉ်းစားခြင်းအတွက် ကောင်းစွာ အသုံးတည့်သည်။ စိတ်မပါခြင်း၊ ဘာသိဘာသာနေခြင်း၊ လျစ်လျူရှုခြင်း၊ ပျင်းရိခြင်းနှင့် မနာလိုသော အပြုအမူသဘောထားများကို စာရေးဆရာက ပြင်းထန်စွာ ရှုတ်ချထားသည်။ ဤဆိုးဝါးသော အကျင့်စရိုက်လက္ခဏာများသည် အန္တရာယ်ရှိသော အဆိပ်များနှင့် တူသည်။ ၎င်းတို့သည် ကောင်းသောလူများ အလွန်ကြိုးစားပြုလုပ်ထားသော အလုပ်များကို အောက်ခြေပျက်စေတတ်ကြသည်။

"ဂါဆီယာသို့ သဝဏ်လွှာ" ဆောင်းပါးကို ပညာရေးနှင့် ဗဟုသုတအရာတွင် သူတို့ကိုယ်သူတို့ အခြားလူများထက် ပိုမိုသာလွန်ကောင်းမွန်သည်ဟု ထင်နေကြသော သွေးနားထင်ရောက်နေကြသည့် လူများ၏ ထောင်လွှားမှုကို ထိုးဖောက်သော ဓားတစ်ချောင်း အဖြစ် စဉ်းစားနိုင်သည်။ သူတို့ပါဝင်သက်သော အလုပ်မှန်သမျှကို သူတို့ ဖျက်ဆီးကြဟန် တူသော်လည်း အခြားသူများ၏ အောင်မြင်မှုကို သူတို့ မနာလိုဖြစ်ကြပြီး ၎င်းတို့၏ ကြိုးစားအားထုတ်မှုများကို ရှုံးချိုးနှိမ်နှိမ်ပြောဆိုကြကာ အခြားသူများပြုလုပ်ထားသော ကောင်းမွန်

သည့်အရာများကို ဖျက်ဆီးရန် ကြံစည်ကြသည်။

ၛင်းအပြင် အမှန်က လွန်ခဲ့သော နှစ် ၅၀ နီးပါးက ဤသတင်းစာဆောင်းပါးကို ပထမဦးဆုံးဖတ်ရသောအခါ လျှပ်စစ်ဓာတ်ကဲ့သို့သော တစ်စုံတစ်ရာ၊ သို့မဟုတ် ရိုးတွင်းခြင် ဆီကဲ့သို့ ထိုးဖောက်ဝင်လာသော အလွန်စွမ်းအင်ကြီးမားသော အင်အားတစ်ခုကို ခံစားရသည်။ ထိုအင်အားကြောင့် ကျွန်ုပ်၏ဘဝတွင် များစွာသော အခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်။

ဤဆောင်းပါး၏အစွမ်းက ကျွန်ုပ်တို့ အောင်မြင်မှုနှင့် ပျော်ရွှင်မှုရရှိစေရန် ကူညီခဲ့သည်ဟု ပြောနိုင်ပေသည်။ ဤဆောင်းပါးကို ကျွန်ုပ် ဘာသာပြန်ဆိုပြီး သင်တို့ ဘာလုပ်လုပ်၊ အောင်မြင်အောင်ကူညီနိုင်မည်ဟု ကျွန်ုပ်မျှော်လင့်သော လျှို့ဝှက်နည်းစနစ်များနှင့် စိတ်ကူးအကြံအစည်ကို သင်တို့အား တင်ပြပေးချင်သည်။ ၎င်းကို ကျွန်ုပ်ထံမှ လောကုတ္တရာ လက်ဆောင်အဖြစ် လက်ခံကြပါ။ အရာရာတိုင်းတွင် အောင်မြင်မှုနှင့် ပျော်ရွှင်မှုရယူနိုင်ကြပါစေ။

**ဟူယင်ဂျူး**

## ဂါဆီယာသို့ သဝဏ်လွှာ

### ရေးသူ - အဲလ်ဘတ်ဟတ်ဘတ်

ဤကျူးဘားကိစ္စတစ်ခုလုံးတွင် နေနှင့် အနီးဆုံးနေရာမှ အင်္ဂါဂြိုဟ်ကဲ့သို့ ကျွန်တော့်မှတ်ဉာဏ်မိုးကုပ်စက်ဝိုင်းထဲတွင် ထိုးထွက်နေသော လူတစ်ယောက်ရှိသည်။ စပိန်နှင့် အမေရိကန်ပြည်ထောင်စုအကြား စစ်ပွဲဖြစ်ပွားသောအခါ သူပုန်များ၏ ခေါင်းဆောင်နှင့် အလျင်အမြန် အဆက်အသွယ်ပြုလုပ်ရန် အလွန်အရေးကြီးနေသည်။ ဂါဆီယာက ကျူးဘားတောင်ပြင်ကျယ်ကြီးထဲမှ တစ်နေရာတွင် ရှိနေသည်။ မည်သည့်နေရာ၌ ရှိသည်ကို မည်သူမျှမသိကြချေ။ စာတိုက်ပို့စာသော်လည်းကောင်း၊ ကြေးနန်းစာသော် လည်းကောင်း သူ့ဆီသို့ တစ်ခုမျှမရောက်နိုင်ကြချေ။ သူ၏ ပူးပေါင်းဆောင်ရွက်မှုကို သမ္မတရယူရမည်။ ပြီးတော့ မြန်မြန်ဆန်ဆန်လည်း ရရမည်။

ဘာလုပ်ရမလဲ။

တစ်စုံတစ်ယောက်က သမ္မတကိုပြောသည်။

"သမ္မတကြီးအတွက် ဂါဆီယာကိုရှာပေးနိုင်မယ့် ရိုဝမ်လို့ခေါ်တဲ့ လူတစ်ယောက် ရှိပါတယ်"

ရိုဝမ်ကိုဆင့်ခေါ်ပြီး ဂါဆီယာထံသို့ ပေးပို့ရမည့် စာတစ်စောင်ပေးသည်။ ရိုဝမ်ဟု အမည်ရှိသော လူတစ်ယောက် စာကို မည်သို့ယူ၊ ၎င်းကို ဆီစိမ်အဝတ်အိတ်ထဲ မည်သို့ ချိတ်ပိတ်ထည့်၊ အိတ်ကို သူ့ရင်ပင်း၌ မည်သို့ဆွဲ၊ ၄ ရက်အတွင်း ညဘက်၌ ကျူးဘားကမ်းပေါ်သို့ လှေတစ်စင်းပေါ်မှ မည်သို့ဆင်း၊ တောထဲသို့ မည်သို့ဝင်ရောက်ပျောက်ကွယ်၊ ရန်လိုသော ကျွန်းကို ခြေကျင်ဖြတ်သန်းလျက် ၃ ပတ်အတွင်း ကျွန်း၏အခြားတစ်ဖက်သို့ မည်သို့ ထွက်

လာ၊ သူ၏စာကို ဂါဆီယာအား မည်သို့ပေးစသဖြင့် ဤအရာများက ယခု ကျွန်တော် အသေး စိတ် ပြောပြချင်သော အထူးတလည် ဆန္ဒရှိသည့်အရာများ မဟုတ်ချေ။

ကျွန်တော်ပြောပြချင်သော အဓိကအချက်က ဤသို့ဖြစ်သည်။ မက်ကင်လေက ဂါဆီယာထံသို့ ပေးပို့ရန် စာတစ်စောင်ကို ရိုဝမ်အားပေးသည်။ ရိုဝမ်က စာကိုယူပြီး "သူ ဘယ်နေရာမှာရှိသလဲ" ဟုမမေးချေ။ အံ့ဖွယ်ပါတကား။ ဤလူ၏ပုံသဏ္ဍာန်ကိုမည်သည့်အခါ မျှ မသေနိုင်သော ကြေးရုပ်သွန်းပြီး ရုပ်တုကို တိုင်းပြည်ထဲမှ ကောလိပ်ကျောင်းတိုင်းတွင် ထားသင့်သည်။ ၎င်းက လူငယ်များလိုအပ်သော စာအုပ်ထဲမှ သင်ကြားနာယူခြင်း မဟုတ် ချေ။

ဟိုဟာဒီဟာများနှင့် ပတ်သက်သော ညွှန်ကြားချက်မဟုတ်ချေ။ သို့သော် သူတို့ ကို တာဝန်ရှိမှုအပေါ် သစ္စာရှိစေသော၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေသောသော အရာ ဖြစ်သည်။ ၎င်းသည် သူတို့ကို ချက်ချင်း လှုပ်ရှားဆောင်ရွက်စေသည်။ သူတို့ကို ခွန်အားများ စိုက်ထုတ်စေသည်။ "ဂါဆီယာဆီသို့ သဝဏ်လွှာသယ်ဆောင်ခြင်း" အလုပ်ကို လုပ်စေ သည်။

ဗိုလ်ချုပ်ဂါဆီယာက ယခုသေဆုံးသွားပြီ။ သို့သော် အခြားဂါဆီယာများရှိ သည်။

လူတစ်ယောက်သည် အလုပ်သမားများစွာလိုအပ်သော လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ရန် ကြိုးစားအားထုတ်သည်။ သို့သော် သာမန်လူတစ်ယောက်၏ မိုက်မဲမှုကြောင့် ရံဖန်ရံခါ သူ ထိတ်လန့်လုမတတ်ဖြစ်ရသည်။ ထိုမိုက်မဲမှုက တစ်စုံတစ်ရာ ကို အာရုံစူးစိုက်ပြုလုပ်ရန် ဆန္ဒမရှိခြင်း၊ သို့မဟုတ် မစွမ်းဆောင်နိုင်ခြင်းဖြစ်သည်။ ပြီးစ လွယ်လုပ်သော အကူအညီများ၊ မိုက်မဲသော အရေးမယူ ဂရုမစိုက်မှုများ၊ မသေသပ်သော လျစ်လျူရှုမှုများနှင့် စိတ်မပါတပါအလုပ်များ စသည်တို့သည် ထုံးစံဖြစ်နေဟန်တူသည်။

လူတစ်ယောက်သည် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ သို့မဟုတ် ခြိမ်း ခြောက်လျက်ဖြစ်စေ သူ့ကိုကူညီရန်အတွက် အခြားလူများကို သူ လာဘ်ထိုးခြင်း၊ သို့မဟုတ် အတင်းအကြပ်ခိုင်းခြင်းမရှိလျှင် လုပ်ငန်းမအောင်မြင်ချေ။ သို့မဟုတ် ဘုရားရှင်က ဆန်း ကြယ်မှုဖန်ဆင်းပြီး လက်ထောက်လူတစ်ယောက်အဖြစ် အလင်းနတ်သားတစ်ပါးကို သူ့ထံ ပေးပို့ကောင်း ပို့ပေးလိမ့်မည်။ စာဖတ်သူသည် ဤကိစ္စကို ဤသို့ စမ်းသပ်ကြည့်ပါ။ သင် ယခုရုံးခန်းထဲတွင် ထိုင်နေသည်။ စာရေး ၆ ယောက်ကခေါ်လျှင် ကြားနိုင်သောနေရာတွင် ရှိနေကြသည်။

တစ်ယောက်ကိုလှမ်းခေါ်ပြီး ဤတောင်းဆိုချက်ကို ပြုလုပ်ပါ။

"စွယ်စုံကျမ်းစာအုပ်ကိုကြည့်ပြီး ကော်ရက်ဂျီယိုရဲ့ဘဝနဲ့ စပ်လျဉ်းတဲ့ မှတ်စု အကျဉ်းချုပ် ငါ့ကို လုပ်ပေးစမ်းပါ"

စာရေးက...

"ဟုတ်ကဲ့ ဆရာ"

ဟု အေးဆေးစွာပြောပြီး အလုပ်ကိုသွားလုပ်မည်လား။

သင့်တစ်သက်တာတွင် သူ လုပ်မည်မဟုတ်ချေ။ ပြူးကြောင်နေသော မျက်လုံးများဖြင့် သင့်ကိုသူကြည့်ပြီး အောက်ပါမေးခွန်းများထဲမှ တစ်ခု၊ သို့မဟုတ် များစွာကို မေးလိမ့်မည်။

သူက ဘယ်သူလဲ။

ဘယ်စွယ်စုံကျမ်းလဲ။

စွယ်စုံကျမ်းက ဘယ်မှာလဲ။

ဒီအတွက် ကျွန်တော့်ကို အလုပ်ခန့်ထားတာလား။

ဘစ္စမတ်ကို ခင်ဗျားဆိုလိုတာ မဟုတ်ပါဘူးနော်။

အဲဒါကို ချာလီလုပ်မယ်ဆိုရင် ဘယ့်နှယ်လဲ။

သူက သေပြီလား။

အလျင်စလို လိုချင်သလား။

ကျွန်တော် စာအုပ်ယူလာမယ်။ ခင်ဗျားကိုယ်တိုင် စာအုပ်ထဲမှာကြည့်ရင် မကောင်းဘူးလား။

ခင်ဗျား ဘာသိချင်လို့လဲ။

ဤမေးခွန်းများကို သင်အဖြေပေးပြီး သတင်းအချက်အလက်ကို ရှာဖွေနည်းနှင့် ၎င်းကို သင်ဘာကြောင့်လိုချင်ကြောင်း ရှင်းပြပြီးနောက်၌ စာရေးက အပြင်သို့ထွက်သွား၍ ကောရက်ဂျီယိုအား ရှာဖွေရန် အခြားစာရေးတစ်ယောက်ကို အကူအညီတောင်းလိမ့်မည်။ ထို့နောက်ပြန်လာပြီး ထိုကဲ့သို့သောလူမရှိဟု သင့်အားပြောမည်ကို ကျွန်ုပ် သင်နှင့် ဆယ်လေးတစ်လေး အလောင်းအစားပြုလုပ်ချင်သည်။ အလောင်းအစားကို ကျွန်ုပ် ရှုံးကောင်းရှုံးနိုင်သည်။ သို့သော် ပျမ်းမျှခြင်းစည်းမျဉ်းအရ ကျွန်ုပ် ရှုံးမည်မဟုတ်ချေ။

သင်ဉာဏ်အမြော်အမြင်ရှိလျှင် သင်၏လက်ထောက်လူကိုကော်ရက်ဂျီယိုနာမည်က အည္ထန်းစာလုံး "C" အောက်တွင်ရှိကြောင်း၊ "K" အောက်တွင်မရှိကြောင်းကို ဒုက္ခခံ၍ ရှင်းပြမည်မဟုတ်ဘဲ ချိုသာစွာပြုံးပြ၍...

"ကိစ္စမရှိပါဘူး"

ဟုပြောပြီး သင်ကိုယ်တိုင် သွားကြည့်ပေလိမ့်မည်။

ထို့အပြင် အမှီအခိုကင်းသော ပြုမူဆောင်ရွက်ချက်အတွက် ဤအစွမ်းအစမရှိမှု၊ အကျင့်သိက္ခာနှင့်ပတ်သက်သော ဤမိုက်မဲမှု၊ ဤစိတ်ဆန္ဒအားနည်းမှု၊ ဝမ်းသာအားရဆုပ်ကိုင် ချီမလိုသော လိုအင်ဆန္ဒမရှိမှုများသည် သန့်စင်သော ဆိုရှယ်လစ်စနစ်ကို အနာဂတ်သို့ ဝေးလံစွာ တွန်းပို့နေသော အရာများဖြစ်ကြသည်။ လူများသည် သူတို့အတွက် သူတို့မဆောင်ရွက်ကြလျှင် သူတို့၏ ကြိုးစားအားထုတ်မှုမှ အကျိုးအမြတ်က အားလုံးအတွက်ဖြစ်သောအခါ သူတို့ဘာလုပ်ကြမည်နည်း။

လက်ရေးတို စာရေးတစ်ယောက်အတွက် အလုပ်ခေါ်သည်။ အလုပ်လျှောက်သူ ၁၀ ဦးထဲမှ ၉ ဦးက စာလုံးပေါင်းမတတ်သလို၊ ပုဒ်ထီးပုဒ်မဖြတ်ခြင်းလည်း မတတ်ကြချေ။ သူတို့က ၎င်းကို လိုအပ်သည်ဟု မထင်ကြချေ။

ထိုကဲ့သို့သော လူတစ်ယောက်က ဂါဆီယာဆီသို့ စာတစ်စောင်ပို့နိုင်ပါမည်လား။

"ခင်ဗျား ဟိုစာရင်းကိုင်ကို မြင်သလား"

စက်ရုံကြီးတစ်ရုံတွင် ဖိုမင်တစ်ယောက်က ကျွန်တော့်ကိုပြောသည်။

"ဟုတ်ကဲ့...သူဘာဖြစ်လို့လဲ"

"အင်...သူက စာရင်းကိုင်ကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ သူ့ကို ကျွန်တော်မြို့ပေါ်ကိုအလုပ်တစ်ခုနဲ့လွှတ်လိုက်ရင် အလုပ်ကို သူပြီးစီးအောင် လုပ်နိုင်ကောင်းလုပ်နိုင်မှာပါ။ ဒါပေမဲ့ သူက လမ်းမှာ ဘီလီယက်ခုံ ၄ ခုံလောက်မှာ ဝင်ရပ်တတ်တယ်။ လမ်းမကြီးကို သူရောက်တဲ့အခါ သူ့ကို ဘာခိုင်းလိုက်သလဲဆိုတာ မေ့သွားလိမ့်မယ်"

ထိုကဲ့သို့ လူတစ်ယောက်အား ဂါလီယာထံသို့ သဝဏ်လွှာ သယ်ဆောင်သွားဖို့အတွက် တာဝန်ပေးနိုင်ပါမည်လား။

လုပ်ခနည်းနည်းဖြင့် ဆင်းဆင်းရဲရဲ အလုပ်လုပ်နေကြရသော အနင်းခံလူများနှင့် ရိုးရိုးသားသားအလုပ်ကို လိုက်လံရှာဖွေနေကြသော အိမ်ခြေရာခြေမဲ့သူများအတွက် ဖော်

ပြနေကြသော စိတ်ထားနနယ်သည့် သနားကရုဏာအသံများစွာကို မကြာသေးခင်က ကျွန်တော်တို့ ကြားနေကြရပြီး ၎င်းနှင့်အတူ အာဏာရှိသူများအတွက် ခက်ထန်သော စကားလုံးများစွာလည်း မကြာခဏ ထွက်ပေါ်လာနေသည်။

မည်သည့်အခါမျှ ကောင်းကောင်း အလုပ်မလုပ်ကြသူများကို အသိဉာဏ်ရှိသော အလုပ်များလုပ်စေရန်အတွက် အချည်းနှီးကြိုးစားရင်း သူတို့ရောက်မလာခင် အချိန်ကတည်းက အိုမင်းလာခဲ့သော အလုပ်ရှင်အကြောင်းကို ဘာမျှမပြောကြချေ။ သူ နောက်လှည့်သွားလျှင် ဘာမျှမလုပ်ဘဲ အလကားအချိန်ဖြုန်းနေကြသော အကူအလုပ်သမားများနှင့် ကာလကြာရှည် သူသည်းခံလျက် ရှန်းကန်ကြိုးစားခဲ့ရပုံကို မည်သူမျှ မပြောကြချေ။

ကုန်တိုက်တိုင်းနှင့် စက်ရုံတိုင်းတွင် အမြဲမပြတ်ရှင်းလင်းပစ်သော လုပ်ငန်းစဉ်ဖြစ်ပေါ်နေသည်။ လုပ်ငန်းကို အကျိုးအမြတ် ဆက်လက်ဖြစ်ထွန်းစေရန် စွမ်းဆောင်မှု မပြုနိုင်သော အလုပ်သမားကို အလုပ်ရှင်က အမြဲမပြတ်နင်လွှတ်နေပြီး အခြားသူများကို ခေါ်ယူနေသည်။ အချိန်ကာလ မည်သို့ပင်ကောင်းစေကာမူ ဤရွေးချယ်စိစစ်မှု ဆက်လက်ဖြစ်ပေါ်နေသည်။ အချိန်ကာလ ခက်ခဲလာပြီး အလုပ်အကိုင် ရှားပါးလာမှသာလျှင် ရွေးချယ်စိစစ်မှုကို ပိုမိုကောင်းမွန်စွာ ပြုလုပ်လာကြသည်။ သို့သော် အရည်အချင်းမပြည့်မီသူများနှင့် မထိုက်တန်သူများကမူ ထာဝရထွက်နေကြရသည်။

အသင့်လျော်ဆုံးလူသာ ရပ်တည်ရှင်သန်နိုင်လေသည်။ အလုပ်ရှင်တိုင်းသည် ကိုယ်ကျိုးကြည့်ခြင်းကြောင့် အကောင်းဆုံးလူကိုသာ ထားကြသည်။ ထိုလူက ဂါဆီယာထံသို့ သဝဏ်လွှာ သယ်ဆောင်သွားနိုင်သူဖြစ်သည်။

အမှန်တကယ်ကို ထက်မြက်သော စွမ်းရည်များရှိသည့် လူတစ်ယောက်ကို ကျွန်တော်သိသည်။ သူက ကိုင်ပိုင်စီးပွားလုပ်နိုင်သော အရည်အချင်းမရှိချေ။ သို့သော် အခြားသူများအတွက်လည်း သူ လုံးဝတန်ဖိုးမရှိချေ။ အဘယ်ကြောင့်ဆိုသော် သူ၏အလုပ်ရှင်က သူ့ကို ဖိနှိပ်နေသည်၊ သို့မဟုတ် ဖိနှိပ်ရန် ကြံစည်နေသည်ဟူသော ရူးသွပ်သည့် သံသယစိတ်ကို သူအမြဲမပြတ်ထားရှိနေသောကြောင့် ဖြစ်လေသည်။ သူ အမိန့်မပေးနိုင်ချေ။ ထို့အတူ အမိန့်ကိုလည်း လက်မခံနိုင်ချေ။ ဂါဆီယာထံသို့ ယူဆောင်သွားရန် သူ့အား သဝဏ်လွှာတစ်စောင်ပေးလျှင် သူ၏တုံ့ပြန်မှုက "ဒါကို ခင်ဗျားကိုယ်တိုင် ယူသွားပါ" ဟုဖြစ်ကောင်းဖြစ်လိမ့်မည်။

ဤလူက ယနေ့ညသို့ လမ်းပေါ်လျှောက်သွားပြီး အလုပ်ရှာသည်။ လေက နွမ်းဖတ်နေသော သူ၏ကုတ်အင်္ကျီကြားထဲ တဟူးဟူးတိုးနေသည်။ သူ့ကိုသိရှိကြသူများက မည်သူမျှ သူ့ကို အလုပ်မခန့်ရဲကြချေ။ သူက ကျေနပ်နစ်သိမ့်မှုမရှိသော ပုံမှန်လှုံ့ဆော်ရေးသမားတစ်ယောက်ဖြစ်နေသောကြောင့်တည်း။ သူက အကျိုးအကြောင်း နားလည်တတ်သူမဟုတ်ချေ။ သူနှင့်ပတ်သက်၍ သဘောကျစရာကောင်းသော တစ်ခုတည်းသောအရာမှာ နံပါတ် ၉ ဘွတ်ဖိနပ်သာဖြစ်လေသည်။

ထိုကဲ့သို့ အကျင့်သိက္ခာနှင့်ပတ်သက်၍ ပုံပျက်ပန်းပျက်ဖြစ်နေသူတစ်ယောက်သည် မသန်မစွမ်းဖြစ်နေသူတစ်ယောက်ထက် ပိုမိုသနားစရာကောင်းသည်ကို ကျွန်ုပ် သိသည်။ သို့သော် ကျွန်ုပ်တို့၏ သနားကြင်နာမှုတွင် ကြီးကျယ်သောလုပ်ငန်းတစ်ခုကို ဆက်လက်ဆောင်ရွက်ရန် ရှန်းကန်ကြိုးစားနေကြသော လူများအတွက်လည်း ကျွန်ုပ်တို့ မျက်ရည်တစ်စက်ကျကြပါစို့။ သူတို့၏ အလုပ်လုပ်ချိန်သည် ခရာမှုတ်သံဖြင့် ကန့်သတ်မထားချေ။ ပုံပန်းမကျသော လျစ်လျူရှုမှု၊ ပေါ့ဆသော မိုက်မဲမှုနှင့် မထောက်ထား မညှာတာသော ကျေးဇူးကန်းမှုတို့ကို ကိုင်တွယ်ထိန်းချုပ်ရန် ရှန်းကန်ကြိုးစားခြင်းဖြင့် သူတို့ဆံပင်များ လျင်မြန်စွာ ဖြူနေကြသည်။

ဤကိစ္စကို ကျွန်ုပ် ပြင်းထန်လွန်းစွာ တင်ပြနေသလား။ ကျွန်ုပ် ပြင်းထန်လွန်းကောင်းပြင်းထန်လွန်းနိုင်သည်။ သို့သော် ကမ္ဘာကြီးတစ်ခုလုံး ဆင်းရဲသွားသော အခြေအနေသို့ရောက်လျှင် အောင်မြင်သောလူအတွက် ကျွန်ုပ် ကရုဏာစကားတစ်ခွန်းပြောချင်သည်။ ထိုလူသည် အခွင့်အလမ်းအလွန်နည်းပါးစွာဖြင့် အခြားသူများ၏ ကြိုးစား အားထုတ်မှုများကို ဦးဆောင်လမ်းညွှန်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့၍ ထိုအောင်မြင်မှုထဲ၌ ဘာမျှမရှိသည်ကို တွေ့ရသည်။

ကျွန်ုပ် ညစာထမင်းချိုင့်ဆွဲပြီး တစ်နေ့လုပ်ခအတွက် တစ်နေ့ အလုပ်လုပ်ခဲ့သလို အလုပ်သမားများ၏ အလုပ်ရှင်တစ်ယောက်လည်း ဖြစ်ခဲ့ဖူးသည်။ နှစ်ဖက်စလုံးအပေါ် ပြောစရာတစ်စုံတစ်ရာရှိသည်ကို ကျွန်ုပ်သိသည်။ သူ့ချည်းသက်သက်ဆိုလျှင် ဆင်းရဲမှုနှင့်ပတ်သက်၍ အထူးကောင်းမွန်သောအရာ မရှိချေ။ အဝတ်အစား အစုတ်အပြတ်များက နှစ်လိုဖွယ်ဂုဏ်အင်္ဂါမဟုတ်ချေ။ အလုပ်ရှင်အားလုံး လောဘကြီးပြီး အထက်စီးနင်းနိုင်ကြသည်တော့ မဟုတ်ချေ။ များစွာတို့က ဆင်းရဲသောလူအားလုံးထက် ကောင်းမြတ်ကြသည်။

အလုပ်ရှင်အိမ်၌ ရှိနေသကဲ့သို့ပင် အလုပ်ရှင် အဝေးသို့ရောက်နေသောအခါ၌လည်း သူ့အလုပ်ကို သူလုပ်သောလူကို ကျွန်ုပ် သနားကြင်နာမိသည်။ ထို့အပြင် ဂါဆီယာအတွက် စာတစ်စောင်အပေးခံရသောအခါ မိုက်မဲသောမေးခွန်းများမမေးဘဲ၊ သဝဏ်လွှာကို အနီးဆုံးရေမြောင်းထဲသို့ လွှင့်ပစ်ရန် ကြံရွယ်ချက်မရှိဘဲ၊ သို့မဟုတ် ပေးပို့ရမည့်အစားတခြားတစ်စုံတစ်ရာပြုလုပ်ဖို့ ကြံရွယ်ချက်မရှိဘဲ ၎င်းကို အေးဆေးစွာဖြင့် လက်ခံယူသောလူသည် မည်သည့်အခါမျှ အလုပ်ရပ်နားခံရခြင်းမရှိသလို ပိုမိုမြင့်မားသော လုပ်ခရရှိရန်အတွက် မည်သည့်အခါမျှလည်း ဆန္ဒပြရလိမ့်မည်မဟုတ်ချေ။

ထိုကဲ့သို့ လူတစ်ယောက်တောင်းဆိုသော တစ်စုံတစ်ရာကို ပေးအပ်ရလိမ့်မည်။ သူလိုလူမျိုးက ရှားပါးလွန်းလှသောကြောင့် မည်သည့်အလုပ်ရှင်မှ သူ့အား လက်လွှတ်ခံနိုင်မည်မဟုတ်ချေ။ မြို့တော်တိုင်း၊ မြို့နယ်တိုင်း၊ ကျေးရွာတိုင်း၌လည်းကောင်း၊ ရုံးတိုင်း၊ ဈေးဆိုင်တိုင်း၊ စတိုးဆိုင်တိုင်းနှင့် စက်ရုံတိုင်း၌လည်းကောင်း သူ့ကို လိုချင်ကြသည်။ ကမ္ဘာကြီးက ဤကဲ့သို့ အော်ဟစ်တောင်းဆိုနေသည်။ သူ့ကိုလိုအပ်တယ်။ ဆိုးဆိုးဝါးဝါး လိုအပ်တယ်။ ဂါဆီယာဆီ သဝဏ်လွှာသယ်ဆောင်နိုင်တဲ့လူကို လိုအပ်သည်။

(၁၈၉၉)

# ဂါဆီယာသို့ သဝဏ်လွှာမှ အသိအမြင်

"ဂါဆီယာသို့ သဝဏ်လွှာ" သည် ပြုလုပ်ရန် လက်ခံထားသောအလုပ်ကို ရိုဝမ်၏ မြုပ်နှံလုပ်ဆောင်မှုမှ သိရှိနားလည်ခဲ့ရသော သင်ခန်းစာဖြစ်သည်။ သူသည် တာဝန်ယူတတ်သော အသိစိတ်နှင့် ကြံ့ရည်ဖန်ရည်ရှိသော လူတစ်ယောက်ဖြစ်ပြီး အမေရိကန်နှင့် စပိန် စစ်ဖြစ်နေစဉ်ကာလအတွင်းက မက်ကင်လေထံမှသဝဏ်လွှာကို ဂါဆီယာထံသို့ ပေးပို့နိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် (ပျမ်းမျှအပူချိန် ၄၂-၄၈ ဒီဂရီ စင်တီဂရိတ်ရှိသော) အလွန်ပူပြင်းသည့်တစ်မနက်၌ ကျွန်ုပ်၏ဆရာ (ဟူယင်ဂျူး)က "Success-Happiness Within Your Reach" ဟု အမည်ပေးထားသော စာအုပ်ကလေးကိုပေးရန် ကျွန်ုပ်အား အဘယ်ကြောင့် တွေ့ချင်နေသည်ကို ကျွန်ုပ် တွေးနေမိသည်။ ထိုစာအုပ်ကလေးက "A Message to Garcia" ကို သူကိုယ်တိုင် ဘာသာပြန်ဆိုပြီး တင်ပြထားခြင်းဖြစ်သည်။

လူသားဘဝနှင့် ကျွန်ုပ် ကိုယ်ပိုင်ဘဝအတွက်လည်းကောင်း၊ ကိုယ်ကျင့်တရားနှင့် လူသားတို့၏ လောကုတ္တရာဘဝအတွက်လည်းကောင်း ကျွန်ုပ်၏နှလုံးသားထဲမှ စိုးရိမ်ပူပန်မှုများကို သူရိပ်စားမိခဲ့ကောင်း ရိပ်စားမိလိမ့်မည်။ လူနှင့်လူအကြားမှ အချစ်ကို ပြုစုပျိုးထောင်လိုသော လောင်ကျွမ်းနေသည့် ကျွန်ုပ်၏လိုအင်ဆန္ဒအကြောင်းကိုလည်းကောင်း၊ လူသားနှင့် အာရုံခံစားတတ်သော ဝေနေယျသတ္တဝါ အပေါင်းတို့၏ လက်ရှိခေတ်၌ ဖြစ်ပေါ်နေသော အကျပ်အတည်းများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုအကြောင်းကို လည်းကောင်း သူကောင်းစွာ သိရှိနေကောင်း သိရှိနေနိုင်သည်။

"အင်ဒီ၊ "ဂါဆီယာသို့ သဝဏ်လွှာ" သတင်းစာဆောင်းပါးကို ကျွန်တော်တွေ့ထားတယ်။ အဲဒါက အလွန်တရာထူးခြားတဲ့ သမိုင်းကြောင်းရှိတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ အဲဒါကို လွန်ခဲ့တဲ့ နှစ် ၅၀ နီးပါးလောက်က ကျွန်တော်ဖတ်ခဲ့ရတယ်။ ဒီဆောင်းပါးက ကျွန်တော့်ဘဝရဲ့ ကြီးမားတဲ့အစိတ်အပိုင်းကို ကူညီပြီး ပြောင်းလဲပေးခဲ့တယ်။ ကျွန်တော့် ဘဝနဲ့ ကျွန်တော့် အလုပ်အတွက် အသုံးအဝင်ဆုံးဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနဲ့ တာဝန်ယူတတ်မှု အသိစိတ်၊ ဒီဆောင်းပါးက ကျွန်တော့်ကို ထောက်ပံ့ပေးခဲ့တယ်။ ဒီဆောင်းပါးကြောင့် အောင်မြင်မှုကို ကျွန်တော်ရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းပျော်ရွှင်တဲ့ဘဝနဲ့ နေထိုင်နိုင်ခဲ့ တယ်"

သူကပြောပြီး ဆောင်းပါးကို ကျွန်တော့်အား ပေးသည်။

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်က တုံ့ပြန်ပြီး ခါတိုင်းကျွန်ုပ်ကို သတင်းစာဆောင်းပါးသော်လည်းကောင်း၊ စာအုပ်သော်လည်းကောင်း သူပေးသည့်အခါတိုင်း ပြုလုပ်လေ့ရှိသကဲ့သို့ သူ့လက်ထဲမှ ဆောင်းပါးကို လက်ခံယူကာ ဤတစ်ကြိမ်၌လည်း အထူးတလည်အရေးထားခြင်း မလုပ်မိပေ။

သို့သော် ကျွန်ုပ်အလွန်မမျှော်လင့်သောအရာက ထိုသာမန်သတင်းစာဆောင်းပါးကို ကျွန်ုပ်ဖတ်လိုက်ရသောအခါ အမှန်တကယ်ကို အံ့ဩသွားခြင်းဖြစ်သည်။

ဆောင်းပါးစာရေးဆရာ မစ္စတာအဲလ်ဘတ်ဟတ်ဘတ်သည် တုံ့ဂကိုဘာဝေနေခြင်းနှင့် စိတ်ဓာတ်ပျော့ညံ့ခြင်းတို့ကို ပြတ်သားသော ဝေဖန်မှုများပြုလုပ်ရာတွင် အလွန်တရာ ရဲရင့်လှသည်။ ထိုအတောအတွင်း၌ တာဝန်ယူတတ်သောအသိစိတ်နှင့် ကြံ့ရည်ဖန်ရည်ရှိမှုကို သူအထင်ကြီးလေးစားသည်။ ၎င်းက ရိုဝမ်၏စိတ်ဓာတ်ဖြစ်သည်။ သူ့အား ပေးအပ်သော ခက်ခဲသည့်အလုပ်ကို လွယ်လင့်တကူလက်ခံပြီး ထိုအလုပ်ကိုပြီးမြောက်စေရန် စိတ်ရောကိုယ်ပါကြိုးစားသော စိတ်ဓာတ်ဖြစ်သည်။

ထို့အပြင် စာရေးဆရာက သူတို့၏ခံစားရမှုများအတွက် နှစ်ဖက်စလုံးအပေါ်သူ၏ နားလည်မှုနှင့် စာနာထောက်ထားမှုကို ဖော်ပြထားသည်။ ထိုနှစ်ဖက်က ခေါင်း ဆောင်နှင့် သူ၏လက်ထောက်များဖြစ်ကြသည်၊ သူဌေးနှင့် သူ၏အလုပ်သမားများဖြစ်ကြသည်။ နှစ်ဖက်စလုံးသည် အညီအမျှခံစားကြရသည်ဟု သူယုံကြည်သည်။ တည်ရှိနေသော ကွဲပြားခြားနားချက်မှာ တစ်ဖက်က စိတ်ပိုင်းဆိုင်ရာခံစားရပြီး ကျန်တစ်ဖက်က ရုပ်ပိုင်းဆိုင်ရာ ခံစားရသည်ဟူသော အချက်ထဲတွင် ရှိနေသည်။

ကျွန်ုပ်စိတ်ဝင်စားသွားပြီး လေးလေးနက်နက် အစဉ်းစားရဆုံးအရာက "ဂါဆီယာသို့ သဝဏ်လွှာ" ထဲတွင် ရေးသားထားသော ဤသို့ အနိုင်အမာ အတည်ပြုပြောကြားချက်

ပင်ဖြစ်သည်။ "အလုပ်ရှင်အားလုံးလောဘကြီးပြီးအထက်စီးနင်းနိုင်ကြသည်တော့ မဟုတ်ချေ။ များစွာတို့က ဆင်းရဲသောလူအားလုံးထက် ကောင်းမြတ်ကြသည်။ အလုပ်ရှင် အိမ်၌ရှိနေသကဲ့သို့ပင် အလုပ်ရှင် အဝေးသို့ရောက်နေသောအခါ၌လည်း သူ့အလုပ်ကို သူလုပ်သောလူကို ကျွန်ုပ် သနားကြင်နာမိသည်။

ထို့အပြင် ဂါဆီယာအတွက် စာတစ်စောင်အပေးခံရသောအခါ မိုက်မဲသောမေးခွန်းများမမေးဘဲ သဝဏ်လွှာကို အနီးဆုံးရေမြောင်းထဲသို့ လွှင့်ပစ်ရန် ကြံရွယ်ချက်မရှိဘဲ၊ သို့မဟုတ် ပေးပို့ရမည့်အစား တခြားတစ်စုံတစ်ရာ ပြုလုပ်ဖို့ ကြံရွယ်ချက်မရှိဘဲ ၎င်းကို အေးဆေးစွာ လက်ခံယူသောလူသည် မည်သည့်အခါမှ အလုပ်ရပ်နားခံရခြင်းမရှိသလို ပိုမိုမြင့်မားသော လုပ်ခရရှိရန်အတွက် မည်သည့်အခါမှလည်း ဆန္ဒပြုရလိမ့်မည်မဟုတ်ချေ။ ထိုကဲ့သို့ လူတစ်ယောက်တောင်းဆိုသော တစ်စုံတစ်ရာကို ပေးအပ်ရလိမ့်မည်။ သူလိုလူမျိုးက ရှားပါးလွန်းလှသောကြောင့် မည်သည့်အလုပ်ရှင်မှ သူ့အား လက်လွှတ်ခံနိုင်မည်မဟုတ်ချေ"

ထူးကဲကောင်းမွန်လှပေတကား။ အထက်ပါစာပိုဒ်ကို ကျွန်ုပ် အကြိမ်ကြိမ် ဖတ်သည်။ ဆန်းကြယ်မှုဖြစ်လာသကဲ့သို့ ၎င်းက ကျွန်ုပ်၏ကိုယ်ထဲ၌ ဤဘဝမှ အောင်မြင်မှုနှင့် ပျော်ရွှင်မှု လျှို့ဝှက်ချက်ကို မီးအလင်းထိုးပြနေသည်။

ကျွန်ုပ်ကိုယ်ကျွန်ုပ် ဤကဲ့သို့ မေးမိသည်။

ငါ ဘာကို အိပ်မက်မက်ခဲ့သလဲ။

ငါ့အတွက်ကို၊ ဒါမှမဟုတ် လူများစွာတို့ရဲ့ ကောင်းကျိုးအတွက် ငါ ဘာအိပ်မက်မက်ခဲ့သလဲ။

ငါအိပ်မက်ထဲက ဘယ်လောက်များများ မှန်ကန်ခဲ့သလဲ။ တာဝန်သိတတ်မှု၊ ကြံ့ရည်ဖန်ရည်ရှိမှု၊ အာရုံစူးစိုက်မှုနဲ့ စွဲစွဲမြဲမြဲလုပ်တတ်မှု အလုံအလောက်ရှိရဲ့လား။

ငါ အခုရင်ဆိုင်နေတဲ့ ပြဿနာတွေဟာ ရိုဝမ်၊ ဒါမှမဟုတ် အောင်မြင်မှုနဲ့ ပျော်ရွှင်မှုတွေ အမှန်တကယ် ရယူပြီးမြောက်ခဲ့ကြတဲ့လူတွေ ရင်ဆိုင်ရတဲ့ ပြဿနာတွေလောက်ခက်ခဲရဲ့လား။

ငါ့ရဲ့အလိုဆန္ဒတွေက ထူးဆန်းနေပြီး၊ ငါ့ရဲ့အိပ်မက်တွေက အမှန်တကယ် လက်တွေ့မကျဘူးလား။ အောင်မြင်မှုနဲ့ ပျော်ရွှင်မှုဆီကိုသွားမယ့် ငါ့ရဲ့လမ်းပေါ်က အတားအဆီးတွေကို ငါကျော်ဖြတ်နိုင်ရအောင် ငါ့မှာ လုံလောက်တဲ့သန္နိဋ္ဌာန်နဲ့ ကြံ့ရည် ဖန်ရည်ရှိရဲ့လား။

ငါဘယ်သူလဲ၊ ငါဘယ်မှာလဲ၊ ခေါင်းဆောင်နဲ့သူဌေး၊ နောက်လိုက်နဲ့အလုပ် သမား။ ဒီနှစ်ဖွဲ့မှာ ဘယ်အဖွဲ့က ပိုပြီးခံစားကြရသလဲ။

ရိုဝမ်လိုစိတ်ဓာတ်မျိုးနဲ့ အောင်မြင်မှုနဲ့ ပျော်ရွှင်မှုအတွက် ဓာတ်ကူပစ္စည်းဟာ ငါ့ကိုယ်ထဲမှာရှိနေသလား။

ငါ့ရဲ့လိုအင်ဆန္ဒတွေ ပြည့်ဝစေဖို့အတွက် အခွင့်သာတဲ့အခြေအနေတွေကို ငါ တောင်းဆိုဖို့လိုအပ်မလား။ အခွင့်သာတဲ့ အခြေအနေရှိတဲ့လူတွေကို ငါ မနာလိုဖြစ်ဖို့ လိုအပ်မလား။

ဆောင်းပါးကို ဖတ်ပြီးသောအခါ ထိုကဲ့သို့ မေးခွန်းများစွာကို ကျွန်ုပ်ကိုယ်ကျွန်ုပ် မေးမိသည်။ ထို့အပြင် အံ့ဖွယ်ကောင်းသောအရာက ကျွန်ုပ်၏အိပ်မက်များနှင့် အတွေးများက ဘာဖြစ်ကြသည်ကို ကျွန်ုပ် အတိအကျ ရှာဖွေနိုင်ခြင်းဖြစ်ပြီး အပြည့်အဝ တာဝန်သိတတ်ခြင်း၊ ကြံ့ရည်ဖန်ရည်ရှိခြင်း၊ စွဲစွဲမြဲမြဲရှိခြင်းနှင့် အာရုံစူးစိုက်မှုရှိခြင်းတို့ဖြင့်၊ သို့မဟုတ် တစ်နည်းပြောရလျှင် ရိုဝမ်၏စိတ်ဓာတ်ဖြင့် ကျွန်ုပ်ဦးတည်နေသော လားရာကိုလည်း ရှင်းရှင်းလင်းလင်း သိမြင်လာသည်။

အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်းသည် အထက်အမြင့်ပေါ်မှ ကျွန်ုပ်တို့အား ချပေးသော အလှူအတန်းပစ္စည်းမဟုတ်သည်ကို ကျွန်ုပ်သိရှိနားလည်လာသည်။ ၎င်းတို့သည် လူများနှင့်ဆက်ဆံရာတွင် ကျွန်ုပ်တို့၏ အပြုအမူသဘောထား၊ ကျွန်ုပ်တို့၏ စဉ်းစားပုံနည်းလမ်းနှင့် ကျွန်ုပ်တို့ဖန်တီးဆောင်ရွက်မှု စိတ်ထက်သန်ခြင်းတို့မှ လာကြရမည်။

သို့မဟုတ် သကျမုနိဗုဒ္ဓဘုရားရှင်၏ အောက်ပါစကားလုံးများဖြင့် ပိုမိုတိကျစွာ ဖော်ပြရလျှင် လူတစ်ဦးတစ်ယောက် မြင့်မြတ်ခြင်း၊ သို့မဟုတ် ယုတ်ညံ့ခြင်းအချက်သည် လည်းကောင်း၊ အောင်မြင်ပျော်ရွှင်ခြင်း၊ သို့မဟုတ် မအောင်မြင်၊ မပျော်ရွှင်ခြင်း အချက်သည်လည်းကောင်း မွေးဖွားစဉ်အခါက ကြိုတင်ဆုံးဖြတ်ထားသောအရာ မဟုတ်ချေ။ ၎င်းသည် မိသားစုအစဉ်အဆက် လမ်းကြောင်းပေါ်တွင်လည်း မှီခိုခြင်းမရှိချေ။ အရာရာတိုင်းသည် မိမိအပေါ်နှင့် မိမိ၏အပြုအမူအပေါ်တွင် မူတည်နေသည်။

ကျွန်ုပ်တို့သည် လုံလောက်သော မိမိကိုယ်ကိုယုံကြည်မှုနှင့် ရိုဝမ်ကဲ့သို့ နေထိုင်အလုပ်လုပ်သော စိတ်ဓာတ်ရှိလျှင် ကျွန်ုပ်တို့၏ လိုအင်ဆန္ဒများပြည့်ဝပြီး ကျွန်ုပ်တို့၏ ငယ်ရွယ်သော မျိုးဆက်အောင်မြင်မည်ကို ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်တို့ တောင်းဆိုနေရလွန်းခြင်းရှိမည် မဟုတ်သလို၊ အခွင့်သာသော အခြေအနေများလည်း လိုအပ်မည် မဟုတ်ချေ။ ငယ်ရွယ်သောမျိုးဆက်ဖြစ်သည့် ကျွန်ုပ်တို့လိုအပ်သောအရာက ရိုးရှင်းစွာပင် ကောင်းသောစံနမူနာများနှင့် ရိုဝမ်ကဲ့သို့ နေထိုင်အလုပ်လုပ်သော စိတ်ဓာတ်ဖြစ်သည်။ ထိုအရာများ ကျွန်ုပ်တို့ရှိလျှင် အရာရာတိုင်းကို ရရှိလိမ့်မည်။

မိမိကိုယ်ကို ယုံကြည်မှု၊ တာဝန်သိတတ်မှု၊ စွဲစွဲမြဲမြဲရှိမှု၊ ကြံ့ရည်ဖန်ရည်ရှိမှုနှင့် အာရုံစူးစိုက်မှုများရှိသော ပြည်သူများဖြစ်ကြသည့် ကျွန်ုပ်တို့အတွက် ထောက်ပံ့သော အနာဂတ်၊ အောင်မြင်မှုနှင့် ပျော်ရွှင်မှုအားလုံးတို့သည် လက်တစ်ကမ်း၌ ရှိနေကြသည်။

ဆောင်းပါးရှင်စာရေးဆရာ အဲလ်ဘတ်ဟတ်ဘတ်ကို ကျွန်ုပ် ကျေးဇူးတင်သည်။ ကျွန်ုပ်၏ဆရာ ဟူယင်ဂျူးကလည်း ကျွန်ုပ်အပေါ်တွင် ကျေးဇူးများစွာရှိပါသည်။ သူက ဆောင်းပါးကို ဘာသာပြန်ပြီး ကျွန်ုပ်အား မိတ်ဆက်ပေးခဲ့သည်။ သင်တို့အားလုံး အောင်မြင်မှုနှင့် ပျော်ရွှင်မှုရကြစေရန် ကျွန်ုပ် ဆုမွန်ကောင်းတောင်းပါသည်။

ဗီယက်နမ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း
ဗုဒ္ဓဂါယာ၊ ဘီဟာ၊ အိန္ဒိယ
၂၀၀၇ ခုနှစ်၊ ဇွန်လ ၅ ရက်
အင်.ဒီ - တီ.အမ်.တီ